www.burmeseclassic.com

# ကာလျာ

(ဝိဇ္ဇာ / သိပ္ပံ)

# ဆည်းဆာမလှတဲ့ ညနေ

ဝဇ္ဇုသစ်

GRAPHIC DESIGN : KYAW MINN MOUNG

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ရေးသူမှဖတ်သူသို့

ဤဝတ္ထုမှာ… ကျွန်မ၏ ၁၀၃ အုပ်မြောက် ဝတ္ထုသစ် ဖြစ်ပါသည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့မှ စတင်ရေးခဲ့သော ယခုဝတ္ထုမှာ

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့ကျမှ ပြီးဆုံးခဲ့ပါသည်။ စာရေးသက်တစ်လျှောက်လုံးမှာ အကြာဆုံးဝတ္ထုဖြစ်ပါ၏။

၂၀၀၂ ခုနှစ်က ထွက်ခဲ့သော အုပ် ၁၀၀ ပြည့်ပြီးနောက်မှာ ရပ်နားချင်စိတ် ရှိခဲ့သော်လည်း…… ရေးစရာဇာတ်လမ်းလေးများ တွေးမိသည့်အခါ စာရေးချင်စိတ်များ ပေါ်လာတတ်ပါသည်။ ကျွန်မ ရေးသမျှ ဖတ်ပေးသူများ ရှိနေသေး၍လည်း ရေးအားရှိခဲ့ပါ၏။ ရရှိသော စာမူခမှ မိသားစု သုံးစွဲရုံမက အလှူဒါနများလည်း ပြုခွင့်ရခဲ့ပါသည်။ စာအုပ်သစ်ထွက်တိုင်း ချစ်ခင်ရင်းနှီးသူများကို စာအုပ်လက် ဆောင်ပေးရင်း ညှိခံကျွေးမွေးရသော နေ့လေးကိုလည်း ကြည်နူးမဆုံးနိုင်အောင်ပါ…

ဤဝတ္ထုရေးဖြစ်ခြင်း၏အစမှာ…

မိတ်ဆွေရင်း ဒေါ်ခင်စောတင့်နှင့်အတူ (ပုသိမ်မြို့မှ ဒေါ်စုစုကြည်၏ ကျေးဇူးကြောင့်) ငွေဆောင်ပင်လယ်ကမ်းခြေသို့ သွားခဲ့ပြီး ကျွန်မတို့ နှစ်ယောက်တည်း သုံးညအိပ် လေးရက်

BURMESE CLASSIC

အတွင်းမှာ စိတ်ရောကိုယ်ပါ အေးငြိမ်းလွတ်လပ်စွာ နေထိုင်ခွင့် ရခဲ့ပါသည်…

တစ်နေ့သော ညနေဆည်းဆာတွင် သဲသောင်ပြင် ပင်လယ်ကမ်းခြေမှာ ကျွန်မ တစ်ယောက်တည်း ရပ်နေမိဆဲ 'ဒီရေ' ကျချိန်နှင့် ဆုံသည်၊ မျက်စိရှေ့တွင် ပင်လယ်ရေများ တရိပ်ရိပ် ကျဆင်းနေရာမှ ဒလဟော ဆွဲချသွားသည်ကို ကြည့်နေရင်း လှိုင်းဂုက်သည်းဖို ရေးရန် ဝါသနာပါသော ကျွန်မ၏အတွေးထဲမှာ…

ဒီလို 'ဒီရေ'ကျချိန်မျိုးတွင် နှောင်ကြိုးနှင့် လူတစ်ယောက် သို့မဟုတ် အလောင်းတစ်လောင်းကိုသာ လှေပေါ်တင်၍ ခပ်ဝေးဝေးသို့ လှော်ခတ်ပြီး ပစ်ချလိုက်လျှင် 'ဒီရေ'ကျဆင်းခြင်းနှင့်အတူ အဆီးအတားမဲ့ စီးမျောရင်း နက်ရှိုင်းလှသော ပင်လယ်ထဲ နစ်မြုပ်ကာ သဲလွန်စပင် ရှာ၍ရနိုင်မည်မဟုတ်ဟု သော အတွေးကို ရခဲ့ပြီးနောက်ပိုင်းမှာ…

ကျွန်မ မန္တလေးကတစ်ဆင့် ပုဂံသို့ (မန္တလေးသူ တူမကြီး ဝင်းဝင်းမေ၏ ကျေးဇူးကြောင့်) ရောက်ခွင့်ရခဲ့ပါသည်။ ဤမြေသို့ အခါခါ ရောက်ခွင့်ကြုံရုံမက ပုဂံမြို့ဟောင်းမှာ တစ်လတာကြာသည်အထိ နေထိုင်၍ စာရေးခဲ့ဖူးသည့်တိုင် ငြီးငွေ့ခြင်းမရှိ၊ အခါခါရောက်ခွင့်၊ ပုဂံမှ ဘုရားများကို အကြိမ်ကြိမ် ဖူးမြော်ခွင့် ရချင်မိပါ၏။

ယခုအခေါက်တွင် ယခင်က မရောက်ဖူးခဲ့သော 'နန်းမြင့်မျှော်စင်'သို့ တက်ခွင့်နှင့် 'ကျော်ကို

www.burmeseclassic.com

ဥမင်' သို့ (ပုဂံမြို့သစ်မှ ကိုသိန်းထွဋ်၏ ကျေးဇူးကြောင့်) စက်လှေနှင့် ဧရာဝတီမြစ်အတိုင်း ဆန်တက်သွားချိန်မှာ ညောင်ဦးမြို့စွန်မှ မတ်စောက်မြင့်မားသော နတ်သမီးကမ်းပါးကို လှမ်း၍ မြင်လိုက်ရသည့်အခါ…

လှပကျော့ရှင်းစွာ ရပ်နေသော မိန်းမသားတစ်ယောက်၏ ချစ်သူပေါ် ထားရှိသော သစ္စာတရား၊ နာကျင်ကြေကွဲခြင်း၊ နားလည်ခွင့်လွှတ်မှုစသော အချစ်ဇာတ်လမ်းကလေးကို တွေးလိုက်မိသည်။ ထိုညနေက အနောက်ဘက်ကမ်းဆီမှ တန့်ကြည့်တောင်တန်းနောက်သို့ နေဝင်ကာနီးဆည်းဆာကို မြင်တွေ့ရပြန်သည်။

ပုဂံမြို့ဟောင်းမှ မြင်တွေ့ရသော ဆည်းဆာကာလနှင့် ငွေဆောင်၊ ပင်လယ်ကမ်းခြေ၏ ဆည်းဆာရှုခင်းများကို ကြည့်ရှုခံစားရင်း ရရှိလာသော အတွေးများကို ပေါင်းဖွဲ့ပြီး ဇာတ်ဆောင်များစွာကို ဖန်တီး၍ ဤဝတ္ထုကို ရေးဖြစ်ပါသည်။

ဤခရီးများကို ဝတ္ထုရေးရန်သွားခြင်း မဟုတ်ဘဲ ခရီးသွားရင်းက ဝတ္ထုရေးရန် စိတ်ကူးရခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုဝတ္ထုရေးနေစဉ် ၂၀၀၆ ခုနှစ် တစ်နှစ်လုံးမှာ ကျွန်မ သံယောဇဉ်ကြီးလှစွာသော ကလျာမဂ္ဂဇင်းကိစ္စ၊ လူမှုရေးကိစ္စများကြောင့် အားလပ်ချိန် နည်းပါးရသည့်အထဲမှာ ဆေးရုံတက်ရလောက်အောင် ကျန်းမာရေးများ ချို့ယွင်းခဲ့ပါသေးသည်။ ဤသို့ နှောင့်နှေးရသည့် အကြောင်းများထဲတွင် ရေးပြီးသားအခန်းများ ပြန်ဖျက်၊ အခန်းသစ်တွေပြန်ဖွဲ့ပြီး အထပ်ထပ်ဖတ်၊ အခါခါပြင်ခဲ့သဖြင့် တစ်နှစ်တာ ကြာမြင့်ခဲ့ခြင်းပါ…

ချစ်သော ကျေးဇူးရှင်စာဖတ်ပရိသတ်သို့ ပြောလိုသည်မှာ… ကျွန်မ မကွယ်လွန်မီအတွင်း ကျန်းမာရေးကောင်းခဲ့ပါလျှင် အတွေးသစ်များ ရရှိခဲ့ပါလျှင် ကျွန်မ ဝါသနာကြီးလှသော ဝတ္ထုရေးသားခြင်းအနုပညာကို ဆက်လက်ဖန်တီးဖြစ်လိမ့်မည်ထင်ပါသည်။

[ဝတ္ထုသစ်မထွက်နိုင်ခဲ့လျှင်လည်း…၈၀ ခုနှစ်များဆီက ရေးသားခဲ့သော ဝတ္ထုများကို ဒုတိယအကြိမ်အဖြစ် ကြောင်နှစ်ကောင်စာပေမှ ထွက်ရှိနေပါမည်]

●

ကျွန်မ၏ဝတ္ထုများနှင့် ကလျာမဂ္ဂဇင်းကို အားပေးဖတ်ရှုသူများနှင့်အတူ
အားလုံးသောလူသားများ ငြိမ်းချမ်းကြပါစေ
ကိုယ်ကျန်းမာစိတ်ချမ်းသာစွာ လိုရာဆန္ဒများ ပြည့်ဝကြပါစေဟု… နေ့စဉ်ဆုတောင်း မေတ္တာပို့သနေပါသော…

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၃၁-၁-၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

လူသားတို့ စတင်ရှင်သန်ခြင်းကို နေထွက်ခြင်းဟုဆိုပါလျှင်
နေဝင်ခြင်းကို ဘဝ၏နိဂုံးချုပ်ချိန်ဟု သတ်မှတ်ရပါမည်

ယခုဝတ္ထုတွင်......
နက်ရှိုင်းသိမ်မွေ့သော ချစ်ခြင်းများနှင့်အတူ...
စဉ်းလဲသူတစ်ယောက်ကြောင့် လှို့ဝှက်စွာရက်စက်ရခြင်း...
အပြစ်ရှိသူရော အပြစ်မဲ့သူပါ နစ်နာစွာ ကျဆုံးရခြင်း...
စသော ဇာတ်သိမ်းမလှသည့် ဇာတ်ဆောင်တချို့၏
နေဝင်ကာနီးကာလကို ညွှန်းဖွဲ့ထားပါ၍
'ဆည်းဆာမလှတဲ့ညနေ'
ဟု အမည်ပေးထားခြင်းဖြစ်ပါသည်။

တကယ်တော့......
ကျွန်မတို့ကမ္ဘာကြီးက ပိုင်ဆိုင်သော
သဘာဝတရားအားလုံး လှပကြပါသည်။
လူသားတို့သည်သာ......

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း သုံးထောင်ကျော် မြင့်သော တောင်ပေါ်မြို့လေးမှာ ဆောင်းကာလဖြစ်၍ ထိုညက နှင်းမှုန် နှင်းပွင့်တို့ လွှမ်းခြုံအုပ်မိုးထားသဖြင့် တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဆောင်းလယ်ည၏ အအေးဒဏ်ကို ခံစားနေရ၍ မြို့သူမြို့သားတို့၏ စွမ်းဆောင်လှုပ်ရှားမှုများအားလုံး ချုပ်ငြိမ်းသွားသလို အိပ်မောကျနေကြချိန် သန်းခေါင်ယံတွင်...

လက်အိတ်နှင့် ခေါင်းစွပ်အမည်း... သားရေဂျာကင်အမည်း... ဘောင်းဘီအနက်၊ ရှူးဖိနပ်ပါ အမည်းရောင်ဝတ်ဆင်ထားသော အရပ်ရှည်ရှည် ကိုယ်လုံးသွယ်သွယ် လူသားတစ်ယောက်သည်သာ တိုးတိတ်ငြင်သာစွာ... သို့သော် ဖျတ်လတ်တက်ကြွစွာ တစ်ကိုယ်တည်း လှုပ်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သစ္စာဦးဂေဟာ'၏ သစ္စာရှိခြံစောင့်လုပ်သား 'ဦးသြဘာ'သည် သူ၏ ကင်းတဲလေးထဲမှာ ငိုက်မျဉ်းနေရှာသည်။

အနက်ရောင်ဝတ်စုံနှင့် ခြံထဲမှ လူသားသည် ဖျတ်လတ်စွာ ခြံကိုကျော်တက်ပြီး ကင်းတဲလေး၏ အနောက်ဘက်မှနေ၍ ကိုယ်ကို ကိုင်းညွတ်ကာ တရွေ့ရွေ့ ချဉ်းကပ်လာနေသည်။

ဦးသြဘာသည် သိုးမွေးဦးထုပ်ညို ဆောင်း၍ ဂွမ်းစောင်ကြီးကို တစ်ကိုယ်လုံးပတ်လျက် ငုတ်တုတ်ငိုက်နေ၏။ သူ့ရှေ့မှ မီးဖိုမှာ မီးညွန့်ကျိုး၍ မီးခဲများပင် ပြာဖုံးနေလေပြီ။

အဝတ်နက်နှင့်လူသားသည် ကင်းတဲတွင်းသို့ ပေါ့ပါးစွာ ဝင်လိုက်၏။

ဦးသြဘာ၏ နောက်ကျောကို ကြမ်းတမ်းစွာ သိုင်းဖက်၍ ပါးစပ်နေရာကို ပလာစတာအပြားကြီးနှင့် ကပ်ပိတ်လိုက်ပြီးမှ အသင့်ပါလာသော နိုင်လွန်ကြိုးဖြင့် ခိုင်မြဲစွာ တုတ်နှောင်ကာ ကင်းတဲ၏ တိုင်မှာ အသေချည်လိုက်သည်။

'အင့်...အု...အု'

ဆိုသော အသံသည်... သုံးကိုက်အကွာလောက်မှထက် ပို၍ မကြားသာနိုင်။

ကြောက်ရွံ့ထိတ်လန့်လွန်းစွာ မျက်လုံးအပြူးသားနှင့် ကြည့်နေသော ဦးသြဘာ၏ ပခုံးကို ထိုလူက နှစ်သိမ့်သလို သုံးလေးချက် ပုတ်လိုက်ပြီးမှ အုတ်ခံနှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှိရာသို့ ပေါ့ပါးစွာ ပြေးဝင်ပျောက်ကွယ်သွားခဲ့ပြီ။



အဝတ်နက်နှင့်လူသည် အဆောင်ဆောင်အခန်းခန်းများဖြင့် ကြီးမားခမ်းနားစွာ တည်ဆောက်ထားသော အိမ်ကြီး၏အကြောင်းကို အသေးစိတ် လေ့လာသိရှိထားပုံပါပင်။

နောက်ဘက်ကြောင်လိန်လှေကားမှတစ်ဆင့် ရေချိုးခန်းသို့ လျှို၍ ဝင်လိုက်ပြီး ပတ္တာပြုတ်နေသော တံခါးမှတစ်ဆင့် အိမ်၏အပေါ်ထပ်သို့ သူဝင်ရောက်ပုံမှာ အခက်အခဲကင်းစွာ စနစ်တကျ ရှိလှချေသည်။

သူ့ခြံ၊ သူ့အစောင့်၊ သူ့အိမ်နှင့် သူ့အခန်းကို စိတ်ချလွန်းစွာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော "သူဌေးကြီး ဦးသူရိန်"

မျက်လုံးသာ ဖော်ထားသော အဝတ်နက်နှင့်လူသားသည် ဦးသူရိန်၏ မျက်နှာကို Mini Maglite မီးငယ်ရှူးရှူးလေးနှင့် ထိုးကြည့်ပြီးမှ ဦးသူရိန်ဟု သေချာသွားသည်နှင့် စောစောကလို ပလာစတာအပြားကြီးနှင့် ပါးစပ်ကို ဖျတ်လတ်စွာ အုပ်ကပ်ပစ်လိုက်၏။

"ကဲ... ထစမ်းပါဦး သူဌေးမင်း"

ဆောင့်၍ ဆွဲထူလိုက်သော်လည်း ဦးသူရိန်မှာ ရုန်းရကန်ရမှန်း မသိအောင် အိပ်ချင်မူးတူးနှင့် ယောင်ယောင်ကြောင်ကြောင်ကြီး ဖြစ်နေသေးသည်။

နိုင်လွန်ကြိုးနှင့် လက်ပြန်ကြိုးတုတ်ချိန်ကျကာမှ ဦးသူရိန် အကြောက်အကန် ရုန်းသည်၊ မရပါ။

အဝတ်နက်နှင့်လူက ဦးသူရိန်ကို ခုတင်ပေါ်မှ ဆွဲချကာ စားပွဲ[illegible] ဆုံလည်ကုလားထိုင်တွင် ခိုင်မြဲစွာ တုတ်နှောင်ကပ်ချည်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြတင်းနောက်မှ ကန့်လန့်ကာများကို အားလုံး ဆွဲပိတ်လိုက်ပြီးမှ မီးပန်းဆွဲကြီးကို ဖွင့်ချလိုက်၏။ တစ်ခန်းလုံး ထိန်ထိန်လင်းလေပြီ... သူလုပ်ကိုင်သွားပုံမှာ စမ်းတဝါးဝါးမရှိ.. ကိုယ့်အိမ်၊ ကိုယ့်ရာ၊ ကိုယ်နေနေကျနေရာ ကဲ့သို့ပင် ထဲထဲဝင်ဝင် ရှိလှချေသည်။

'အင့်...အ...အ'

ရှေ့တိုးနောက်ဆုတ် ရှန်းရင်း ဦးသူရိန် ကြောက်လန့်တကြီး ရှိနေချိန်မှာ ထိုသူက သူ၏ ခေါင်းစွပ်နက်ကို ခပ်ကြမ်းကြမ်း ဆွဲချွတ်လျက်–

"ဒီမှာကြည့်စမ်း ဦးသူရိန် ကျုပ်ဘယ်သူလဲဆိုတာ"

ဦးသူရိန်မှာ မျက်လုံးအပိုင်းသားနှင့် ရှန်းနေ၍ ကုလားထိုင်ပါ နောက်သို့ ရွေ့နေချိန်မှာ–

"မထူးပါဘူး ခင်ဗျားနဲ့ကျွန်တော် အပြန်အလှန် စကားပြောကြရအောင်"

စောစောလေးကမှ ကပ်ထားသော ပါးစပ်မှ ပလာစတာကို ကြမ်းတမ်းစွာ ဆွဲခွာပစ်လိုက်၍ သူ အတော်နာကျင်ပေလိမ့်မည်။

"ဒီလောက်ကျယ်တဲ့ ခြံကြီးထဲမှာ ခင်ဗျားအော်လို့လည်း ဘယ်သူမှ မကြားနိုင်ပါဘူး။ လူတွေသိအောင် ကြားအောင်လည်း ခင်ဗျားကြီး မအော်ရဲဘူး မဟုတ်လား"

"ဟင်... ဟင်... မင်း... မင်း... ကျော်စွာ"

"ဟုတ်ပါတယ် လူစင်စစ် ကျော်စွာပါ။ သရဲကျော်စွာ မဟုတ်ပါဘူး"



"မင်း... မင်းက... သေ... သေပြီလေ"

"ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့။ ခင်ဗျားသတ်လိုက်လို့ သေပြီးတဲ့ ကျော်စွာစစ်စစ်ကြီးပါပဲ"

ဓာချေးများသာမက ချွေးသီးချွေးပေါက်ကြီးများပါ ကျဆင်းရင်းက ဆောက်တည်ရာမဲ့စွာဖြင့် ပြောမိပြောရာ စကားလုံးများနှင့်–

"မင်း... မင်းဘာကြောင့် မသေတာလဲဟင်"

"တော်သေးတာပေါ့ ခင်ဗျား အမှန်တွေးတတ်သားပဲ၊ တော်ရုံသူဆိုရင် ကျွန်တော် သရဲလာခြောက်တယ်ထင်မှာပဲ... အင်းပေါ့လေ ဒီလို အတွေးအခေါ်တွေကောင်းလွန်းလို့လည်း သူဌေးကြီးဘွဲ့ခံပြီး ကျုပ်လိုကောင်ကို ပိပိရိရိ သတ်နိုင်ခဲ့တာပေါ့"

"မင်း... မင်း... ငါ့ကို ပြန်... ပြန်မသတ်ပါနဲ့ကွာ"

"ဟား... ဟား... ရယ်ရတယ်"

"မင်း... ငါ့ကို တကယ်ပြန်သတ်ဖို့ ရောက်လာတာလားကွာ... ငါ... တောင်းပန်..."

"ဒီမှာ ဦးသူရိန် ခင်ဗျားကို ကျွန်တော် ပြန်မသတ်ဘူး စိတ်ချ"

"ဒါ...ဒါဆို ငါဘာပြန်လုပ်ပေးရမလဲ... ဟင်... မင်းလိုချင်သာကတောင်းပါ ငါပြန်လျှော်ပေးပါ့မယ်။ ငါ့စည်းစိမ် ပြုတ်ပါ ငါပေးပါ့မယ်... ငါ့အသက်ကိုတော့ ချမ်းသာပေးပါ ကျော်စွာရာ"

✵

"ပြန်မသတ်ဘူး စိတ်ချ"ဆိုသော ကျော်စွာ၏ တိကျမှုစကားကို ... စိတ်ချသွားပုံရသည်။ စကားတွေ တရစပ် ပြောနိုင်သော၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ကျွန်တော်သေပြီလို့ ကြေညာနိုင်အောင် ရုပ်ပျက်ဆင်းပျက်နဲ့ အလောင်းတစ်လောင်းရဖို့အတွက် နောက်တစ်ယောက်ကို ထပ်ပြီး သတ်လိုက်သေးတယ်နော် 'ကျွတ်' ခင်ဗျားရဲ့ ရက်စက်မှုကတော့ ကမ်းကုန်အောင်ပါပဲ ဦးသူရိန်ရယ်..."

ကျော်စွာ့စကားအဆုံးမှာ မျှော်လင့်ချက်မျက်ဝန်းများဖြင့် လှမ်းကြည့်နေသော ဦးသူရိန်မှာ မျက်လွှာချရုံမက ဇက်ပါကျိုးကျသွားခဲ့လေပြီ။

"ကျွန်တော့်ကို ခင်ဗျား ရှစ်နှစ်လုံးလုံး အသုံးချခဲ့တာပါ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပေးခဲ့တယ်၊ သစ္စာရှိခဲ့တယ်၊ ငွေတစ်ပြားတစ်ချပ်မှ ကျွန်တော့်ကိုယ်ကျိုးအတွက် မသုံးခဲ့ဘူး၊ မယူခဲ့ဘူး၊ ကျော်စွာဆိုတဲ့ကောင်ဟာ ခင်ဗျားသိပ်ကို ခိုင်းလို့ကောင်းခဲ့တဲ့ လူယုံဝန်ထမ်းတစ်ဦးပါဗျာ"

ကျော်စွာမှာ ခံစားမှုများ နက်ရှိုင်းလာ၍ အသံများပါ လှိုက်နက်လာပြီး မျက်ဝန်းမှာပင် မျက်ရည်များ ဝေ့လာသည်။

"ဒီမှာ ဦးသူရိန် ကျွန်တော် ခင်ဗျားကို လာပြီး လက်စားချေတာမှန်တယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ ရက်စက်မှု ယုတ်မာမှု ကောက်ကျစ်စဉ်းလဲမှုတွေကို အားရပါးရပြောပြီး ခင်ဗျားခေါင်းငုံ့ဝန်ခံတာကို အောင်ပွဲခံပြီး ကျုပ်က ကြည့်ချင်သေးတယ် ဦးသူရိန်"

ဦးသူရိန်မှာ ကြောက်လွန်းအားကြီး၍ ရင်ခုန်နှုန်း အဆမတန်မြန်နေပုံရသည်။ သူ့ကိုယ်ခန္ဓာပါ ဆတ်ဆတ်တုန်လာသည်။



"အပြစ်မဲ့တဲ့သူတွေကို နည်းမျိုးစုံနဲ့ လှည့်ပတ်ဒုက္ခပေးတတ်တဲ့ ခင်ဗျားဟာ ဦးအေးဝင်းကို လုပ်ကြံလိုက်တာတော့ ရက်စက်မှုကမ်းကုန်သွားခဲ့ပါပြီ... ခင်ဗျားကို သိပ်ယုံကြည်အားကိုးရှာတဲ့ ခင်ဗျားရဲ့ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဖြစ်တဲ့ ဦးအေးဝင်းတို့ မိသားစု တစ်စုလုံး စုတ်ပြတ်သတ်သွားအောင် ခင်ဗျားရဲ့လုပ်ကွက်တွေက အပီပါပဲဗျာ"

"တော်ပါ...တော်ပါတော့... မင်း... မင်း ဘာလိုချင်လဲ ကျော်စွာ"

"ပြောမယ်... ပြောမှာပါ"

"ကျော်စွာက ငုံ့နေသော ဦးသူရိန်၏ မျက်နှာကို မေးစေ့မှနေ၍ ဆွဲမော့ယူလိုက်ပြီး–

"ဦးအေးဝင်းနဲ့ပတ်သက်တဲ့ လုပ်ကွက်တွေကို ကျွန်တော်ကိုယ်တိုင် တကယ်ပဲ မသိခဲ့လို့ ရိုးသားစွာ တာဝန်ကျေခဲ့ပါတယ်...၊ နောက်ဆုံး ဦးအေးဝင်း ဆေးရုံပေါ်ရောက်သွားလို့ သတင်းမေးတော့မှ ကျွန်တော် အကြောင်းစုံ သိခဲ့ရတာ"

ဦးသူရိန်က မျက်နှာကို ဆတ်ခနဲ လှည့်ပစ်လိုက်ပြီး...

"မင်း ဘာပြောချင်တာလဲ... ဘာလုပ်ချင်တာလဲ"

"ပြောပါ့မယ်ဆို... အဲဒီ ဦးအေးဝင်းဆီက အကြောင်းစုံ သိခဲ့ပြီးတဲ့နောက်မှာ သူတို့မိသားစုကို ဒီလိုမလုပ်သင့်ကြောင်း ပြန်ကူညီဖို့အကြောင်း ကျွန်တော် တောင်းဆိုခဲ့တယ်လေ မှတ်မိလား"

ဦးသူရိန် ဘာမှ မဖြေ ခေါင်းငုံ့ထား၏။

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါဟာ ကျွန်တော့်ကိုယ်ကျွန်တော် လူသတ်ကုန်းပို့လိုက်မိတာပါပဲ။ ဦးသူရိန်ရယ် ခင်ဗျား သိပ်ရက်စက်တယ်ဗျာ”

“ပြီးတာတွေ ပြီးပါစေတော့ကွာ… မင်းလိုချင်တာကို…”

“တော်စမ်းဗျာ… ဘယ်လိုလုပ် ပြီးလို့ရမှာလဲ ခင်ဗျားသတ်တုန်းက ကျွန်တော် သေသွားခဲ့ရင်တော့ ပြီးပြီပေါ့… ကျော်စွာဆိုတဲ့ကောင်ဟာ အသက်ပြင်းသလို စိတ်ဓာတ်လည်း ပြင်းတယ် ဦးသူရိန်”

“မင်း… မင်း… ဘာလုပ်မလို့လဲ…ဟင်… ငွေ… ငွေ ကြိုက်သလောက်…”

“ငွေလိုချင်မှတော့ ဓားပြတိုက်မှာပေါ့ဗျာ”

“ဟင်… ဒါဖြင့်”

“လျှော်ကြေးလိုချင်တာ၊ ခင်ဗျားဆီက ထိုက်တန်တဲ့လျှော်ကြေး ပြန်ရချင်တာ”

“လျှော်…လျှော်ကြေး ဟုတ်လား”

“ဟုတ်တယ်”

“ကျွန်တော်သေပြီဆိုတဲ့ သတင်းစာကြော်ငြာကြောင့် ကျွန်တော့်မိခင်၊ ကျွန်တော့်ရဲ့ညီလေး၊ ပြီးတော့ ကျွန်တော့်ရဲ့ချစ်သူမှာ ဘယ်ထိအောင် နာကျင်ခံစားကြရမလဲ… ခင်ဗျားသိရဲ့လား”

ကျော်စွာ၏ဒေါသက အထွတ်ထိပ်သို့တိုင်ပြီ-

“အခု ကျွန်တော် ပြန်သွားပြီးရင် ခင်ဗျား တိုင်ချင်တဲ့သူကို တိုင်… ရတယ်၊ ခင်ဗျားတိုင်ရဲရင် လူသတ်မှုနှစ်မှုနဲ့ ကြိုးစင်တက်ဖို့ကလွဲလို့ တစ်ခြားနည်း ရွေးစရာမှ မရှိတာ”



“မတိုင်ပါဘူးကွာ ငါ့ကိုလည်း မသတ်ပါနဲ့… ဦးလေးတို့ ညှိကြမယ်လေ”

“ဘာမှ ညှိစရာမလိုဘူး… ခင်ဗျားကို လက်စားလာချေတာ၊ ခင်ဗျားခုလို တုန်လှုပ်ချောက်ချားနေတာကို ကြည့်ချင်လို့လေ… ကဲ ကျွန်တော့်ရဲ့ လက်စားချေမှုကို စတော့မယ်”

“ဟင်…မင်း…မင်း ငါ့ကို သတ်တော့မလို့လား”

“လူကိုမသတ်ဘူး ဦးသူရိန်… ခင်ဗျားရဲ့ဘဝကို သတ်မှာ”

“ဟင်…ဘာ…ဘာ”

“လူတစ်ယောက် သေတယ်ဆိုတာ အလွယ်လေးပါ… ခင်ဗျား ခံစားရလှ ငါးမိနစ် ဆယ်မိနစ်ပေါ့… ကျွန်တော်က အဲဒီလို ဖြစ်စေချင်တာ မဟုတ်ဘူးဗျ”

“ကျော်စွာရယ်…”

“ကျွန်တော်က ခင်ဗျားရဲ့အသက်ကို သတ်ချင်တာ မဟုတ်ဘူး ဘဝကို သတ်ချင်တာ”

“ဘာ”

“အသက်ရှင်လျက်နဲ့ ဘဝဆုံးနေရတာကို မြင်ချင်တာ”

“ဟင်”

“နေမင်းကြီးလို့ အဓိပ္ပာယ်ရတဲ့ သူဌေးကြီး ဦးသူရိန်ရဲ့ နေဝင်ချိန်ကို အရသာခံပြီး ကြည့်ချင်တာ”

“ဟာ…ကွာ”

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက သူ၏ကျောပိုးအိတ်ထဲမှ အသင့်ယူလာသော ပစ္စည်းကို ထုတ်ယူလိုက်သည်...

ထိုနောက်မှာဖြင့် သူ၏ ပြတ်သားရက်စက်လှသော ကလဲ့စားချေမှုကြီး ပြီးဆုံးသွားပြီ...၊ ကျော်စွာ တိုက်ပေါ်မှ ပြန်လည်ဆင်းသက်လာသည်အထိ–

"အမယ်လေး... အား... ကယ်ကြပါဦး... ကယ်ကြပါဦး"

ဆိုသော ဦးသူရိန်၏ အသံနက်ကြီးက ဆောင်းည၏ သန်းခေါင်ယံအတွင်းမှာ လွင့်မြောနစ်မြုပ်လျက်...

✸ ✸ ✸

လရောင်ချယ်
၏
ဆည်းဆာမလှတဲ့ညနေ

www.burmeseclassic.com

www.burmeseclassic.com



သက်နုသစ်ပင်လေးကို နှုတ်ယူလိုက်လျှင်
အပေါ်ယံမြေသားများသာ မွှမွှကြေ...

သက်ရင့်သစ်ပင်ကို အမြစ်ရောပင်စည်ပါ
နှုတ်ပါယ်ခံရလျှင် နက်ရှိုင်းစွာ
အက်ကွဲကြေမွ တစ်စစီ...

တို့နှစ်ယောက်ဟာ... ခုမှ မြေကပေါက်ပြီး
သီးငုံပွင့်ဝေခဲ့ကြတာမှ မဟုတ်ဘဲ
နှစ်ကာလများစွာကို ဖြတ်သန်းရင်း
သံယောဇဉ်တွေ တင်းတင်းကျပ်ကျပ်နဲ့
အမြစ်တွယ်နှောင်ဖွဲ့ခဲ့ကြတဲ့သူတွေပါ။

အဲဒီလောက် ခိုင်မြဲတဲ့ ချစ်ခြင်းတွေနဲ့ ရစ်ဖွဲ့ထားခဲ့တဲ့
တို့များရဲ့ သံယောဇဉ်သစ်ပင်ကြီးကို
ချစ်သူက...
အမြစ်ပါမကျန်အောင်... ဆွဲနှုတ်ပစ်လိုက်တဲ့အခါ...
တို့နှလုံးသားမှာ...
အက်ကွဲကြေမွတစ်စစီ...

✻ ညောင်ဦးမြို့ မြောက်ဘက်စွန်းဆီမှ... နတ်သမီးကမ်းပါးထိပ်ရှိ ချယ်'ဟု ခေါ်ကြသော "လရောင်ချယ်"...သည်...သက်မဲ့ရုပ်တု တစ်ခုလို ငြိမ်သက်စွာ ရပ်နေသည်။ လေပြည်ညှင်းက တသုန်သုန် တိုက်ခတ်နေ၍ နက်မှောင်ရှင်းသန့်နေသော ချယ်၏ ဆံနွယ်စတို့သည် ငြိပြေလေး လွင့်မြောနေ၏။

သူရပ်နေရာ နတ်သမီးကမ်းပါးထိပ်သည် မြင့်မားမတ်စောက် လွန်းလှချေ၏။

အောက်ခြေမှ ဧရာဝတီသည်... ငြင်သာသိမ်မွေ့စွာ တသွင်သွင် စီးမြောနေလေသည်... မြန်မာ့မြေ မြောက်ဘက်စွန်းဆီမှ ကမ္ဘာဦးစ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကတည်းက စီးဆင်းလာခဲ့သော ဧရာဝတီသည် မြန်မာ့ယဉ်ကျေးမှုနယ်မြေဟု သတ်မှတ်ထားသော ပုဂံမြို့တော်ကြီးကို ဦးခိုက်ကွေ့ဝိုက်ကာ အနောက်ဘက်ဆီသို့ ဆက်လက် စီးဆင်းသွားနေသည်။

နတ်သမီးကမ်းပါးထိပ်မှသည် ညောင်ဦးမြို့၏ ရွှေစည်းခုံစေတီတော်ကြီးကို ဦးတင်လျက်မှ စေတီပုထိုး ဆင်းတုရုပ်ပွားတော်များစွာ တည်ရှိရာ ပုဂံမြို့ဟောင်းကို ထိတိုက်ပြီးမှ ကမ်းခြေထိပ်က ဗူးဘုရားကို ဦးခိုက်သည်။ ပြီးမှ ပုဂံမြို့သစ်ကို ဖြတ်လျက် ကြည်ညိုဖွယ်ရာ ကြည်နူးဖွယ်ရာ ကုန်းထိပ်ပေါ်မှ လောကနန္ဒာ စေတီတော်ကြီး၏ ခြေတော်ရင်းကို ဖြတ်သန်းစီးဆင်းကာ အညာမှ အကြေရှိရာ တောင်ဘက်ကမ်းခြေ ကမ်းပါးများကို ထိတိုက်လျက် ဆက်လက်စီးဆင်းသွားနေသော မြန်မာတို့၏မိခင် ဧရာဝတီ။

မြစ်လယ်တွင် ‘ထွန်း’နေသော သောင်‘ကျွန်း’များပေါ်တွင် ပြောင်းနှင့် ပဲမျိုးစုံတို့၏ စိုက်ခင်းများက စိမ်းစိုလန်းဆန်းနေကြသည်။ မြစ်လယ်မှာ သောင်ထွန်းနေ၍ ဧရာဝတီလည်း နှစ်လမ်းခွဲကာ မြစ်အမွှာအဖြစ် ကျွန်း၏ဟိုမှာဘက်နှင့် သည်မှာဘက်မှာ ဆက်လက် စီးဆင်းနေရရှာသည်။

ဧရာဝတီ၏ အနောက်ဘက်ဆီမှ တန့်ကြည့်တောင်တန်းကြီးပေါ်တွင် တစ်နေ့တာ... တာဝန်ပြီးဆုံးတော့မည့် နေဝန်းနီသည်



တဖြည်းဖြည်း နိမ့်ဆင်းနေပြီး မကြာမီမှာပင် တောင်စွယ်တွင် နေကွယ်ပေတော့မည်...

တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ နေနှင့် သစ်ပင် ပန်းမန်တို့သည် သူ့သဘာဝအတိုင်း ဖြစ်တည်နေကြသော်လည်း လူသားတို့သည်သာ...

ထိုသဘာဝတရားအပေါ် တည်မှီပြီး... ကိုယ့်ခံစားချက်ကို ပုံစံအမျိုးမျိုးဖြင့် ခံယူနေကြခြင်းဖြစ်၏။

ဤမျှ သာယာငြိမ်းအေးခြင်း သဘာဝတရားများနှင့် ဆည်းဆာ၏ လှပသော ရှုခင်းကို ချစ်သူနှစ်ဦး တူယှဉ်တွဲပြီး ကြည့်ရှုခွင့် ရခဲ့ကြလျှင် အတိုင်းမသိသော ကြည်နူးမှုဖြင့် ရင်မှာ တသိမ့်သိမ့် ခံစားကြရမည် ဖြစ်သော်လည်း

‘ချယ်’...ကဲ့သို့ ချစ်သူ၏ စွန့်ပစ်ခြင်း ခံရသော အထီးကျန်မိန်းမသားတစ်ယောက်၏ ရင်တွင်းမှာဖြင့် နာကျင်ခြင်း၊ နာကျည်းခြင်းများနှင့်အတူ လွမ်းဆွတ်ခြင်း၊ ကြေကွဲခြင်းဆိုသော စိတ်ဒဏ်ရာများကိုပါ တစ်ပေါင်းတည်း ခံစားနေရသည့်အတွက်..

ဝေလာသော မျက်ရည်များကြောင့် သဘာဝအလှ မြင်ကွင်းကျယ်တို့ ဝေဝါးလာ၏...။ လက်ထဲမှ သတင်းစာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပါလျက်နှင့် သတင်းစာထဲမှာ ပါရှိနေသော... စာသားများက ရင်ထဲသို့... ထိုးခွဲဝင်ရောက်လျက် ထုတ်ချင်းခတ်နာစိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်း၊ အေးငြိမ်းသာယာနေ
ဦးထွန်းအောင်နီ(M.D. Ni Construction Group)နှင့်
ဒေါ်သဇင်မြင့်တို့၏သား

**မောင်ရဲရင့်နီ** B.E (Mechanical) Chief Engineer (F,G)

နှင့်

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်နေ အငြိမ်းစား
တိုင်းတရားသူကြီး ဦးကျော်ကျော်ခင်နှင့် ဒေါ်မေမြတ်မော်
(မြတ်နိုးစိန်ရွှေရတနာဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ သမီး

**မေမြတ်နိုးခင်**

M.Sc (Maths) Diploma in Business Management (U.K)

တို့သည် နှစ်ဘက်သောမိဘများနှင့် ဂုဏ်သရေရှိ
လူကြီးမင်းများရှေ့မှောက်တွင်စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဘက်သောမိဘများနှင့်

**မောင်ရဲရင့်နီ မမေမြတ်နိုးခင်**

✻



"နီနှင့်ချယ်"ဆိုသော ချစ်သူနှစ်ဦးမှာ မေ့လွယ်ပျောက်လွယ် ကျောခိုင်းလွယ်ကြသော သာမန်ချစ်သူမျိုး မဟုတ်ကြပါ…။

တစ်ဦး၏အချစ်ကို တစ်ဦးက မြတ်နိုးစွာ ပေးဆပ်ခြင်း၊ ရယူခြင်းဖြင့် နက်ရှိုင်းနှင့်သီးစွာ ချစ်ခဲ့ကြသော ချစ်သူများဖြစ်ခဲ့ကြသည်။

ရဲရင့်နီဆိုသောသူသည် ချယ့်ဘဝထဲသို့ ချစ်သူဖြစ်ပြီးမှ ဝင်ရောက်လာသူ မဟုတ်ပါချေ။ သုံးတန်းကျောင်းသားလေး မောင်ရဲရင့်နီနှင့် အတန်းတူ ငယ်သူငယ်ချင်းမလေး လရောင်ချယ်…

"ဟော့… မိချယ်"

"ဟဲ့ ငနီ… လာ… လာ"

စသော အခေါ်အပြောများဖြင့် စကြ၊ နောက်ကြနှင့် ချစ်ခင်ရင်းနှီးလှစွာသော သူငယ်ချင်းဘဝမှသည် တက္ကသိုလ် တတိယနှစ်ရောက်တွင် ချစ်သူများ ဖြစ်ခဲ့ကြပြီးနောက်မှာ–

အသက်နှင့်ခန္ဓာ တည်မြဲနေသမျှ ကာလပတ်လုံး မခွဲအတူ တွဲလက်ထပ်နေထိုင်သွားကြမည်ဟု နှစ်ယောက်လုံးက ဆုံးဖြတ်ထားကြပြီးသားပါ…။

ချယ်တို့ သူငယ်ချင်းများအားလုံးသာမက… နီးစပ်သော အသိုင်းအဝိုင်း တော်တော်များများကပါ အသက်နှင့်အမျှ လက်တွဲသွားကြမည့် ချစ်သူများအဖြစ် သတ်မှတ်ထားပြီးသား… ချယ်တို့နှစ်ဦး၏ ဆုံးဖြတ်ချက်များကလည်း ခိုင်မာပြီးသား…။

"သစ္စာဖြင့် စီရင်ထားပြီးသား တို့နှစ်ယောက်ရဲ့ နှလုံးသားအိမ်ကို မေမြတ်နိုးခင်ဆိုတဲ့ ကဝေမ က ဘယ်လိုပြုစားမှုများနဲ့ ခွဲထုတ်ခွာစေနိုင်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချယ်၏ အချစ်ဆုံးသော အချစ်ဦးချစ်သူကို မေမြတ်နိုးခင် ဆိုသော မိန်းမက ဘယ်လိုနည်းဗျူဟာများ သုံးပြီး သိမ်းပိုက်ရယူသွားခဲ့ပါသလဲ။

ငယ်စဉ် ဘဝကတည်းက ရင်းနှီးခဲ့ရသော ရဲရင့်မိုး၏ ဘဝအနီးပတ်ဝန်းကျင်တွင် ဤမိန်းမ၏ အမည်ကိုပင် ချယ်မကြားဖူးခဲ့ပါ...။

'မိုး' သည် မိဘများက ဖွတ်အတင်းကြီးစီစဉ်၍ ခေါင်းငုံ့နာခံမည့် သူမျိုးလည်း မဟုတ်ပေ။ မိဘ၏ အဆုံးအဖြတ်ကို မတွန်းလှန်နိုင်သည့် ခပ်ညံ့ညံ့သားမျိုးထဲမှာလည်း 'သူ' မပါဝင်...၊ အန်တီသခင်တို့ဘက်က သား၏ဆန္ဒကိုဆန့်ကျင်ပြီး စီစဉ်လိုက်မည့် မိဘမျိုးလည်း မဖြစ်နိုင်... ချယ့်ကိုလည်း ကျေနပ်ခဲ့ကြပြီးသားပါ။

ရဲရင့်မိုးက အင်ဂျင်နီယာဘွဲ့ယူပြီးနောက် နိုင်ငံခြားသင်္ဘောလိုင်းသို့ တက်သွားခဲ့သည်။

လရောင်ချယ်သည်လည်း သိပ္ပံဘွဲ့ရပြီးနောက်မှာ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပြင်သစ်ဘာသာဖြင့် ဒစ်ပလိုမာဘွဲ့ ရရုံမက ကွန်ပျူတာကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်ပါ၏။

လက်ရှိ ချယ်၏အလုပ်မှာ... Tour Guide ခေါ် ဧည့်လမ်းညွှန်တစ်ယောက် ဖြစ်ပေသည်။

မြန်မာကို အထင်ကြီးပုံမရသော တချို့ပြင်သစ်နိုင်ငံသားများပင်လျှင် ချယ်၏ ဘာသာဗေဒကျွမ်းကျင်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းနှင့် တာဝန်ကို တိကျစွာ ကျေပွန်ခြင်းများကြောင့် ချယ်ကို လေးလေးစားစား ဆက်ဆံလာကြသည်။



"လရောင်ချယ်"ဆိုသော အမည်ကို ရှာဖွေ၍ ရောက်ရှိလာသော နိုင်ငံခြားသားအချို့ကိုပင် မကြာခဏ ကြုံရလေ့ရှိပါသည်။

ယခုလည်း နိုင်ငံခြားသားများ ငှားလာသော Hinomaru West Coast ဟီးနိုးကားသစ်ကြီး အကြီးကြီးနှင့်အတူ ဧည့်လမ်းညွှန်အဖြစ် လိုက်ပါလာရင်း ပုဂံညောင်ဦးမြို့သို့ ချယ်ရောက်နေခြင်းဖြစ်ပေသည်။

ချယ့်အလုပ်ကလည်း သရုပ်ဆောင်တစ်ယောက်နှင့်ပင် ခပ်ဆင်ဆင်ပင်။

ကိုယ့်ရင်ထဲက ခံစားမှုကို မြို့ချုပ်ထိန်းဆို့ရင်း ဓာတ်စင်ပေါ်မှာ အင်မရာရှေ့မှာ ပြုံးပြ၊ ပျော်ပြ၊ စကားတွေ သွက်လက်ချက်ချာပြနေရသော မင်းသမီးလေးများကဲ့သို့ပင် နိုင်ငံခြားဧည့်သည်များရှေ့တွင် ချယ်က ဟန်လုပ်သရုပ်ဆောင်၍ တက်ကြွသွက်လက်ပြနေရပေသည်။

ဤသတင်းကို ချယ် ပုဂံရောက်ပြီးမှ သိခဲ့ရခြင်းဖြစ်သည်။

သူငယ်ချင်းမတစ်ယောက်က အထိတ်တလန့် လှမ်း၍ ဖုန်းဆက်သော်လည်း... ချယ်က လက်ခံနိုင်စွမ်း မရှိခဲ့သေး။

ယနေ့ကျမှ ဤသတင်းပါ သတင်းစာကို ကိုယ်တိုင် ဖတ်ရှုခွင့်ရခဲ့ခြင်းဖြစ်သည်။ သတင်းစာထဲမှ စာလုံးလေးများသည် ချွန်မြသော ဓားလေးများအဖြစ်နှင့် ချယ်၏ အသည်းနှလုံးတွင်းသို့ ထိုးခွဲစူးစိုက်သွားခဲ့လေသည်။

တစ်နေကုန်ပင် ကြေကွဲမှုကို နက်ရှိုင်းစွာ ခံစားရင်း... လုပ်ငန်းခွင်မှာ ဟန်ဆောင်ပြနေခဲ့ရရာမှ...

ယနေ့ညနေတွင် ဧည့်သည်များက ညစာစားသုံးရင်း မြန်မာတို့၏ အနုပညာ... ကြိုးဆွဲရုပ်သေးအက တင်ဆက်မည့် 'နန္ဒ'စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွင် ကြည့်ရှုစားသောက်ကြမည်။

ထိုပွဲကို ချယ်ကလိုက်၍ ရှင်းပြနေစရာမလို... ဓာတ်စင်အားမှ ပုဂ်သားတို့ကိုယ်တိုင် အင်္ဂလိပ်ဘာသာနှင့် ရှင်းပြကြမည့်အတွက်... ချယ်က ခွင့်ပန်ကာ ဧည့်သည်များနှင့် လမ်းခွဲထွက်လာခဲ့ခြင်းဖြစ်၏။

ကမ္ဘာကျော်ပုဂံ၏ ဆည်းဆာအလှကို ချစ်သူနှင့်အတူ ကြည့်ရှုခဲ့ဖူးသော ဤနေရာမှာ ချယ်သည် ရူးသွပ်သော တမ်းတမှုကို ကြေကွဲစွာ ခံစားရင်း ကမ်းပါးထိပ်မှာ သက်မဲ့တစ်ယောက်လို တောင့်မတ်စွာ ရပ်နေမိခြင်းဖြစ်သည်။

ချယ့်ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်သွားသလို အရာခပ်သိမ်း ဆုံးရှုံးသွားပြီဟူသော အသိကြောင့်

ချယ်၏ အသက်နှင့်ခန္ဓာကို ချယ့်မျက်စိရှေ့မှ စီးဆင်းနေသော ဧရာဝတီမြစ်ကြီးနှင့်အတူ မျှောချအဆုံးသတ်ပစ်လိုက်ချင်သည်အထိ ချယ့်စိတ်ဓာတ်တွေ ပြိုလဲကျဆုံးသွားခဲ့ပါပြီ...

သို့သော်လည်း...

"အချစ်သည်သာ ဘဝအတွက် အရေးအကြီးဆုံးအရာဖြစ်သည်"

"အချစ်မရှိလျှင် ဘဝအတွက် ဘာအဓိပ္ပာယ်မှမရှိနိုင်တော့ပါ"

ဟူသော... ခံယူ ခံစားတတ်သည့် အရွယ်မျိုးကို ချယ်တို့ တစ်တွေ ကျော်လွန်ခဲ့ကြပါပြီ။

ဤအသိတရားများကလည်း ကြေကွဲခြင်းနှင့်ဆတူ ရင်တွင်းသို့ ထိုးဖွင့်ဝင်ရောက်လာပါလျက်... ဖြေသိမ့်နိုင်စွမ်းအား မရရှိသေးသည့်အတွက်–



"သူ့ဘာကြောင့် ငါ့ကို ပစ်သွားခဲ့ရတာလဲ"

"သူ့ဘဝတစ်ခုလုံး ထိုးအပ်လိုက်ရအောင် ဘယ်လောက်ကြီးကျယ်မြင့်မြတ်တဲ့ မိန်းမမျိုးမို့လဲ"

"မေမြတ်နိုးခင်ဆိုတာ ဘယ်သူလဲ"

သိချင်ခံပြင်းစိတ်က ကြေကွဲရင်ကို ခက်ထန်မာကြောလာစေသည်။

လက်ထဲမှ သတင်းစာကို ချိုးခြေ လုံးထွေးပြီး... အားကုန်သုံးကာ ပစ်ပေါက်လိုက်သော်လည်း ချယ်ရောက်စေချင်သော ပစ်မှတ်အထိ မကျရောက်...

ဤသတင်းစာကို ဧရာဝတီမြစ်ကြီးနှင့်အတူ စီးမြောရင်း နစ်မြုပ်ပျောက်စီးသွားစေချင်သော်လည်း...

မြစ်လယ်အထိ မရောက်၊ ချောက်ကမ်းပါးအောက်ခြေမှ သဲသောင်ပြင်ပေါ်တွင် တင်ရှိလျက် တဖျပ်ဖျပ် လွင့်နေသည်။

"မချယ် တစ်ခုခုဖြစ်နေသလားဟင်"

နစ်ရှိုက်စွာ အိပ်ပျော်နေသူတစ်ယောက် လှန့်နိုးခြင်းခံလိုက်ရသလို ချယ်သည် လန့်ဖျပ်စွာ လှည့်ကြည့်လိုက်ပြီး။

"ဟင်... ကိုမင်းညို... ချယ်... ချယ်... ဘာမှ မဖြစ်ပါဘူး"

ကိုမင်းညို ယုံကြည်ပုံမရ...

ချယ်ပစ်ပေါက်လိုက်သော သတင်းစာထဲတွင် ချယ့်အတွက် ကျည်းကြေကွဲစရာကောင်းသော သတင်းတစ်ပုဒ် ပါရှိနေမှာသေချာသည်။ သို့သော် နာရေးကြော်ငြာတစ်ခုတော့ မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြမလားဟင် ညည့်သည်တွေအတွက် တာဝန်မရှိတုန်းမှာ… မချယ် နားလိုက်ရင်ကောင်းမယ်"

သည်းခြေပျက်နေသော မိန်းမတစ်ယောက်၏ ရုပ်ပုံလွှာသည် ညစ်ထေးညိုမည်းနေပါလိမ့်မည်။

ချယ်ဘာမှ မပြောဖြစ်တော့ပါဘဲ ကားရပ်ထားခဲ့ရာ နေရာသို့ ပြန်လျှောက်ခဲ့သည်။

ကျဆုံးအံ့ဆဲဆဲ နေဝန်းနီနှင့် ရောဝတီကို ကျောခိုင်းကာ ပုဂံသား ကိုမင်းညို၏ကားပေါ်သို့ တက်၍ ချယ်နှင့် ညည့်သည်များ တည်းခိုရာ ပုဂံသံတဲသို့ ပြန်ခဲ့ကြသည်။

ကိုမင်းညိုမှာ ပုဂံမြို့သစ်မှ တည်းခိုခန်းပိုင်ရှင်တစ်ဦး ဖြစ်သော်လည်း နိုင်ငံခြားသားများနှင့်အတူ သူ့တည်းခိုခန်းမှာ မတည်းဖြစ်သည်က များသည်။ သို့သော် သူထောင်ထားသော ကားများကိုဖြင့် မကြာခဏ ငှားရမ်းသုံးစွဲသည့်အတွက် ကိုမင်းညိုနှင့် ချယ်တို့က ရင်းနှီးခင်မင်ကြပါ၏။

ရန်ကုန်မှ လေယာဉ်နှင့်တက်လာသော ကမ္ဘာလှည့် ခရီးသည်များအတွက်။

မန္တလေးမြို့မှတစ်ဆင့် သင်္ဘောနှင့် စုန်ဆင်းလာကြသော တိုးရစ်စ်များအတွက် ချယ်ပါလာလေတိုင်း ကိုမင်းညို၏ကားများကို ငှား၍ စီးနေကျ… ကိုမင်းညိုကလည်း ချယ့်ကို ကျေးဇူးတင်၍ မဆုံးရှာ…။

ညည့်တာဝန်မရှိချိန်မှာ ချယ်က နတ်သမီးကမ်းပါးထိပ်သို့ သွားချင်ကြောင်း အကူအညီတောင်း၍ သူ၏ ဗန်ကားဖြူလေးဖြင့်



ကိုမင်းညို ကိုယ်တိုင်မောင်း၍ ချယ့်ကို လိုက်ပို့ပေးနေခြင်းပါ…။

ချယ်၏ နှလုံးသားတွင်းမှာ ပြင်းထန်သော ခံစားမှုတစ်ခု ရှိနေကြောင်း ကိုမင်းညို သိလိုက်၊ မြင်လိုက်ရသည့်အတွက် စိတ်မကောင်းခြင်း ဖြစ်မိသော်လည်း ဘာအကြောင်းမှန်းမသိ… မေးလည်း မမေးရဲ၊ မေးလည်း မမေးထိုက်…

စည်ကားရှုပ်ထွေးသော ညောင်ဦးမြို့တွင်းမှ ထွက်လာပြီး ရွှေစည်းခုံ စေတီတော်နှင့် လက်ျာဘက်မှ ဥပါလိသိမ်တို့ကို ဖြတ်၍ မောင်းလာပြီး သရပါတံခါး၊ ထီးလိုမင်းလို (တိလောကမင်္ဂလာ)ဘုရား လက်ဝဲဘက်မှ အာနန္ဒာ၊ သဗ္ဗညု စသော ပုဂံမြို့ဟောင်းလမ်းမှ အနီးကပ်ဘုရားများနှင့် မျက်စိတဆုံး မြင်နေရသော စေတီပုထိုးများကို ချယ် ငေးမောရင်း လိုက်ပါလာသည်။ ဤရှုခင်းများကိုလည်း အာရုံခံစားနေပုံမပေါ်…

ဘေးတိုက်မြင်နေရသော ချယ်၏ အပြစ်မဲ့ အလှဆုံးမျက်နှာ ချွန်းနွမ်းလေးကို ခိုး၍ ကြည့်ရင်းက…

"ဘာယ်ဝင်ဦးမလဲဟင်"

"ဝင်စရာမရှိပါဘူး"

စကားစပြတ်သွားပြီးမှ ကိုမင်းညိုက သတိရလာပြီး-

"ဟာ… ချယ် ညနေစာ… ဘာမှမစားရသေးဘူး မဟုတ်လား၊ ဘာစ်စုစုစားကြရအောင်ပါနော်"

"တော်ပြီ… ကိုမင်းညို"

"ဒါဆို ဒင်နာဘာယ်မှာ စားမှာလဲ"

"ချယ်ဘာမှ မစားချင်တော့လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သေချာသည်... ဟိုတယ်ရောက်လျှင် ချယ်ဘာမှ မစားသုံးတော့ဘဲ အိပ်ရာထဲ နှံ့ခွေစွာ လှဲနေပေတော့မည်။

ချယ်၏ နွမ်းမောမှုများကို အနည်းငယ်မျှလောက်ကလေး ဖြစ်ဖြစ် ပြေပျောက်စေချင်၍ နိုင်ငံခြားသားများအကြိုက် သပ်သပ်ရပ်ရပ်နှင့် သန့်ရှင်းလတ်ဆတ်သော အအေးစုံနှင့် သစ်သီးဖျော်ရည် ဆိုင်လေးရှေ့သို့ ကားကို ချိုးကွေ့လိုက်ပြီး–

"ဖရက်ရှ်ဖရု (Fresh Fruit)လေးတစ်ခုခုတော့ သောက်လိုက်ပါဦး ချယ်ရယ်"

ကားက ရပ်ပြီးနေ၍ ချယ်မငြင်းသာတော့ပါ။

ကိုမင်းညို တိုက်ကျွေးသည့် ကမ္ဘလာသီးဖျော်ရည် ချိုချဉ်အေးလေးက အပူရှင်ကို အနည်းငယ်မျှ သက်သာရာရစေသည့်အတွက်...

"ကျေးဇူးပဲ ကိုမင်းညို"

"ကျွန်တော် တစ်ခုခု ကူညီပေးလို့များ ရမလား"

"ရှင်"

"ချယ်ဒီနေ့ စိတ်မချမ်းသာစရာတစ်ခုခု ခံစားနေရတယ်လို့ ကျွန်တော် သိနေပါတယ်။ အဲဒါ သိခွင့်ရှိရင် သိပါရစေ...ကူညီခွင့်ရှိရင် ကူညီပါရစေလားဗျာ"

ဝေသီသော မျက်ဝန်းများနှင့် ချယ်က ကြည့်လာသည်။

အသားညိုညိုနှင့် တည်ကြည်သိက္ခာရှိသော လူငယ်လုပ်ငန်းရှင် ပုဂံသား ကိုမင်းညိုကို ခုမှ မြင်ဖူးသူတစ်ယောက်လို ချယ်က လှမ်းကြည့်လိုက်ပြီး...



"ချယ့်ကိုယ်ချယ်တောင် ကူညီလို့မရနိုင်တော့တဲ့ကိစ္စပါ ကိုမင်းညို"

ချယ်ကို ကြင်နာစွာ ကြည့်မိရုံမှလွဲပြီး ဆက်လက်ပြောကြားစရာ စကားလုံးများ ပျောက်ဆုံးနိဂုံးချုပ်သွားပြီမို့ ဘာမှထပ်မမေးရဲတော့ပါ။

ဘာပဲဖြစ်ဖြစ် သူတိုက်ကျွေးသော အအေးခွက်ကလေးကို ကုန်စင်အောင် မော့သောက်နေရှာသည့်အတွက်လောက်နှင့်သာ ကိုမင်းညိုမှာ ထိုနေ့က ကျေနပ်လိုက်ရပါတော့သည်...။

လရောင်ချယ်ကို ပုဂံသံတဲဟိုတယ်သို့ ပြန်ပို့ပြီးချိန်အထိ ယခင်မြင်နေကျ ချယ်၏ အပြုံးလေး တစ်စွန်းတစ်စကိုမျှ မြင်ခွင့်မရခဲ့...။

နွမ်းလျနေသော မျက်နှာလေးနှင့် ခေါင်းညိတ်နှုတ်ဆက်ပြီး ချယ် ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးမှ ကိုမင်းညို ကားမောင်း၍ ပြန်ထွက်လာခဲ့သည်။

ကိုမင်းညိုမှာ မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရပြီးသော်လည်း ဝန်ထမ်းမလုပ်ဖြစ်... စီးပွားရေးကို ဝါသနာပါသည်... ဖခင်ကြီး ကွယ်လွန်သွားချိန်မှာ ရိုးသားသော "ဖွားစောရွှာ"သူ မိခင်ကြီးက ဘာမှ ဦးဆောင်နိုင်ရှာ ညီတစ်ယောက်နှင့် နှမနှစ်ယောက်အတွက်...

"ငါ့တာဝန်"

"ငါရှာနိုင်မှဖြစ်မယ်"

ဆိုသော မိသားစုအပေါ် စေတနာမှန်စွာဖြင့် ကိုမင်းညို ကြိုးစားခဲ့ရှာ ပုဂံသည် တဟုန်ထိုး တိုးတက်စည်ကားလာသဖြင့် ဧည့်သည် ...သောက် တစ်ချိန်တည်း တည်းခိုနိုင်သော ဟိုတယ်ခပ်သန့်သန့်လေး

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နိုင်ရုံမက ကားကြီးတစ်စီးနှင့် ဇိမ်ကားတစ်စီးကို ပိုင်ဆိုင်သည်အထိ စီးပွားတက်လာခဲ့သည်။

သူ့ကားကို ငှားသူရှိလျှင် ဧည့်သည်များကို ပုဂံအနန္ဒ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ဗျတ္တာပန်းဆက်လမ်း၊ ပုပ္ပားတောင်ကလပ်၊ ပုပ္ပား Mountain Resort စသည့် နေရာများသာမက ချောက်မြို့၊ စလေရုပ်စုံ ကျောင်းများအထိ ကားကို ကိုယ်တိုင်မောင်း၍ လိုက်ပို့ခဲ့ရာမှ ဧည့်လမ်းညွှန်ချောချောလေး လရောင်ချယ်နှင့် သိကျွမ်းခင်မင်ရင်းနှီးရခဲ့ခြင်းပါ။

"ငါနဲ့ချယ်နဲ့ လက်ထပ်ပြီးရင် ချယ်က… ပုဂံမှာ လာနေနိုင်ပါ့မလား"

ဆိုသော အတွေးကို ပထမဆုံး စတင်စဉ်းစားသော လူပျိုကြီးကိုမင်းညို၏ အံချော်နေသည့် အတွေးဖြစ်သည်။

ချယ့်အချစ်ကို ပိုင်ဆိုင်ခွင့်ရပြီးမှ စဉ်းစားရမည့်ကိစ္စကို မလိုအပ်သေးဘဲ စ၍ တွေးမိသောကြောင့်ပါ။

သူ ချယ့်ထံ မကြာခဏ ဖုန်းဆက်သည်။

ချယ့်အတွက် ကားကို အမြဲအဆင်သင့်ဖြစ်စေပြီး ချယ် ပုဂံမြေသို့ ရောက်ရှိလာမည့် အချိန်ကို ထာဝရ တမ်းတစွာ မျှော်လင့်နေပါသော်လည်း…

ချယ့်ကို ချစ်ခြင်းမေတ္တာနှင့် ပတ်သက်သော စကားများ တစ်ခွန်းမှ မဟာရဲ၊ မပြောရဲသော အသက်သုံးဆယ်နားနီး လူပျိုကြီး ကိုမင်းညို။



ယာနေ့အွင့်မှ…

ချယ်က သူ့ကို နတ်သမီးကမ်းပါးသို့ လိုက်ပို့ပါဟု ဆိုလာသဖြင့် သူ ပျော်ရွှင်ကြည်နူးနေမိချိန်မှာ ချယ်၏ ပေါက်ကွဲမှု၊ ချယ်၏ ခံစားမှု၊ ချယ်၏ နွမ်းလျမှုများကို မြင်တွေ့လိုက်ရ၍

သူ့ရင်၌ ကြည်နူးမှုများ ပျောက်ဆုံးသွားရုံမက… ကြေကွဲမှုများကိုပါ ချယ့်ထံမှ ကူးစက်ခံစားနေရသလို ရင်မှာ နာကျင်နေမိသည်။

ဒါသည်ပင် ချယ့်ကို နက်ရှိုင်းစွာချစ်သော အချစ်ကြောင့်ပါဟု ကိုမင်းညို သူ့ကိုယ်သူ ခံယူခံစားသတ်မှတ်လိုက်တော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ် ဇူလိုင်လမှ စတင်တည်ဆောက်ပြီး ၂၀၀၅ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့သော ပုဂံမြို့တော်ကြီးမှ ခန့်ညားထည်ဝါလှသော

'နန်းမြင့်မျှော်စင်'

ပုဂံတွင် အမြင့်ဆုံးသော သဗ္ဗညုစေတီတော်ကြီးထက် ပို၍ မမြင့်စေရအောင် ရှိသေမှုဖြင့် တည်ဆောက်ခဲ့သော နန်းမြင့်မျှော်စင်က အမြင့် ၁၉၈ ပေရှိပြီး သဗ္ဗညုစေတီက ၂၀၁ ပေ မြင့်လေသည်။

ယခင်က ထိုဘုရားများအပေါ် မိန်းမယောကျ်ား အကုန် တက်ခွင့်ရှိ၍ ပုဂံရှုခင်းကို အပေါ်စီးမှ ရှုကြည့်ခွင့်ရခဲ့သော်လည်း ယခု ဘုရားများအပေါ် တက်၍ရသော လှေကားများ ပိတ်ထား၍ မည်သူမှ တက်ခွင့်မရှိပါ။ ရှေးဟောင်းအမွေအနှစ်များကို မပျက်စီး မယိုယွင်းရလေအောင် ယခုလို ထိန်းသိမ်းထားခြင်းမှာ လျှော်ကန်လှပါပေသည်။

ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာ ဤမျှော်စင်ရှိသည့်အတွက် ပုဂံမြို့ဟောင်း တစ်မြို့လုံးသာမက ညောင်ဦး၊ ပုဂံမြို့သစ်၊ ရောဝတီမြစ်ဘက်နှင့် ဖွားစောရွာဘက်များအထိ လေးဘက်မြင် မြင်ကွင်းများကဟိုး မိုးကုပ်စက်ဝိုင်းအထိ တပြင်တပြန့်ကြီး မြင်တွေ့နိုင်ပါသည်။

လရောင်ချယ်တို့အဖွဲ့ မျှော်စင်အရောက်တွင် တက်သူ များများစားစား မရှိလှသေးပါ။

နိုင်ငံခြားသားတစ်ယောက် ဆယ်ဒေါ်လာ $ 10 ...

မြန်မာနိုင်ငံသားအတွက် တစ်ယောက်လျှင် ၂၀၀၀ (နှစ်ထောင်ကျပ်)ပေးကာ လက်မှတ်ဆုတ်ပြီးမှ ဓာတ်လှေကားဖြင့် တက်ခဲ့ရသည်။ အားလုံး ၁၃ ထပ်ရှိပါ၏။ ၁၁ ထပ်ထိသာ ဓာတ်လှေကားရှိပြီး ၁၂ ထပ်



နှင့် ၁၃ ထပ်သို့ ကြောင်လိန်လှေကားနှင့် တက်ခဲ့ရ၏။ အပေါ်ဆုံး ၁၃ ထပ်မှနေ၍ ပတ်ပတ်လည် ရှုခင်းများကို တစ်ဝကြီး ခံစားနိုင်သဖြင့် တစ်ခါတစ်ရံ လာရောက်သူများအတွက်တော့ ငွေ ၂၀၀၀ မှာ မများလှပါ။

မြန်မာဧည့်သည်များ မကြာခဏ ရောက်လာပြီး ခပ်စိပ်စိပ် လိုက်ပို့ရသော ပုဂံသူ ပုဂံသားများအတွက်တော့ သိပ်မလွယ်လှရှာ။

မျှော်စင်ထိပ်မှနေ၍ ချယ်၏ ပြင်သစ်အဖွဲ့က ဓာတ်ပုံများစွာကို ရှုထောင့်ပေါင်းစုံမှ ရိုက်ယူကြပြီး ချယ်တို့ ၉ ထပ်သို့ ပြန်ဆင်းလာခဲ့ကြသည်။ ထိုအထပ်မှာ လီမွှော်ရည်တစ်ခွက် လက်ဆောင်သောက်သုံးရပါ၏။ မုန့်စားလိုလျှင်သာ ဝယ်၍စားရပါမည်။

ထိုမျှော်စင်တစ်ဝိုက်တွင် ဟိုတယ်များ တည်ဆောက်ပြီး တည်ဆောက်နေဆဲဖြစ်ပေသည်။

ဘုန်းတန်ခိုးကြီးမြတ်လှစွာသော အနော်ရထာမင်းမြတ်နှင့် ကျန်စစ်သားတို့လက်ထက်က ပုဂံပြည်ကြီး ခမ်းနားကြီးကျယ်စွာ စည်ပင်ဝပြောခဲ့လေသည်။ မွန်တို့ သထုံမင်း မနူဟာကို အောင်နိုင်သိမ်းယူလာသည့်အခါ မွန်တို့၏ ယဉ်ကျေးမှုအမွေအနှစ်များစွာနှင့် အနုပညာတတ်ကျွမ်းသူတို့ ပါရှိလာခဲ့သည်။

တည်ဆောက်မှု၊ တီထွင်မှု အနုပညာ ပန်းတမော့လက်ရာ ပန်းဆေးရေးပန်းချီ စသည်တို့ဖြင့် စည်ဝေခဲ့သော ခေတ်က ပုံစံမျိုး မှတ်နိုင်သော်လည်း...

ယခုတစ်ကျော့ပြန် ပုဂံ၏ စည်ကားတိုးတက်ပုံကလည်း ချီးကျူးခန်းလောက်အောင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းညိုတို့လို ပုဂံသား ပညာတတ်များ ပေါ်ထွန်းလာသဖြင့် ဆန်းသစ်သော အနုပညာပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ သွားလာမှု ခေတ်မီ အဆင်ပြေခြင်း၊ စားသောက်မှုတီထွင်နိုင်ခြင်းများကို ဆောင်ရွက်နိုင်ကြသည်။

'ချိုချိုထွန်း'နှင့် 'တိုးတိုးဝင်း'တို့လို ထမင်းဟင်းမျိုးစုံကို ကြိုက်သလောက်စားနိုင်သော မြန်မာဘူဖေးဆိုင်များ ရှိသလို သရုပါ(Saraba II)လို အဆင့်မြင့်စားသောက်ရန် လက်ဖက်အုပ်ပုံစံအတိုင်း ယွန်းအုပ်အကြီးကြီးထဲမှာ အလယ်က ထမင်းဖြူ သို့မဟုတ် အုန်းထမင်း၊ ဘေးအကန့်များထဲတွင် ဟင်း ၈ မျိုး ထည့်ထားသည့် အဆင့်မြင့် တီထွင်မှုစားသောက်ဖွယ်ရာများ၊ အင်္ဂလိပ်ဘာသာနှင့် ရှင်းပြသော ရုပ်သေး အပါအဝင် အနုပညာတင်ဆက်မှုများကြောင့်

ပုဂံသည် ပို၍ စည်ကားတိုးတက်လာနေသည်။

လရောင်ချယ်သည် သည်နေ့မနက်ပိုင်းမှာ အစီအစဉ်ဆွဲထားသည့်အတိုင်း နန်းမြင့်မျှော်စင် ဘုရားသုံးဆူ၊ ဖွားစောရွာ စသည်တို့ဘက်သို့ ကိုမင်းညို၏ ကားကြီးနှင့်ပင် ဧည့်သည်များကို လိုက်ပို့ရှင်းပြနေရခြင်းဖြစ်၏။

ကိုမင်းညိုတော့ မပါပါ။

ညနေမှာ 'ကျောက်ဂူဥမင်'ဆိုသော သဘာဝလိုဏ်ဂူရှိရာသို့ ပို့ဆောင်ရပါဦးမည်။

ကုန်းကြောင်းလမ်းမှ မသွားဘဲ ဧရာဝတီမြစ်ကြီးအတိုင်း ဆန်တက်ခြင်း စုန်ဆင်းခြင်းများအတွက် စက်တပ်လှေကောင်းကောင်း တစ်စင်း စီစဉ်ပေးဖို့ရန် ကိုမင်းညိုကို ချယ် အကူအညီတောင်းထားသည်။



တိကျသေချာသော ကိုမင်းညိုက ဧရာဝတီမြစ်ကမ်းခြေမှာ လှေအဆင်သင့်ဖြင့် စောင့်နေလိမ့်မည်ဟု ချယ်ယုံကြည်ပါသည်။

✱

"ကျောက်ဂူဥမင်"

ပုဂံရောက်ဖူးသူ တော်တော်များများ ထိုဂူဘုရားရှိရာသို့ မရောက်ဖူးကြပါ။

သူတို့နိုင်ငံရပ်ခြားမှာ လွယ်လင့်တကူ သွားလာနိုင်၍ ခက်ခဲမှုကို ပို၍ကြိုက်လေသလား။ သို့မဟုတ် သဘာဝတရားက ဖေးအစ်ထားသော ရေမြေတောတောင်ကို သူ့သဘာဝအတိုင်း မြင်ရတွေ့ရခြင်းသန်းရသည်ကို နှစ်သက်ကြလေသလား မသိပါ။

ထိုနေ့ ညနေပိုင်းတွင် ကျောက်ဂူဥမင်ရှိရာသို့ ပြင်သစ်အဖွဲ့အား လရောင်ချယ် လိုက်ပို့ပေးရသည်။

ပုဂံသံတဲဟိုတယ် ရှေ့နားမှ မြစ်ကမ်းဆိပ်မှာပင် ဆိုက်ရပ်ထားသော စက်လှေပေါ်သို့ နိုင်ငံခြားသား ခြောက်ယောက်နှင့် ချယ်တို့ ဆင်းလာကြသည်။

"ဖြည်းဖြည်းဆင်းနော်ချယ်"

"ဟင်... ကိုမင်းညိုပါ ရောက်နေတယ်လား"

"ချယ်ဝဲ မနေ့က စက်လှေငှားပေးပါ... ရေလမ်းကနေ ကျောက်ဂူဥမင်ကို ပို့ချင်တယ်ဆို"

"ဟုတ်တယ် စက်လှေပဲ ငှားခိုင်းတာလေ"

"စက်လှေငှားရင် စက်လှေမောင်းတဲ့သူက ပါရမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

"ကျွန်တော်မောင်းမှာ... ကောင်လေးတစ်ယောက်တော့ ပါပါ တယ်၊ ချယ်က ကျွန်တော်လိုက်တာ မကြိုက်ရင် နေခဲ့ပါ့မယ်"

"ကြိုက်တယ်၊ မကြိုက်ဘူး မရှိပါဘူး၊ တာဝန်ရှိတယ်ထင်လည်း လိုက်ခဲ့ပေါ့၊ နေခဲ့လည်း ရပါတယ်၊ ဒါနဲ့ စက်လှေခတောင် မမေးမိဘူး၊ တစ်ညနေလုံးငှားမှာနော်"

"ကြိုက်သလောက်သုံးလို့ရပါတယ်... ကျွန်တော့်လှေပါ"

"ဩော်... ကိုမင်းညိုက စက်လှေလည်း ပိုင်တယ်လား"

"ငွေလေးနည်းနည်း ပိုတာနဲ့ ဝယ်ထားလိုက်တာပါ။ ကျွန်တော် လိုက်ခဲ့ရမလား၊ နေခဲ့ရမလား"

"ရပါတယ် လိုက်ခဲ့ပါ"

လရောင်ချယ်ကတော့ တည်ကြည်ငြိမ်သက်သော သိက္ခာဖြင့် ခပ်ပြတ်ပြတ်ပြော၏။ သူ့ဧည့်သည်များကို စက်လှေပေါ် တက်စေသည်။ လှပသော ရောင်စုံပျဉ်ချပ်ကလေးများ ခင်းထားပြီး ဘာအမိုးအကာမှ မပါ၍ လှပသော သဘာဝ၏ မြင်ကွင်းကျယ်ကို သူတို့ သဘောကျနေကြသည်။

"ကိုမင်းညိုနဲ့ မိတ်တော့ ဆက်ပေးချင်ပေမယ့် စကားပြောလို့တော့ ရမှာမဟုတ်ဘူး။ သူတို့က အင်္ဂလိပ်လို မပြောကြဘူး"

"တတ်ရင်တောင် အင်္ဂလိပ်လို မပြောကြတာ မြင့်သစ်တို့ရဲ့ ဓာတ်မာန်ထင်ပါရဲ့နော်"

"အင်း အဲဒီလို ကြားဖူးတာပဲ"

လှေစထွက်ပြီ။



အရှေ့ဘက်ကမ်းမှာ ပုဂံမြို့ဟောင်းနှင့် မြင်သာသော စေတီပုထိုးများ အနောက်ဘက်ကမ်းတွင် တန့်ကြည့်တောင်တန်း။

လရောင်ချယ်တို့ သွားနေသည်က ဧရာဝတီမြစ်ကြီး ကောက်ကွေ့စွာ စီးဆင်းနေသည့် လမ်းကြောင်းအတိုင်းမို့ အနောက်နှင့် အရှေ့ ကန့်လန့်ဖြတ်နီးနီး သွားလိုက်... မြောက်ဘက်သို့ ပြန်ဆန်တက်လိုက်ဖြင့် သွားနေကြချိန်မှာ...

ဘာရန့်မှမပါသော လေပြည်ညှင်းကို ရှင်းသန့်စွာ ရှူရှိုက်ရရှိသော အေးစိမ့်သော ထိတွေ့မှုကြောင့် အားလုံး လန်းဆန်းပေါ့ပါး နေကြသည်။

လှေ၏ ဦးပိုင်းကို ကျောခိုင်းကာ ဧည့်သည်များနှင့် မျက်နှာချင်းဆိုင် ရပ်လျက် ပြင်သစ်ဘာသာဖြင့် ရှင်းပြရင်း လက်ညှိုးလေး တညွှန်ညွှန် လုပ်ပြနေသော လရောင်ချယ်၏ အမူရာလေးကို လှေပဲ့ပိုင်းမှ ထိုင်ရင်း ကိုမင်းညို ငေးကြည့်နေမိသည်။ မိုးကောင်းကင်ပေါ်မှ နတ်သမီးလေးတစ်ပါး ဆင်းလာလျှင်ပင် သည့်လောက် ပြည့်စုံစွာ လှပကျော့ရှင်းနေမည်မထင်ပါ။

တောရယ်၊ တောင်ရယ်၊ သောင်ရယ်၊ သစ်ပင်မျိုးစုံရယ်၊ ကမ်းပါးရုံများ၊ တောင်တန်းများနှင့် ကိုယ့်အောက်ခြေမှာ ရေ... ကိုယ့်ခေါင်းပေါ် မှာ မိုးကုပ်စက်ဝိုင်းအထိ မြင်ရသော ကောင်းကင်ပြာကြီးနှင့် တိမ်ဆိုင်တိမ်တွေး ဖြူဖြူဖွေးဖွေးများ...

မနေ့တုန်းဆီက သောကများကို ခေတ္တဘေးမှာ ချထားပြီး သုပ်ငန်းခွင်ထဲတွင် စိတ်နှစ်လျက် ဆောင်ရွက်နေရရှာသော လရောင်ချယ်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူရယ်"

"လှလိုက်တာ..."

"ကျက်သရေရှိလိုက်တာ"

ဒီလောက် ကြီးပြည့်စုံတဲ့ ကိုယ်ပိုင်အလင်းရောင်နဲ့ ထွန်းတောက်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲကို ဘယ်လိုလူကများ ကြေကွဲမှုတွေ ထည့်ပေးရက်တာလဲ သိချင်လိုက်တာ။

ရေတိုက်စားသွားသော ရွှေစည်းခုံစေတီတော်ကြီး၏ အနောက်ဘက်မုခ်နှင့် တမ်းပါးပြိုသည့် ကမ်းပါးတစ်လျှောက် ရွှေတွေ ပုံထားသလို ဝင်းအိနေသော "ရွှေစည်းခုံစေတီတော်မြတ်ကြီး" ကို ဖြတ်ပြီး... ညောင်ဦးကမ်းပါးတစ်လျှောက် စောင်းနှင်းလာခဲ့သော စက်လှေသည် နတ်လှသမီးကမ်းပါးအောက်ခြေကို ရောက်သည့်အခါ လရောင်ချယ် တစ်ချက် မော့ကြည့်လိုက်သေးသည်။ မနေ့က သူလွှင့်ပစ်ခဲ့သော သတင်းစာလည်း မရှိတော့ပါ။

ဘာအဆောက်အဦးမှ မရှိသော ကမ်းပါးတစ်ခုမှာ စက်လှေက ဦးတိုး၍ ရပ်လိုက်သည်။

ကောင်လေးက သဲသောင်မှာ သံချောင်းကိုစိုက်၏...။ ကိုမင်းညို က လှေမှ ကြိုးကို လှမ်းပစ်ပေးပြီး လှေမမြောအောင် ချည်နှောင်သည်...။

"ဆင်းကြမယ်၊ တောလမ်းကသွားမယ်" ဟု ချယ်က ပြောလိုက်ရသည်...။ ဧည့်သည်များက–

ကောင်းတယ်... ကောင်းတယ် ဟု အဓိပ္ပာယ်ရသော ပြင်သစ်စကားဖြင့် တုံ့ပြန်ကြောင်း ချယ်က ပြောပြရင်း–



"ကိုမင်းညို နေခဲ့မှာလား"

"နေဆို... နေခဲ့ပါ့မယ်"

"လိုက်ဆို လိုက်မယ်လား"

"ဒါပေါ့"

"ဒါဖြင့် လိုက်ခဲ့ပါ။ ချယ်လည်း မြန်မာစကားပြောဖို့ အဖော်ရတာပေါ့"

"ကောင်းတာပေါ့ ချယ်ရယ်"

စက်လှေမောင်းသမားလေးက သူတို့နှစ်ယောက်ကို ပြုံးကြည့်ရင်း စောင့်ကျန်ရစ်၏။

မြက်ရိုင်းများ၊ ဆူးပင်များနှင့် မြေပိုင်ရှင်ရှိသော ယာခင်းတွင်းမှ ဝင် ပုပုလေးများ၊ ပြောင်းပင် မြင့်မြင့်များ၊ ကြံပင်ရှည်ရှည်များကြားမှ တွေ့ကာဝိုက်ကာ ကျော်ကာလွှားကာ သွားကြရသည်။

လူသွားလူလာ နည်းသဖြင့် လမ်းဟူ၍ပင် ပီပီပြင်ပြင်မရှိ။

လျှောက်လှမ်းရသော မြေသားလမ်းက မြေညီမြေပြန့်မဟုတ် ဖြည်းဖြည်းချင်း ခပ်မတ်မတ်ကလေး သွားရသော 'အတက်လမ်း' ညည်းသာ ဖြစ်ချေသည်။

အသက်ကြီးသူတစ်ယောက်လည်း ပါသဖြင့် ခပ်ဖြည်းဖြည်းသာ သွားရ၍ နာရီဝက်ကျော်ကျော် ခြေများစို့အောင် သွားရပြီးမှ ရောက်ရှိမြင်တွေ့ရသော 'ကျောက်ဂူဥမင်'။

ဂူဘုရားဖြစ်ပါ၏...။ နှောင်းလူတို့ ပြုပြင်ထားသော်လည်း မြို့ဟောင်းမှ ဘုရားများလောက် အကုန်အကျခံကာ ပြုပြင်ထားပုံ ရ– ဘုရားဖူးများလည်း အလာကျဲပါးပုံရ၏။ သို့သော် ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ရာကို ခက်ခက်ခဲခဲ လာရောက်ကြည့်ရှုချင်သော နိုင်ငံခြားသား များ ယခုလို လာလေ့ရှိပုံရသည်။ လရောင်ချယ်ကဲ့သို့ပင် ညှော့လမ်းညွှန် အမျိုးသမီးတစ်ယောက်၏ အလျှဒါန ကမ္ပည်းစာကို နံရံမှာ တွေ့ရ၏။

ရှေးတုန်းက ပုဂံခေတ်ကပဲ ဆိုကြပါစို့...။ အခု ဝင်လာတဲ့ဂူ ဥမင်လိုဏ်ခေါင်းကနေ ရှမ်းပြည်နယ် တောင်ပိုင်းမှ ပင်းတယဂူများဆီ အထိ လမ်းပေါက်သည်ဟု ဒဏ္ဍာရီဆန်ဆန် အဆိုရှိခဲ့ကြောင်း... လရောင်ချယ်က ပြင်သစ်တိုးရစ်စ်များကို ပြောပြီး လာရကျိုးနပ်အောင် ထိုဘုရားသမိုင်းကို ရှင်းပြနေ၏။ ပုဂံသား ကိုမင်းညိုပင်လျှင် ဤ ကိန်းဂဏန်းများကို အတိအကျ မပြောနိုင်ပါ။

ညောင်ဦးမြို့နှင့် နှစ်မိုင်ခန့်အကွာတွင်

၁၁ ရာစု လက်ရာဖြင့် အဆင့်သုံးဆင့်နှင့် တည်ဆောက်ထား သော ဂူဘုရားဖြစ်သည်။ မြေနိမ့်ချောက်ဘက်သို့ မျက်နှာမူထား၍ မြောက်ဘက်မှာ အာရုံခံ ထုတ်ထားပြီး အတွင်းနောက်ဘက်မှာ ဥမင် လိုဏ်ခေါင်းဖောက်ထား၏။ အောက်ထပ် ခန်းမကြီးက အနည်းငယ် မှောင်နေသည်... ချယ်က–

"ဒီခန်းမဆောင်ကြီးက လေးဆယ့်နှစ်ပေကျယ်ပြီး နောက်ဘက် က နှစ်ဆယ့်ငါးပေ ရှည်ပါတယ်"

"ဒီသုံးဆယ့်နှစ်ပေ မြင့်တဲ့ ကျောက်တိုင်ကြီးတွေက အမိုး ပေါင်းကူးအဖြစ် တည်ထားပေမယ့် ဒီအောက်ခြေကို ကြည့်ပါ ကျောက် ပန်းခက်တွေ ပတ်လည်ထုထွင်းထားပါတယ်"

"အမိုးမှာ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ ရှိသလို နံရံမှာ လည်း ဆေးရေးပန်းချီတချို့ ရှိနေဆဲပါ"



"ဒါတွေကတော့ ဗုဒ္ဓရဲ့ ဖြစ်စဉ် ဗုဒ္ဓဝင်တွေကို ကျောက်ဆစ်ရုပ် ထုထားတာပါ။ ဒီဘုရားက မယ်တော်မာယာ ဖွားတော်မူခန်း ကျောက် ဆစ်ရုပ်ကို သက်ဆိုင်ရာက ယူသွားပြီး ပြည်သူအများ ကြည့်ရှုခွင့် ရအောင် အမျိုးသားပြတိုက်မှာ ထားရှိပါတယ်"

သည့်နောက်မှာဖြင့် ချယ်က လက်နှိပ်ဓာတ်မီးလေးပိတ်ပြီး အဝင်ဝမှ မုခ်၏ ခိုနန်းချိုးများတွင် လက်ရာမြောက်စွာ ထွင်းထုထား သော ဘီလူးရုပ်၊ မိန်းမငယ်ရုပ်၊ ကိန္နရာရုပ်၊ ဘီလူးပန်းဆွဲ၊ ပုလဲပန်း သော ကျောက်ဆစ်ရုပ်လက်ရာများဖြင့် တန်ဆာဆင်ထားကြောင်း ပြသည်။

ပထမ တည်ဆောက်မှု အောက်ခြေမှာ ၁၁ ရာစု လက်ရာဖြစ် သော်လည်း (၁၁၇၄–၁၂၁၁)ခုအတွင်း နန်းတက်သော နရပတိစည်သူ မင်းက အပေါ်ဆင့်များ ထပ်မံတည်ဆောက်ခဲ့ကြောင်း၊ ထိုကျောက်ဂူ ဥမင်အတွင်းမှာ ရေးထိုးထားသော ကျောက်စာအရ သိရှိရကြောင်း များကို

လရောင်ချယ်သည် ပြင်သစ်လိုပြောရင်း အင်္ဂလိပ်စကားလေး များပါ ပါရှိသွားသည်ကို ကိုမင်းညို နားထောင်၍ မဝ၊ ကြည့်၍ မဝ နိုင်သလို အထင်ကြီး၍လည်း မဆုံးနိုင်အောင်ပါပင်။

ရောဝတီမြစ်ကို ဆန်တက်လာကြစဉ်က နေမင်း၏ အရှိန် မြင့်နေသေး၍ ပူလောင်ပြင်းပျလာခဲ့ရုံမက လမ်းကလည်း ခက်ခဲ၍ လမ်းလျှောက်လာကြသူများကို အေးမြငြိမ်သက်ခြင်းက ဆီးကြို၍ အားလုံး အပမ်းပြေကြပါပြီ။

အလျား ၁၈ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၉ ပေရှိသော ကြာပလ္လင်

www.burmeseclassic.com

www.burmeseclassic.com



ထက်မှ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပန်းများ၊ ဆီမီးများ ထွန်းညှိပူဇော်ထားကြသည်။ ထို 'ဘူမိဖဿ မုဒြာ' ရုပ်ပွားတော်ရှေ့မှာ လရောင်ချယ်က ပျပ်ဝပ်ရိုကျိုးစွာ ထိုင်၍ ရှိခိုးတော့မှ ကိုမင်းညိုလည်း ထိုင်၍ကန်တော့ဖြစ်၏။

"ချစ်သူ့ရင်မှာ ဝင်ရောက်စွဲညိ လောင်ကျွမ်းနေသော အပူမီးများအားလုံး ငြိမ်းသေပါစေသတည်း"

ဆိုသည့် တစ်ခုတည်းသောဆုကိုသာ ကိုမင်းညို တောင်းဖြစ်သည်။

သူ့အတွက် ဘာမှ မလိုအပ်ပါ၊ ချစ်သူသည်သာ အပူရင်များငြိမ်းအေးလျက် ရွှင်ပျပြုံးပျော်နိုင်ပါစေဟု ချယ်ဘာဖြစ်နေမှန်းမသိပါဘဲလျက် ရမ်းသမ်း၍ ဆုတောင်းပေးနေမိသည်က သူ့ရင်မှ တကယ့်စေတနာစစ်စစ်ပါ…။

ဝှတစ်ဝိုက်နှင့် တောရှုခင်း၊ တောင်ရှုခင်း၊ ကျောက်ဂူ ဥမင်၏ဝှတွင်းရှုခင်းများကို ဓာတ်ပုံရိုက်ကြ၊ ဗီဒီယိုရိုက်ကြနှင့် နိုင်ငံခြားသားများ သဘောကျနေကြ၍ လရောင်ချယ် ကျေနပ်ရပါသည်။

အလွန်တာဝန်ကျေ၍ ထက်မြက်သော ဦးဆောင်မှုများဖြင့် ဘာသာစကား ကျွမ်းကျင်သော လရောင်ချယ်ကို နိုင်ငံခြားသားပြင်သစ်များက လေးစားစွာ ကျေးဇူးတင်နေကြပါ၏။

"ပုဂံရဲ့ ဆည်းဆာကို မြစ်ပြင်က မြင်ရအောင် ပြန်ကြစို့နော်"

ဟု ပြောဆိုကာ သူတို့တစ်ဖွဲ့လုံး စောစောက ဖြတ်သန်းခဲ့သော ယာခင်းများ၊ မြက်ရိုင်းများရှိရာ တောလမ်းကုန်းဆင်းအတိုင်း ပြန်လာခဲ့ကြသည်။



မြစ်ကမ်းခြေမှာ ကိုမင်းညို၏ စက်လှေက အသင့်..

လရောင်ချယ်က အရင်ဆင်းနှင့်ပြီး စက်လှေ၏ နောက်ဘက်မှာ ကိုမင်းညိုနှင့် မျက်နှာချင်းဆိုင်မှာ လာထိုင်သည်။

လှေထဲတွင် ကန့်လန့်ခုံများနှင့် မျက်နှာချင်းဆိုင်ခုံများပါ ထားရှိပြီး ဆေးရောင်စုံများ သုတ်ထားသဖြင့် လှပသန့်ရှင်းနေသည်။

"အသွားတုန်းက အားလုံး ရှင်းပြပြီးပြီ အပြန်လမ်းမှာတော့ သူတို့ဘာသာ ခံစားကြပါစေ"

လရောင်ချယ်၏ ဆုံးဖြတ်မှုက… ကိုမင်းညို၏ ရင်ထဲသို့ ကြည်နူးမှုအပေါင်း ဆောင်ယူပေးလိုက်သည်သို့ပါပင်။

ညနေနှောင်း၏ လေပြည်က ပို၍ လတ်ဆတ်ရှင်းသန့် စိမ့်မြနေလေသည်။

ကိုမင်းညိုက လေးစားစွာ 'မချယ်'ဟု ခေါ်ခဲ့ရာမှ ချယ်သည် သူ့ရင်ထဲမှာ သူ့ချစ်သူဖြစ်ပါ၍ 'ချယ်'ဟုပင် ရင်းနှီးစွာ ခေါ်ဖြစ်သွားသည်။

"နိုင်ငံခြားသားတွေ ကျွန်တော်တို့ပုဂံကို ကြိုက်တာလည်း မပြောနဲ့ ဘုရားအဆူဆူနဲ့ ရှုခင်းတွေကလည်း လှလိုက်တာဗျာ"

"အင်း"

"အဟဲ… ကိုယ့်ပုဂံကို ကိုယ်ကြွားနေမိပြီ ထင်ပါရဲ့"

လရောင်ချယ်က ဘာစကားမှ မပြန်ဘဲ ဝေးဝေးဆီသို့ လှမ်းကြည့်နေ၍–

"ဟိုမှာကြည့်လိုက်ပါဦး ချယ်ရယ်"

"ဘာကိုကြည့်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တန့်ကြည့်တောင်ရဲ့ နောက်ဘက်ကို နိမ့်ဆင်းနေတဲ့ နေမင်းကြီးက လိမ္မော်ရောင်တောက်ပြီး ဝင်းဝါနေတာ လှလိုက်တာဗျာ"

"ဟုတ်တယ်"

"မြင်နေကျပေမယ့် ဒီညနေရဲ့ ဆည်းဆာက ပိုလှနေသလိုပဲ ချယ်ရဲ့"

"ကိုမင်းညို"

"ပြောပါချယ်"

"သဘာဝအလှတရားတွေကတော့ သစ္စာရှိစွာ မှန်မှန်လည်ပတ်နေတာပါပဲ၊ ဒါပေမယ့် ရှုကြည့်ခံစားသူရဲ့ရင်ထဲကိုတော့ ဝေဒနာအမျိုးမျိုး ပေးစွမ်းစေပါတယ်"

"ဗျာ"

"ကြည်နူးစိတ်နဲ့ကြည့်ရင် အရာခပ်သိမ်း လှပနေပေမယ့် ကြေကွဲနေတဲ့ ရင်နဲ့ကြည့်ရင်တော့ ဒီရှုခင်းတွေကြောင့် ပိုပြီး နာကျင်လာစေပါတယ်"

"ချယ်ရယ်"

"ချယ့်အတွက်တော့ အခုမြင်နေရတဲ့ ရှုခင်းထဲက ဆည်းဆာဟာ အကျည်းတန်နေပါတယ်"

"ဗျာ"

"တစ်နည်းပြောရရင်တော့ ချယ့်အတွက် မနေ့ကလိုပဲ ဒီညနေဟာလည်း ဆည်းဆာမလှတဲ့ ညနေပါပဲ ကိုမင်းညိုရယ်"

* * *

# လှည့်စားခြင်းအတတ်ပညာရှင်

www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလုပ်လာပြန်ပြီလဲ သမီးလေးရယ်"

"သင်္ကန်းဒွိစုံပါအမေ"

"ဈေးကြီးမှာပေါ့"

"ကြီးလည်းကြီးပါစေတော့ အမေရယ်... ဆွမ်းကပ်ရင် သင်္ကန်းပါထည့်မှ သူ့ဟိုဘဝမှာ ကောင်းကောင်းစားရ ကောင်းကောင်း ဝတ်ရမှာ မဟုတ်လား"

"အင်း... ကြုံကြိုက်လို့ သာဓုခေါ်နိုင်တဲ့ဘဝမှာ ရောက်နေရင် ပေါ့လေ"

အမေက သက်ပြင်းချရင်း ပြောလိုက်သည်...။ "ပန်းနုသွေး"မှာ



လာမည့် တနင်္ဂနွေနေ့တွင် ကွယ်လွန်သူအတွက် သုံးလပြည့် ဆွမ်းသွတ်ရန် တတ်နိုင်သမျှ အစွမ်းကုန် ဆောင်ရွက်နေရှာသည်။

အမေ "ဒေါ်ခင်သက်"သည် နံရံတွင် ချိတ်ဆွဲထားသည့် ချစ်လှစွာသော သားကြီး "ကိုကျော်စွာ"၏ ဓာတ်ပုံကို လှမ်းကြည့်လိုက်ရင်း ရင်ထဲမှာ နင့်ခနဲနေအောင် စူးရှစွာ ခံစားလိုက်ရပြန်သည်။

"အမေရယ် အမေ့သားက သိပ် စိတ်ကောင်းရှိတာ သူ့ကောင်းရာ မွန်ရာရောက်မှာပါနော်"

ဒေါ်ခင်သက် ခေါင်းညိတ်ပြလိုက်ရသော်လည်း သားကြီးသည်ကား ချောက်ထဲထိုးကျပြီး မီးလောင်ကာ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားခဲ့ရသဖြင့် အယူဖြောင့်နိုင်စရာမရှိဟု ထင်မိပြီး နေ့စဉ်နေ့တိုင်း ပြုသမျှ ကုသိုလ်များကို မေတ္တာပို့ အမျှဝေနေမိခြင်းဖြစ်သည်။

"ကျော်စွာ၏ ချစ်သူ ပန်းနုသွေးကမူ အရွယ်ကလည်းငယ် လောကုတ္တရာအသိအမြင်ကလည်း နည်းသဖြင့် သူ့ ဒီဘဝမှ ပံ့ပိုးသမျှ ကိုကျော်စွာ ရရှိပေမည်ဟူသော အထင်ဖြင့် သူတတ်နိုင်သမျှသော ဒါနကုသိုလ်များကို စဉ်ဆက်မပြတ် ပြုပေးနေရှာသူပါ။

မိခင်တို့၏ အချစ်ဆုံးသားကြီးလည်းဖြစ်ရုံမက ညီလေး အပေါ်ပါ သိတတ်လွန်းစွာ ရှာဖွေကျွေးမွေးနေရှာသော သားကြီး ကျော်စွာ၊ မရှုမလှသေဆုံးခဲ့ရခြင်းအတွက် ဒေါ်ခင်သက်ရင် ဟက်တက် ကွဲကာ ဤဘဝ၌ပင် ဆက်လက်ရှင်သန်နေချင်စိတ်မရှိတော့လောက် အောင် စိတ်ဓာတ်တွေ ပြိုပျက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ သမီးဝယ်လာတဲ့ ကော်ပြန့်စိမ်းလေး စားလိုက်ပါဦး"

"အေး...အေး... စားပါ့မယ်"

"ထည့်လိုက်မယ်နော်"

"ခဏလေးသမီး... အမေ ရင်နည်းနည်းပြည့်နေသေးလို့ပါကွယ်"

မတော်ရသေးသော ချွေးမနှင့် ယောက္ခမလောင်းတို့၏ ချစ်ခင်ရင်းနှီးမှုထဲမှာ စေတနာတွေအပြည့်နှင့်ပါလား...

"အစ်ကိုကျော်စွာအတွက် သုံးလပြည့် ဆွမ်းကျွေးမှာကို ဦးသူရိန်ဆီက ငွေပို့ပေးသေးလားဟင်"

"မပို့တော့ပါဘူးကွယ်"

"ဒါနဲ့များ... ဒေါ်ခင်သက်ဝေ တစ်သက် ကျွန်တော် တာဝန်ယူမယ်လေး ဘာလေးနဲ့"

"သြော်... ဒါကတော့ သားသေဆုံးကာစ အမေ့ရဲ့ ပရိဒေဝကို သူမြင်ရလို့ သနားပြီး ပြောရှာတာဖြစ်မှာပါ"

"အင်းလေ... ဘာပဲပြောပြော သူများအလုပ်ရှင်တွေထက်တော့ ဦးသူရိန်က တော်တယ်လို့ ပြောရမှာပါပဲ... အမေ့ကို ငွေသုံးသိန်းပေးလိုက်တဲ့အပြင် တစ်လပြည့်ဆွမ်းကျွေးဖို့လည်း ငွေငါးသောင်းပို့ခိုင်းလိုက်သေးတယ်နော်"

"ဟုတ်ပါတယ်... ကိုသူရိန်ဟာ သူတော်ကောင်းကြီးပါ သမီးရယ်"



မျက်ရည်ဝေလာသော အဘွားကြီးကိုကြည့်ပြီး ပန်းနုသွေး ငိုချင်လာပြန်သည်။ ထိုင်နေရာမှထပြီး နံရံပေါ်မှ ချစ်သူ၏ပုံတူကို ရပ်ကြည့်နေမိချိန်မှာဖြင့် ယခင်ကလိုပင် မျက်ရည်တွေက အတားအဆီးမဲ့ သွန်ကျလာသည်။

ပန်းနုသွေးနှင့် ကိုကျော်စွာတို့သည် တစ်ရပ်ကွက်တည်းတွင် အတူတကွ ကြီးပြင်းလာကြသော အတွင်းသိ အစင်းသိများ ဖြစ်ကြပါ၏...။ မိဘချင်းက မရင်းနှီးသော်လည်း သိကျွမ်းကြသည်။

ရိုးသား၍ လှပသော ပန်းနုသွေးနှင့် သူ့ထက် ခြောက်နှစ်မျှ အသက်ကြီးပြီး အလုပ်သိပ်ကြိုးစားရှာသော ကျော်စွာတို့ ချစ်သူအဖြစ် ရောက်ရှိသွားကြပြီဆိုသည်ကို နှစ်ဘက်မိသားစုက သိရှိသွားကြသော်လည်း...

"အိုးနှင့်ဆန်"ဆိုသော ရှေးရိုးစကားကို မဆန့်ကျင်ကြဘဲ တစ်ချိန်ချိန်မှာ လက်ထပ်ကြမည့် ချစ်သူများဟူ၍ အားလုံးက အသိအမှတ်ပြုထားကြပြီးသားပါ။

ဦးသူရိန်၏ "နေမင်းသူရိန်ကုမ္ပဏီ"မှာ ကိုကျော်စွာ အလုပ်စ,ဝင်စဉ်က ဝန်ထမ်းငယ်အဆင့်မျှသာ...

ကိုကျော်စွာ၏ ကြိုးစားမှု ရိုးသားမှုများသာမက လာဘ်မြင်တတ်သော လုပ်ရည်ကိုင်ရည်များကြောင့် ဦးသူရိန်နားသို့ တဖြည်းဖြည်း နီးနီးလာပြီး နောက်ဆုံး ဦးသူရိန်၏ အနီးကပ်လူယုံဘဝ ရောက်ရှိသွားချိန်မှာ လခကလည်း များစွာတက်လာသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးနှင့် လက်ထပ်ရန် ပြင်ဆင်နေချိန် ကျကာမှ အဖြစ်ဆိုးကြီးနှင့် ကြုံရလေခြင်းသာ။

ထိုနေ့က ပန်းနုသွေး အလုပ်ဆင်းနေသော ကွန်ပျူတာစာစီစာရိုက်ဌာနသို့ ဖုန်းဆက်၍ အိမ်အမြန်ပြန်ခဲ့ဖို့ ခေါ်သည်။ ဘာအကြောင်းမှန်းမသိရသေး... အိမ်ရောက်ချိန်ကျကာမှ အစ်ကိုကျော်စွာ၏ ညီလေးကိုယ်တိုင် ငိုလျက် စောင့်နေရာက...

"အစ်ကိုကျော်စွာ မန္တလေး လားရှိုးလမ်းပေါ်မှာ ကားချောက်ထဲကျပြီး မီးလောင်သေဆုံးသွားပြီတဲ့ နုသွေးရဲ့"

"ဟာ...ဘာ...ဘာ"

"အဲဒါ တို့လိုက်ကြမလို့... အမေက ပြောခိုင်းလိုက်တယ်။ နုသွေးကို သွားအကြောင်းကြားတဲ့ လိုက်မယ်ဆိုလည်း ခေါ်ခဲ့တဲ့"

"အမယ်လေး... ဘယ်... ဘယ်ကိုလိုက်ရမှာလဲ"

"ပြင်ဦးလွင်ကိုတဲ့"

"အစ်ကို...အစ်ကိုကျော်စွာ သေတယ်ဆိုတာ တကယ်လား... တကယ်လား။ လုပ်ကြပါဦး... ကယ်ကြပါဦးရှင်"

"သမီး သမီးလေး... သတိထားပါဦးကွယ်"

"မေမေရယ်... သမီးဘာလုပ်ရမလဲဟင်"

"သမီးသဘောကို မေမေတို့ လိုက်လျှောဖို့ စောင့်နေတာပါ... ဒါပေမယ့် အလောင်းက ရုပ်ပျက်ဆင်းပျက်ပဲတဲ့ ရုပ်တောင် မပေါ်တော့ဘူးတဲ့... ဒါကြောင့် သွားကြည့်လည်း မထူးတော့ဘူးလားလို့ကွယ်"

"ဟင်အင်း...ဟင်အင်း... သမီးတွေ့ရမှ ယုံမယ်... သမီး မြင်ရမှ



သက်ခံနိုင်မယ်... သမီးသွားကြည့်ပါရစေ။ အမေဒေါ်ခင်သက်တို့နဲ့ သမီး လိုက်သွားမှဖြစ်မယ် မေမေရဲ့"

"ကောင်းပြီလေ... သမီးရဲ့ဒေါ်လေးကို ထည့်လိုက်ပါ့မယ်"

ပန်းနုသွေး၏မိခင် "ဒေါ်ခင်ဆန်းအေး"က အထုပ်အပိုးပြင်ပေးသည်။ ပန်းနုသွေးကို ဂရုစိုက်ဖို့ အတူလိုက်ပါမည့် ညီမဖြစ်သူကို မှာကြားခြင်းများစွာ စိတ်မချခြင်းကြီးစွာဖြင့် တစ်ဦးတည်းသော သမီးလေးကို ထည့်လိုက်ရရှာသည်။

သည်သို့ဖြင့် အဖြစ်မှန်ကို ဘာမှ မသိရှာသော ဘာမှ သိခွင့်ရပါသော ကိုကျော်စွာ၏ ချစ်သူများသည် ကိုကျော်စွာ၏ အလောင်းရှိရာ ပြင်ဦးလွင်ဆိုသော တောင်ပေါ်မြို့၏ ဆေးရုံသို့ ရောက်ရှိခဲ့ကြပါသတည်း...။

❋

"ဒေါ်ခင်သက် ဆုံးရှုံးသလို ကျွန်တော့်မှာလည်း လက်ရုံးတစ်ဖက် ပြုတ်တာပါပဲဗျာ။ မောင်ကျော်စွာက သိပ်အားကိုးရတဲ့ နေ့ထမ်းပါ"

"ကဲ... အမျိုးသမီးတွေကို ခဏပဲ ကြည့်ခိုင်းပါ... သူတို့ စိတ်ထိန်းနိုင်မှာစိုးရိမ်လွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးသူရိန်၏ အကယ်ဒမီအိုက်တင်ကို ဘယ်သူမှ သံသယမဝင်ခဲ့ကြ။ ကိုကျော်စွာ၏ ချစ်မိခင်ကြီး ဒေါ်ခင်သက်နှင့် ကိုကျော်စွာ၏ ချစ်လှစွာသော ချစ်သူဇနီးလောင်း ပန်းနုသွေးတို့ကို တွဲ၍ ရင်ခွဲရုံထဲမှ ခေါ်ဆောင်လာခဲ့ကြသည်။ ရင်ခွဲရုံဟု ခေါ်ကြသော ဆေးရုံဝင်း အတွင်းမှ လူသေအလောင်းများ ထားရှိရာနေရာမှာ အုတ်တိုက် သီးသန့်အဆောက်အအုံလေးဖြစ်သည်။ အဆောင်ဆောင် ထုတ်ထားသော ဆေးရုံကြီးနှင့် မလှမ်းမကမ်းမှာ ရှိသော်လည်း ပေါင်းကူးတံတား မရှိ.. လမ်းခင်းထားခြင်းမရှိ.. မြက်ပင်များကြားမှ သွားရခြင်းဖြစ်၏။

ဒေါ်ခင်သက် ပန်းနုသွေးနှင့် သူမ၏ဒေါ်လေးတို့ အပြင် ရောက်လာသော်လည်း ကိုကျော်စွာ၏ညီလေး 'မောင်ဝဏ္ဏ' ထွက်မလာသေး၍ ဦးသူရိန် ရင်ခွဲရုံထဲသို့ ပြန်လိုက်သွားချိန်မှာ...

"ဒါ ကျွန်တော့်အစ်ကိုမှ ဟုတ်ရဲ့လားဗျာ"

"ဟင်"

"မျက်နှာတော့ပျက်နေပါပြီ၊ ဒါပေမယ့် အသားတွေက ဖြူဖွေးလို့"

"ဩ်... မောင်ဝဏ္ဏရယ် လူသေဆိုတာ သွေးဆုတ်လို့ ဖြူဖွေးနေတာပေါ့ကွာ... လာပါ အပြင်ကို၊ မင်းအမေ 'ရှော့ခ်' ဖြစ်သွားမှာ စိုးရိမ်ရတယ် ထွက်ကြည့်လိုက်ပါဦး"

"အစ်ကို့အလောင်းမှ ဟုတ်ရဲ့လား" ဆိုသော ကိုဝဏ္ဏ၏ သံသယစိတ်များ ချက်ချင်းပင် လွင့်ပျယ်ပြီး မိခင်အတွက် စိုးရိမ်စိတ်



တို့သာ ဖြစ်ထွန်းလာပြီး ဆေးရုံ၏ ပင်မအဆောက်အဦးများဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့မိသည်။

"ဒီမှာ သူ့မှတ်ပုံတင်နဲ့ သူ့လက်စွပ်ကလေး"

KS ဆိုသော စာတမ်းပါ ရွှေလက်စွပ်ကလေးနှင့် ပလပ်စတစ် လောင်းထားသော မှတ်ပုံတင်ကတ်ပြားက မီးလောင်ထား၍ ကောက် ကွေးနေရုံသာ... ကျော်စွာ့ပုံကဖြစ်ဖို့ အထင်းသား။

ဦးသူရိန်က ဒေါ်ခင်သက်ဘက်သို့ ဦးတည်ကာ–

"အဲဒါလေးတွေနဲ့အတူ သူ့အတွက် အလှူလုပ်ဖို့ ငွေသုံးသိန်း ပေးပါတယ်။ ဒီမှာတည်းခိုဖို့နဲ့ အပြန်အတွက်ပါ ကျွန်တော် အကောင်း ဆုံး စီစဉ်ပေးပါ့မယ်... ရက်လည်ဆွမ်း လလည်ဆွမ်းအတွက်လည်း ရန်ကုန်ကို ဖုန်းဆက်ပြီး ထပ်ပို့ခိုင်းပါ့မယ်... ကျွန်တော်ကိုယ်တိုင် တောင် ဝမ်းနည်းလွန်းလို့ ထူပူပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ ပါဘူးဗျာ"

ထိုအချိန်က... ဦးသူရိန်၏ သရုပ်ဆောင်မှုက ပီပြင်လွန်း လှသည်...။

စေတနာကောင်းသော သူဌေးကြီး...

သူ့ဝန်ထမ်းအတွက် မိသားစုနှင့် ထပ်တူပူဆွေးနေရှာသော အလုပ်ရှင်ကြီး ဦးသူရိန်အဖြစ်နှင့် အားလုံးက လေးစားလို့မဆုံး၊ ကြည်ညိုလို့မဆုံးနိုင်အောင်ပါပင်။

ပန်းနုသွေးတို့ ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ပြင်ဦးလွင်၏ မြို့ပြင် ရှစ်မိုင်ခန့်မှ ကုန်းဘောသုသာန်တွင် ကျော်စွာအလောင်းဟူ၍

www.burmeseclassic.com

www.burmeseclassic.com



အဲသီမှတ်ပြုကာ မီးသဂြိုဟ်လိုက်ရသည်။ ထိုနေ့ညနေမှာပင် ဒေါ်ခင်သက်တို့ သားအမိနှင့် ပန်းနုသွေးတို့ တူအရီးလေးယောက် အသည်းကြေ… နလုံးဟက်တက်ကွဲစွာဖြင့် ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြရပါတော့သည်…။

✸ ✸ ✸

ငွေဆောင် ၏

ဆည်းဆာမလှတဲ့ညနေ

www.burmeseclassic.com

www.burmeseclassic.com

'ငွေဆောင်'

ထိုအပမ်းဖြေကမ်းခြေကို တည်ဆောက်သည်မှာ မကြာသေးသော်လည်း အဆင့်မြင့် ဟိုတယ်များ ရှိးရှိးဟိုတယ်များဖြင့် စနစ်တကျ လုပနေသည်။ သို့သော် တည်းခိုခန်းများ ဈေးကြီး၍တစ်ကြောင်း၊ ချောင်းသာလောက် သွားရေးလာရေး မလွယ်ကူ၍တစ်ကြောင်း ချည့်ပါးသည်။

ဟိုတယ်လုပ်ငန်းဆိုသည်က ဘယ်အချိန် ဘယ်အခါမှာ ဧည့်သည် ဘယ်နှယောက် ရောက်လာမည်ဟု ကြိုတင်တွက်ဆ ခန့်မှန်း၍ ရသော လုပ်ငန်းမျိုးမဟုတ်ပါ။

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်နှင့် အထူးသဖြင့် သင်္ကြန်ကာလ အတွင်းမှာဖြင့် ဧည့်သည်များတတ်သည်။ ဟိုတယ်ပိုင်ရှင်များအနေနှင့် ဤလိုအချိန်မျိုးကျကာမှ အလုပ်သမားပြေးခေါ်ရန် မဖြစ်နိုင်သဖြင့်



အရှုံးခံသင့်ခံပြီး အလုပ်သမားများကို ပင်တိုင်ထားရှိရသည်။ ထို့အတွက် သန့်ရှင်းရေးသမားအဖြစ် "သူ" အလုပ်ရခဲ့ခြင်းဖြစ်၏။

နှစ်ယောက်ခန်းတစ်ခန်းကို တစ်နေ့ တစ်သိန်းပေးရသော Sunny Paradise လို ဟိုတယ်မှအစ Myanmar Treasure လို ဟိုတယ်နှင့် တစ်သောင်းခွဲ နှစ်သောင်းလောက်သာ ပေးရသော လေးခန်းတွဲ၊ ခြောက်ခန်းတွဲများ ရှိသလို တစ်နေ့ လေးသောင်းခန့်ပေးရသော 'ယုဇန' ဟိုတယ်နှင့် တစ်ခြားဟိုတယ်များအားလုံးလည်း ဈေးကြီးပါ၏။

လှပသောကမ်းခြေ ငွေဆောင်တွင်ရှိကြသော ဟိုတယ်များမှာ Wood Land, Olympic, Ambo, Palm Beach. SilverView လို့ အင်္ဂလိပ်နာမည်များ ရှိသလို ယမုံနာဦး၊ တော်ဝင်၊ ငွေခရု၊ ရွှေဟသ်ာ၊ ချောင်းသာဦး၊ မင်းမင်းစိုးတို့အပြင် အစွန်ဆုံးမှာက Central ဟိုတယ်နှင့် ညှိ့သည်မထားသော Asia World ဟိုတယ်များ ရှိပေသည်။

ငွေဆောင်ကမ်းခြေက ချောင်းသာလိုရွာနှင့် ဆက်စပ်နေခြင်းမရှိ အဝင်လမ်း၏ လက်ယာဘက်တွင် 'ငဆော်'ခေါ် ငွေဆောင်ရွာနှင့် ခြားရွာများရှိ၏။ ထိုရွာဘက်ခြမ်းတွင် ဟိုတယ်များ ရှိသော်လည်း ညီး၏။ အဝင်လမ်း၏ လက်ဝဲဘက်တွင်ဖြင့် ဟိုတယ်များစွာ တန်းစီ တည်ဆောက်ထားကြသည်။ အုန်းပင်မြင့်မြင့်များအောက်မှာ အမျိုးမျိုး သာပုံစံဖြင့် လှပခန့်ထည်စွာ တည်ဆောက်ထားပြီး ဝန်ဆောင်မှု ကောင်းဆုံးတွေ ပေးနိုင်၍ သူဌေးများအတွက် သင့်လျော်လှ သည်။

ပင်လယ်ကမ်းခြေကလည်း "ကိုးမိုင်"ရှည်လျားစွာ တည်ရှိ အပမ်းဖြေသူတို့အတွက် မြင်ကွင်းကျယ်ရှုခင်း တစ်ပြင်တစ်ခြင်ကြီး သဘောကျကြသည်။

www.burmeseclassic.com



ဟိုးဝေးဝေး အရှေ့ဘက်ဆီရောက်မှ ကမ်းခြေက ကွေ့သွားပြီ
စိမ်းလန်းသော တောအုပ်သစ်ပင်တန်းများနှင့် ရွာစဉ်တွေရှိသည်။
အားလုံး တံငါရွာချည်းသာ...။

ထိုရွာများအလွန်မှာဖြင့် တစ်ဘက်ကမ်းခြေကို လုံးဝ မမြင်သာ
နိုင်သော ပင်လယ်ပြာကြီးသာ ရှိချေသည်။

ထိုနေ့ညနေ ၆ နာရီက 'သူ့'ဂျူတီချိန် ပြီးဆုံး၍... ဘုရားလေး
ရှိရာဘက်သို့ လျှောက်လာခဲ့သည်။

သဘာဝကျောက်တုံးမည်းမည်းကြီးထိပ်တွင် တည်ထားသော
စေတီငယ်လေးကို လက်အုပ်ချီ၍ မတ်တတ်ရပ်ရင်းပင် သူ ရှိခိုးလိုက်
သည်။

သူ့ရှေ့မှာ ပင်လယ်ကြီးသည် နက်မှောင်စွာ ဒေါသကြီးနေ၏
လေထန်လေ လှိုင်းကြီးလေ မဟုတ်လား။

ဝင်လုဆဲဆဲ နေမင်းကြီးကို တိမ်ပြာ တိမ်မည်းများက ဖုံးအုပ်
ထားသဖြင့် ထိုနေ့ညနေခင်း ဆည်းဆာသည် အကျည်းတန်မ
လေသည်။

"ကိုညွန့်ဝေ နေကောင်းရဲ့လားဗျ"

"ဟင်... ဩော်... ကိုဆောင်း... ကောင်းပါတယ်... ဘာဖြ
လို့လဲ"

"ခင်ဗျားကြည့်ရတာ ညှောင်နာနာနဲ့ ဆေးခန်းလေးဘာလေး
ပြပါဦးလား"

"နေကောင်းပါတယ်ဗျာ... ကျေးဇူးပဲ"

'ကိုဆောင်းတင်'ဆိုသူ၏ နောက်ကျောကို ငေးကြည့်ကျန်ရ
သည်။ ကိုဆောင်းတင်က ခြင်းတောင်းတစ်လုံး လက်မှာချိတ်ပြ



ဟိုတယ်စည်းဝိုင်းပြင်ပမှနေ၍ ကဏန်းပြုတ်၊ ပုစွန်ကြော် စသော
ထမင်းဟင်းများ မှာကြားလျှင် လှို့လှို့ဝှက်ဝှက် ရောင်းရသူဖြစ်၏။
ဧည့်သည်များ ဟိုတယ်၏ ခြံစည်းဝိုင်းမဝင်ရ အမိန့်ကြောင့် အပြင်...
တရားဝင် အခွန်ဆောင်၍ ဖွင့်ထားသော စားသောက်ဆိုင်များကလည်း
မကြိုက်ကြ...

လာတည်းသူများက ဈေးသက်သက်သာသာမှာစားချင်လျှင်
'သူ့'လို သန့်ရှင်းရေးသမားမှတစ်ဆင့် ကိုဆောင်းတင်လို ဈေးသည်
များကို မှာပေးရသော အလုပ်ပါ၊ မန်နေဂျာ မသိအောင် သူလုပ်ပေး
နေကျ...

'ကိုညွန့်ဝေ'...တဲ့။

"ခင်ဗျားကြည့်ရတာ ညှောင်နာနာနဲ့"တဲ့...

မှန်ပါ၏...။ 'သူသည်' မည်းညိုပိန်ခြောက်ပြီး စုတ်ပြတ်သတ်
နေပြီ...။

အလုပ်မရခင်က ထမင်းပင် ဝအောင်မစားရသဖြင့် ပိန်လှီ
နေ၏...။ ဆံပင်ရှည်ရှည်နှင့် နှုတ်ခမ်းမွှေးတွေကြောင့် ရုပ်က
ပျက်နေသည်။

သူ့ကို သိခဲ့ဖူးသောသူများပင် သူ့ကိုသိမည်မဟုတ်ပါ။

"ကိုညွန့်ဝေဆိုသော 'သူ့' သူငယ်ချင်းညီ၏ မှတ်ပုံတင်ကို
ငှားရမ်းသုံးစွဲပြီး နေထိုင်သူ...၊ ကိုညွန့်ဝေက ဂျပန်ရောက်နေ၍ ဤ
မှတ်ပုံတင်ကို သူ နှစ်အတန်ကြာအောင် သုံးစွဲခွင့် ရှိပါမည်။

"သူသည် သေပြီးသား ကျောက်စွာ"

"ဘဝပျောက်နေသော ကျောက်စွာ... ပါတည်း"

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေဘက်သို့ သဲသောင်မွမွကို နင်းပြီး သူလျှောက်လာခဲ့သည်...။ ဒီရေ စတက်နေလေပြီ...။

စိုစိမ့်စိမ့် သဲပြင်ပေါ်သို့ သူပစ်ထိုင်ချလိုက်သည်။ သူ့ခြေတစ်ဆန့် နေရာအထိ လှိုင်းက ရိုက်ခတ်နေ၍ ပင်လယ်ရေတွေ သူ့ခြေထောက်ကို ဖုံးလွှမ်းပြီး သဲပွင့်တွေချန်ကာ ပြန်ဆင်းသွားကြပေလိမ့်မည်။

သည်နေရာဟာသည့်တည့် မဟုတ်သော်လည်း ဤရေပြင်ကြီးနှင့်တစ်ဆက်တည်းနေရာ ရေပင်လယ်ထဲမှာ သူ့အသက်ဆုံးလုလု ဖြစ်ခဲ့ဖူးပြီ...။

သူကံကောင်းထောက်မစွာ...

ဒါမှမဟုတ်

ကံဆိုးမိုးမှောင်ကျစွာ...

လူ့လောကအတွင်းမှ လူသားတို့၏ ဒုက္ခအဝဝကို ဆက်လက်ခံစားဖို့ သူရှင်သန်ခွင့် ရနေခြင်းလား...

"ဦးသူရိန်... ဦးသူရိန်"

"ခင်ဗျားသာ... ဟောဒီပင်လယ်ကြီးထဲမှာ ကျွန်တော့်ကို နှစ်ပြီး မသတ်ခဲ့ရင်...

သို့မဟုတ်...

ကျွန်တော်က ခင်ဗျားရဲ့ဘဝဆုံးအောင် ပြန်ပြီး ကလဲ့စားမချေခဲ့ရင်...

ကျော်စွာ... သက်ပြင်းရှည်ကြီးချပြီး ခေါင်းငုံ့ရင်း ခေါင်းတွေ ခါရမ်းနေမိသည်...။

လူသားတို့သည်...



လောဘကြောင့် လိမ်လည်ကြ၊ ကောက်ကျစ်ကြ၊ ဖြတ်ခုတ်ကြ၊ အမြတ်ထုတ်ကြသည်။

ဒေါသကြောင့် အချင်းချင်း ရိုက်နှက်ကြ၊ ထိုးကြိတ်ကြ၊ ဒုက္ခမျိုးစုံပေးကြ၊ အာဃာတကြီးမားစွာ ကလဲ့စားချေကြ၊ နောက်ဆုံး လူသားအချင်းချင်း သတ်ဖြတ်ပစ်ကြသည်အထိ ရက်စက်တတ်ကြပါလား...

ကိုကျော်စွာသည် လူကောင်းတစ်ယောက်ပါ...။

ဦးသူရိန်က ကောက်ကျစ်စဉ်းလဲစွာ သူ့အသက်ကို ရက်စက်စွာ သတ်ပစ်ခဲ့သည့်အတွက် သေလုမြောပါး ဒဏ်ရာများနှင့် သူ့အသက်မဆုံးရှုံးဘဲ ဆက်လက်ရှင်သန်နေ၏။

သည့်အတွက်...

ကြီးစွာသော အာဃာတနှင့် ဒေါသများ၏ တွန်းအားကြောင့် ဦးသူရိန်၏ဘဝကို ရက်ရက်စက်စက် သတ်မည်ဟူ၍ အကြံကြီးကြံကာ ပင်လယ်ကမ်းခြေမှသည် ပေပေါင်း သုံးထောင်ကျော် မြင့်သော တောင်ပေါ်မြို့အထိ သူလိုက်သွားပြီး ရက်စက်စွာ ကလဲ့စားချေခဲ့၏။

သူအောင်မြင်ခဲ့ပါသည်။

ယခုအချိန်လောက်ဆိုလျှင် ဦးသူရိန်တစ်ယောက် ဘဝဆုံး၊ ဘဝတုံး၊ ဘဝပျက်နေသော ဒုက္ခိတကြီးအဖြစ် သူ့လက်ကျန်ဘဝကို ဖြတ်သန်းရပေလိမ့်မည်။

သူရော... သူ့မှာရော...

လက်စားချေခွင့်ရခဲ့သော ကျော်စွာဆိုသည့်ကောင်မှာရော...

တကယ်အောင်မြင်ပါရဲ့လား...

ထိုနေ့က ဆည်းဆာသည်ပင် တောက်ရွှန်းခြင်းမရှိ...

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ရော ပင်လယ်ပြင်ကြီးပါ ပြာမှိုင်းမည်းညစ် ညှိုမှောင်လျက်...

ဆည်းဆာမလှသော ထိုညနေ၏... ပင်လယ်ကမ်းခြေတွင်... ထိုင်နေသော... ကျော်စွာ၏ မဝေးသော အတိတ်ဆီမှ အကြောင်းရာတို့သည် ယခု သူ့မျက်စိရှေ့မှာတင် ဖြစ်ပျက်နေသည်သို့ပင် ပြန်လည်သက်ဝင်လှုပ်ရှားလာတော့သည်။

✸ ✸ ✸

ဦးသုရိန်၏သားကောင်များနှင့် ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

"ကျော်စွာရေ ဒီနေ့ လားရှိုးကရောက်လာမယ့် ညွှန့်သည်ကို လေဆိပ်မှာ သွားကြိုရမယ်နော်"

"ဦးအိုက်စံလား"

"မဟုတ်ဘူး... ဦးစိုင်းလုံတဲ့"

"ကျွန်တော် မမြင်ဖူးသေးဘူး"

"ငါ သူ့ဓာတ်ပုံ ပြလိုက်မယ်လေ... ဒီမှာ"

"ဟုတ်ကဲ့ဆရာ ပြည်တွင်းလေယာဉ်ကြိုရတာ အပြင်ကစောင့်ရုံ ပဲလေ၊ အထဲဝင်ရတာမှ မဟုတ်တာ... ဒီဓာတ်ပုံထဲကလူ ထွက်မလာ မချင်း ကျွန်တော်စောင့်ပါ့မယ်"

"အေး... အဲဒီ ညွှန့်သည်က ငါ့အတွက် အရေးကြီးတယ်နော် ကျော်စွာ"

"စိတ်ချပါဆရာ"



"မင်းကို စိတ်ချလို့ ငါ့ရဲ့ အနီးကပ်ဝန်ထမ်း ခန့်ထားတာ ပေါ့ကွာ"

"ကျေးဇူးပါဆရာ"

ကျော်စွာသည် "နေမင်းသူရိန်"ဆိုသော သူတို့ကုမ္ပဏီဝန်ထမ်း ဝတ်စုံနှင့် ရင်ဘတ်မှာ Nay Min Thurain ဆိုသော ရင်ထိုးတံဆိပ်နှင့်မို့ ဦးစိုင်းလုံက သူ့ကို ရှာရတာ လွယ်ကူမည်ဖြစ်သလို သူကလည်း ဓာတ်ပုံပါ အတူပါလာ၍ ဤရှမ်းကြီးကို ရှာဖွေရန် ခဲယဉ်းနိုင်စရာ အကြောင်းမရှိပါ။

လေဆိပ်အဆောက်အဦးထဲမှ ထွက်လာသော ဦးစိုင်းလုံနှင့် သူ၏အဖော်ကို ကျော်စွာ အလွယ်တကူ တွေ့ရှိနိုင်ပါလိမ့်မည်။

ပြည်တွင်းခရီးသည်များအတွက် ကြိုသူပို့သူတို့ လေဆိပ်တွင်း သို့ ဝင်ခွင့်မရှိပါ။

ပြည်ပခရီးပင်လျှင် အဝအထိသာ ပို့ခွင့်ရပါ၏။

ပြည်ပမှလာသော ခရီးသည်များကို ကြိုဆိုရသည်က ခက်ခဲ သည်။ ကြိုသူက လူကာစ်ရာခန့်ရှိမည့် ထိုင်ခုံက ဆယ့်လေးငါးလုံး သာ အားလုံး မတ်တတ်စောင့်ရချိန်က အနည်းဆုံး တစ်နာရီ၊ တစ်နာရီ ကျော်ကျော် လေယာဉ် Delay ဖြစ်လျှင် နှစ်နာရီ သုံးနာရီအထိ စောင့်ရ တတ်သည်။

အဆိုးဆုံးက သန့်စင်ခန်းဖြစ်၏။ ကျင်ငယ်နှင့် ကျင်ကြီးများပါ ညှော်နေပြီး ရေကမရှိ...။ နိုင်ငံခြားသားအဘိုးကြီးတစ်ယောက် သန့်စင် ခန်းမှ နှာခေါင်းရှုံ့၍ ထွက်လာသည်ကို ကျော်စွာကိုယ်တိုင် ကြုံဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်။ သန့်ရှင်းရေးဝန်ထမ်းများကို ကြပ်မတ်ဖို့တော့ လိုအပ်ပါလိမ့်မည်။

အင်း... လေဆိပ်သစ်ကြီး ပြီးသွားလျှင်ဖြင့် ဤပြဿနာများ ပြေလည်သွားမှာပါဟု ကျော်စွာ နေပူထဲမှ ရပ်ရင်း အတွေးကို ဖြတ်လျက်...

"ဦးစိုင်းလုံပါလားခင်ဗျာ"

ခတ်ပုံထဲကအတိုင်း သေချာပါလျက် ပို၍သေချာအောင် ထပ်၍ မေးလိုက်မိသည်။

"အား... ကိုကျော်စွာထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျ ခဏလေးစောင့်ပါ ကားသွားယူနေပါပြီ"

ကားရပ်နားခွင့်ရသည့် ပတ်ကင်နေရာက လမ်း၏ဟိုမှာဘက် ကွင်းကျယ်ကြီးထဲမှာမို့ ဦးစိုင်းလုံကို မြင်ရမှ ဒရိုင်ဘာက ပြေး၍ ယူရသည်။ လေယာဉ်ဆိုက်ရုံနှင့် ယူထား၍မရ ကားလာသည်နှင့် တက်၊ ထွက်... ရပ်မထားရ...

ကျော်စွာက နောက်ခန်းမှ တံခါးဖွင့်ပေးပြီး ဦးစိုင်းလုံကို တက်စေရသည်။ ရှေ့ခန်းမှာ ဦးစိုင်းလုံ၏ တပည့်ဖြစ်ပုံရသောသူကို ထိုင်နိုင်းပြီး ကျော်စွာက နောက်ခန်း၊ ဦးစိုင်းလုံ၏ဘေးမှာ ဝင်မထိုင်ခင်မှာပင် ယာဉ်ထိန်းဝန်ထမ်းက တရှိုရှိုနှင့် မှုတ်နေ၍ အမြန်ပြေး တက်ရပါ၏။

"လေယာဉ်က နည်းနည်းနောက်ကျသွားတယ်နော်"

"ဒါက ဖြစ်နေကျပါ"

ပြုံး၍ ပြောရှာသည်...



"ဝယ်မယ့်တိုက်က ရှစ်မိုင်မှာဆို တစ်ခါတည်း ဝင်ကြည့်လို့ ရမလားကို...ကိုကျော်စွာနော်"

"ကျော်စွာပါခင်ဗျာ"

"အဲ... ကိုကျော်စွာ"

"ဆရာကတော့ မမှာလိုက်ဘူး... ကျွန်တော် ဖုန်းဆက်ပြီး မေးကြည့်ပေးပါမယ်"

ကိုကျော်စွာက... ဦးသူရိန်ထံ လက်ကိုင်ဖုန်းနှင့် ဆက်သွယ်ပြီး ပြောပြရာ–

"ငါ့အစီအစဉ်ထဲမှာတော့ မပါဘူး... ဒါပေမယ့် လမ်းကြုံနေလို့ ကြည့်ချင်တယ်ဆိုလည်း ပြလိုက်ပေါ့၊ ဒီမှာကျော်စွာ"

"ဟုတ်ကဲ့ဆရာ"

"အိမ်ရှင်ကို... ဈေးကိစ္စ ဘာမှမပြောပါနဲ့လို့ ကပ်ပြီး ပါးပါး ပါးနပ် ပြောထားနော်... ကြားလား ကျော်စွာ၊ ဦးစိုင်းလုံ ဘာမှ မသိစေနဲ့ သတိထားနော်"

"ဟုတ်ကဲ့ဆရာ စိတ်ချပါ"

ရှစ်မိုင်လမ်းသွယ်တစ်ခုထဲသို့ ချိုးကွေ့ခိုင်းလိုက်ပြီး ကျော်စွာ ကြိုတင်သိထားသော ခြံကြီးတစ်ခြံရှေ့မှာ ရပ်လိုက်သည်။

ပေ ၁၅၀ ပတ်လည် ခြံဝင်းက ကျယ်သော်လည်း ပြုပြင် ထားခြင်းမရှိ၊ တိုက်ကဖြင့် ခန့်ညားပါ၏။ ပိုင်ရှင်မှာ အိုမင်းစပြုနေသော ဇနီးမောင်နှံဖြစ်၍ ကျော်စွာနှင့် ဦးသူရိန်တို့ အခါခါ တွေ့ဖူး၍ ကျော်စွာကို သိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အဘိုးကြီး တာဝန်ကြီးကြီး ထမ်းဆောင်နေရချိန်က စိတ်တိုင်းကျ ဆောက်ထားသည်ဟု ဆိုပါ၏။

ကျန်းမာရေး မကောင်း၍ အရွယ်မတိုင်ခင် အလုပ်ထွက်လိုက်ရပြီး သားသမီးများကလည်း ပြန်မကြည့်နိုင်၍ တိုက်ကြီးကိုရောင်းပြီး ဈေးနည်းသော အခြားနေရာသို့ ပြောင်းရမည်ဟု သိရပါ၏။

စီးပွားတက်သူတွေက သိပ်တက်ပြီး စီးပွားကျသူ၊ အလုပ်အဆင်မပြေသူတွေ အများကြီးပါလား၊ လောကဓံတရားပဲ ထင်ပါရဲ့...

ကိုကျော်စွာက ပိုင်ရှင်အဘိုးကြီးနားကပ်ပြီး–

"ဈေးကိုတော့ ကျွန်တော့်ဆရာနဲ့ပဲပြောပါနော်။ သူက ညှိသည်မို့ပါ"

"ဦးတို့ နားလည်ပါတယ်ကွယ်"

ဦးစိုင်းလုံက အပေါ်ထပ်အောက်ထပ် ခြံဝင်းတို့ကိုပါ ခဏမျှသာ လှည့်ပတ်ကြည့်ရှုပြီး–

"တိုက်က ကောင်းပါတယ်... အမြင်ကောင်းအောင်တော့ အတော်လေး ပြုပြင်ရဦးမယ်"

"ကျွန်တော်လည်း အလုပ်ထွက်ရပြီးကတည်းက ကျန်းမာရေးက မကောင်း ပြင်ဆင်စရိတ်လည်း မတတ်နိုင်လို့ပါ... နည်းနည်းပဲ ပြင်ရမှာပါခင်ဗျာ"

"ဟုတ်ပါပြီ...ဈေးကျတော့ရော နည်းနည်းထပ်ပြင်နိုင်ဦးမလား"

အိမ်ရှင်က ကိုကျော်စွာမျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ...



"ဟုတ်ကဲ့... ဦးသူရိန်ကိုပဲ မေးကြည့်ပါ သူနဲ့ပြောထားလို့ပါ"

"ကောင်းပြီ... ကျွန်တော်တို့ သွားတော့မယ်"

"ထိုင်ပါဦး အအေးလေးသောက်သွားကြပါဦး"

အိမ်ရှင်ဇနီးက ညှော့်ဝတ်ပြုသော်လည်း...

"ကျွန်တော် အချိန်မရလို့ပါ... ရန်ကုန်မှာ နှစ်ရက်ပဲ နေနိုင်မယ်"

ရိုးသားပြုံးရွှင်စွာ ကျေးဇူးတင်နေပုံရသော အိမ်ရှင်အဘိုးကြီး အဘွားကြီးကို နှုတ်ဆက်ပြီး ဦးစိုင်းလုံတို့အတွက် ကြိုတင်စီစဉ်ထားသော ကန်တော်ကြီးရှေ့မှ Hotel Nikko ၏ တတိယထပ် ကန်တော်ကြီးဘက် မျက်နှာစာလှည့်ထားသော အခန်းတွင်းအထိ ကျော်စွာ လိုက်ပို့ပေးပြီးမှ ဦးသူရိန်၏ ရုံးခန်းသို့ ပြန်ခဲ့ရသည်။

ဦးစိုင်းလုံသည် အလွန်ရိုးသားတည်ကြည်သော လုပ်ငန်းရှင်ကြီး ဖြစ်ပါ၏။ ဦးသူရိန်ကိုလည်း အကြွင်းမဲ့ ယုံကြည်ပုံရသည်။

ဦးစိုင်းလုံ၏ အထက်မှာ ဆရာရှိသေးသည်ဟု သိရသော်လည်း ဦးစိုင်းလုံ၏ အစုရှယ်ယာလည်း များစွာပါရှိပြီး... ဆုံးဖြတ်ပိုင်ခွင့်လည်း ရှိပုံရပါ၏။

လားရှိုးမြို့မှနေ၍ ရန်ကုန်မြို့သို့ စီးပွားရေးချဲ့ထွင်လာခြင်း ဖြစ်သည်။ ဤတိုက်ကို ရုံးခန်း သို့မဟုတ် ကုမ္ပဏီဖွင့်မည်။ နောက်ဆုံး အဆင့်မြင့် စားသောက်ဆိုင် ဖြစ်ဖြစ် ဖွင့်မည်ဆိုသော ရည်ရွယ်ချက်နှင့်ဟု သိရပါ၏။

ရောင်းခွန်ဝယ်ခွန်ကိစ္စ၊ ငွေဖြုကိစ္စ စသော တာဝန်များကို သက်သက်သာသာ ဖြစ်အောင် စေတနာနှင့် ဆောင်ရွက်ပေးပါမည်ဟူသော ဦးသူရိန်ကို ဦးစိုင်းလုံတို့က လုံးဝ ယုံကြည်စိတ်ချကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ရိုးသား သိက္ခာရှိသော ရှမ်းအမျိုးသားကြီးပါပင်။

ဦးသူရိန်အပေါ်ကို ကျော်စွာ၏ အကြည်ညိုပျက်မှုက ဤကိစ္စမှ စတင်ခဲ့သည်။

ဤရှစ်မိုင်ခြံ အရောင်းအဝယ်ကိစ္စမှာ အိမ်ရှင်ကို လှည့်ပတ်၍ စာချုပ်မှာ ငွေလျှော့ချုပ်ပြီး ဦးစိုင်းလုံကို ယုံကြည်အောင်ပြောကာ...

ထိုကိစ္စအတွက် ငွေပေါင်း သိန်းတစ်ထောင်တိတိ ဦးသူရိန်၏ အိတ်ထဲ ထည့်လိုက်ကြောင်း သိသူက ကိုကျော်စွာတစ်ယောက်တည်း...

❋ ❋ ❋

ဒုတိယက ဦးအေးဝင်းတို့မိသားစုကိစ္စ...

ဦးအေးဝင်းနှင့် ဇနီး ဒေါ်သင်းသင်းဝေတို့မှာ ရိုးသားကြလွန်းသည်။ ဦးအေးဝင်းက အဆင့်မြင့်အရာရှိကြီးတစ်ဦး ဖြစ်ခဲ့သော်လည်း သိက္ခာတရားကိုသာ တန်ဖိုးထားလွန်းခဲ့သဖြင့် လခအပြင် ဘာအပို ဝင်ငွေမှ မရှိခဲ့။

အသက်ကြီးမှ အိမ်ထောင်ကျ၍ ဦးအေးဝင်း အငြိမ်းစား ယူလိုက်ရချိန်မှာ သမီးလေးနှစ်ယောက်က ကျောင်းမပြီးသေး။

ဒေါ်သင်းသင်းဝေကလည်း အလယ်တန်းဆရာမအဖြစ်မှ စောကျန်း ပင်စင်ယူပြီး အလုပ်ထွက်ထားခဲ့သည်မှာ ကြာပြီ။

ကျောက်ကုန်းတွင် ခြံနှင့်ဝန်းနှင့် တစ်ထပ်တိုက်ကလေးဖြင့် မိသားစုလေးယောက် ချစ်ခင်အေးငြိမ်းစွာ နေနိုင်ပါသော်လည်း သုံးစွဲစရာ ငွေက မလုံလောက်...

လစဉ်ပင်စင်လခလေး တစ်ထောင်ကျော်ဖြင့် မိသားစုစားစရိတ် အပြင် သမီးလေးများ ကျောင်းစရိတ်ကလည်း ရှိသေးသဖြင့် ငယ်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သော ဦးသူရိန်ထံသို့ အားကိုးတကြီး ရောက်လာရှာသည်။

"ခုချိန်ကတော့ ဒီလိုပဲ သူငယ်ချင်း ဘယ်သူမှလဲ လောက်ငှကြတယ် မရှိပါဘူးကွာ... မင်းမိန်းမရဲ့ အတွင်းပစ္စည်းတွေရော..."

"တတိတိနဲ့ ရောင်းချစားလို့ အားလုံး ကုန်သလောက်ပါပဲကွာ၊ ဒါကြောင့် မင်းရဲ့ကုမ္ပဏီမှာ ငါအလုပ်ကလေး တစ်နေရာလောက်များ ရမလားလို့ပါ"

"အလုပ်"

ဦးသူရိန်က ဦးအေးဝင်းကို ခပ်နှိမ်နှိမ် အကြည့်မျိုးဖြင့် ကြည့်ပြီး...

"လူကယ့်ယဲ့ မျက်စိကမွဲမွဲနဲ့များ ဘာတာဝန် ယူနိုင်မှာမို့လဲ"

ဟူသော အကြည့်မျိုးနှင့် ကြည့်ပြီး...

"တို့ကုမ္ပဏီအလုပ်ဆိုတာ လူငယ်တွေမှ ဖြစ်လို့ပါ"

"ငါ့အတွက် တစ်ခုခုတော့ စဉ်းစားပေးပါဦးကွာ... ငါ့မှာ တိုက်ဟာတစ်လုံးကလွဲပြီး ဘာမှ လက်ကျန်မရှိတော့ဘူး ဒါကြောင့်ပါ"

"တိုက်တစ်လုံး"

ဦးသူရိန် ရောက်ဖူးသော ခြံခပ်ကျယ်ကျယ်နှင့် တိုက်ကလေးတစ်လုံးကို မျက်စိထဲ မြင်လာပြီး အကြံလက်ခနဲ ပေါ်၏။

"မင်းတိုက်ကို ခဏပေါင်လိုက်ပါလား၊ ပြီးရင် ငါ့ကုမ္ပဏီမှာ ရှယ်ယာထည့်လေ ငါလစဉ်အမြတ်ဝေစုပေးပါမယ်..."

လုပ်ငန်းကြီးလာလေ ငွေကလိုလာလေမို့ ဦးသူရိန် အကြံအဖန်လုပ်တော့မည်...



"တိုက်ကို ဘယ်မှာပေါင်ရမှာလဲ၊ ငါဒါတွေ မလုပ်တတ်ဘူး... ပြီးတော့ အတိုးက လစဉ်ပေးရမှာ မဟုတ်လား"

"ဒါဆိုလည်း အပြတ်ရောင်းလိုက်ပါလား"

"ဒါတော့ မဖြစ်ဘူးကွာ၊ ငါ့မိန်းမက သူ့မိဘဆီက အမွေရတဲ့တိုက်ကလေးကို သိပ်မက်တာ၊ သမီးတွေကလည်း တိုက်ရောင်းပြီး ပြောင်းရမှာ ရှက်ကြတယ်"

"ဒါဆိုလည်း ပေါင်လိုက်ပါ... ကိုယ့်တိုက်ပေါင်ထားတယ်ဆိုတာ ဘယ်သူသိမှာမှတ်လို့"

"ဘယ်သူ့ဆီမှာ ပေါင်ရမှာလဲ မင်းဆီမှာလား"

"ဟာ မဟုတ်ပါဘူး ငါ့အသိဆီမှာ ငါလုပ်ပေးပါ့မယ်။ စိတ်ချပါ"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်"

အတိုးက ငါးကျပ်တိုးလောက်ပဲ ပေးရမှာပါ... ငါ့ကုမ္ပဏီရှယ်ယာဝင်လိုက်ရင် ရှစ်ကျပ်တိုး တစ်ဆယ်တိုးလောက် ကိုက်ပါတယ်... အဲ... မင်းတိုက်ကို ဥပမာ သိန်းသုံးရာနဲ့ ပေါင်လိုက်ရင်မင်းက အတိုးတစ်လကို တစ်ဆယ့်ငါးသိန်းပေးရမယ်"

"ဟာ ဆယ့်ငါးသိန်းကြီးတောင်"

"နားထောင်ပါဦးကွာ... ငါ့ဆီက မင်း နှစ်ဆယ့်လေးသိန်းသနေ သိန်းသုံးဆယ်အထိရမှာလေ အတိုးနှုတ်လိုက်ရင် မင်းအတွက် အသားတင် ဆယ်သိန်းနီးပါး တစ်လကိုရမှာ"

"ဆယ်သိန်း"

"ဟုတ်တယ် လတိုင်းရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ကြီးတောင် တို့မိသားစု မလိုပါဘူးကွာ"

"အဲဒါကြောင့် မင်းမကြီးပွားတာပေါ့... ပိုတဲ့ငွေ နောက်တစ်မျိုး လုပ်စားရင်တောင် ရသေးတယ်..."

"နေဦးကွာ... ငါ့မိန်းမနဲ့ တိုင်ပင်ဦးမယ်"

"ယောကျ်ားစီးပွားရှာတဲ့နေရာမှာ မိန်းမတွေပါရင် ပျက်တတ်တယ်နော်... မိန်းမဆိုတာ လောဘကြီးပြီး သတ္တိနည်းတယ်"

ဦးအေးဝင်း ငြိမ်တွေသွားသည်။ ဦးသူရိန်က ဖျတ်ခနဲ အကြံ ပေါ်လာပြီး "မိန်းမဆိုတာ သတ္တိနည်းပေမယ့် လောဘကြီးတတ်တယ်" ဆိုတဲ့ သူ့နိယာမကို သူ့ကို အသုံးချတော့မည်။

"ဒီလိုလုပ်... ငါမင်းအိမ်လာခဲ့မယ်... မသင်းနဲ့တွေ့ပြီး ငါရှင်းပြမယ်။ အိမ်ဂရံက သူ့နာမည်နဲ့ မဟုတ်လား။ အပေါင်ဆိုပေမယ့် အရောင်းစာချုပ် ချုပ်ရမှာ။ ဒါပေမယ့် စိတ်ချပါဆိုတဲ့အကြောင်း ငါလိုက်ပြောပေးမယ် သူငယ်ချင်း"

အကြံကလည်းကောင်း အပြောကလည်းပိုင် သူ့နောက်မှာ ပိုင်ဆိုင်မှုတွေ၊ လုပ်ငန်းကြီးတွေလည်း ရှိနေ၍ ဦးသူရိန်၏ အကြံ အစည် အပြောအဆိုများအားလုံး အောင်မြင်ခဲ့ပါ၏...။

ဘာမှ နားမလည်ရှာသော ဦးအေးဝင်းနှင့် ဒေါ်သင်းသင်း ဝေတို့၏ ဂရံကို လက်ဝယ်ယူကာ... သူ့လူယုံတစ်ယောက်ကို အပေါင် ခံသူအဖြစ် သရုပ်ဆောင်စေလျက်...

သူ့ရှေ့နေနှင့် အပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ် လိုက်သည်။



ဤစာချုပ်ကိစ္စကို ကိုကျော်စွာ မသိရ၊ သူ့ကိုလုံးဝမပြ၊ သို့သော် အင်္ဂလိပ်လဆန်းတစ်ရက်နေ့တိုင်း...

"ရော့ကွာ ကိုအေးဝင်းတို့အိမ်ကို ဒီငွေသွားပို့ပေးပါ"

ဟု ခိုင်းစေချက်အတိုင်း ကိုကျော်စွာက လစဉ် ပို့ပေးရသည်။ ဤအိမ်သို့ သွားရလေတိုင်း ကိုကျော်စွာ စိတ်ချမ်းသာရပါ၏။

"အတိုးငွေ သွားဆပ်ပြီးတာတောင် ကိုးသိန်းပိုနေသေးတာ၊ ဒီလောက်ကောင်းတဲ့ သူငယ်ချင်းမျိုး ဘယ်မှာသွားရှာမလဲ"

"ဟုတ်ပါရဲ့ ကိုအေးဝင်းရယ်... ကိုသူရိန်ရဲ့ ကျေးဇူးက ကြီးလိုက်တာနော်"

ဟူ၍ ဦးအေးဝင်းတို့ ဇနီးမောင်နှံက ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်နေကြစဉ်အချိန်က ကျော်စွာကိုယ်တိုင်လည်း ဝမ်းသာအားရ ကျေနပ်လှစွာ ရှိခဲ့ဖူးသည်။

"အစ်ကိုကျော်စွာကြီး ထမင်းစားသွားနော်"

"မစားတော့ပါဘူးဟာ အချိန်မရလို့ပါ"

အကြီးမ ဝင်းမာက ထမင်းစားခေါ်သည်။ အငယ်မလေး နှင်းမာက...

"မရဘူး... စားရမယ် ထမင်းမစားချင်နေ မနက်က အုန်းနို့ ခေါက်ဆွဲ လုပ်စားကြတာ ပိုသေးတယ်။ စားသွားရမယ် မမရေ ဆည့်တော့ ညီမလေး အစ်ကိုကျော်စွာကြီးကို အတင်းဆွဲထား လိုက်မယ်"

သူတို့ညီအစ်မက အုန်းနို့နှင့် ချက်စားပြီး လူကြီးများ အုန်းနို့နှင့် တည့်မှာစိုး၍ အုန်းနို့အစား Coffe Mate နို့မှုန့်နှင့် ချက်ထား၍

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရာစားနိုင်ကြောင်းပြောကာ ညီအစ်မနှစ်ယောက် အပြေးအလွှား ထည့်ကျွေးနေကြသည်ကို ဦးအေးဝင်းနှင့် ဒေါ်သင်းသင်းဝေတို့က အပြုံးကိုယ်စီနှင့်–

ဤမိသားစုလေးယောက်အိမ်မှာ ပစ္စည်းတွေကအစ တောက်တောက်ပြောင်ပြောင် ဖြစ်လာပြီး စားမှုသောက်မှုများပါ ဖောဖောသီသီ ပြည့်ပြည့်စုံစုံ ရှိလာ၍ ကိုကျော်စွာ ကျေနပ်ဝမ်းသာ မုဒိတာဖြစ်မိပါ၏။

"ဘယ်သူချက်တာလဲ"

"သမီးတို့နှစ်ယောက်လုံးချက်တာ စားကောင်းရဲ့လား"

"ဒါကြောင့် အရသာမရှိတာကိုး၊ ထည့်စမ်းပါဦး နောက်တစ်ပန်းကန်"

"အဟား...ဟား"

ချာတိတ်မလေးနှစ်ယောက်နှင့် ကိုကျော်စွာတို့၏ အနီးသို့ ဦးအေးဝင်း ရောက်ရှိလာကာ...

"ဦးလေးရဲ့ ရှယ်ယာတွေကို ကြက်ခြံနဲ့ ငါးပုစွန်မွေးမြူရေးကန်တွေမှာ ထည့်ထားတယ်တဲ့ အဲဒါ ဦးလေး သိပ် စိတ်မသန့်ဘူး မောင်ကျော်စွာရယ်"

"ဘာဖြစ်လို့လဲ ဦးလေးရဲ့"

"ဪ... မွေးမြူရေးဆိုတဲ့ 'သားတိုး'လုပ်ငန်းက အကုသိုလ်ကြီးတယ်လေ၊ ပျားဖွတ်–သားတိုး–မယားခိုးဆိုတဲ့ သုံးမျိုးဟာ အကုသိုလ်အကြီးဆုံးပဲ မဟုတ်လား"

"အဲဒါတော့ မေ့ထားလိုက် ဦးလေးရယ်... ကိုယ်လုပ်တာမှ မဟုတ်တာ ကိုယ်က သူ့ကို ငွေအပ်ရုံပဲလေ၊ သူ့ဘာသာ စီမံတာ ဘယ်တတ်နိုင်မလဲ"



"အင်းပေါ့လေ..."

ဦးအေးဝင်းက သူတော်ကောင်းမို့ အကုသိုလ်ကြောက်ရှာသည်...။ ဆရာဦးသူရိန်တို့ကတော့ စီးပွားဖြစ်မယ့်အလုပ်ဆို ဘာပဲဖြစ်ဖြစ် လာခဲ့ထဲကပါပဲ။

"နောက်တစ်ခုက..."

"ဟုတ်ကဲ့ ပြောပါ"

"သူရိန် ဆက်သွယ်ပေးတဲ့ အပေါင်ခံတဲ့လူက မောက်မာတယ်ကွယ်... ဟိုးတစ်လတုန်းက သူရိန်ငွေပို့တာ နှစ်ရက် နောက်ကျသွားလို့ သွားလဲပို့ရော ပြောလိုက်တာ စာချုပ်စာတမ်းနဲ့ လုပ်ထားတာ ဒီလို ကတိမတည်လို့ မရဘူးတဲ့"

"ဒါဆို စိတ်ချဦးလေး... လကုန်တာနဲ့ ကျွန်တော်တောင်းပြီး သာပို့ပါ့မယ်"

"အေးကွာ... မင်းတို့ကျေးဇူးတွေ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"

နောက်လကုန်ရက်များမှာ ကျော်စွာကိုယ်တိုင် ပို့သည့်အခါပို့

"ဒီကောင်နဲ့ မတွေ့ရတာကြာလို့ ငါကိုယ်တိုင် သွားလိုက်ပါ့မယ်"ဟု ဦးသူရိန် ပြောသည်ကပြောနှင့် ပြေလည်နေခဲ့ကြသည်ဟုပင် ကျော်စွာထင်ခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ချစ်သူနှင့် ချိန်းထားကာမှ အလုပ်တွေများနေ၍ နောက်ကျမှ 'ပန်းနုသွေး'ထံ ရောက်လာသည့်အခါ ကောင်မလေးက စိတ်ကောက်နှင့်နေလေပြီ။

"ပန်းကလေး… အစ်ကို နောက်ကျလို့ စိတ်ကောက်နေပြီလား ဟင်"

"မဆန်းတော့တဲ့ကိစ္စပါ အမြဲနောက်ကျနေကျဟာကိုများ"

"ဩော်… ဒါကတော့ အစ်ကိုက သူ့ဌေးရဲ့ ကျွန်လေကွယ်"

"အဲဒီလို မပြောပါနဲ့… သူ့ဌေးက အစ်ကို့ကို သိပ်ချစ်တယ်ဆို"

"သိပ်ချစ်တယ် ဆိုတာထက် သိပ်ယုံတာပါ"

"လူတွေရဲ့ အယုံအကြည်ခံရမှ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆို"

"သူ့ဌေးက ယုံပေမယ့် ကောင်မလေးတစ်ယောက်က မယုံလို့ ခဏခဏ စစ်မေးခံနေရတယ်လေ"

"အစ်ကိုနော်"



"စစ်တာမဟုတ်ပါဘူးအစ်ကိုရာ၊ မေးတာပါ… မျှော်နေရသူဆိုတော့ နောက်ကျတာ ဘာကြောင့်လဲ ဘယ်သွားနေတာလဲ သိချင်တာပေါ့"

"ဦးအေးဝင်းတို့အတွက် ပိုက်ဆံပေးရမယ့်ရက်မို့ သွားခိုင်းလို့ပါ"

"အင်းပါ… ဒါဆို ဒီနေ့ ဘယ်သွားရမှာလဲ ဘာစားရမှာလဲ"

"သွားချင်တဲ့နေရာပြော လိုက်ပို့မယ်၊ ဗိုက်တော့ အစ်ကို မဆာဘူးကွာ၊ ချာတိတ်မလေးတွေ အတင်းကျွေးလို့ အုန်းနို့ခေါက်ဆွဲတွေ စားခဲ့ရတယ်"

"အစ်ကိုနော် ဘယ်က ချာတိတ်မတွေလဲ"

"ဩော်…ဦးအေးဝင်းရဲ့သမီး ချွေတက်ကလေးတွေပါ"

"ချာတိတ်ကလေးပဲဖြစ်ဖြစ်၊ အစ်မကြီးတို့ အဒေါ်ကြီးတို့ပဲဖြစ်ဖြစ် ဘယ်သူနဲ့မှ နီးစပ်တာ မကြိုက်ဘူးနော်… သဝန်တိုတာ အချစ်ပဲ အစ်ကိုရဲ့"

"ကဲပါ… အခု အဲဒါတွေ ပြောနေရမယ့်အချိန် မဟုတ်ပါဘူး… အခုပြောရမှာ ဆွေးနွေးရမှာက အစ်ကိုတို့ လက်ထပ်ဖို့ကိစ္စပဲ"

"အမေက ငယ်သေးတယ်တဲ့ရှင်"

"ဒါ နောက်နေရမယ့်အချိန် မဟုတ်တော့ဘူး"

အပြုံးမပါသော မျက်နှာနှင့် စကားသံပါ။ နည်းနည်းမာလာ၍ ပန်းနုသွေး၏ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားမိသည်။

တွေ့ရချိန်လေးအတွင်းမှာ ပန်းနုသွေးက ချစ်ခြင်းဖြင့် ရွှေ့လျော့ အယုအယတွေ ခံယူချင်သည်။ ဆုံဆည်းခွင့်ကို တပ်မက်သည်…

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဘဝဆန်သူ…

ချစ်သူနှင့်အတူ ဘဝနှစ်ခု ပေါင်းစပ်ဖို့ လက်တွေ့ကျကျ ကြိုးစားနေသူဖြစ်၏။ ကျော်စွာက ကွေ့ဝိုက်လှည့်ပတ်ခြင်းကို မုန်းသည်။ အမှန်တရားကို မြတ်နိုးသည်။ သစ္စာရှိ၍ တာဝန်ကျေသူဖြစ်သည်။ ရိုးဖြောင့်၍ ပြတ်သားသည်။

မဟုတ်လျှင် မခံတတ်၊ ငယ်စဉ်ကတည်းက အင်အားကြီးသူက အနိုင်ကျင့်နေလျှင် သူနှင့် သိသိ၊ မသိသိ၊ ဆိုင်ဆိုင်၊ မဆိုင်ဆိုင်ပါဝင်ကူညီလေ့ရှိသဖြင့် သူ့ကိုယ်ပေါ်မှာ အမာရွတ်တွေ ယခုထိ ရှိနေဆဲ…

ဘယ်သောအခါမှ ကောက်ကျစ်စဉ်းလဲခြင်း မရှိ… သူ့အပေါ် သံယစကားလေးတစ်ခွန်းကိုပင် မခံမရပ်နိုင်အောင် 'နာ'တတ်သူဖြစ်ကြောင်း ပန်းနုသွေး သိထားပြီးမို့ ဘာစကားမှ မပြောတော့ဘဲ မျက်နှာလေး ညိုးညိုးနှင့် ငြိမ်နေမိတော့မှ…

"စိတ်ဆိုးသွားလား ပန်းကလေးရယ်… နုသွေးနဲ့ အစ်ကိုနဲ့ လက်ထပ်ပြီးရင် နုသွေးကို အကောင်းဆုံးမထားနိုင်တောင်မှ စိတ်အချမ်းသာဆုံးဖြစ်အောင်ထားဖို့ အစ်ကို အမြဲကြံစည်ဆောင်ရွက်နေတာပါ ချစ်ကလေးရယ်"

"မလိုဘူး အစ်ကို၊ နုသွေး ဘာကိုမှ မမက်မောဘူး… အစ်ကို့ကို သိပ်ချစ်သလို အစ်ကိုကလည်း နုသွေးကို ပြန်ချစ်စေချင်တယ်၊ အဲဒီ အချစ်တွေရရင် နုသွေးအတွက် အားလုံး ပြည့်စုံပြီ… တစ်ခြားဘာဆို ဘာမှ မလိုချင်ဘူး"

"ဒါ စိတ်ဆိုးတဲ့မျက်နှာလေးပေါ့လေ"



ကျော်စွာက ပန်းနုသွေးကို ဖျတ်လတ်စွာ လှမ်းဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ကောင်းပြီ ပေးမယ်ဗျာ၊ အချစ်တွေ ကြိုက်သလောက်ယူ၊ ဒါပေမယ့် ဘာမှ မကျွေးဘူးနော်"

"စိတ်ချ ဘာမှကို မစားဘဲ နေပြမယ်"

"ယောကျ်ားပဲယူတော့မှာ အဲဒီလို ကလေးမဆန်ရဘူးလေ… ကလေးရဲ့"

"ကလေးဆိုရင် ရည်းစားထားပါ့မလား၊ လူကြီးဖြစ်ပြီး ကိုယ့်ကို အချစ်ခံချင်လို့ ရည်းစားထားတာပေါ့"

"ကဲ… ချစ်ပါတယ်ဗျာ… သိပ်ချစ်ပါတယ်… တကယ့်ကို ချစ်တာ… အဟုတ်ကိုချစ်တာ၊ လူပျိုဘဝဆုံးရပါစေရဲ့… ဘုရားစူး ချစ်တာပါ"

"အဟား…ဟား…ဟား"

ပန်းနုသွေးက လှိုက်လှိုက်လှဲလှဲ ဟက်ဟက်ပက်ပက်ကြီးကို ရယ်ချလိုက်သည်။

'လူပျိုဘဝ ဆုံးရပါစေရဲ့'ဟူသော နောက်ပြောင် ကျိန်ဆိုမှုကို "စဉ်းစဉ်းစားစားလည်းကျိန်ပါ အစ်ကို့ဘက်က သိပ်နစ်နာနေပါဦးမယ်"ဆိုသော စကားမျိုးဖြင့်ပင် မတုံ့ပြန်တတ်သော ကောင်မလေးပါ…။ ရိုးသားစိတ်ဖြင့်သာ အားပါးတရ ရယ်မောနေရုံကလွဲပြီး ဘာမှ မချေပတတ်ရှာ။

သူ့ထက် ခြောက်နှစ်ငယ်ပြီး ကလေးဘဝ စသိခဲ့ရသော အဖြူဆောင် ကောင်မလေး ပန်းနုသွေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ အရွယ်ရောက်ပြီး အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရပြီးသည်အထိ ရည်းစားလုံးဝမရှိခဲ့၊ ဘယ်ကောင်မလေးကိုမှ စိတ်ကူးပင်မယဉ်ဖူးခဲ့ပါ။

ဒီကောင်မလေး တဖြည်းဖြည်း အရွယ်ရောက်လာပြီး သိပ်လှလာရုံမက အနေကလည်း နီးစပ်လွန်း၍ သူ သိပ်ချစ်သွားမိခဲ့သည်။

ကောင်မလေး ကိုယ်တိုင်ကလည်း သူ့ကို အစ်ကိုကြီး တစ်ယောက်လို ချစ်ခင်နေ၊ လေးစားနေသူ၊ စိတ်ညွှတ်နေသူမို့ သူချစ်ခွင့်တောင်းလိုက်ရုံဖြင့် ချစ်သူနှစ်ဦးဘဝသို့ ရောက်ရှိခဲ့သည့် သက်တမ်းမှာပင် နှစ်နှစ်ကျော်ခဲ့ပြီ...။

ထိုနေ့က ကျော်စွာကိုယ်တိုင်ပင်... ဘဝအကြောင်းတွေ၊ အိမ်ထောင်တင့်ဘယ်ရေးကိစ္စတွေ အေးမှာ ချထားလိုက်ပြီး ချစ်သူကောင်မလေးနှင့် ရင်ခုန်ကြည်နူးစွာ ပျော်ရွှင်ခဲ့သော နေ့လေးတစ်နေ့အကြောင်းကို...

ကျော်စွာ၏ နှလုံးသားထဲမှာ နက်ရှိုင်းစွာ တမ်းတနေမိပါ၏။

✸ ✸ ✸

ဦးသူရိန်အပေါ် တတိယသံသယ ဖြစ်ရသည်က...

"နေခြည်ဆည်းဆာ"ကိစ္စ...

တိုးတက်လာသော နေမင်းသူရိန် ကုမ္ပဏီလီမိတက်အတွက် ...န်ထမ်းသစ်များ ခေါ်ယူရာမှာ ဒါရိုက်တာအဖွဲ့ဝင်တွေ ပယ်ချထားသော 'နေခြည်ဆည်းဆာ'ကို ဦးသူရိန်ကိုယ်တိုင် ရွေးချယ်ခန့်ထား...က်ခြင်းဖြစ်၏...။

မိန်းကလေးတစ်ယောက်၏ ဣန္ဒြေဆိုတာ လုံးလုံးကြီးလား ...းပြားကြီးလားဟု ပြန်မေးမည့် မိန်းကလေးမျိုး...

ပုံစံက ဆတ်ကော့လတ်ကော့... အသံက ချွဲ့ဉဉ့ညှက်ညှက်... ...င်ထွက်တော့မည့် မင်းသမီးတစ်ယောက်လို မိတ်ကပ်ကအပြည့်... ...န်ထမ်းဝတ်စုံကို ရုံးရောက်မှလဲပြီး ရုံးမှအပြန် ပြန်လဲဝတ်သည့် သူ့...ဝတ်အစားက အားလုံး မလုံမလဲ မပေါ်တပေါ်။

မော်ဒယ်လ်သင်တန်း တက်ထားဖူး၍ လမ်းလျှောက်လှ...သည်ဟု သူ့ကိုယ်သူ ယုံကြည်စွာဖြင့် အလကားနေရင်း ရုံးခန်း...င် လမ်းသလားပြနေသော နေခြည်ဆည်းဆာ...

www.burmeseclassic.com

www.burmeseclassic.com



"ကုလားအုပ်ပုံပြင်ထဲက နှာခေါင်းလေးက စဝင်ပြီး တဖြည်းဖြည်း အထဲရောက်လာသလို... ဟိုမိန်းမတော့ အဘိုးကြီးနား ရောက်သွားပြီလေ"

"ဘယ်တော့ ဘာကြားရမလဲသာ စောင့်ကြည့်"

ဝန်ထမ်းများ၏ ဝေဖန်သံများက မကြားချင်မှအဆုံး...

သို့သော် သည်ကိစ္စမျိုးထဲမှာ ကျော်စွာ ဘယ်သောအခါမှ ဝင်၍မပါ။

ဦးသူရိန်၏ အနီးကပ်လူယုံ ဖြစ်လာလေ ဦးသူရိန်မှာ မိန်းမကိစ္စနှင့် ပတ်သက်လျှင် နာမည်ကောင်း ရှိသူတစ်ယောက်မဟုတ်ကြောင်း သိလာရလေပင်။

နေခြည်ဆည်းဆာ သူ့ကားပေါ် ပါပါသွားသည်အထိ ဝန်ထမ်းများရှေ့မှာပင် သိက္ခာမဆယ်သော ဦးသူရိန်...

ဒါတွေက သူနှင့်မဆိုင် သူ့ကိစ္စမဟုတ်...

သူ့အလုပ်က... ဦးသူရိန်အပေါ် သစ္စာရှိဖို့၊ ငွေရေးကြေးရေးကိစ္စ သူ့ကို စိတ်ချစေဖို့၊ အလုပ်တာဝန် ကျေပွန်ဖို့သာ အဓိကဖြစ်၏...

သည်လိုနှင့်

နေခြည်ဆည်းဆာ ရောက်လာပြီး တစ်နှစ်ပင် မပြည့်တတ်သေးသော အချိန်ကာလ၏ တစ်ခုသော ညနေတွင်...

စားသောက်ဆိုင်ကြီးတစ်ခု၏ သီးသန့်ခန်းတွင်းသို့ ကျော်စွာကို ဖိတ်ခေါ်ကျွေးမွေးသည့်ခံသလို ဂရုတစိုက် ပြုစုပြီးမှ ဦးသူရိန်က...

"မောင်ကျော်စွာကို ဆရာတစ်ခု တိုင်ပင်ချင်တယ်ကွယ်"

"ပြောပါဆရာ"

သည်လိုနေရာမှာ သည်လိုညှော့်ခံပြီး သည်လိုစကား စလာတတည်းက...

'အရေးကြီးပြီ'

ဟု ကျော်စွာ နားလည်လိုက်ပါသည်။

"ဆရာ့မှာ အခက်အခဲတစ်ခု ရှိနေတယ်။ အဲဒါ မင်းကူညီမှဖြစ်လိမ့်မယ်"

"ပြောပါဆရာ"

ဦးသူရိန်က... ဝီစကီတစ်ငုံကို ဖြည်းဖြည်းချင်း မြို့ချလိုက်ပြီး။

"ကူညီရမယ်ဆိုတာလည်း ခဏပါ သုံးလေးလလောက်ပါ"

"ကျွန်တော် ဘယ်သွားရမှာလဲ"

"ဘယ်မှ မသွားရပါဘူး... ရန်ကုန်တင်ပါပဲ"

"ကျွန်တော် ရှင်းရှင်းလင်းလင်း သိပါရစေဆရာ"

"အေးကွာ... ဆရာလည်း သိပ်အကျပ်အတည်းဖြစ်နေလို့ အကူအညီတောင်းတာပါ"

"ဘာများပါလိမ့်"ဟု သိချင်စောဖြင့် ရင်မောစွာ စောင့်မျှော်နေသော ကျော်စွာ့အတွက် မိုးကြိုးပစ်သံကြီး ကြားလိုက်ရသလို နှလုံးထိတ်စရာ ကောင်းလွန်းလှသည့် စကားများက...

"နေခြည်လေ... ဒီကောင်မလေးကို ဆရာ လွှော့တွက်ခဲ့မိတယ်ကွယ်၊ သူက ဆရာ့ကို အကျပ်ကိုင်နေပြီလေ... လက်ထပ်ရမယ်တဲ့"

"ဗျာ"

"အမှန်တော့ သူ ဆရာ့ကို ခင်ပွန်းအဖြစ် ရယူချင်တာ မဟုတ်ဘူး... ဆရာ့ရဲ့ စည်းစိမ်ချမ်းသာကို မက်မောတာပါ... ငွေလိုချင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သူနဲ့ညှိပြီး ငွေပေးလိုက်ရင်ရော အရင်ရည်မွန်ဦး တုန်းကလည်း ငွေပေးလိုက်တော့ ကျေနပ်သွားခဲ့တာပဲလေ"

"အခု အဲဒီလိုလုပ်လို့ မရလို့ပေါ့ကွယ်... သူ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟာ"

"ဒီကောင်မလေးမျိုးကို လက်ထပ်လိုက်ရင် ဆရာတို့အသိုင်းအဝိုင်းကို ဆရာဘယ်လိုရင်ဆိုင်ရမလဲကွာ... ဒါကြောင့် လေးငါးလလောက် ကျော်စွာ အမည်ခံပေးပါ... အဲဒီလို အနစ်နာခံပေးတဲ့အတွက် ရလာမယ့် အကျိုးအမြတ်က မတန်တဆ ဖြစ်စေရပါ့မယ်ကျော်စွာ"

"ဆရာ"

သူ ခေါင်းညိတ်၍ ကြည့်လာသည်။

"ဆရာဆိုလိုတာက ဆရာနဲ့ ကိုယ်ဝန်ရထားတဲ့ နေခြည် ဆည်းဆာကို ကျွန်တော်က တရားဝင်လက်ထပ်ရမယ်။ ကလေးအဖေ အမည်ခံရမယ်ပေါ့ ဟုတ်လားဆရာ"

"အဲဒါလည်း ခဏပါ... လေးငါးလထဲပါကွာ"

"နေခြည့်လိုပဲ ကျွန်တော့်ကိုလည်း လှော့မတွက်ပါနဲ့ ဦးသူရိန်"

"ဘာ"

"အမှန်တရားဘက်ကဆိုရင် ခိုင်းပါ။ အသေခံပြီး သစ္စာရှိပေးမယ်။ ခုလို ဆရာ့ရဲ့ အရှုပ်ထုပ်ကြီး ရှင်းပေးရလောက်အောင် ကျွန်တော်က ခပ်ညံ့ညံ့ကောင်မျိုး မဟုတ်ဘူး၊ လူညီးကျိုးထမ်းတယ်ဆိုတဲ့ ကိစ္စမျိုးက နှစ်ဆယ်ရာစုအစောပိုင်းမှာတည်းက ကျန်ခဲ့ပြီ..."

"သိပ်မကြီးကျယ်နဲ့ ကျော်စွာ ဒါဆို မင်းဘဝပျက်ခံမလား"



"ကျွန်တော်က ဘာလို့ ဘဝပျက်ရမှာလဲ"

"ငါမင်းကို အလုပ်ထုတ်ပစ်မယ်ဆိုရင်လေ"

"ရတယ်လေ... ကျွန်တော်က ဘာအပြစ်မှ မရှိတဲ့ကောင်ပဲ တစ်ခြားမှာ အလုပ်ရှာမှာပေါ့"

"မင်းကိုငါ ပေးကမ်းကြည့်ရှုခဲ့တာမျိုး မင်း တစ်ခြားနေရာက နိုင်မယ်ထင်လို့လား"

"မရလည်း ဖြစ်တယ်လေ... ကျော်စွာဆိုတဲ့ကောင်က ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ရည်ရှိပြီးသားပါ"

"တော်စမ်းကွာ"

"ဒါဆိုလည်း အခုတစ်ထိုင်တည်းပဲ ကိစ္စဖြတ်လိုက်ရအောင်ပါ ဆရာ...၊ အဲဒီ ဆတ်ဆလူးမ နေခြည်ကို လက်မထပ်ရင် အလုပ်ဖြုတ်မယ်ဆိုလည်း ခုပဲဖြုတ်လိုက်ပါ ရပါတယ်...။ ကျွန်တော့်မှာလည်း ချစ်သူရှိတယ်။ ကျွန်တော့်ချစ်သူနဲ့လည်း လက်ထပ်ကြတော့မှာ၊ ဒါပေမယ့် ဆရာတစ်ခုတော့ စိတ်ချပါ...။

ဒေါသမျက်ဝန်းများနှင့် ကြည့်နေဆဲ ဦးသူရိန်သို့...

"ဆရာ့ဆီက အလုပ်ထွက်သွားပြီးတဲ့နောက်မှာ အဲဒီအကြောင်းအရာကို ဘယ်သောအခါမှ ဘယ်သူ့ကိုမှ မပြောဘူးဆိုတာ ကျွန်တော် ကတိပေးတယ်"

ဒေါသရင်ထဲသို့ အရက်ပူများ စီးဝင်နေခြင်းကြောင့် နီမြန်းသောသော မျက်ဝန်းကြီးနှင့် ဦးသူရိန်က စိုက်ကြည့်နေ၍... ကျော်စွာက ခုံမှ မီးအိမ်လှလှလေးကို လှမ်းကြည့်နေလိုက်သည်။

နှစ်မိနစ်တာမျှ ငြိမ်သက်နေကြပြီးနောက်မှာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ"

အသံက တိုးတိတ်ညင်သာစွာ နူးညံ့နေသလို မျက်နှာ တင်းမာနေသော အကြောဆိုင်များလည်း ပြေလျော့နေသော ဦးသူရိန် ကို ပြန်လည်တွေ့ရှိရပြီး...

"ကျွတ်... မှားတယ်ကွာ.. ဆရာသိပ်မှားသွားတယ်"

အရက်ခွက်ကို ကိုင်လှည့်ရင်း ခေါင်းခါရမ်းကာ–

"နေခြည် ပြဿနာလုပ်လို့ ဆရာလည်း သိပ်စိတ်တွေရှုပ်ထွေး သွားတာနဲ့ မင်းကိုအားကိုးတကြီး ပြောမိတာပါကွာ"

ကျော်စွာဘက်က ပြန်ပြောစရာ စကားလုံးမရှိသေး...

"မင်းလို သစ္စာကြီးမားတဲ့ ဝန်ထမ်းမျိုး ဆရာဘယ်တော့မှ ရှိန် မှာ မဟုတ်တော့ဘူးဆိုတာ သိခွင့်ရလိုက်ပါပြီ... ကျေးဇူးပဲ... ကျေးဇူးပဲ ကျော်စွာ..."

ကျော်စွာ၏ ပခုံးကို လှမ်း၍ ညင်ညင်သာသာပုတ်ရင်း ပြော၏။

"ဆရာသိပ်မှားသွားပြီကွယ်... ခွင့်လွှတ်ပေးပါ ကျော်စွာရယ်"

မင်းရဲ့ချစ်သူနဲ့ လက်ထပ်ဖြစ်တဲ့အခါကျရင်လည်း ဆရာကူညီ ပါ့မယ်။ ငွေကြေးကိစ္စလည်း ဆရာ့တာဝန်ထား"

"ကောင်းပါပြီဆရာ"

"ဆရာဟာ နေခြည်ပေးလာတာကို ယူလိုက်မိတာပါ တစ်နည်းအားဖြင့်တော့ ညွှတ်ကွင်းမိသွားတာပေါ့ကွာ"

"ဖြစ်နိုင်ပါသည်"ဟု ကျော်စွာ တွေးပေးဖြစ်သည်။

"ဆရာ တကယ်မှားသွားပြီကွာ... အမှန်က ကျော်စွာနဲ့ မညီ ရဘူး နေခြည်နဲ့ညီရမှာ"



"ဗျာ"

"နေခြည်က ဆရာ့လို အဘိုးအိုပေါက်စကို တကယ်ချစ်ကြိုက် ...က်ခံချင်တာ ဘယ်ဟုတ်ပါ့မလဲ ဆရာ့ရဲ့ စည်းစိမ်ချမ်းသာတွေကို ...ပ်မက်လို့ဆိုတာတော့ ဆရာလည်း တွေးမိပါတယ်"

"ဟုတ်ပါလိမ့်မယ်"

"ဒါကြောင့် နေခြည်နဲ့ပဲ ညှိလိုက်တော့မယ်... လက်ထပ် ...လည်း စာရွက်ပေါ်မှာ လက်ထပ်ပြီး အပေးအယူ လုပ်လိုက်မယ် ..."

"အပေး အယူ"

"ဟုတ်တယ်... လက်ထပ်မယ် ဒါပေမယ့် ပါးစပ်ပိတ်ထား ...မယ်။ အဲဒီအတွက် ငွေကြေးနဲ့ ပိုင်ဆိုင်မှုပေးမယ်ဆိုတဲ့ အပေးအယူ ...ပေါ့"

ကျော်စွာ ငြိမ်နေလိုက်သည်။

"ဆရာ့ရဲ့ ဂုဏ်သိက္ခာကို သူလိုချင်တာနဲ့ လဲလိုက်မယ်လေ၊ ...ဆို သူ ကျေနပ်သွားမှာပါ"

"ကလေးကျတော့ရော"

"မွေးပြီးမှပဲ တစ်မျိုးစဉ်းစားမယ်လေ... ခုတော့ ကလေးဆိုတဲ့ ...သံတောင် မကြားချင်ဘူး။ ဒါပေမယ့် မွေးပြီးခဲ့ရင် ကိုယ့်ရင်သွေး ...တဲ့အသိနဲ့ တစ်မျိုးတစ်ဖုံ ပြောင်းချင်လည်း ပြောင်းသွားမှာပေါ့ကွာ"

ကျော်စွာ ခေါင်းညိတ်ရုံသာ။

"ဆရာလည်း လူသားပါပဲကွာ... အသည်းနဲ့ နှလုံးသားနဲ့ ...သားပါ... နေခြည် ဒီနေ့ရုံးမှာ ပြဿနာလုပ်လို့ ဆရာလည်း အမှန်

www.burmeseclassic.com

www.burmeseclassic.com



တရားကိုတောင် မတွေးနိုင်ဘဲ မင်းကို သတိတရ အားကိုးတကြီး ခေါ်ပြောမိတာ ခွင့်လွှတ်ပါကွာ... ဆရာသိပ်မှားသွားပြီဆိုတာ သိ ရလိုက်ပါပြီ"

ကိုကျော်စွာ ငြိမ်သက်နေဆဲမို့...

"ဆရာတောင်းပန်တယ်၊ ခွင့်လွှတ်ပါကျော်စွာ၊ နေခြည့်ကို ကိုလည်း လူသားဆန်ဆန် ဖြေရှင်းပေးပါ့မယ်လို့ ဆရာဆုံးဖြတ်လို ပါပြီ"

"အကောင်းဆုံးပါပဲဆရာ"

"အေး... မင်းလည်း အရင်လိုပဲ ဆရာ့ကို ဆက်ဆံပါနော် ကျေးဇူး လည်း သိပ်တင်ပါတယ်ကွာ"

"ရပါတယ်ဆရာရယ်"

ထိုနေ့က ဦးသူရိန်၏ စကားလုံးများသည် ကျော်စွာ၏ရင်ထဲ ဒေါသအစိုင်အခဲများကို တစ်စချင်း... တစ်ခုချင်း... ဖဲ့ချွေချေမှုန် နိုင်သော သတ္တိထူးများကြောင့်

ကျော်စွာသည် ဦးသူရိန်ကို ပို၍ လေးစားစွာ ပို၍ သံယောဇဉ် ကြီးစွာဖြင့် ယခင်ကထက်ပို၍ အလုပ်တာဝန်ကျေစေရမည်၊ ပို၍ သစ္စာရှိစွာ အနီးကပ်နေပေးပါတော့မည်ဟု ဆုံးဖြတ်လိုက်ပါ၏။

✷



နောက်တစ်ပတ်လောက်အကြာတွင် ကျော်စွာ၏မိခင် ဒေါ်ခင် သက်နှင့် မင်္ဂလာကိစ္စ ဆွေးနွေးဖြစ်ကြသည်။

"မင်္ဂလာဆွမ်းကျွေး ဆိုပေမယ့်... ဘုန်းကြီးကျောင်းကြီးတွေမှာ ဆို ငွေသိပ်ကုန်လိမ့်မယ် သားကြီးရယ်"

"ဆရာက သူတာဝန်ယူမယ်လို့ ပြောထားတာပဲ"

"သားရဲ့ဆရာက သားကို ချစ်တဲ့စိတ်နဲ့ ပြောပေမယ့် ကိုယ့် ဘက်ကလည်း သိတတ်ရမယ်လေ။ ကျေးဇူးကြွေးဆိုတာ မတင် ကောင်းဘူးနော်သား"

"ကိစ္စမရှိပါဘူး အမေ... ဆရာက သားရဲ့စိတ်ဓာတ်ကို နေ့တိုင်း ချီးမွမ်းပြီး မင်းကို ငါကူညီပါမယ်...တဲ့... ဒါပေမယ့် သူ နိုင်ငံခြားက ပြန်လာမှ လုပ်ပါတဲ့... တီပိဋကရောသန္တိသုခပါ ရက်က ချက်ချင်း ရဘူး၊ စနေ၊ တနင်္ဂနွေဆို ပြည့်နေတာ"

"ဘာပဲဖြစ်ဖြစ် သိပ်မချဲ့နဲ့ပေါ့သားရယ်"

"ထမင်းဟင်းနဲ့ ရေခဲမုန့်ကလွဲပြီး ဘာမှ ပိုကျွေးလို့လည်း ရပါဘူး။ ဖြစ်နိုင်ရင်တော့ ဟိုတယ်မှာတောင် ဆောင်ပေးချင်တာပေါ့ အမေရဲ့... ပန်းနုသွေးကို သားက ချစ်တာထက် သူက သားကို ပိုပြီး ခြတ်နိုးရှာလို့ သနားပြီး ချီးမြှင့်ချင်တာပါအမေရာ"

"ဟုတ်ပါပြီတော် သားရှာတဲ့ငွေပဲလေ သားအဆင်ပြေမယ် ဆင်သလိုသာ လုပ်ပေါ့။ အမေကတော့ အားလုံး ကျေနပ်ပြီးသား ပါပဲကွယ်"

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်စွာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူတဲ့လဲ"

"နေခြည်ဆည်းဆာရဲ့ သူငယ်ချင်းတဲ့ နေခြည့်ကိစ္စ အရေးတကြီး ပြောစရာရှိလို့တဲ့"

ဝန်ထမ်းတွေ ပြန်ပြီးသော်လည်း အလုပ်မပြီးသေးသဖြင့် ကုမ္ပဏီမှာ ကျော်စွာ စာရင်းတွေလုပ်နေဆဲ လုံခြုံရေးဝန်ထမ်းလေးတ လာပြောသဖြင့်...



"ဒီမှာ သန်းဝင်း သွားပြောလိုက် နေခြည်နဲ့ငါနဲ့ ဘာမှပတ်သက်စရာ မရှိဘူး၊ ဘယ်တုန်းကမှလည်း မပတ်သက်ခဲ့ဘူး၊ ငါက မတွေ့ချင်ဘူး၊ တွေ့စရာအကြောင်းမရှိဘူးလို့ ခပ်ပြတ်ပြတ် သွားပြောလိုက်စမ်းကွာ"

ဦးသူရိန်နှင့် ကျော်စွာတို့ ပြေလည်ပြီးသည့်နောက်မှာ... နေခြည်ဆည်းဆာ ရုံးလာသည်ကို မတွေ့ရတော့၊ ဘာအသံဗလံမှ လည်း မကြားရ၍ ကိစ္စများအားလုံး ပြတ်ပြီး ဦးသူရိန်နှင့် အပေးအယူ တည့်သွားပြီဟု ထင်မှတ်ထားရာမှ ဘာကြောင့် နေခြည်က တွေ့ချင် ရပါသလဲ။

"အို... ငါဒီလို ပြောလိုက်တာ မှန်ပါတယ်။ သူတို့ဓာတ်ရှုပ်ထဲမှာ ငါ ဝင်မပါတာ အကောင်းဆုံးပဲ... နေခြည့်ကိစ္စနဲ့ ပတ်သက်ပြီး ဦးသူရိန်က ငါ့ကို အတော်အထင်ကြီးသွားတာ... ငါဒီလိုလုပ်လိုက်တာ မှန်ပါတယ်"

ဦးသူရိန် အထင်ကြီးသည်ထက် သူ့ကိုယ်သူ ပို၍ အထင်ကြီးနေသော ကျော်စွာမှာ...

နောက်နှစ်ပတ်အကြာတွင် လက်ဖက်ရည်ဆိုင်မှာ လာရောင်းသော နိုင်ငံတကာဂျာနယ် အားကစားဂျာနယ်နှင့် မှုခင်းသတင်းဂျာနယ်တို့ကို ရုံးဧည့်ခန်းအတွက်ဝယ်ပြီး သူ စတင်ဖတ်မိချိန်မှာ အံ့သြတုန်လှုပ်ဖွယ် သတင်းတစ်ပုဒ်ကို ဓာတ်ပုံနှင့်တကွ သူဖတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ကြွရူးသွပ်စေတတ်သော**
**ဆေးဖြားများနှင့်အတူ ဖမ်းမိ...**

နေခြည်ဆည်းဆာခေါ် မစန်းစန်းဝင်း (အဘ ဦးထိန်ဝင်း) အသက် ၂၂ နှစ်သည် လှိုင်မြို့နယ်အတွင်းရှိ "စည်းစိမ်ချမ်းသာ တည်းခိုခန်း"တွင် တစ်ယောက်တည်း လာရောက်တည်းခိုနေသည်ကို မသင်္ကာဖွယ် တွေ့ရှိရကြောင်း။ သတင်းအရ သက်ဆိုင်ရာ ရ–ယ–က လူကြီးများနှင့် လှိုင်မြို့နယ် ရဲစခန်းမှ တာဝန်ရှိသူတို့က တည်းခိုခန်း၏ အပေါ်ထပ်အခန်း အမှတ် ၁၀၃ တွင် တစ်ယောက်တည်း တည်းခိုနေထိုင်သော နေခြည်ဆည်းဆာ၏ အခန်းနှင့် သူပိုင်ပစ္စည်းများကို ဝင်ရောက်ရှာဖွေရာ WN စာတန်းပါ လိမ္မော်ရောင်၊ အညိုရောင်နှင့် အစိမ်းရောင်တို့ ပါရှိသည့် စိတ်ကို ပြောင်းလဲစေတတ်သော စိတ်ကြွရူးသွပ်ဆေးပြား ၆ပြား ခြောက်ဆယ်နှင့်အတူ စစ်ဆေးတွေ့ရှိရ၍ ပုဒ်မ ၁၉(က)အရ တရားစွဲဆို တင်ပို့ထားပြီဖြစ်ကြောင်း ကြားသိရသည်။

ဘယ်တုန်းကမှ မပတ်သက်ခဲ့ပါဘဲနှင့် နေခြည့်ဓာတ်ပုံနှင့် နေခြည်၏ သတင်းကို ဖတ်လိုက်ရချိန်မှာ ကျော်စွာ အတော်တုန်လှုပ်သွားမိသည်။

"နေခြည်ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"



ဆိုသော အတွေးနှင့်အတူ ဒုံ့ထံသို့ နေခြည်၏သူငယ်ချင်း ရောက်ရှိလာစဉ်က အတွေ့မခံလိုက်မိသည့် ကိစ္စအတွက် နောင်တရသလို ရှိသွားမိသည်။

ဘာကြောင့်မှန်းမသိ... ဤသတင်းကြောင့် ကျော်စွာ စိတ်ထဲမှာ "ဆင့်"ခနဲ ဖြစ်သွားပြီး နေခြည်ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ ဆိုသော အဖြစ်မှန်ကို သိချင်စိတ် ပြင်းပြလာ၏။

ကျော်စွာ ကုမ္ပဏီရောက်လာချိန်မှာ ဝန်ထမ်းမိန်းကလေးများက သတင်းစာနှင့် ခေါင်းချင်းဆိုင်၍ဖတ်နေကြသော်လည်း ကောင်လေးတစ်သိုက်က...

"နေခြည်က... သိပ် 'ဟော့တ်'တာ၊ ငွေလည်း သိပ်သုံးချင်တာ အဘိုးကြီးကိုတောင် ကပ်သေးတာလေ"

"ငွေပေးပြီး အလုပ်ထုတ်လိုက်ရတာယ်လို့ ကြားတာပဲ"

"အဲဒီငွေနဲ့ သူ ဆေးအရောင်းအဝယ် လုပ်တာနေမှာပေါ့"

"မမိလို့ကတော့ ထောပြီ"

"ခုတော့ မထောရုံမကဘူး ထောင်ထဲမှာ ဆယ်နှစ် အနည်းဆုံးပဲ"

ကောင်လေး၏ ဝေဖန်သံကြောင့် ကျော်စွာ ပိုပြီး စိတ်လှုပ်ရှားသွားမိသည်။

ထောင်ထဲမှာ အနည်းဆုံး ဆယ်နှစ်...တဲ့။

"ဒါဆိုရင် ကလေးကရော... ခုချိန်လောက်ဆို နေခြည်မှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဖြစ်လောက်ရောပေါ့"

"နေခြည် ဒီလိုဖြစ်တာ ဦးသူရိန်ရဲ့ ပယောဂမှ ကင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



သံသယအတွေးများ ကျော်စွာ ခေါင်းထဲသို့ ဖျတ်ခနဲ ရောက် လာသည်။

ဦးသူရိန်၏ တစ်နေ့တာဆောင်ရွက်ချက်များ... တစ်လအတွင်း ဆောင်ရွက်ရန် အရေးတကြီးကိစ္စများနှင့် ထိုတစ်လအတွင်း တွေ့ဆုံ ချိန်းဆို Oppointment ယူထားသော ဧည့်သည်များ... နိုင်ငံခြားသား များအတွက် ကျော်စွာ၏ ဒိုင်ယာရီမှာ အပြည့်ရှိသည်။

"နေခြည် အဖမ်းခံရတဲ့ရက်... ဒါမှမဟုတ် အဖမ်းခံရခါနီးတုန်း က ဦးသူရိန် ဘယ်မှာလဲ ဘာတွေလုပ်ခဲ့သလဲ"

ဆိုသော သိချင်စိတ်... ဦးသူရိန်အပေါ် ကြီးစွာသော မသင်္ကာ စိတ်တို့သည် ဒိုင်ယာရီကိုကြည့်ပြီးသည့်အခါ လေပြင်းအောက်က သစ်ရွက်ကလေးလို အဝေးကြီးသို့ လွင့်စင်သွားခဲ့သည်။

"နေခြည် အဖမ်းမခံရခင် နှစ်ရက်ကတည်းက ဦးသူရိန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ကို သွားနေတာပါလား... နောက် သုံးရက်အကြာ ၂၇ ရက်နေ့ကမှ ဆရာပြန်လာလို့ ငါသွားကြိုခဲ့ သေးတာပဲ"

နိုင်ထွန်းတို့ပြောနေတာ ဖြစ်နိုင်တယ်... ဦးသူရိန်က ငွေတော တော်များများ ပေးလိုက်ပါလိမ့်မယ်။

"အဲဒီငွေတွေနဲ့ ဘယ်သူနဲ့ ဘယ်လိုပေါင်းပြီး ဆေးရောင်း ဆေးဝယ်၊ ဆေးသယ်အထိ လုပ်ရတာလဲကွယ်..."

နေခြည်တို့လို ကောင်မလေးတွေ များလာပြီ...

ဒီခေတ် ဝတ်စားဆင်ယင်ဖို့ အလှပြင်ဖို့အတွက် ငွေက သိပ် ကြပြီလေ...



Ready Made ဆိုသော အသင့်ချုပ်ပြီး အဝတ်အထည်တွေက သောင်းကျော်သိန်းကျော်သည့် ဖိနပ်ကအစ အလှပြင်ပစ္စည်းတွေက ကြော်ငြာလည်းကောင်း၍ ငယ်ရွယ်သူ လှချင်သူတို့ တပ်မက်လာ ကြသည်။

တချို့နယ်က... ရန်ကုန်မှာ အလုပ်ရှာမည်၊ တိုးတက်အောင် လုပ်မည်ဆိုသော ရည်ရွယ်ချက်တွေနှင့် ရောက်လာကြ၊ တချို့ ရန်ကုန် က ချို့တဲ့သော မိဘများက သမီးတို့၏ လိုချင်တပ်မက်မှုကို မဖြည့် ဆည်းနိုင်ကြသောအခါ...

စပွန်စာ (Sponsor) ဆိုသော မိမိကို တာဝန်ယူ ထောက်ပံ့ ပေးကမ်း၍ အိမ်တစ်ခန်းငှားထားပေးသော 'ဦး'များ၏ 'အငယ်'များ ဖြစ်သွားတတ်ကြသည်။ သူတို့တွေက ပေါ်သမျှ ဆန်းသမျှ ခါးပေါ် မှာ...ဖော်လိုက်ကြသည်မှာလည်း...ရင်အထက်ပိုင်းဗလာ... စကတ်ခွဲရဲ့ မက သောင်းဘီတိုတွေပါ ဝတ်ကာ ဟန်းဖုန်းကိုယ်စီဖြင့်...

သည်လိုနှင့် တချို့လည်း ရောဂါရကျဆုံး...

တချို့လည်း နာမည်ကြီးလာ၍ ဝင်ငွေတွေရ...

တချို့လည်း ပျက်စီးသွား...

အများကြီး ကြားနေရ၊ မြင်နေရ၊ သိနေ တွေ့နေရသော်လည်း အများစုမဟုတ်ပါ...။ ကိုယ့်သိက္ခာကိုယ်ထိန်းပြီး ရိုးသားစွာ ကြိုးစားနေ ကြသော မိဘကို လုပ်ကျွေးနေကြသော မောင်နှမလေးများ ကျောင်း စရိတ် ရှာဖွေနေကြသော မိန်းမကောင်းလေးများလည်း များစွာပါ...

ယခု နေခြည်၏ ကျဆုံးခန်းက မလှပလွန်းလှပါလား...

www.burmeseclassic.com

www.burmeseclassic.com



ဦးသူရိန်နှင့် ရှင်းလင်းညှိနှိုင်းပြီးသည့်နောက်မှာမှ ဖြစ်ပျက်တာဖြင့် သေချာသည်။

သို့သော်...

သူ့ကို ဘာကြောင့် တွေ့ချင်ရတာလဲဆိုသော အကြောင်းရင်းကိုဖြင့် ကျော်စွာ သိချင်လာသည်။

အမှန်တရား လက်ကိုင်ထားမည်။ အမှန်တရားဘက်က ရပ်တည်မည်ဟု သူ့ကိုယ်သူ ကြွားဝါဂုဏ်ယူနေတတ်သော ကျော်စွာသည်...

နေခြည့်ကိစ္စမှာ ကိုယ်နှင့်ဘာမှ မဆိုင်၍ သည်တိုင်းထားလိုက်လျှင်လည်း ဖြစ်ပါလျက်နှင့်...

သူ့ကို ဘာကြောင့် တွေ့ချင်ရတာလဲဆိုသော အမှန်တရားကို သိချင်ဇောနှင့် နေခြည်ရုံးထုတ်လာမည့်နေ့ကို သူစုံစမ်းပြီး သွားရောက်တွေ့ဆုံရာမှ... အစပြုလျက်...

❋ ❋ ❋

နေခြည်ဆည်းဆာ အလုပ်မှ မိမိ၏ဆန္ဒသဘောအရ ထွက်ခြင်းဖြစ်ကြောင်းနှင့် ငွေ “ငါးသောင်း”ရရှိကြောင်း နေခြည် လက်မှတ်ထိုးပေးလိုက်ရသည့် စာချုပ်ရှိသည်။ အမှန်က နေခြည် ငွေ “ငါးသိန်း” ရလိုက်ခြင်းဖြစ်သည်။

ဦးသောင်းအေးဆိုသော ရှေ့နေတစ်ဦးကို ဦးသူရိန်ကအတ်သပ် မွေးထားခြင်းဖြစ်၏။ ဥပဒေဘောင်ဝင်အောင် ကလိန်ကကျစ် လုပ်တတ်သောသူလည်း ဖြစ်ပါ၏။ ထိုစာချုပ်အကြောင်းပြောပြပြီးနောက် သူ့အမည်မခေါ်ခင် အချုပ်ကျတရားခံများ စောင့်ဆိုင်းနေရဆဲကာလ၌ လွတ်လွတ်လပ်လပ် ပြောကြားခွင့် ရရှိသဖြင့် နေခြည်၏ အံ့မခန်း ဇာတ်လမ်းမှာ...

www.burmeseclassic.com

www.burmeseclassic.com



"တရားဝင်လက်ထပ်တာက စာချုပ်ပေါ်မှာပဲရှိတာ တက[...] အရေးကြီးတာက ထောက်ပံ့ဖို့ပဲ မဟုတ်လားတဲ့... ဦးရဲ့ ဂုဏ[...] သိက္ခာကို ငဲ့ပေးရင် နေခြည့်ကို အကောင်းဆုံးထား[...] တစ်သက်လုံး စောင့်ရှောက်ပါ့မယ်တဲ့... လက်မှတ်ထိုး[...] တရားဝင်ရုံပဲရှိမယ်၊ အကျိုးခံစားခွင့် မပေးနိုင်ဘူးဆိုလို့ ခေါ[...] ညိတ်လိုက်တာ... ခုတော့ ကျေနပ်ကြောင်း လက်မှတ်ထိုး[...] ငါးသိန်းနဲ့ ငါးသောင်းရပြီးကတည်းက လုံးဝကို လှည့်မကြ[...] တော့တာပါပဲ အစ်ကိုကျော်စွာရယ်"

"တစ်ခါမှ မလာတော့ဘူးလား"

နေခြည်က တရှိုက်ရှိုက် ငိုရင်း စကားမဆက်နိုင်သေး၍—

"လုံးဝ အဆက်သွယ်မရတော့ဘူးပေါ့ ဟုတ်လား"

"မဟုတ်ဘူး... ညဘက်ကြီး... အငှားကားတစ်စီးနဲ့ သူရော[...] လာတယ်၊ ခရီးဆောင်အိတ်တစ်လုံးနဲ့ မျက်နှာသုတ်ပဝါအသစ်[...] မိန်းမကိုင် လက်ကိုင်အိတ်အသစ်တစ်လုံး လာပို့ပြီး လှိုင်မြို့နယ်ထဲ[...] စည်းစိမ်ချမ်းသာဟိုတယ်မှာ အခန်းအမှတ် ၁၀၃ မှာ သွားရော[...] တည်းခိုပါ.. နက်ဖန်ညကျရင် သူလာခဲ့မယ်။ တကယ်လို့ အလု[...] သိပ်များနေခဲ့ရင် သန်ဘက်ခါ ဆက်ဆက်လာခဲ့မယ်... အဲဒီကစောင့်[...] ပါတဲ့။ တကယ်တော့ ဦးလည်း နေခြည့်ကို မခွဲနိုင်ပါဘူးတဲ့"

နေခြည်က မျက်ရည်များသုတ်လိုက်ပြီး ခပ်မြန်မြန် ဆက်ပြော[...] ရှာသည်။

"ထပ်မှာလိုက်သေးတယ်... အဲဒီအိတ်အကောင်းစားနဲ့ ပစ္စည်း[...] တွေ ပြောင်းထည့်သွားနော် အကောင်းစားကိုင်မှ တည်းခိုခန်းအ[...]



ဘာညာမထင်မှာ နောက်ကျရင် ကျွန်မအမျိုးသား လာလိမ့်မယ်လို့ ရိုးဆက်(ပ)ရှင်ကို ပြောပြီး နေခြည် အဲဒီကစောင့်နေနော်..."

"အခန်းထဲမှာ ပုန်းသလို နေရမှာလား၊ ဘယ်မှ မထွက်ရဘူးလား"

"အို... ဘာဆိုင်လဲ ပုန်းနေစရာ မလိုပါဘူး... သွားချင်တာရှိရင် လွတ်လွတ်လပ်လပ်သွား၊ အဲဒီအိတ်ကြီးတော့ အခန်းထဲမှာပဲ ထားခဲ့နော် ကြားလား ဆိုလို့... အမယ်လေး သူ့အိတ်ကိုဘာလို့ ဒီလောက် ဥစ္စာခြောက်နေရတာလဲလို့တောင် နေခြည်က ပြောလိုက်တော့ အဖိုးတန် အကောင်းစားမို့ပါကွာတဲ့။ ဒီအိတ်နဲ့ပတ်သက်ပြီး နေခြည် နည်းနည်းမှ သံသယမဖြစ်ခဲ့တာ အမှန်ပါပဲအစ်ကိုရယ်"

"အိတ်နဲ့ပတ်သက်ပြီး သံသယ ဟုတ်လား"

"ဟုတ်ပါတယ်... နေခြည် အဲဒီတည်းခိုခန်းမှာ နေပြီး သုံးညမြောက်မှာ တံခါးခေါက်ပြီး သက်ဆိုင်ရာလူကြီးတွေနဲ့ ရဲက သတင်းအရဆိုပြီး ဝင်ရှာတော့တာပဲ။ အစ်ကိုရယ်... ဒီတော့မှ သူပေးတဲ့အိတ်ရဲ့ အောက်ခြေအပြားကို လှန်ပြီး ရှာလိုက်တဲ့အခါမှာ မူးယစ်ဆေးဆိုတဲ့ အဲဒီ စိတ်ကို ပြောင်းလဲစေနိုင်တဲ့ ဥပဒေနဲ့ မလွတ်ကင်းတဲ့ ဆေးတွေနဲ့ အတူ မိတယ်... မိတယ်...ဆိုပြီး...

နေခြည်၏ ငိုရှိုက်ပုံက ရင်ကွဲထွက်တော့မတတ်...

ကျော်စွာ သိပါပြီ...

အလုံးစုံကို ခြုံငုံသုံးသပ် သိရှိလိုက်ပါပြီ...

ဦးသူရိန် လုပ်ဆောင်ချက်က ဘယ့်လောက်များ ဒီပြင်လိုက်ပါသလဲ...

www.burmeseclassic.com

www.burmeseclassic.com



"နေခြည်ပြောတယ်… ပြောပါတယ်…ဦးသူရိန် လုပ်တာပါလို့"

"အင်း"

"ဒါ…ဒါပေမယ့်… ဦးသူရိန်က နိုင်ငံခြားမှာ… နေခြည့်အ အလုပ်လည်း ထုတ်ထားပြီးတဲ့ ဝန်ထမ်းဆိုပြီး… ဟိုသူဌေးကြီးကို လျှောက်ရမ်းဆွဲထည့်မနေနဲ့… မင်းနဲ့အတူ ဆေးက လက်ပူးလက်ကြပ် မိတာ…ဆိုပြီး အပြောက်ခံရပါတယ်"

"အစ်ကို သဘောပေါက်ပြီ… သိချင်တာလေးတစ်ခု မေးပါရစေ"

"ဟုတ်…မေးပါ အစ်ကို"

"ကလေးရော"

"ရှင်"

"နေခြည့်မှာ ဦးသူရိန်နဲ့ ကိုယ်ဝန်ရနေပြီဆို"

နေခြည်က မျက်ရည်များ သုတ်ရင်းက…

"အဲဒါ အစ်ကို့ကို ဦးသူရိန်က ပြောတာလား"

"အင်း"

"ဒါဆို အခုကိစ္စတွေရော သိလားဟင်"

"ဘယ်သိပါ့မလဲကွယ်…မှုခင်းတွေပါတဲ့ ဂျာနယ်ကို တွေ့လို့ စုံစမ်းပြီးလာခဲ့တာ… နေခြည့်မှာ ကိုယ်ဝန်ရှိနေတယ်လို့ သူပြောတာက လွဲပြီး အစ်ကိုဘာမှ မသိဘူး"

"အစ်ကိုရယ်…အဲ…အဲဒါ နေခြည် ညာခဲ့တာပါ"

"ဟင်"

"နေခြည့်မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောရင်လက်ထပ်မယ်ထင်ပြီး နေခြည် ညာပြောခဲ့တာပါ"



ကျော်စွာသည် နေခြည့်ကို အံ့သြခြင်းကြီးစွာ ကြည့်လိုက်မိသည်…။

ခြင်္သေ့ကြီးကို သွားစသော ယုန်သူငယ်မလေးလိုပါပဲလား… ခြင်္သေ့ရဲ့ တစ်ငုံစာလောက်ပဲရှိသော သူ့အဖြစ်ကို သူမသိရှာပါလား။

နယ်ကတက်လာပြီး စန်းစန်းဝင်းမှသည် နေခြည့်ဆည်းဆာဟု အမည်ပြောင်းကာ သူ့ကိုယ်သူ လည်လှပြီ… သူမ၏ 'ဖြားယောင်းမှု' အောက်မှာ အဘိုးကြီးတွေ မလှုပ်သာ မရုန်းသာအောင် မိသွားရမည်ဟု သူ့ကိုယ်သူ အထင်ကြီးနေသော မိန်းကလေးစားမျိုး ဖြစ်ပေသည်။

ငွေကြေးနှင့် အတွေ့အကြုံ ပြီးပြည့်စုံပြီးသား ဦးသူရိန်လို မဟာ ဥစ္စာကြီးရှင်ကိုမှ သွားပြီး စိန်ခေါ်လိုက်သည့် နေခြည်ရယ်…

"မစန်းစန်းဝင်း ခေါ် မနေခြည်ဆည်းဆာ"

အမျိုးသမီးရဲဝန်ထမ်းက အမည်ခေါ်ပြီး လက်ထိတ်ခတ် လိုက်သည်။

ရှေ့မှာစစ်နေသော တစ်မှုပြီးလျှင် နေခြည့်အလှည့်…

"အစ်ကိုကျော်စွာရယ် နေခြည့်ကို မကယ်နိုင်တော့ဘူးလား ရှင်… နယ်ကနေ ခြည့်မိဘတွေ သိရင်လည်း… ရှက်တာနဲ့ သေကုန်ကြ မှာ… နေခြည့်မိဘကို ခြေစုံကန်ပြီး ကိုယ့်ခြေပေါ် ကိုယ်ရပ်ပြမယ်… ဘဝ တိုးတက်ချမ်းသာရမယ်ဆိုတာတွေအားလုံး… ရေထဲမျော ပြောင်းထဲရောက်ကုန်ပါပြီရှင်…"

"မနေခြည်… လုပ်တုန်းကလုပ်ပြီး ခုမှ ငိုပြမနေနဲ့… လာ သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲ၏ အမြင်ဥပဒေ၏ ရှုထောင့်မှာဖြင့် နေခြည်သည် အနု
ကျူးလွန်သူ တရားခံမ။

မူးယစ်ဆေးဝါးသုံးစွဲရန် သို့မဟုတ် ရောင်းချရန်အလို့ငှာ လက်
ဝယ်ထားရှိသူအဖြစ်နှင့် လက်ပူးလက်ကြပ် မိထား၍ လွတ်နိုင်စရာ
လမ်းမရှိ...

သူ့ကိုလာပြီး ခြိမ်းခြောက်သည့် ကောင်မလေးကို ဆယ်နှစ်
လောက် လုံခြုံသည့်နေရာသို့ ပို့ထားနိုင်သော ဦးသုရိန်၏ လုပ်ဆောင်
ချက်က ပီပြင်လွန်းလှပါချေသည်။

ကျော်စွာအပေါ် ပုံချဖို့ သူစိတ်ကူးစီစဉ်သည့်နေ့က ကျော်စွာ၏
ပြတ်သားမှုကို သူသိခွင့်ရလိုက်ပြီးသည်နှင့် တစ်ချိန်တည်းမှာပင်...

နူးညံ့ညင်သာစွာ... ချက်ချင်း အကွက်လှည့်ပစ်လိုက်နိုင်သော
ဦးသုရိန်ပါတကား...

ကျော်စွာသည်ပင်လျှင် ထိုနေ့က... သူ၏ဟန်ဆောင်နိုင်ခြင်း
အတတ်ပညာကို သက်ဝင်ယုံကြည်စွာဖြင့် လေးစားကြည်ညိုစိတ်များ
တောင် ဖြစ်ထွန်းလိုက်ပါသေးသည်။

ယခုကိစ္စမှာလည်း ထိုတည်းခိုခန်း အမှတ် ၁၀၃ မှာ နေခြည့်ကို
ပို့ထားပြီး သူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ လှမ်း၍ သတင်းပေးလိုက်
ခြင်းဖြစ်မည်။ နိုင်ငံခြားဖုန်းတွေက အရင်လို 'ကွိ'ဆိုသောအသံ
မမြည်ဘဲ တိုက်ရိုက်ဝင်လာသည်မှာ ကြာပြီ။

နေခြည်နှင့်သူ ဘယ်တုန်းကမှ ဘာမှ မသက်ဆိုင်ခဲ့သော်လည်း
နေခြည့်ကို တွေ့ဆုံပြီးချိန်မှာ ကျော်စွာ အိပ်၍မပျော်နိုင်လောက်အောင်
ပင် ရင်ထဲ၌ နာကျင်ခံစားနေမိသည်။



မိဘဆွေမျိုးများ၏ အုပ်ထိန်းမှုအောက်မှ ထွက်လာကာ
တွေ့အကြုံဆိုသော အတောင်မစုံခင် အမြင့်သို့ ပျံချင်ကြသော
ငယ်မလေးများ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့သည့်အဖြစ်မျိုး ဒီနေ့
တ်မှာ ဘယ်လောက်များများ ရှိနေကြပြီလဲ။

✵

"ဟဲ့...သားရယ် မင်္ဂလာဆောင်ကာနီးမှ အလုပ်ထွက်မယ်
တ်လား"

ကျော်စွာ ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုမလုပ်ရဘူးလေ သားရဲ့၊ ကိုယ့်ဆရာက ကိုယ့်ပေါ်
လောက်ကောင်းတာ... ကျေးဇူးမကန်းကောင်းဘူး... မင်္ဂလာစရိတ်
ာင် ထုတ်လို့ရပြီဆို"

"ကျွန်တော် သူ့ဆီက ဘာမှ မလိုချင်တော့ဘူးအမေ"

"ဘာဖြစ်ကြလို့လဲကွယ်"

"ကျွန်တော်နဲ့ဘာမှ မဖြစ်ပါဘူး"

"ကိုယ်နဲ့ ဘာမှမဖြစ်ရင် အလုပ်မထွက်ပါနဲ့သားရယ်၊ အမေတို့
လည်း အငယ်ကောင်အလုပ်က ဒီလောက်ရတာမဟုတ်ဘူး၊
ားကြီးလုပ်စာနဲ့ စားနေရတာ... ဦးသုရိန်ရဲ့ ကျေးဇူးက သိပ်ကြီး
ယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးမဟုတ်ဘူး... အဆိပ်တွေ အမေရဲ့... ကျွန်တော်လည်း ဘယ်တော့ အဆိပ်သင့်မလဲ မသိဘူး"

"ဘာ... ဘာပြောတယ်"

"တော်အမေ...ကျွန်တော့်ကို ဘာမှ ထပ်မမေးပါနဲ့"

"အမေသိချင်တယ်သား"

"ကျွန်တော်မပြောနိုင်ဘူးအမေ"

ဘယ်တုန်းကမှ ဒီလို တင်းတင်းမာမာ မပြောဘူးခဲ့သော ကျော်စွာ၏အသံက ဒေါသဖြင့် ခက်ထန်နေသည်။ ခံပြင်းမှုကြောင့် မာကြောနေသည်။ ရွံမုန်းမှုကြောင့် တင်းမာနေတော့သည်။

ဦးသူရိန် နိုင်ငံခြား သွားနေသည်။

ပြန်လာတော့လည်း နိုင်ငံခြားဧည့်သည်များ ပါလာ၍ အလုပ်ရှုပ်နေ၏။ ကျော်စွာ အလုပ်ထွက်ဖို့ကိစ္စ မပြောဖြစ်သေး။

စိတ်ကြီး၍ တာဝန်ကျေတတ်သော ကျော်စွာသည် ဦးသူရိန်နှင့် ထိပ်တိုက် မတွေ့ဆုံမီအထိ အလုပ်တာဝန်ကျေပွန်ရန် ကြိုးစားဆဲပင်

တစ်နေ့ အလုပ်ကအပြန် ရန်ကုန်ဆေးရုံကြီးရှေ့တွင်...

နွမ်းလျပုံစံဖြင့် ဆွဲခြင်းလေးတစ်လုံး ဆွဲကာ ဘတ်စ်ကားစောင့်နေသော ဒေါ်သင်းသင်းဝေနှင့် သမီးငယ်လေး နှင်းမာ-

ကျော်စွာ သူတို့နား လျှောက်သွားပြီး...

"အန်တီသင်းနဲ့ ညီမလေးတို့ပါလား ဘယ်ကပြန်လာကြတာလဲ၊ ဒါမှမဟုတ် ဘယ်သွားကြမလို့လဲ"

"မောင်ကျော်စွာပါလားကွယ်"

"ဟုတ်တယ်... ကျွန်တော် မရောက်တာတောင် ခုနစ်လ ရှိစ



လောက် ရှိပြီထင်တယ်။ ဆရာက သူကိုယ်တိုင်သွားမယ် ဆိုလို့ပါ... ဦးလေး ဦးအေးဝင်းရော နေကောင်းရဲ့လား..."

"ဖေဖေဆေးရုံမှာ အစ်ကိုကျော်စွာရဲ့"

"ဟင်"

"ဦးသူရိန်နဲ့ မတွေ့တာတောင် ငါးလလောက်ရှိပြီ...။ အန်တီသင်းတို့ အခု တိုက်ပေါ်က ဆင်းပေးလိုက်ရပြီ... အားလုံး လက်သာကိုယ်ကျွတ်ပါပဲ... ခု မင်းဦးလေးလည်း နှလုံးရောဂါ ဌာနမှာ တင်ထားရတာ နှစ်ပတ်ရှိနေပြီ"

"ဟာ... ဘယ်လိုဖြစ်ကြရတာလဲဗျာ"

• • •

www.burmeseclassic.com

www.burmeseclassic.com

ကိုးလခြောက်သည်အထိ... ဦးအေးဝင်းတို့အတွက် အတိုး
ကိုးသိန်း၊ ဆယ်သိန်းက မှန်မှန်ရနေခဲ့သည်။ ကျော်စွာက လေးကြိ
လေးလတိတိ သွားပို့ပေးရင်း ရိုးသားချစ်စရာကောင်းလှသော မိသား
နှင့် အလွန်ခင်မင်ရင်းနှီးသွားကြောင်း ဦးသူရိန် သိသွား၍ဖြစ်မည်
နောက်ပိုင်းမှာ ကျော်စွာ သွားမပို့ရတော့ပါ။

"သူငယ်ချင်း မင်းထည့်ထားတဲ့ရှယ်ယာနဲ့ ငါလုပ်ထားတ
ငါးမွေးမြူရေးလုပ်ငန်းက ငါးသားတွေပေါက်ပြီး ငွေတွေ ဖွေးခနဲ ရလာ
ရင်... သီးသန့် ပိုပေးဦးမှာပါ"

ဦးအေးဝင်း သက်ပြင်းချသည်...။

"ငါ့ငွေက မင်းရဲ့ တစ်ခြားလုပ်ငန်း... ဥပမာ ဆောက်လုပ်ရေး
မှာပဲဖြစ်ဖြစ် သုံးလို့ မရဘူးလားကွာ"

"ဘာဖြစ်လို့လဲ"

"ငါ အကုသိုလ်ကြောက်လို့"

"အကုသိုလ်"

"အေးလေ"

'သားတိုး'ဆိုသော လုပ်ငန်းကို တရားသမား လူအေးကြ
ဦးအေးဝင်း ကြောက်သည်။



"ကိုယ်ကိုယ်တိုင် သတ်ရတာမှ မဟုတ်တာဘဲ၊ ဒါတွေ စိတ်ထဲ ထားမနေနဲ့၊ သူကမှ ဆွဲလွယ်နပ်လွယ်... ဆောက်လုပ်ရေးက အခု သိပ်မလွယ်ဘူး ဆောက်ပြီးသား ကွန်ဒိုအခန်းတွေတောင် ရောင်းမထွက်လို့ ငွေမြုပ်နေတယ်... အဲဒီမှာ မင်းရှယ်ယာထည့်ရင် လုံးဝ ငွေမြုပ်နေမှာ..."

စိတ်မချမ်းသာသော်လည်း ခေါင်းညိတ်လိုက်ရပါ၏...

ဇနီးနှင့် သမီးလေးကဖြင့် လစဉ် သိန်းချီရနေ၍ ပျော်နေကြရှာသည်...။ တစ်လတွင် အတိုးသွားပေးသော ဒေါ်သင်းသင်းဝေ ပြန်အလာတွင်

"အပေါင်ခံထားတဲ့ ဦးထင်ကျော်ဆိုတဲ့လူက မျက်နှာသိပ်တင်းတာပဲ ငွေတစ်ရက်လေး နောက်ကျတာကို သည်းမခံနိုင်တဲ့ ပုံစံမျိုးကြီးနဲ့"

"တို့လည်း သူရိန်ဆီကရတဲ့နေ့ အတိုးသွားပေးတာပဲလေ၊ သူတို့ချင်း ပြောပေးဖို့ ပြောကြည့်ရမှာပဲ..."

"ကြည့်ရတာ သိပ်ခင်ပုံလည်း မရပါဘူး"

"စီးပွားရေးသမားဆိုတာ ဒီလိုပဲထင်ပါရဲ့၊ ပြောတော့ ကြည့်ရမှာပေါ့"

ဦးထင်ကျော်က အတိုးမမှန်ရင် မကြိုက်ကြောင်း ဦးသူရိန်ကို ပြောမိသော ဦးအေးဝင်းသို့–

"ငါ့ဘက်က နောက်ကျလည်း မင်းတို့ ခဏစိုက်ပေးထားပေါ့ ဒီလူက သိပ်တိကျတာ၊ အလုပ်ကို စနစ်တကျ လုပ်တာ ငါနဲ့သိတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်မကြာသေးဘူး မင်းတို့အဆင်ပြေအောင် လုပ်ပေးရတာ လေ... ငါ့မှာလည်း တချို့လုပ်ငန်းတွေ အရှုံးပေါ်နေလို့ စိတ်ညစ်နေ ချိန်မှာ... လာပြီး နားမပူစမ်းပါနဲ့ကွာ..."

အရင်လို မျက်နှာထားမျိုး မဟုတ်တော့ပါ...

ဦးအေးဝင်း စိတ်လေးစွာ ပြန်လာရသောနေ့ကတည်းက ရင်ထဲ မောဟိုက်ပမ်းလျနေသည်။

နောက်တစ်လ... ငွေပို့ခိုင်းပြီး နက်ဖန် သူ့ဆီလိုက်လာခဲ့ ကားလွှတ်လိုက်မည်ဟု မှာကြားလိုက်သဖြင့် ဦးအေးဝင်း လိုက်သွား သောအခါ... သူ့ကို ပထမပြသော ရေဝတီတိုင်းအတွင်းမှ ငါး မွေးကန်ကို လက်ညှိုးညွှန်ပြီး–

"ကဲ...မင်းမြင်တဲ့အတိုင်းပဲ"

ငါးဖြူဖြူတွေက ရေပေါ်မှာ ပေါ်လောမျောနေ၏။

"အဲဒါဘာလဲ"

"ငါးတွေသေကုန်ပြီလေ။ တို့ရှုံးတာမှ ခွက်ခွက်လန်ပဲ၊ မင်း မယုံမှာစိုးလို့ ငါခေါ်ပြတာ"

"မင်းကိုယုံလို့ ငါအားလုံး ပုံထားတာပဲ အဲဒီတော့ ငါ ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ ဘာမှလုပ်လို့မရတော့ဘူး၊ ရှုံးပြီ အားလုံး ဆုံးပြီ အေးဝင်း"

အမှန်တကယ်လည်း ဤငါးမွေးကန်မှ ငါးကန်စောင့်သူ တာဝန်မကျေမှုကြောင့် ငါးတွေ ရောဂါရပြီး သေကုန်တာ ဖြစ်နိုင်သော် လည်း...



"သူရိန်... သူငယ်ချင်း... ဒီကိစ္စက ငါနဲ့မဆိုင်ဘူးထင်တယ် "

"ဘယ့်နဲ့ မဆိုင်ရမှာလဲ မင်းပဲ ကူညီပါဆိုလို့ ငါကိုယ်တိုင် ပ်ပေးခဲ့ရတာလေ... လစဉ်ရနေတုန်းကတော့ မင်းတို့မိသားစု လို့... စီးပွားရေးလုပ်တယ်ဆိုတာ... အရှုံးအမြတ်ရှိတယ် အေးဝင်း"

"ဒါပေမယ့် ဒီငါးကန်ထဲ ထည့်ပါလို့ ငါမပြောခဲ့ပါဘူး... သာမင်း လုပ်တာလေ"

"ဟုတ်တယ်... ငါလုပ်ပေမယ့် မင်းအတွက် လုပ်ပေးခဲ့တာလေ းက နည်းနည်းလေးရှုံးတာပါ အေးဝင်းရာ... ငါ့လုပ်ငန်းတွေ တော့ သိန်းထောင်နဲ့ချီပြီးရှုံးတာတွေလည်း ရှိတယ်ကွ"

"ဘာပဲဖြစ်ဖြစ် သူငယ်ချင်းရယ် ငါတို့မိသားစုကိုတော့ ငဲ့ပါဦး ... ဒီအတိုးတွေ ငါ လစဉ် ဘယ်လိုဆပ်ရမှာလဲ"

"မင်းဘာသာ ဘယ်လိုဆပ်ဆပ်ပေါ့"ဆိုသော အကြည့်မျိုးနှင့် ည့်ပြီး လမ်းခွဲလိုက်ကြသည်။

သည့်နောက် ဦးအေးဝင်းကို ဦးသူရိန် အတွေ့မခံ။

အထပ်ထပ်အခါခါ သွား၍ တွေ့အောင် စောင့်ပြီးချိန်မှာ သိန်း ဆယ် ထုတ်ပေးသည်။

"ဒါ နောက်ဆုံးကူညီခြင်းပဲ"ဆိုပြီး အပြတ်ပြောလွှတ်လိုက် သည်...။

"စိတ်တော့ မကောင်းပါဘူး၊ ဆရာဦးထင်ကျော်က သိပ်ကျ အတိုးသုံးလတိတိ မပေးနိုင်ရင် အိမ်အပ်ရပါလိမ့်မယ်။ ကျွန်တော် သူ့ရှေ့နေပါ... စာချုပ်ထဲမှာ အတိအကျ ချုပ်ထားတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လအတွင်း ဒီအိမ်ကို အပြီးအပိုင် လွှဲပြောင်းပေးရပါ့မယ်... ကြိုတင်စီစဉ်ထားနိုင်အောင် လာပြီးပြောတာပါ"

ဆိုသည့်နေ့က ဇနီးနှင့် သမီးလေးနှစ်ယောက်၏ မျက်ရည်များက ဦးအေးဝင်း၏ နှလုံးသားကို ရေနွေးပူနှင့် အထပ်ထပ်အခါခါ လောင်းချခြင်းခံနေရသလိုပါ...။

ပင်ကိုယ်က ရောဂါအခံရှိနေသော ဦးအေးဝင်းမှာ နှလုံးရောဂါဖြင့် အိပ်ရာထဲ ဘုံးဘုံးလဲပါလေတော့သည်။

ယခု...

မေတ္တာညွန့်ဆိုသော ရပ်ကွက်ငယ်လေးတွင်းမှ တိုက်ခန်းတစ်ခုတွင်... နှစ်ချပ်နှင့် ခေတ္တခိုနားနေကြရသည်။ အချိန်စေ့လျှင် ဘယ်ပြောင်း၍ ဘယ်လိုနေကြရမည်မသိနိုင်သေး။

ဦးအေးဝင်းမှာ စိုးရိမ်ဖွယ် အခြေနေမျိုးနှင့် အဆောင် ဆယ့်ကိုးနှစ်ဆယ်ဆိုသော ရန်ကုန်ဆေးရုံကြီး၏ နှလုံးရောဂါဌာနတွင် တက်ရောက်ကုသနေရဆဲဖြစ်သည်။

နောက်ဆုံးသတင်းမှာ...

ဦးအေးဝင်းနှင့် ဒေါ်သင်းသင်းဝေတို့ မြတ်နိုးစွာ ပိုင်ဆိုင်ခဲ့သော သမီးလေး ဝင်းမာနှင့် နှင်းမာတို့ ပျော်ရွှင်စွာ ကြီးပြင်းခဲ့ကြသော ကျောက်ကုန်းမှ ခြံမြေကို အုတ်တံတိုင်းအသစ်ခတ်ပြီး တိုက်ကလေးကို ဆေးသုတ်ပြုပြင် အလှဆင်နေကြသူများမှာ...

ဦးသူရိန်ကိုယ်တိုင် ဦးစီးပြီး သူ၏တပည့်များနှင့် အလုပ်သမားများ ဖြစ်နေကြောင်း ကျော်စွာ သိရှိလိုက်ရပြီးချိန်မှာ...

✸



"ဦးသူရိန်က ဘယ်သွားတာလဲ"

"မသိဘူးလေကွာ"

မန်နေဂျာ "ဦးမြတ်သူ"က ကျော်စွာကို မမြင်ဘူးသူတစ်ယောက်သို့ လှမ်းကြည့်ပြီး...

"မင်းဘာဖြစ်နေတာလဲ"

"ဦးသူရိန်နဲ့ တွေ့မှဖြစ်မယ်...ပြီးရင် ကျွန်တော် အလုပ်ထွက်တော့မလို့"

"အရေးထဲ မင်းကလည်းတစ်မျိုး...ဒါနဲ့ မိန်းမယူတော့မလို့ဆို"

"အဲဒါက တစ်ပိုင်းပါ"

"ဒီမှာကျော်စွာ မင်းဘာပဲဖြစ်ဖြစ်...အရေးကြီးတဲ့ကိစ္စတစ်ခုဆါလာလို့ မင်းဒီနေ့ပဲ ချောင်းသာသွားပါ... ငွေသွားပို့ရမယ်"

"ကျွန်တော် မသွားချင်တော့ဘူးဆရာ"

"ငွေက နှစ်ဆယ့်ငါးသိန်းတောင် မင်းပို့ပေးမှ ဖြစ်မှာမို့ သွားစမ်းပါကွာ... ငါလည်း ဒီမှာ ခေါင်းခြောက်နေတယ်"

မန်နေဂျာနှင့်က ဆရာတပည့်အဖြစ်နှင့် ရှစ်နှစ်တာမျှ လက်တွဲခဲ့ကြ၍ လေးစားစွာ ရင်းနှီးကြပြီးသားမို့ ငြင်းရမလား တစ်ခါတည်းအပြတ်ပြောပြီး အလုပ်ထွက်လိုက်ရမလားဟု ကျော်စွာ ဝေခွဲ၍မရသေးသဖြင့် မန်နေဂျာ၏ အခန်းတွင်းမှ စာရေးမလေး စားပွဲရှေ့မှာ ရပ်လိုက်ပြီး

"ဦးသူရိန် ဘယ်အချိန်လာမလဲ သိလား"

"ဒီနေ့ မလာဘူးထင်တယ် ခရီးထွက်မယ်ပြောတာပဲ"

"ဘယ်ကိုတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြင်ဦးလွင်ပဲ ဖြစ်မှာပေါ့"

"သူဘယ်တော့ ပြန်လာမလဲ သိလား"

"လေယာဉ်နဲ့သွားမှာပဲ ကြာလှ သုံးလေးရက်ပေါ့"

"ကိုကျော်စွာကြီး ဘာဖြစ်နေတာပါလိမ့်... ဆရာ့ကိုများ "ဦးသူရိန်တဲ့" "သူ"တဲ့ ဟူသော အပြောဖြင့် ကြည့်နေကြောင်း ကျော်စွာ သိသည်။

ညည်ဘက် ပြန်အလှည့်မှာ မန်နေဂျာ၏ စားပွဲပေါ်၌ ထောင် တန် ၂၅ အုပ် ငွေနှစ်ဆယ့်ငါးသိန်းက အသင့်။

"ကျွန်တော့်လခ ထုတ်လို့ရမလား"

"လကုန်ဖို့ သုံးရက်တောင် လိုသေးတယ်လေ... မင်းလိုချင်ရင် ကြိုတင်ငွေအဖြစ် ထုတ်သွား၊ လခကတော့ ထုံးစံအတိုင်း လကုန်မှ ပေးလို့ရမှာပေါ့ကွာ"

"ရတယ် ချောင်းသာက ပြန်လာမှ ဦးသူရိန်နဲ့ မျက်နှာချင်းဆိုင် ဆုံပြီး လခလည်းထုတ်၊ အလုပ်လည်းထွက်"

ကျော်စွာတစ်မျိုး ဖြစ်နေသည်ဟု... ဦးမြတ်သူ ထင်ပုံရသော် လည်း သူကိုယ်တိုင်လည်း အလုပ်များနေ၍ ဘာမှမပြောဖြစ်လိုက်...

ကျော်စွာ ငွေသိန်းအစိတ်ကိုယူ၊ စိတ်ချရသော လိုင်းကားနှင့် သွားပြီး ပြန်လာမှ ဤပြဿနာကို ဖြေရှင်းလျှင်လည်း ဖြစ်ရဲ့သားနဲ့

သူ့အတွက် လုံးဝမဟုတ်ပါပဲနှင့်

သူနှင့်လည်းမသက်ဆိုင်ပါဘဲနှင့်

နေခြည့်အတွက်

ဦးအေးဝင်းတို့ မိသားစုအတွက်



ကြားထဲကနေပြီး အကြီးအကျယ် စိတ်တွေလှုပ်ရှား ပေါက်ကွဲ သဖြင့် ကျော်စွာ အဆင်ခြင်မဲ့စွာ စာတစ်စောင်ရေးပြီး ဦးသူရိန်၏ ပွဲပေါ်မှာ အာဂျင်တာ(Urgenta)ဆိုသော အမြန်အရေးကြီးသည့် တွဲထိပ်မှာ ညှပ်ပစ်ခဲ့သည်။

ဦးသူရိန် ခရီးက ပြန်လာလာချင်း ဤစာကို တွေ့စေရမည်။

မခံချင်စိတ်ပြင်းပျတတ်သော၊ မဟုတ်လျှင် မခံလိုသော ယ်တို့၏မာန်ဖြင့် ဆင်ခြင်ခြင်း ကင်းမဲ့စွာ ရုတ်တရက် ဆုံးဖြတ်ပြီး ခဲ့သော 'စာ'သည် ကျော်စွာအတွက် ကြီးကျယ်သော ကြမ္မာငင်မှုကို ထွန်းစေခဲ့ရပြီး...

**ဦးသူရိန်**

တစ်ခြားယုတ်မာမှုတွေတော့ ကျွန်တော် မသိဘူး

ဦးစိုင်းလုံကိစ္စကထား

နေခြည့်ကို အထဲသို့ ပို့ထားတာရယ်

ဦးအေးဝင်းတို့ မိသားစုဘဝပျက်သွားရတာရယ်

အတွက်တော့

ကျွန်တော်နဲ့ စာရင်းရှင်းမယ်...

**ကျော်စွာ**

❋

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ ပုသိမ်ကားစီးရသည်မှာ သက်တောင့်သက်သာရှိလှသည်။ နှစ်ခုံတွဲမဟုတ်ပါဘဲ… ဘေးနှစ်ခုံ… အလယ်တစ်ခုံ… သီးခြားစီ တည်ဆောက်ထား၍ ကားထဲမှာ လူသွားရန် နှစ်လမ်းပါရှိသည်… ကားထဲမှာပင် အိမ်သာပါရှိပြီး ထိုင်ခုံများထက် နိမ့်သောနေရာမှ လှေကားငါးထစ်လောက် ဆင်းရသည်။ ဘိုထိုင်နှင့် တံခါးနှင့်ရေနှင့် စက္ကူလိပ်ကအစ ကျကျနန စီစဉ်ထားသည်။ လမ်းကလည်းကောင်း၍ စီးရသည်မှာ ငြိမ့်နေ၏…။ လမ်းမှာမရပ်ပါ… သုံးနာရီသာကြာ၏။

ကျော်စွာ စီးလာသောကားက ပုသိမ်မှာ လမ်းဆုံးသည်။ ပုသိမ် ချောင်းသာကားပြောင်းစီးရပြီးနောက်မှာ ကျော်စွာ သွားရမည့်နေရာသို့ ရောက်လာခဲ့ပါပြီ။

ချောင်းသာရှိ မွေးမြူရေးလုပ်ငန်းအတွက် အမှန်တကယ် လိုအပ်သော ငွေဖြစ်လေသည်…။ ဤသို့ ငွေကြေးကိစ္စ အရေးကြီးလာလျှင် ကျော်စွာကိုသာ ခိုင်းနေကျ။ ကျော်စွာက သစ္စာရှိသူလေ…

"မင်း ခုညနေပဲ ပြန်မှာလား"

"ဒီအချိန်ရောက်မှ ဘယ်လိုလုပ်ပြန်လို့ မီတော့မှာလဲ"

"ဒါဆို ကိုညိုကြီးဆီမှာပဲသွားအိပ်၊ ငါ အုန်းပင်ရွာဘက်သွားပြီး ငွေချေလိုက်ဦးမယ်… ငါလည်း ဟိုမှာပဲ အိပ်ရမယ်"

"ကျွန်တော် နက်ဖန်အစောကြီး ထပြန်မှာ… ခင်ဗျားနဲ့ တွေ့တော့မှာ မဟုတ်ဘူး"

"အေးကောင်းပြီ ကျော်စွာ"

ကိုလှထွန်းနှင့် ခဏစကားပြောပြီး သူ မော်တော်ဆိုင်ကယ်နှင့် ထွက်သွားပြီးနောက်မှာ… ချောင်းသာ၏ မြောက်ဘက်စွန်းရှိ နေမင်းသူရိန်မိုင် ကုမ္ပဏီ၏ ဧည့်ဂေဟာရှိရာသို့ ကျော်စွာ ရောက်လာခဲ့သည်။



ထိုဘန်ဂလိုက တည်းခိုရိပ်သာ မဟုတ်ပါ…။ နိုင်ငံခြားဧည့်သည်များ ကုမ္ပဏီမှ အဆင့်မြင့်ဝန်ထမ်းများ ကိစ္စရှိလျှင် တည်းခိုဖို့ တည်ဆောက်ထားခြင်းဖြစ်၏။ ကျော်စွာလည်း တည်းခိုခွင့်ရှိပါ၏။

ကျော်စွာသည် ကမ်းခြေအတိုင်း စိတ်အေးလက်အေး လျှောက်လာပြီး ဘန်ဂလိုအစောင့် ကိုညိုကြီးထံမှာ သော့တောင်းသည့်အခါ…

"ဖွင့်ထားတယ်လေ… သွားလိုက်"

ခါတိုင်း သူလာလျှင် ပြုံးရွှင်ဖော်ရွေစွာ ကြိုဆိုနေကျ ဦးသူရိန်၏ သစ္စာရှိလူယုံကြီး ဦးညိုကြီးက အပြုံးမပါသောမျက်နှာနှင့် သူ့ကို အဖြေပေး၏။

"ကိုညိုကြီး မျက်နှာက တစ်မျိုးပဲ ဘာဖြစ်နေတာပါလိမ့်"

ဟုလည်း ခပ်ထင့်ထင့်နှင့်ဝင် ဘန်ဂလိုထဲ ဝင်လိုက်သည်။

ဧည့်ခန်းထဲမှ ဆိုဖာပေါ်တွင် အခန့်သား ထိုင်နေသူက…

"ဦးသူရိန်"

"ဟုတ်တယ်… ငါပဲ ထိုင်ပါဦး ကျော်စွာ"

"ဆ…ဆရာက… ပြင်ဦးလွင်သွားမှာဆို"

ဦးသူရိန်ကို ရုတ်တရက်ကြီး မြင်လိုက်ရသဖြင့် ကျော်စွာ လန့်ဖျတ်သွားသည်။

"ဆရာဒီကိုလာမယ်ဆိုရင် ကျွန်တော့်ကို ဘာလို့ ငွေပို့ခိုင်းရတာလဲ"

"ငါက ရုတ်တရက် ကိစ္စပေါ်လာလို့ပါ"

ဦးသူရိန်၏မျက်နှာ နီမြန်းနေသည်။ သူလည်း စိတ်လှုပ်ရှားနေပုံရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ ပေါ်လာလို့လဲ... ဆရာ ရုံးဝင်ခဲ့သေးလား"

တကယ်တန်း ရင်ဆိုင်တွေ့ရတော့လည်း ကျော်စွာ ရှိန်သွားသည်။ သွေးလည်ပတ်နှုန်းတွေ မြန်လာသဖြင့် တစ်ကိုယ်လုံး ရှိန်းနွေးလာသည်။

"သူ့ကို ထိုင်ခိုင်းလိုက်ပါညီကြီး"

သူ့နောက်မှာ ကိုညီကြီးရှိနေမှန်း ကျော်စွာမသိ။

ကိုညီကြီးက ထမင်းစားခန်းမှ ကုလားထိုင်၊ သူ့နောက်မှာ ချထားပြီးသား ကုလားထိုင်က... ကျောမှီနောက်မြင့် လက်တန်းမပါ... ကျော်စွာ ထိုင်ပြီးသည်နှင့်...

"ဟင်... ခင်ဗျား... ခင်ဗျား ဘာလုပ်တာလဲ ကိုညီကြီး"

သူ့ကို နောက်မှ သိုင်းဖက်ပြီး ကုလားထိုင်ကျောမှီနှင့် သူ့ခန္ဓာကိုယ်ကို ခိုင်မြဲစွာ နိုင်လွန်ကြိုးဖြင့် ရစ်ပတ်တုတ်နှောင်လိုက်သည်။

"ခြေထောက်ပါ တုတ်လိုက်ညီကြီး... ဒီကောင်ကို လွှတ်ထွက်လို့ မရဘူး"

"ခင်ဗျား...ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ...ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ ခင်ဗျားတို့လုပ်တိုင်း ငုံ့ခံမယ့်ကောင်မဟုတ်ဘူးနော် ဦးသူရိန်"

"သိပါတယ်ကွာ သိပါတယ်"

"နေစမ်းပါဦး... ဒီမှာ ကျုပ်ကို ဘာလုပ်ကြမလို့လဲ"

ဦးသူရိန်က သူ့ကိုကျော်၍ ညီကြီးကို လှမ်းကြည့်ကာ

"ဒီထက်ပိုပြီး ခိုင်အောင်လုပ်စမ်း ညီကြီး၊ ဒီကောင် ရုန်းတော့ ကုလားထိုင်က ရွေ့နေတယ်... ပြီးတော့ တံခါးတွေအားလုံးပိတ်။ မင်းအပြင်ကစောင့်နေ"



ကိုညီကြီး ထွက်သွားချိန်မှာ ဦးသူရိန်က သူ့အိတ်ဇစ်ကိုဖွင့်ပြီး စာတစ်ရွက်ကို ထုတ်၍ ဖြန့်ပြကာ

"ဒါ မင်းရေးခဲ့တာ မဟုတ်လား"

"ဟုတ်တယ် ခင်ဗျား ယုတ်မာခဲ့တာတွေ......"

"အဲဒါတွေက မင်းနဲ့ ဘာဆိုင်လို့လဲ မင်းအပေါ် ငါတစ်ခါမှ ကောက်ကျစ်ခဲ့ဘူး။ အမြဲ ပံ့ပိုးပေးခဲ့တယ်။ လခတွေ တိုးပေးခဲ့တယ်"

"ကျွန်တော် ရခဲ့တဲ့ ငွေတွေဟာ ခင်ဗျား သူများပေါ်မှာ ပက်စက်ယုတ်မာပြီးမှ ရခဲ့တဲ့ ငွေတွေလေ"

"အဲဒါတွေက မင်းနဲ့ ဘာမှမဆိုင်ဘူးလေ၊ ဒါတွေက ငါ့ရဲ့ စီးပွားရေးကိစ္စတွေကွ"

"ဘာစီးပွားရေးလဲ ဦးစိုင်းလုံဆီက သိန်းတစ်ထောင် 'ဘာတ်'တာက အရေးမကြီးဘူးထား ဦးအေးဝင်းတို့ မိသားစုလေးယောက် ဆုတ်ပြတ်သတ်သွားအောင် ဘာလို့လုပ်ရတာလဲ။ ပြီးတော့ နေခြည့်ကို ဘာလို့ ခင်ဗျား ထောင်ထဲပို့ရတာလဲ"

"သူတို့ထဲမှာ မင်းဆွေမျိုး တစ်ယောက်မှ မပါဘူး... ငါက စပြီးလုပ်တာ တစ်ခုမှမဟုတ်ဘူး... သူတို့ကစပြီး ငါ့ရဲ့ဘဝထဲ ငါ့ရဲ့ စီးပွားရေးထဲကို ဝင်လာကြတာ"

"ခင်ဗျားရဲ့လုပ်ကွက်က ရက်စက်လွန်းလို့"

"အဲဒါတွေ မင်းနဲ့ဘာမှမဆိုင်ဘူး"

"ဒါပေမယ့် ကျော်စွာဆိုတဲ့ကောင်က မခံချင်တတ်ဘူး မဟုတ်တာမြင်ရင် ကြည့်မနေနိုင်ဘူး၊ အမှန်တရားကို မြတ်နိုးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုးက ရုပ်ရှင်ထဲမှာ ဇာတ်လိုက်မင်းသားပြောတဲ့ စကား မျိုးတွေပါကျော်စွာ… ကဲ… ကောင်းပြီ… နေခြည့်ကိစ္စ၊ အေးဝင်းကို မင်းသိပြီး မင်းငါ့ကို ဘာလုပ်မလဲ"

"ခင်ဗျားကို လုပ်ဖို့ထက် အခု ကျွန်တော့်ကို ဘာလုပ်မေး ဆိုတာ အရင်ပြော"

"မင်းပဲ စာရေးခဲ့တယ်လေ… မင်းကငါနဲ့ စာရင်းရှင်းမယ်ဆို ဘယ်လိုပုံစံနဲ့ ရှင်းမှာလဲ။ ဘယ်လိုနည်းနဲ့ ရှင်းချင်တာလဲ"

"ဦးလေးဦးအေးဝင်းတို့တိုက်ကို ပြန်ပေးလိုက်ပါ။ ပြီးတော့ နေခြည့်ကို ထောင်ထဲက ထုတ်ပေးပါ"

"အဲဒီကိစ္စတွေက အားလုံး ဘောင်အတွင်းက ပြီးသွားပြီလေ"

"ခင်ဗျားလုပ်ခဲ့တာ မဟုတ်လား၊ ခင်ဗျားပြန်ပြင်ပေါ့"

"မင်းလိုအကောင်က ငါ့ကို ဒီလိုပြောစရာလား ကျော်စွာ ငါမလုပ်နိုင်ဘူးဆိုရင်ရော မင်းကငါ့ကို ဘာလုပ်မှာလဲ"

"ခင်ဗျားကို တရားပြန်စွဲမယ်"

"အဟင်း…ဟင်း… တကယ့်ကောင်ပဲကွာ… မင်းက ဘယ်ပုံ နဲ့ ငါ့ကို တရားစွဲမှာလဲ"

"တော်ဗျာ ဥပဒေအတိုင်း လုပ်လို့မရရင် ဥပဒေမဲ့လုပ်မယ်"

"မင်းဟာ ငါ့အတွက် အန္တရာယ်အပေးနိုင်ဆုံးကောင်ပဲဆိုတာ ငါနားလည်သွားပြီကျော်စွာ၊ မင်းကိုငါ ဆက်ဆွေးနွေးစရာ ဘာ အကြောင်းမှ မရှိတော့ဘူး"

ဦးသူရိန် ထိုင်ရာမှ ထပြီး… ဝီစကီတစ်ခွက်နှင့် ရေတစ်ခွက် သောက်သည်ကို သူမြင်လိုက်ရပြီး ဦးသူရိန် အပြင်ထွက်သွားသည်



ပြီးတော့ နှစ်ယောက် ပြန်ဝင်လာပုံရသည်။

သူတို့ခြေသံကြားပြီး စက္ကန့်ပိုင်းအတွင်းမှာပင် သူ၏ခေါင်းကို လေးလံမာကျောသော အရာကြီးနှင့် ရိုက်ချခြင်း ခံလိုက်ရသည်။ တစ်ဆက်တည်းမှာပင် ပူနွေးစေးထန်းသော သွေးများ-သူ့နောက် တစ်ပြင်လုံးသို့ စီးဆင်းသွယ်ကျလာကြောင်း ခံစားလိုက်ရပြီးနောက် မှာ…

လောကကြီးတစ်ခုလုံး မှောင်မိုက်ကာ သူလည်း လုံးဝ သတိလစ်လျက် ခေါင်းငိုက်ဇက်ကျိုးကျသွားခဲ့ပါပြီတည်း…

❋

"ဗွမ်း"

ဆိုသော အသံကြီးနှင့် အေးစိမ့်သော အထိအတွေ့… ငန်ခါး သော အရသာတို့ကို ခံစားပြီးချိန်မှာ ကျော်စွာ ပြန်လည်နိုးကြားလာ သည်။

သူရေထဲမှာ ရောက်နေပြီ…

ဟူသော အသိဖြင့် သူခြေခတ်လိုက်ချိန်မှာ ပြန်ပေါ်လာသည်။ အားကုန်ကူးခတ်သော်လည်း ပြန်ပြန်လန်ကျနေ၍ ရေဆန်ဖြစ်နေ ကြောင်း သိလိုက်ရသည်။ သူပြန်လှည့်လိုက်ချိန်မှာ ဒီရေက အရှိန် ပြင်းစွာ ကျဆင်းနေ၍ သူလည်း အဆီးအတားမဲ့ မျောပါသွားလေပြီ…

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက တစစ်စစ်ကိုက်ခဲပြီး တစ်ကိုယ်လုံး နာကျင်ပမ်း
နေသဖြင့် လက်ပစ်ကူးခတ်ရန် ကိုယ့်လက်ကိုပင်ကိုယ် မသယ်
တော့၍

"သွားပါပြီ"

ဆိုသော အားလျော့စိတ်နှင့် သူ့ဘဝပင်လယ်ပြင်ကြီးထဲမှာ
စုန်းစုန်းမြုပ်တော့မည်ဟု နောက်ဆုံး အားလျော့အသိ ဖြစ်
လာချိန်မှာ...

သူသည်... ရှည်မြောမာကျောသော အရာဝတ္ထုတစ်ခု
လက်တစ်ဖက်ဖြင့် လှမ်းဆုပ်လိုက်မိသည်ဟု သိလိုက်ရပြီးနောက်
ကျော်စွာပြန်လည် မေ့မြော... သတိလစ်သွားရပြန်လေပြီ...။

✵ ✵ ✵



"ရာဇဝတ်သားဖြစ်နေရင် ဘယ်လိုလုပ်မလဲ ကိုမြဆောင်"

"မဟုတ်နိုင်ပါဘူးကွာ၊ လူတစ်ယောက်ရဲ့အသက်ဆိုတာ
ဘယ်ကောင်းပါတယ်"

"ရှင်ကလည်း တံငါလုပ်နေပြီးတော့များ"

"တံငါက လူတွေစားဖို့ ငါးဖမ်းတာလေကွာ... ကပါ ရေနွေး
ချရင် ယူခဲ့စမ်းပါ"

တံငါသည်လင်မယားတို့၏ တဲလေးတစ်လုံးပေါ်မှာ သူ
ရောက်ရှိနေကြောင်း ကျော်စွာ သိလိုက်ရသည်။

တစ်ကိုယ်လုံး မီးတောက်နေသလို ပူခြစ်နေသော်လည်း
ကျောထဲက စိမ့်နေအောင်ချမ်း၏။ တစ်ကိုယ်လုံး နာကျင်နေပြီး
ခေါင်းကလည်း ကွဲထွက်မတတ် တစစ်စစ် ကိုက်ခဲနေ၏။

"နိုးပြီလား... ဟိုဘက်ခဏစောင်း... အနာရေဆေးပြီး ဆေးအုံ
အောင်"

အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ အသားမည်းမည်း၊
ဝဝ ဗလကောင်းကောင်းနှင့် ယောကျ်ားတစ်ယောက်၊ သူ့ဘေးမှာ
ပိန်ခြောက်ခြောက် မိန်းမတစ်ယောက်က ရင်ခွင်ထဲမှာ ကလေးကို
လျက်...

နောက်စေ့မှအနာကို ရေနွေးနှင့်ဆေးပြီး... မြန်မာဆေး...
ဆေးရွက်များ ကြိတ်ချေပြီး အုံမံပေးနေချိန်မှာ အသည်းခိုက်အောင်
လှသော်လည်း ကျော်စွာ အံကြိတ်ထားပါ၏...။

နောက် ကွမ်းရွက်ပြုတ်ရေနှင့် မြန်မာငန်းဆေးတစ်ထုပ်ကို
သောက်ရပြန်သည်။ ခဏကြာချိန်မှာ အမျိုးသမီးက ပန်းကန်ခောက်
ညစ်ညစ်ထဲမှာ ထမင်းရည်များ ဆားခပ်၍ ယူလာပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးသောက်... ကိုမြဲဆောင်က ထမင်းကျွေးလို့မရသေးဘူးတဲ့"

ထမင်းရည်ပူပူနွေးနွေးလေးသောက်လိုက်ရချိန်မှာ လှုပ်ဟားတုန်လှုပ်နေသော ရင်ထဲ နည်းနည်း ရှိန်းနွေးသွားသည်။ ကွမ်းရွက်ပြုတ်ရည်နှင့် ထမင်းရည်တို့၏ အပူရှိန်ကြောင့် အချမ်းပြေပြီး ချွေးကလေးပင် စို့လာ၏...။

"ကျွန်တော် ဒီကိုဘယ်လိုရောက်လာတာလဲခင်ဗျာ"

"ညဘက် ကျွန်တော် ပင်လယ်ထဲမှာ ငါးဖမ်းထွက်နေတုန်း ဒီရေကျချိန်မှာ ခင်ဗျား ဒလဟော၊ မျောလာတာဖြစ်မယ်"

"ခင်ဗျား... ခင်ဗျားဆယ်လိုက်တာလား"

"မဟုတ်ဘူး... ကျွန်တော့်လှေနံကို လှမ်းဆုပ်ကိုင်လိုက်တော့ တွေ့ရတာ"

"ဩော်"

"ဒါနဲ့ ကျွန်တော်လည်း လှေပေါ်ဆွဲတင်ပြီး ကျွန်တော့်တဲအခေါ်လာခဲ့တာပဲ"

ကျော်စွာသည် ခေါင်းအရိုက်ခံလိုက်ရ၍ 'အတိတ်မေ့'သွားသူတစ်ယောက်များ ဖြစ်သွားပြီလားဟု သူ့ကိုယ်သူ စိုးရိမ်စွာ ချက်ချင်းပြန်တွေးလိုက်မိသည့်အခါ...

သူက ကျော်စွာ ဦးသူရိန်နှင့် ပြဿနာတက်ပြီး ခေါင်းကို ရိုက်ခံရေထဲပစ်ချဆိုသော နောက်ဆုံးကိစ္စမှအစ မိခင်ကြီး ဒေါ်ခင်သန်း ချစ်သူ ပန်းနုသွေးအပါအဝင် အဖြစ်ပျက်အားလုံးကို သူသေသေချာချာ မှတ်မိလာခဲ့ပါပြီ...။

"ကျွန်တော်... ကျွန်တော် ဘယ်ရောက်နေတာလဲခင်ဗျာ"



"ငပုတောမြို့နယ်ထဲက ဆားတင်တံငါရွာလေးပါ။ အိမ်ခြေအဘယ်လောက်မှ မရှိဘူး"

"ကျွန်တော် ဖြစ်ပျက်ခဲ့တာ ချောင်းသာကမ်းခြေမှာ... ဒီဘက်ကို အတော်လေး ဝေးဝေးရောက်လာတာပေါ့နော်"

"ခင်ဗျား ရေကူးတတ်ပုံရတယ်...၊ ဒီရေကလည်း ကျချိန်ဆိုတော့ ခပ်ဝေးဝေးအထိ မြောလာတာဖြစ်မှာပေါ့...ဒါနဲ့ ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ"

"ကျွန်တော့်ကို... ကျွန်တော့်ကို... ဦးသူ...အဲ... ဘယ်သူက ဘယ်လို ရိုက်ချလိုက်မှန်း မသိတော့ပါဘူးဗျာ"

ဦးသူရိန် သတ်တာဟု ပြောမည်လုပ်ပြီးမှ သူပြန်၍ ထိန်းလိုက်နိုင်သည်။

နောက်ဆုံး မြင်ခဲ့ရသော ဦးသူရိန်နှင့် ကိုညိုကြီးတို့၏ မျက်နှာပြန်ပေါ်လာချိန်မှာ သူ့ရင်ထဲမှ ဒေါသကြောင့် သူ့တစ်ကိုယ်လုံးမှ သွေးတို့ ဆူပွက်လာခဲ့ပြီ...

"ခင်ဗျား ဒီရောက်နေတာ နှစ်ရက်ရှိပြီ... ကျွန်တော် ဆေးထည့်ပေးရင် နာလို့အော်တယ် သတိရတယ်... ပြီးတော့ ပြန်မေ့သွားတယ် အဖျားကလည်းကြီးတယ်"

အဖျားဒီဂရီ တစ်ရာ့လေး ငါးလောက်တော့ ရှိပေလိမ့်မည်...

"မြို့နဲ့ အလှမ်းကွာတဲ့ ဒီလိုပင်လယ်ထဲကရွာတွေမှာတော့ မြန်မာဆေး၊ တိုင်းရင်းဆေးတွေနဲ့ပဲ ကုကြရတာ...၊ တချို့လည်းသေ... တချို့လည်း ပြန်ကောင်းလာတာပဲ၊ ကံရှိသေးရင် မသေဘူးပေါ့ဗျာ... ခင်ဗျားလည်း မသေနိုင်တော့ပါဘူး... ဒီလောက်ဆိုရင်"

"ကျေးဇူးပါပဲဗျာ... ကျွန်တော့်အသက်ကို ကယ်ပေးတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ ကျေးဇူး တကယ်ပဲကြီးလှပါတယ်... ကျွန်တော် မသေနိုင် တော့ပါဘူးနော်"

"ဟုတ်တယ်"

"ဟုတ်တယ် ကျွန်တော် သေလို့မဖြစ်ဘူး ကျွန်တော်သေလို့ ဖြစ်ကိုမဖြစ်တာ။ သူတို့အလှည့်ချည်း ဘယ်ရမလဲ... ကျွန်တော် အလှည့်လည်း ရှိလာရဦးမှာပေါ့"

ကိုမြဆောင်က နားမလည်စွာ ကြည့်နေ၏...။

လူက မလှုပ်နိုင်သေးပါဘဲနှင့် ဦးသူရိန်ကို ပြန်လည်ကလဲ့စား ချေမည်ဟူသော သံဓိဋ္ဌာန်များနှင့်အတူ သူ့နှလုံးအိမ်တွင်းမှာ နာကျည်း ခြင်း၊ မုန်းတီးခြင်း၊ စက်ဆုပ်ရွံရှာခြင်းများက တစ်ဆင့်ပြီးတစ်ဆင့် ပေါက်ကွဲလျက်...

❋

"ကျော်စွာ... မင်းကွာ... မင်းဟာက မဟုတ်သေးပါဘူး"

"မဟုတ်လို့မရဘူး သူငယ်ချင်း... ငါ့ကို ညွန့်ဝေရဲ့မှတ်ပုံ တင်သာ ငါပြောသလို ခဏငှားပါ"

"ငှားတာက ရပါတယ်။ ဒီကောင်က ဂျပန်ထွက်သွားတာ လေးဆိပ်မှာ မြန်မာမှတ်ပုံတင် ခဏပြပြီး ပြန်ထားခဲ့ရတာ၊ သူ ကြာဦးမှာလေ၊ ဒါပေမယ့် မင်းအတွက် ငါစိတ်ပူတယ်"

"မပူပါနဲ့ မြန်မာပြည်မှာက ပန်းရင့်ရောင် မှတ်ပုံတင်တစ် လက်ထဲပါဖို့ပဲ အရေးကြီးတာ... ခရီးသွားရင် ဘယ်နေရာမှ မှတ်ပုံတင်



ထဲက ဓာတ်ပုံနဲ့ ကိုင်ဆောင်ထားသူရဲ့ မျက်နှာကို တိုက်မကြည့်ကြ ပါဘူး၊ ငါ ပြင်ဦးလွင်သွားဖို့ မှတ်ပုံတင်ပါရုံလေးပါ"

"ပြန်စဉ်းစားပါဦးကျော်စွာရာ... မင်းရဲ့အဖြစ်မှန်တွေကို ရဲဌာန မှာ သွားပြီး ဖွင့်ပြောပြလိုက်ပါ၊ ပြီးတော့ အမှုပြန်ဖွင့်လိုက်ပါလား"

"မှန်ပါတယ်... အဲဒီလိုလုပ်သင့်ပါတယ်... ဒါပေမယ့် ဒီလို သည်းနဲ့ ဦးသူရိန်ကို ယှဉ်လို့မရနိုင်ဘူး သူငယ်ချင်း"

"ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက သူ ချောင်းသာလာတာ ဘယ်သူမှ မသိလိုက် ဘူး... အငှားကား စီးလုံးနဲ့ တစ်ယောက်ထဲလာတာ ငါ့ကို သတ်ဖို့ ပေါ့... ပြီးတော့ မန္တလေးပြန်တက်သွားတယ်... သူ ချောင်းသာမှာ ရှိတယ်လို့ ဘာသက်သေမှ ပြလို့မရဘူး...၊ ကိုညိုကြီးလည်း အဲဒီက အပြီးပြောင်းသွားပြီတဲ့၊ အခု ဦးသူရိန် ပြင်ဦးလွင်မှာ အနားယူနေသတဲ့၊ ငါ အဲဒီကို လိုက်သွားမလို့ မင်းညီ ညွန့်ဝေရဲ့ မှတ်ပုံတင်လာတောင်းရင်း ငါမသေသေးကြောင်း ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းကို လာအသိပေး တာပါ"

"အေးကွာ သတင်းစာထဲ တွေ့လိုက်ရတော့ ငါလည်း အန့်တီ သက်ဆီ ပြေးသွားတာ ပြင်ဦးလွင်လိုက်သွားကြပြီတဲ့...မင်းရဲ့ ရက်လည် သွမ်းကျွေးတော့မှ ငါတို့ ကူညီရတာ၊ မင်းရဲ့အဖြစ်ကလည်း ဆန်းပြား လိုက်တာ ကျော်စွာရာ..."

"အေးကွာ အမေနဲ့ ပန်းနုသွေးကိုတော့ ငါမသေကြောင်း သိစေချင်ပါတယ် ဒါပေမယ့် ငါ့ရည်မှန်းချက် ပြည့်ပြီးမှပဲ ဖွင့်ပြောတော့ မယ်၊ မင်းလည်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ငါ့ကို ကတိထပ်ပေး ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ဒါတော့ စိတ်ချ၊ မင်းရဲ့ မဟုတ်မခံ စိတ်ဓာတ်တွေက မင်းကိုပြန်ပြီး ဒုက္ခပေးနေတာ"

"ထားပါတော့ကွာ ဦးသူရိန်ရဲ့ ယုတ်မာမှုတွေကိုလည်း ငါ ပြောပြပြီးပြီလေ… ငါထင်တာတော့ ပြင်ဦးလွင်မှာ ရှိနေတဲ့ သူ့တပည့် တစ်ယောက်ယောက်ကို သတ်ပြီး ငါသေသွားပြီးလို့ ကြေညာတာ ဖြစ်မယ်"

သူငယ်ချင်းညွန့်ဆွေက အမျိုးမျိုး တားမြစ်ပါလျက်နှင့် သူ့ညီ မောင်ညွန့်ဝေ၏ မှတ်ပုံတင်ကိုယူ၍ ကျော်စွာ ပြန်ထွက်သွားသည်။

ဆံပင်ရှည်ရှည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအရှည်နှင့် မျက်မှန် အနက်တပ် ဦးထုပ်ဆောင်းထားသော ပိန်ခြောက်ခြောက် လူ တစ်ယောက်သည် 'ကိုကျော်စွာဖြစ်လိမ့်မည်ဟု ဘယ်သူကမှမထင်

ကျော်စွာသည် ပုသိမ်မှာ ဖတ်ခဲ့ပြီးသား သတင်းစာကို သူငယ် ချင်း ညွန့်ဆွေထံမှာ ထပ်၍ဖတ်ပြန်သည်။

**ကိုကျော်စွာ အသက်(၂၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာလမ်း၊ အမှတ် ၃၇ နေ (ဦးမြင့်ရှိန်)-ဒေါ်ခင်သက်တို့၏ သားကြီး၊ မောင်ဝဏ္ဏ၏ အစ်ကို ကိုကျော်စွာ (နေမင်းသူရိန် ကုမ္ပဏီလီမိတက်)သည် နိုဝင်ဘာလဆန်း ၈ ရက် နေ့က ပြင်ဦးလွင်မြို့တွင် ရုတ်တရက် ကွယ်လွန်သွား ပါသဖြင့် ပြင်ဦးလွင်မြို့ ၈ မိုင်ကုန်းဘော သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား



သိစေအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ နိုဝင်ဘာလ ၁၄ ရက် နေ့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည် ဆွမ်းကျွေးသို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူ မိသားစု**

❋

ညွန့်ဆွေကို ဘယ်အချိန်ရောက်မှ ပြန်ပေးနိုင်မှန်းမသိသေး သော ငွေနှစ်သောင်း ချေးငှားလာပြီး ရန်ကုန်မှ ရိုးရိုးတန်း ရထားဖြင့် တစ်ညလုံး စီးခဲ့ပြီး မန္တလေးမြို့သို့ မနက်ပိုင်း ရောက်ခဲ့သည်… နေ့လယ် တွင် ပြင်ဦးလွင်သို့ တက်ခဲ့၏…။

ကုမ္ပဏီသို့ သူဖုန်းဆက်မေးမြန်းပြီး ဦးသူရိန် နေလေ့ရှိသော အိမ်တော်လမ်းမှ ခြံကျယ်ကြီးတွင် ရှိနေမည်ဟု သေချာတော့မှ

မန္တလေး မင်္ဂလာဈေးက ကြိုးနှင့် ချွန်မြသော အရာတို့ကို ယယူကာ ဆောင်းည၏ သန်းကောင်ယံကာလမှာ

သူမကြာခဏ လာဖူးသော ဦးသူရိန်၏ဇနီးဘက်က ပိုင်ဆိုင် ခဲ့သည့် နှစ်ထပ်တိုက်နီကြီးအတွင်းသို့ သူ အလွယ်တကူ ဝင်ရောက် ကာ…

ရက်စက်လွန်းသော တန်ပြန်ကလဲ့စားကို ချေနိုင်ခဲ့သည်…။

သူ သိပ်ကျူးလွန်ချင်သော ပြစ်မှုကြီးကို ကောင်းမွန်အောင်မြင် စွာ ကျူးလွန်နိုင်ခဲ့ပါလျက် သူမပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ ချုံးချုံးကျ နွမ်းကြေလျက်နှင့် သူ ရန်ကုန်မှ တစ်ဆင့် ပုသိမ်... ပုသိမ်မှ တစ်ဆင့် ငွေဆောင်သို့ ရောက်ရှိလာပြီး

သန့်ရှင်းရေးအလုပ်သမား...ညွှန့်ဝေ...အဖြစ်နှင့် သူ့ထမင်း တစ်လုတ်အတွက် သူ့ကျောတစ်ချစာအတွက် ပြန်လည်ရောက်ရှိနေ ခြင်း ဖြစ်ပေသည်။

နေဝန်းနီသည် ပင်လယ်ထဲသို့ လုံးဝ ငုပ်လျှိုးကွယ်ပျောက်သွား ရုံမကာ... သူ၏ လက်ကျန်အလင်းနီတို့ကိုပင် ရုပ်သိမ်းသွားလေပြီ

မကြာမီ ပိန်းပိတ်အောင် မှောင်တော့မည်...

ဒီရေက အတက်ကြမ်းလာသည်...

လေပိုထန်လာသဖြင့် လှိုင်းလုံးများသည် ဒေါသတကြီး အော် မြည်ကာ သဲသောင်ကမ်းခြေသို့ လာဆောင့်၏။

ကျော်စွာသည် သူ့ကိုယ်အောက်ပိုင်းတစ်ခုလုံး လှိုင်းလေ ဖုံးလိုက် ပြန်ဆင်းသွားလိုက်... သဲတွေ သူ့ကိုယ်ပေါ်မှာ တင်ကျန်ခဲ့ လိုက် ဖြစ်နေသည်ကို သူနှင့်မဆိုင်သလို ငြိမ်သက်စွာ ဆက်၍ ထိုင်နေ ရင်း...

သူ ဖြတ်သန်းခဲ့ရာ အတိတ်ဆိုးကြီးကို အစမှအဆုံးတိုင် ပြန်လည်၍ တွေးနေမိခြင်းဖြစ်သည်...။

ကောင်းပြီ...

သူအောင်မြင်ပြီ... လုပ်ချင်တာ လုပ်ခွင့်ရပြီးပြီ...

သို့သော်...

ဦးသူရိန် ဒုက္ခိတကြီးဖြစ်သွားသလို...

သူရော... သူ့မှာရော...

ကျော်စွာဆိုသည်မှာ သေဆုံးပြီးသားလူတစ်ယောက်...



သည်လူ့လောကအတွင်းသို့ ပြန်လည် ရှင်သန်ထမြောက်လာ သော ကျော်စွာအဖြစ်နှင့် သူရောက်လာနိုင်ခွင့်မရှိ...

ညွှန့်ဝေ ပြောသလို အမှန်တရားအားလုံး ဖွင့်ပြောလိုက်လျှင် လည်း ဦးသူရိန်ကိစ္စကတစ်ပိုင်း...

သူကြိုတင်ကြံစည်ခဲ့သော သူတစ်ပါး၏ ပျက်စီးဆုံးရှုံးအောင် လုပ်ခဲ့မိသည့် ပြစ်မှုကြီးကတစ်ပိုင်းအဖြစ်နှင့် သူက အရင်ထောင်ထဲ ရောက်ရမှာ သေချာသည်။

ဒါဖြင့် ဘာတွေရသလဲ...

ဦးအေးဝင်း ကွယ်လွန်ရှာပြီ... အန်တီသင်းတို့ သားအမိ နှစ်ယောက် အခြေနေမဲ့ဖြင့် ဆင်းဆင်းရဲရဲ ရှိနေဆဲ။

နေခြည် ထောင်ဆယ်နှစ် ကျသွားပြီ...

ဦးသူရိန်က ဒုက္ခိတ...

အမေနှင့် သူ့ချစ်သူတို့က ပရိဒေဝဖြင့် ရင်နာကြေကွဲနေကြ။

ကျော်စွာ၏ ဝန်းကျင်မှ လူများအားလုံး ဒုက္ခကိုယ်စီနှင့်ပါလား။

အားလုံး ဒုက္ခရောက်ပြီး တစ်ယောက်ယောက်က ကောင်းစား သည်ဆိုလျှင်လည်း ရှိစေတော့...

ယခု သူကိုယ်တိုင်...

သေပြီးသား လူတစ်ယောက်အဖြစ်နှင့် ဘဝပျက်ရုံမက ဘဝပါ ပျက်ပြီး ဒုက္ခတွေ ရောက်နေရတာရော ဖြစ်သင့်ပါရဲ့လား...

လူသားတို့သည်...

စိတ်၏စေရာအတိုင်း ရုပ်ခန္ဓာက လိုက်လံဆောင်ရွက်နေကြ ပါ သူတွေးမိလာသည်။

လောဘကြောင့် ပစ္စည်းတွေ လိမ်လည်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရမ္မက်ကြောင့် ဘဝပျက်ကြရ…

အဆိုးဆုံးက…

ဒေါသတရားနှင့် အာဃာတထားပြီး လက်စားချေလိုစိတ်ကြောင့် ပြုလုပ်သူရော ခံရသူပါ နှက်ရှိုင်းစွာ နစ်နာဆုံးရှုံးရချေသည်…

ကျော်စွာရှေ့မှာ ကောင်းကင်ရော၊ ပင်လယ်ပါ အားလုံး အမှောင်ဖုံးသွားပြီ…

သည်အမှောင်၏အဆုံးမှာ အရုဏ်၏နေ့သစ်ဦးကို လူသားများ မြင်ကြရမည်မှာ လောက၏ နိယာမ သဘာဝ၏ လည်ပတ်မှု။

ထိုသဘာဝတရားသည် အချိုးညီစွာ ထာဝရ လည်ပတ်လျက် ရှိနေသော်လည်း…

ကျော်စွာ၏ အမှောင်ကာလအတွင်းသို့မူ အလင်းရောင်များ ရောက်ရှိလာနိုင်ပါဦးမလား။

ကိုယ့်ဘဝကိုယ် ပျောက်ဆုံးနေသော လူသားတစ်ယောက် အဖြစ်နှင့် သူဘယ့်လောက်ကြာအောင် နေရဦးမှာလဲ။

အခိုက်အတန့်လား…

ထာဝရလား…

သူ့အသက်ဆုံးသည်အထိလား…

✱ ✱ ✱

## ပြင်ဦးလွင်သို့ ပြန်လာကြသူများ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နန်းချယ်ရီသည်... မိုးမခပင်အောက်တွင် ထိုင်၍ ခြံကျယ်
ကြီးကို ငေးနေမိသည်။

နှင်းများစဲစ... ဆောင်းနှောင်းကာလ ဖြစ်သော်လည်း ပြင်ဦးလွင်
တောင်ပေါ်မြို့သည် ချမ်းအေးခြင်းများဖြင့် ရစ်ဖွဲ့ထားဆဲပါ။

မြေပြန့်သူ မြေပြန့်သားတို့အတွက် ခိုက်ခိုက်တုန်နေမည် ဖြ
သော်လည်း ချမ်းအေးခြင်းနှင့်အတူတကွ နေထိုင်လေ့ရှိကြသော
ပြင်ဦးလွင် ပန်းမြို့တော်သူအတွက် အနေတော်ပဲဖြစ်၏။

မိုးမခပင်နှင့် ထင်းရှူးပဒေသာပင်တို့ တစ်ခုခြားဆီ စိုက်ထား



သော အဘိုးအဘွားများ လက်ထက်မှသည် ယခု သူမ၏ သားလေး
ရွယ်ရောက်လာချိန်အထိ ပိုင်ဆိုင်ခွင့်ရနေဆဲ ဤခြံကြီးကို ဒေါ်နန်း
ချယ်ရီ ယခင်က သိပ်ကို သံယောဇဉ်ကြီးခဲ့မိသည်။

ယခုနောက်ပိုင်းတွင်ဖြင့် တွယ်တာမက်မောစရာ အားလုံးကို
နှုတ်လွှတ်ချင်နေပြီ...

ငွေကြေးနှင့် ဥစ္စာဓနတွေ... သုံးဆောင်စရာ စိန်၊ ရွှေ၊ ရတနာ၊
ဆန်းသစ်၍ မဆုံးနိုင်သော ဖျော်ဖြေရေးစက်ပစ္စည်းများ၊ အိမ်...ခြံမြေ၊
မော်တော်ကားတိုက်တာ အဆောက်အဦးတို့ ပိုင်ဆိုင်ဖို့အတွက်...

ရှာလိုက်ကြရတာ... နေ့မအိပ် ညမအိပ်...

ကြိုးစားလိုက်ကြရတာ...အမောဆို့ အသက်ထွက်မတတ်...

နောက်ဆုံးကျတော့လည်း...

သက်တမ်းစေ့နေ၍ စွန့်လွှတ်သွားကြသော အဘိုးအဘွားများ၊

သက်တမ်းမစေ့မီ ကွယ်လွန်သွားကြသော မိဘများနှင့်

ယခု

ယခုအသက် ငါးဆယ်ရွယ်... လောက၏ စည်းစိမ်ချမ်းသာနှင့်
ဇက်ဆန္ဒအပေါင်းကို ခံစား၍ ကောင်းနေဆဲ ခင်ပွန်းသည်သည်...

ဒေါ်နန်းချယ်ရီ သက်ပြင်းချလိုက်သည်။

သူမ၏ခင်ပွန်းကို သူမ ဘယ်တုန်းကမှ မချစ်ခဲ့ပါ။

သို့သော် မိဘပေးစား၍ လင်ယောကျ်ားအဖြစ် ပေါင်းသင်း
ဆိုင်ခွင့် ရခဲ့ပြီးနောက်မှာ ဇနီးသည်၏ ဝတ္တရားများ ကျေပွန်အောင်
ထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘများ မျှော်လင့်ခဲ့သည့်အတိုင်း ခင်ပွန်းသည်မှာ အလုပ်ကို တရားလွန်အောင် ကြိုးစားခဲ့သဖြင့် ကြီးပွားပြီးရင်း ကြီးပွားလာခဲ့သည်...

ငွေထုပ်များ ထည့်ထားသော ဗီရိုကြီး၏ သော့နှင့် စိန်ရွှေ ရတနာနှင့် ရွှေချောင်းများ သိမ်းထားသော မီးခံသေတ္တာ၏ သော့များကို ဒေါ်နန်းချယ်ရီအား အပ်ထားသော်လည်း...

"ယူသုံးလေ"

"စိန်ကြိုး တစ်ကုံးလောက် ထပ်ဝယ်ပါဦးလား"

ဟူသော စေတနာစကားမျိုး ခင်ပွန်းသည်က တစ်ကြိမ်တစ်ခါမျှ ပြောကြားခြင်းမရှိပါ...။

သိပ်လှသော ရှမ်းသွေးစပ်သည့် ဒေါ်နန်းချယ်ရီမှာ ခင်ပွန်းသည်နှင့် ဆန့်ကျင်စွာ အလိုရမ္မက် နည်းခဲ့သည်။ လူသူရှုပ်ထွေးသော ပွဲလမ်းသဘင်နှင့် မင်္ဂလာဆောင်မှအစ ပဝါကြီး စုံချပြီး အနီးမှ မသိသူများကြားတွင် ငုတ်တုတ်ကြီး ထိုင်နေရသည့် အဖြစ်မျိုးကို စိတ်ညစ်တတ်သည်...။

ဤသို့ဖြင့် ခင်ပွန်းသည်နှင့်အတူ မလိုက်ဘဲ နေခဲ့... နေခဲ့ရာ နောက်ပိုင်းတွင် ခင်ပွန်းသည်ကိုယ်တိုင်က... ဒေါ်နန်းချယ်ရီ လိုက်မှာကို စိုးရိမ်သည်အထိ ဖြစ်လာ၏။ သူ့သမီးအရွယ် ကောင်မလေးများနှင့် တစ်ပွဲတစ်ယောက်လောက်တွဲပြီး သွားလေ့လာလေ့ ရှိခဲ့သည်အထိ ဖြစ်လာသည်။

"ဟေး...မမ်(မ်) ဘာတွေ တွေးနေတာလဲ"



Cygnus ကားကြီးကို အရှိန်မြင်းစွာ မောင်းနှင်၍ ခြံတွင်း ဝင်လာပြီး ဒေါ်နန်းချယ်ရီရှေ့မှာ တုန့်ခနဲ ရပ်လိုက်သည်... ကားပေါ်က ဝှားခနဲ ဆင်းချလာပြီး မိခင်ကြီးကို လှမ်းဖက်ကာ...

"မေနဲ့ဖေကြီးနဲ့ ငယ်ငယ်က ဒီသစ်ပင်ကြီးအောက်မှာ ထိုင်ခဲ့ကြတဲ့ အချစ်အကြောင်းတွေ တွေးနေတာလား...ဟင်...ဟား...ဟား..."

မာမီအစား မမ်(မ်)... မေမေအစား... မေကြီး၊ ဘွားကြီးဟု ချိုစယ်ခေါ်ဝေါ်ရင်း အမြဲတက်ကြွလှုပ်ရှားနေတတ်သော ဒေါ်နန်းချယ်ရီတို့၏ တစ်ဦးတည်းသောသားလေး။

"နေမင်းသူရိန်"

"ကားကို တရကြမ်း မမောင်းရဘူးလို့ မေပြောထားတယ်လေ သားရယ်"

"ရပါတယ် ပိုင်ပါတယ်... ခု မန္တလေးကနေ ဒီအရောက် တစ်နာရီနဲ့ သုံးမိနစ်ပဲကြာတယ်"

သူ့လက်မှ ဟဲန်ချိန်းနှင့် တွဲဝတ်ထားသော ရိုမဲန်စင် နာရီကို မော့ကြည့်၍ ပြောရင်း တစ်ဆက်တည်း...

"မမချယ် ဒီရောက်နေတယ်ဆို"

"ဟုတ်တယ်"

"ဒါကြောင့် ပြေးလာခဲ့တာ"

"သား"

"ဟုတ်...မေ"

www.burmeseclassic.com

www.burmeseclassic.com



"လရောင်ချယ်ကို တွေ့ချင်လို့ လာတာလည်းလာပေါ့လေ... ဒါပေမယ့် ကိုယ့်အဖေကိုလည်း နည်းနည်းအရေးစိုက်ပါဦးလား"

"ဟာ ဖေကြီးကို အရေးစိုက်မယ့် နှစ်တွေ ရှိတယ်လေ"

သားရဲ့အဖေဟာ ဘယ်သူ့ပေါ်မှ မကောင်းပေမယ့် သား... တော့ ရင်ထဲ ထည့်ထားမတတ် ချစ်ရှာပါတယ်ကွယ်... အတွေးသဖြ... ခုလိုချိန်မှာ...

ဒေါ်နန်းချယ်ရီ စကားမဆုံးမီ သူတို့သားအမိ မျက်နှာမူထား... တိုက်ကြီးထဲမှ ထွက်လာသူက...

"ဦးသူရိန်"

အဆီအအိမ့်များစားပြီး လူက အလှုပ်အရှားနည်းသဖြင့် ဦးသူ... ရိန် အတော်လေး ဝလာသည်။

ဘေးမှ သူနာပြုဆရာမလေးက လက်မောင်းကို ကိုင်တွဲ၍ ဖြည်းဖြည်းချင်း လျှောက်လာနေကြသည်။

ဦးသူရိန်သည် နေကာမျက်မှန်မည်းကြီး တပ်ထားပြီး စတီး... တုတ်ကောက်ကို မြဲမြဲဆုပ်၍ သူ့ရှေ့ပိုင်းကို တဝှေ့ဝှေ့ တရမ်းရမ်းဖြင့် စမ်းတဝါးဝါး လျှောက်နေရသူမှာ

"မျက်စိနှစ်ဖက်လုံး 'ကန်း'နေသည့် မျက်မြင် ဒုက္ခိတကြီး ဦးသူရိန်"

"သား...သားလေးလား... ကားဝင်လာသံကြားလို့"

မမြင်ရဘဲနှင့် လှမ်းမျှော်ရင်း လျှောက်လာသဖြင့်



"ဟဲ့... သွားတွဲလိုက်ဦးလေ... သား"

"ကျွတ် အနားသွားမိရင် ရစ်နေဦးမှာ... သားက မမချယ်နဲ့ အရင်ပြောစရာရှိလို့"

ဒေါ်နန်းချယ်ရီမှာ သားကိုရော ခင်ပွန်းကိုပါ စိတ်ပျက်စွာ ကြည့်လိုက်မိသည်...။ စကားနည်းသူမို့ ဘာမှမပြောဘဲ ထိုင်ရာမှထပြီး တိုက်ကြီးထဲသို့ ဝင်ခဲ့၏။

သူကလည်း ဘယ်သူ့အပေါ်မှ သနားကြင်နာခြင်းနှင့် ချစ်ခြင်း တရားများ ထားရှိခဲ့သူမဟုတ်၍... သူ... ဦးသူရိန်ကို ယခုလို မျက်မမြင် ဒုက္ခိတကြီးဘဝ ရောက်နေချိန်မှာ သူ့ကို ဘယ်သူကမှလည်း အကြင်နာ နှင့် အချစ်တွေ မပေးဝေချင်ကြပါ...။

လောကမှာ သူချစ်ဖူးတာဆို၍ သူ့သားတစ်ယောက်တည်းသာ ရှိသည်။

သို့သော်... ထိုသားကလည်း သူ့အပေါင်းအသင်းများနှင့် သွား လေ့ရှိသော ဟိုတယ်ကြီးများ၏ ညစာစားပွဲ၊ ညကလပ်များ၊ အသား ဘင်နှင့် ဘီယာဆိုင်များမှာပါ ကောင်မလေးတစ်ယောက်ယောက်နှင့် တွဲလာသည်ကို သားအဖချင်း မကြာခဏ ဆုံရချိန်မှာ သူငယ်ချင်းများ ၏ လှောင်ပြောင်ကျီစယ်မှုသည် နေမင်းသူရိန်ကို မကြာခဏ အရှက် ရစေခဲ့သည်။

ထို့ကြောင့်လည်း နေမင်းသူရိန်က ဦးသူရိန်ကို ကြည်ညိုခြင်း ဆိတ်သုဉ်းပါးစွာ အချစ်လည်း ပေါ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းချယ်ရီမှာ သူတို့သားအဖကို ထားခဲ့ပြီး တိုက်ကြီး၏ အပေါ်ထပ် အခန်းတစ်ခုထဲမှ ချစ်လှစွာသော တူမကြီး လရောင်ချယ်ရီရှိရာသို့ ရောက်လာခဲ့သည်။

အိပ်ရာထဲမှာ နွမ်းလျစွာ လှဲရင်း စာဖတ်နေသော လရောင်ချယ်သို့

"နေကောင်းရဲ့လားကွယ်... အောက်လေးဘာလေး ဆင်းပါဦးလား"

"ရပါတယ် ဒေါ်လေးရယ် စာဖတ်နေရတာ အဆင်ပြေလို့ပါ"

"မဟုတ်သေးပါဘူး... သမီးလေးချယ်က အမြဲ တက်ကြွ လှုပ်ရှားနေတာပါ၊ တိုးဂိုက်ဒ်မှာတောင် နာမည်အကြီးဆုံးတွေထဲက တစ်ယောက်ပဲလေ"

"ဟုတ်ပါတယ်... တိုးကုမ္ပဏီတွေက လှမ်းခေါ်နေကြပေမယ့် ချယ်နားချင်သေးတယ်၊ ဒေါ်လေးရယ်၊ ဘယ်သူနဲ့မှ မတွေ့ချင်သေးဘူး"

"ချယ်"

"ရှင်"

"အဲဒီကိစ္စကြီးကို မေ့ပစ်လို့ မရဘူးလားဟင်... နာကျည်းပစ်လိုက်စမ်းပါလားကွယ်"

"နာကျည်းတဲ့စိတ်တော့ ဝင်ပါတယ်... ဒါပေမယ့် မေ့ပစ်လို့တော့ မရသေးဘူး။ သိပ်သိချင်တဲ့ စိတ်ကိုလည်း ရင်ထဲက ဖယ်ထုတ်လို့ကို မရနိုင်တာ"



"ဘာကို သိချင်တာလဲ"

"ဒေါ်လေးကလည်းလေ... သိရဲ့သားနဲ့"

"ဪ... ဟုတ်ပြီ... ချယ်လုံးဝ မသိလိုက်ရဘဲ သူတို့ စေ့စပ်တဲ့ကိစ္စကို မဟုတ်လား"

"အင်းပေါ့"

ရဲရင့်နဲ့ နိုင်ငံခြားက အင်္ဂါနေ့ ပြန်လာတယ်၊ ဗုဒ္ဓဟူးနေ့မှာ စေ့စပ်တယ်၊ ကြာသပတေးကျတော့ ပြန်သွားပြီး သင်္ဘောတက်သွားတယ်တဲ့၊ သင်္ဘောကမ်းကခွာပြီးရင် တစ်ခါတလေ ဆက်သွယ်ဖို့ ခက်သွားတတ်တယ်လေ"

"သူ မဆက်သွယ်ချင်လို့ပါ"

"အိမ်ကိုတော့ ဖုန်းဆက်ပါသေးတယ်၊ အဲဒီတုန်းက ချယ်က ခရီးလေးမှာထင်တယ်၊ နောက်မှ ပုဂံရောက်လာတာမဟုတ်လား"

"ပုဂံဆိုတာ ဆက်သွယ်လို့သိပ်ကောင်းတဲ့နေရာပါ... နိုင်ငံခြားက ဆက်လည်းရတယ်၊ ချယ်ဘယ်မှာတည်းမှန်း မသိရင် ကိုမင်းညို့ရဲ့ အားငှားတဲ့ ရုံးခန်းကို ဖုန်းလှမ်းဆက်လိုက်ရုံပဲ... ဒီထက် ပိုလွယ်တာက ချယ်နဲ့အတူ ချယ့်ရဲ့ ဟန်းဖုန်း အမြဲရှိတယ်လေ..."

"အင်း ဟုတ်တော့ ဟုတ်သား"

"သူကိုယ်တိုင်က ချယ့်ကို မဆက်သွယ်ချင်လို့ပါ ဒေါ်လေး... သူဘာကြောင့် ချယ့်ကို စွန့်ပစ်သွားရတာလဲဆိုတဲ့ အမှန်တရားကို ချယ်သိချင်တယ်"

"အမှန်တရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"တစ်ခါတလေ အမှန်တရားဆိုတာ တိမ်မြှုပ်နေတတ်တာ[illegible] ချယ်ရဲ့ ဦးလေး ကိုသူရိန်ကိုပဲကြည့်လေ... ခုထိ အမှန်တရားမှ မ[illegible]သေးတာ"

"ဟုတ်ပါရဲ့နော်"

"ညဘက်ကြီး ဝင်လာပြီး သူ့မျက်စိတည့်တည့်ကို ချွန်ထက်[illegible] အရာနဲ့ ထိုးဖောက်သွားလို့ မျက်စိနှစ်ဖက်လုံး ကန်းသွားပြီလေ... သက်ဆိုင်ရာနဲ့ ရဲတွေကလည်း စစ်ကြတာပဲ... ကိုသူရိန်ကလည်း ဖြစ်ပျက်သမျှ ပြောပြတာပဲ။ ဒါပေမယ့် အဲဒီတရားခံကိုမှ မမိသေးတာ ခုချိန်ထိ အမှန်တရားက ပျောက်ကွယ်နေဆဲပဲလေ"

ချယ်သည် စာအုပ်ကိုကိုင်ရင်း ပြတင်းပေါက်ဘက်သို့ အကြ[illegible] ကို ပြောင်းဖြစ်၏။ လေ၏ ပွတ်တိုက်တိုးဝှေ့မှုကြောင့် ထင်း[illegible] ပဒေသာ၏ ရွက်မွှာလေးများ လှုပ်လှုပ်ခတ်ခတ် ရွေ့လျားယိမ်းနွဲ့[illegible] ကြသည်။

"ဟုတ်ပါရဲ့... ဦးလေးဦးသူရိန်ကို သက်သက်လာပြီး ဒုက္ခ[illegible] သွားတဲ့လူဟာ ဘယ်သူများပါလိမ့်... လက်ပြန်ကြိုးတွေတုပ်ပြီး ဒု[illegible] ပေးခဲ့တာ ရန်ညှိုးကြီးလို့လား၊ အဲဒီကိစ္စကို ဦးလေးသူရိန်ကိုယ်တို[illegible] က တိတိကျကျ ဘာကြောင့် အမှုမဖွင့်တာလဲ"

"သူကိုယ်တိုင်က ဘာမှ တိတိကျကျ မသိလိုက်ဘူးလေ"

"သံသယရှိသူကို ပြောပါဆိုတော့လည်း မပြောဘူးဆို"



"သူက လူမှန်းများတယ်လေ သမီးရယ်... သူကိုယ်တိုင် [illegible]ယ်သူ့ကို သံသယရှိရမှန်း မသိလို့နေမှာပေါ့"

လူသားတို့ဝန်းကျင်တွင် တစ်ခါတစ်ရံ၌ အမှန်တရားသည် အမှန်တကယ် ပျောက်ဆုံးနေပြီး တစ်ခါတလေမှာဖြင့် လူသားတို့ [illegible]ကိုယ်တိုင် ဖုံးကွယ်ထိန်ဝှက်ထားသဖြင့် အမှန်တရားက ပျောက်ဆုံး [illegible]ခြင်းလည်း ရှိတတ်ပါ၏။

"မမချယ်"

"မမချယ်ရေး"

အော်ဟစ်ခုန်ပေါက် ပြေးတက်လာသော နေမင်းသူရိန့်ကြောင့် အမျိုးသမီးနှစ်ယောက်လုံး စိတ်ညစ်သွားကြသည်။

"သားရယ်... မင်းဖေဖေကို စကားလေးဘာလေး ပြောပါ [illegible]လား"

"ပြောခဲ့ပြီးပါပြီ မေမေရဲ့"

"ဟုတ်သားပဲ မောင်လေးကလည်း ကိုယ့်အဖေ ဒုက္ခိတကြီး [illegible]စ်နေချိန်မှာ ပိုပြီး ဂရုစိုက်သင့်တာပေါ့"

"သူ့ကို ဂရုစိုက်ဖို့ နွဲ့စံမ ငှားထားတာပဲလေ"

"ဘယ်တူပါ့မလဲ နေမင်းရယ်... ဦးလေးက နေမင်းကို သိပ်ချစ် [illegible]... ကိုယ့်သားလေး ပြုစုတာ ခံချင်မှာပေါ့"

"ဟာ မမချယ်ကပါလုပ်ပြီဗျာ တကယ်ညစ်တယ်"

"အင်း... နေမင်းကြောင့်လည်း ခက်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချယ်က... စာအုပ်ကို ဖွင့်လျက်သား ခေါင်းအုံးပေါ် မှောက်တင်ခဲ့ပြီး အပြင်ထွက်ခဲ့သည်။ အပေါ်ထပ်၏ လသာဆောင် ထားရှိရာ ဝရန်တာဘက်သို့ပါ...။

ခြံထဲတွင် ဦးသူရိန်က စတီး တုတ်ကောက်အားကိုးဖြင့် ဖြည်းဖြည်းချင်း လျှောက်လာနေသည်။ သူ၏ ချစ်လှစွာသော သားလေး အသံ ကြားသဖြင့် တိုက်ထဲမှ ထွက်လာခဲ့သော်လည်း သားက သူ့ကို ငါးမိနစ်ပြည့်အောင် အတူနေဖော်မရ၍ ဦးသူရိန်၏ ခြေလှမ်းများက စိတ်ဓာတ်ကျဆင်းနေမှန်း သိသာလှချေသည်။

ကိုယ်ခန္ဓာဆုံးရှုံးမှု အားလုံးထဲမှာ မျက်စိဆုံးရှုံးပြီး အမြင်ဓာတ်လုံးဝ ကွယ်ပျောက်သွားရသော မျက်မမြင်ဘဝမှာ အဆိုးဆုံးဖြစ်သေသည်။

ချယ်သည်... ဦးသူရိန်နှင့် သူနာပြုဆရာမလေးကို ငုံ့ကြည့်ပြီး

"သြော်... အရင်တုန်းက တက်ကြွဖျတ်လတ်စွာ လုပ်ကိုင်သမျှ အောင်မြင်နေသဖြင့် သူ့ဘဝကိုသူ သိပ်ကျေနပ်နေခဲ့တဲ့ ဦးလေး ဦးသူရိန်...

"မျက်စိက မျက်နက်ဝန်းနေရာ မျက်ကြည်လွှာနှစ်ခုလုံး ပျက်စီးသွားပြီ၊ ကုသလို့ မရတော့ဘူး"

မှု သိရသောနေ့မှာပင် သူ့ကိုယ်သူ သတ်သေဖို့ ဓားနှင့် ရင်ဝကို ထောက်နေချိန်မှာ ဒေါ်နန်းချယ်ရီ တွေ့သွားခဲ့သည်...။

ထိုအချိန်မှစပြီး နေ့ခင်းတွင် နေ့သူနာပြုဆရာမ၊ ညဘက်တွင် မေးလ်နပ်စ်(Male Nurse)ခေါ် အမျိုးသား သူနာပြုကို ငှားရမ်းထားခဲ့ရသည်မှာပင် လေးလကျော်ခဲ့ပြီ...



အခင်းဖြစ်သည့် အချိန်မှစပြီး ပြင်ဦးလွင်ဆေးရုံ၊ မန္တလေးဆေးရုံနှင့် ရန်ကုန်မျက်စိဆေးရုံကြီးတို့တွင် ကုသမှု တစ်လကျော်ကြာမြင့်ခဲ့၏...။

ရန်ကုန်မှ ကုမ္ပဏီကိစ္စနှင့် လုပ်ငန်းတာဝန်များကို အဆင်ပြေစွာဆောင်ရွက်နိုင်ရုံမက ဝန်ထမ်းများကပါ ညစ်လာကြသဖြင့် ဦးသူရိန်စိတ်ဓာတ်အကျကြီးကျကာ ပြင်ဦးလွင်သို့ ထွက်လာခဲ့သည်မှာပင်ကြက်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ...။

သည်ရောက်တော့ ဆောက်တည်ရာမရနိုင်အောင် ဦးသူရိန်၏စိတ်ဓာတ်တို့ ချုံးချုံးကျခဲ့ပြီ...။

ချယ်သည်လည်း

ညှော့်လမ်းညွှန်ကိစ္စကို ခဏနားထားပြီး သူမနေထိုင်ကြီးပြင်းရာ 'ဤသစ္စာဦးဂေဟာ'သို့ လာရောက်နေထိုင်ခြင်းဖြစ်သည်။

သူ့ဘက်က ဘာတစ်ခုမှ မှားယွင်းမှု မရှိပါဘဲနှင့် ချစ်သူ၏ သစ္စာဖောက်ပစ်ခြင်း ခံရသဖြင့် နာကျင်မှုအပေါင်းကို ရင်တွင်းမှာ သယ်ယူဆောင်ကြဉ်းလျက် ချယ်ရောက်ရှိလာသလိုပင်...

ဦးသူရိန်သည်လည်း ဘဝပျက်သူတစ်ယောက်၏ ကုန်းဘောက်စရာ မကျန်အောင် ကျဆင်းခဲ့သော စိတ်ဓာတ်များဖြင့် ရောက်လာသူ ဖြစ်၏။ ဒေါ်နန်းချယ်ရီမှာလည်း ပျော်ရွှင်မှုများ ပျောက်ဆုံးနေသော မိန်းမသားတစ်ယောက် ဖြစ်လေသည်။

ဘယ်ရှုထောင့်ကကြည့်ကြည့် စိမ်းမြလန်းဆန်းသော သစ်ပင်များနှင့် ပန်းပေါင်း ဝေဆာပွင့်နေကြသော ခြံကျယ်နှင့် တိုက်ပုလှကြီး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ စိတ်၏ ဆင်းရဲခြင်းများဖြင့် နေထိုင်ကြသူသုံးဦးနှင့် စိတ်ညစ်စရာဆိုတာ ဘယ်လိုဟာလဲဟု မေးယူရလောက်အောင် ဖျတ်လတ်တက်ကြွနေသော အသက်နှစ်ဆယ်ရွယ် လူငယ်လေးတစ်ဦးတို့ အဲတွတကွ ရှိနေကြသော ပြင်ဦးလွင်မြို့မှ သစ္စာဦးဂေဟာတွင်...

"ဟိတ်...မမ"

"အယ်... လန့်လိုက်တာ"

"ကျွန်တော် အောင်မြင်ပြီ"

"ဘာအောင်မြင်တာလဲ"

"ကျွန်တော်လှန့်တာ... မမလန့်သွားလို့လေ"

"တယ်... ဒီကောင်လေးဟာ"

"အဟား...ဟား"

"ကိုယ့်အဖေတစ်ယောက်လုံး ဒီလိုဖြစ်နေတာ နေမင်းက ပျော်နိုင်သေးတယ်နော်"

"ဘယ်သူက ပျော်တယ်လို့ ပြောလို့လဲ"

"နေမင်း အချိုးမှ မပြောင်းတာ အရင်အတိုင်းပဲဟာ"

"မမချယ်ကလည်းဗျာ...မမ ဒီပြင်ဦးလွင်မှာရှိလို့ တမင်လိုက်လာတာ... တစ်ခါမှ အကောင်းပြောမခံရဘူး"

"နေမင်းကရော ကောင်းလို့လား"

"ကောင်းလိုက်တာမှ... ကောင်းရုံတောင်မကဘူး......"

"ဖယ်စမ်းဟယ် စိတ်ညစ်ရတဲ့အထဲ"



"ညစ်မနေစမ်းပါနဲ့ဗျာ... အဲဒီလူကြီးမျိုးအတွက် ခံစားမနေပါနဲ့ ...ဟာသူ သဘော်မှောက်ပြီး သေလိမ့်မယ်"

"ဟဲ့"

"မမေပဲပြောတာ၊ လူဆိုတာ သစ္စာဖောက်ရင် အသက်ရှင်လည်း ...းတတ်တယ်၊ ဘဝရင်လည်း ပျက်တတ်တယ်တဲ့"

ချယ့်ရင်ထဲမှာ ထင့်ခနဲ ဖြစ်သွားမိသည်။

ချစ်သူကို နာကျည်းတာ မှန်သော်လည်း သည်လိုမျိုးဖြင့် သစ္စာ...စေချင်ပါ...

"မမချယ်ကို ပြောစရာရှိလို့"

"ဒီမှာနေမင်း... မမချယ်... ဘာမှလည်း မလုပ်ချင်ဘူး၊ ဘယ်သူ့...မှလည်း စကားမပြောချင်သေးဘူး၊ မမချယ်စကားကို နားထောင်၊ အောက်ပြန်ဆင်း၊ ဦးလေးသူရိန်ဆီသွားပါ အလုပ်ကိစ္စ ပြောစရာရှိလို့ ...ဆင်လေးကို မျှော်နေရှာတာ...ကဲ...သွား...သွား"

နေမင်းသူရိန်က ခေါင်းခပ်ငိုက်ငိုက် ချထားရာမှ မျက်လုံး အပေါ်လှန်ပြီး ချယ့်ကို မကြည့်သောအကြည့်ဖြင့် ကြည့်ပြီး အောက်ပြန် ဆင်းသွားသည်။

အခန်းတွင်းမှ ဒေါ်နန်းချယ်ရီသည်လည်း အချစ်မဲ့ အိမ်ထောင်...ဘဝဖြင့် ပျော်ရွှင်ခြင်းကင်းမဲ့စွာ ဖြတ်သန်းခဲ့ရာမှ... ခုလို ခင်ပွန်း...ည် ဒုက္ခကို မျှဝေယူရသည့်အခါ ခံစားမှုက ထုထည်ကြီးမားနေပါ...မည်။ မြှုသိပ်ကြိတ်ခဲထားရသော မိန်းမသားတစ်ယောက်၏ ရင်မှာ...ကိုရှိုင်းစွာ နာကျင်နေပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသူရိန်မှာလည်း သူ့ဘဝကို တစ်စစီ လွင့်ကြွေသွားအောင် ရက်စက်ယုတ်မာစွာ ဖျက်ဆီးခံလိုက်ရသဖြင့် သူ့ရင်မှ နာကျည်းခြင်းမီးတောက်သည် ပူပြင်းစွာ လောင်မြိုက်နေပေလိမ့်မည်...။

နေမင်းသူရိန်ကမူ...

မိဘ၏ သောကမျိုးစုံကို မျှဝေခံစားတတ်သည့် သားမျိုးမဟုတ်ပါ။ ငယ်စဉ်ကစပြီး လိုတ တိုင်းရနေသော ကလေးတစ်ယောက်အဖြစ်နှင့် ကြီးပြင်းခဲ့ရ၍ စိတ်မချမ်းသာခြင်း ဆိုသည်ကို ဘာမှ နားမလည်။

နောက်ဆုံး ဖခင်၏မျက်စိမှ ဒဏ်ရာကို ခွဲစိတ်ပြန်ချုပ် ကုသနေချိန်ကပင်လျှင် ဆေးရုံမှာ ခပ်ကြာကြာလေး နေပေးလေ့မရှိပါ...

ဆေးစွဲခြင်း၊ လောင်းကစားခြင်းမျိုး မရှိသော်လည်း အပေါင်းအသင်းများစွာထားပြီး Cygnus ကားကြီးနှင့်အပြည့် အပေါင်းအသင်းများစွာနှင့် ပျော်ပါးလည်ပတ် သုံးဖြုန်းနေသော လူငယ်လေးတစ်ယောက်သာ ဖြစ်ချေသည်။

သည်မောင်လေးကိုလည်း သိပ်ကြည့်မရ၊ ဦးသူရိန်၏ သိက္ခာကိုလည်း ကြည်ညိုလေးစား၍ မရသဖြင့် ဒေါ်လေးကို သနားလှသော်လည်း ဤမိသားစုနှင့် ချယ် ခပ်ကင်းကင်း နေခဲ့သည်။

ယခု...

ချယ်ကိုယ်တိုင် နှလုံးသားရေးရာ ဆုံးရှုံးမှုကြီးကြောင့် အရှက်လည်းရ၊ ဘယ်သူနှင့်မှလည်း မတွေ့ချင်သဖြင့် ပုဂံမြို့မှနေ၍ ရန်ကုန်သို့ လုံးဝမပြန်တော့ဘဲ မန္တလေးသို့ လေယာဉ်နှင့်လာပြီး မန္တလေးမှ



ဗင်(Van)အငှားကားဖြင့် ပြင်ဦးလွင်မှာ လာရောက်နားခို နေခြင်းဖြစ်သည်။

ချယ်ရောက်လာချိန်မှာ ဦးသူရိန်နှင့် ဒေါ်နန်းချယ်ရီတို့က ရောက်နှင့်နေကြခြင်းဖြစ်သည်။ အခုနောက်ဆုံး ရောက်လာသူက နေမင်းသူရိန်...

“သစ္စာဦးဂေဟာ”မည်သော တိုက်ကြီးနှင့် ခြံဝန်းကျယ်ကြီးမှာ ဒေါ်နန်းချယ်ရီနှင့် လရောင်ချယ်တို့နှစ်ဦး အညီအမျှပိုင်သော အမွေဆိုင်ကြီး ဖြစ်ပေသည်။ လရောင်ချယ်၏ဖခင် “ဦးလင်းဝေ”မှာ ဒေါ်နန်းချယ်ရီ၏ အစ်ကိုအရင်းဖြစ်သည်။ စီးပွားရှာဖွေရေး၌ ကျွမ်းကျင်၍ ဘိုးဘွားများလက်ထက်က ပို၍ ချမ်းသာလာအောင် ရှာဖွေနိုင်ပါလျက် အသက်မရှည်ရှာ... တစ်ဦးတည်းသော သမီးလေး “လရောင်ချယ်”ကို ထားရစ်ခဲ့ကာ ဖခင် ဦးလင်းဝေရော မိခင် “ဒေါ်နန်းရွှေဖီ”ပါ စောစီးစွာ ကွယ်လွန်ခဲ့ကြသည်။

ကျန်ရစ်သူ လရောင်ချယ်ကို ရင်ခွင်၌ ပိုက်ထွေးခဲ့ရသော ဒေါ်နန်းချယ်ရီက လရောင်ချယ်ကို ချစ်မြတ်နိုးလှသည်။

“ကိုကိုရာခဲ့တာ”

ဆိုသော စိတ်ကောင်းစိတ်မြတ်ဖြင့် လရောင်ချယ်ကို ငွေကြေးနှင့် အတွင်းပစ္စည်းများ ပို၍ ပေးခဲ့သည်။ ထိုအတွင်းပစ္စည်း ကိစ္စများကို အလိုရမ္မက်ကြီးတတ်သော ဦးသူရိန်မသိစေရ...

ရန်ကုန် ရွှေတောင်ကြား ခြံထဲမှာ သီးခြားစီ နေခဲ့ပါလျက် ယခု ပြင်ဦးလွင်အိမ်မှာဖြင့် အားလုံး ဆုံစည်းနေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းသူ့ရိုန် ရောက်ရှိလာခြင်းအတွက် ရင်နှင့် ကြေကွဲနေသော ချယ့်အတွက် အာရုံနောက်ဖို့ ထပ်ဖြစ်လာခဲ့ပြီ။

ချယ်သည် ရှင်းပြန့်သန့်လွင်နေသော ပတ်ဝန်းကျင်ကြီး၏ အလယ်မှာ ရှိနေပါလျက် ရင်ထဲမှာ နောက်ကျိရှုပ်ထွေးနေ၏။

ကြည်လင်ငြိမ်သက်နေသော ပြင်ဦးလွင်၏ ညနေခင်း တိုက်၏ အပေါ်ထပ်မှ လှမ်းကြည့်ရင်း...

ချစ်သူစွန့်ပစ်ခံရသော မိန်းမသားတစ်ယောက်၏ နစ်နာကျဆုံး မှုကို ခံစားလျက်...

မြန်မာ့ယဉ်ကျေးမှုနယ်မြေမှ သိမ်မွေ့လှသော ပုဂံသား ကိုမင်းညို၏ ဖြူစင်သော အပြုံးမျက်နှာများကိုပါ စိတ်မျက်စိနှင့် မြင်နေမိပါ၏...။

✱ ✱ ✱

# ကျဆုံးသူ၏ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ပြင်ဦးလွင်ရဲစခန်းကပါ... ဒီအမှုကြီးကို ပိတ်သိမ်း မရသေးတဲ့အတွက် ဦးသူရိန်အနေနဲ့ ကူညီစေချင်ပါတယ်"

"ကျုပ်လို ဒုက္ခိတ အဘိုးကြီးတစ်ယောက်က ဘယ်လိုလုပ် ကူညီရမှာလဲဗျ"

ရောက်လာသူတို့က တစ်ယောက်မျက်နှာတစ်ယောက် ပြန် ကြည့်ကြပြီး "ဟုတ်ပေသားပဲ"ဆိုသော အသိဖြင့် ဦးသူရိန်ကို ကြင်နာ စွာ ကြည့်ကြသည်။

"ဒီလိုရှိပါတယ်ခင်ဗျာ... ဒီလောက်ရက်စက်တဲ့ လူယုတ်မာကို မိဖို့အတွက် အဲဒီညက ဦးသူရိန် ရလိုက်တဲ့ သဲလွန်စလေးကို ပြန်ပြီး စဉ်းစားပေးစေချင်ပါတယ်"

"သဲလွန်စ"

"ဟုတ်ပါတယ်... ဦးသူရိန်ရဲ့ ပါးစပ်ကို ပလာစတာနဲ့ ပိတ်တယ် ဆံုလည်ကုလားထိုင်မှာ ကြိုးချည်တယ်... အဲဒီတုန်းက ထိတွေ့မြင်ခွင့်ရတဲ့ ပုံပမ်းသဏ္ဍာန်နဲ့ သူ့ဟန်ပန်၊ သူ့အသံက အစ ပေါ့ဗျာ"

"ကျွန်တော်ပြောပြီးပြီလေ... သူ့ခေါင်းကနေ မျက်နှာတစ်ခုလုံး အဝတ်မည်းကြီး စွပ်ထားပါတယ်ဆိုမှ"



"သူ စကားပြောသေးတယ်ဆို"

"အဲဒါလည်း အစစ်ခံပြီးပြီလေ"

"ဦးသူရိန်ရဲ့အသက်ကို သတ်မှာမဟုတ်ဘူး ဘဝကိုသတ်မှာ လို့ ပြောသွားတယ်ဆို"

"ဟုတ်တယ်"

"အဲဒီစကားအရဆိုရင် လူရင်းတွေထဲက တစ်ယောက်ယောက် ဒါမှမဟုတ် စီးပွားပြိုင်ဘက်ထဲက တစ်ဦးဦး ဖြစ်ရမယ်... အခင်းမဖြစ်ခင် တစ်လနှစ်လ ဒါမှမဟုတ် တစ်နှစ် နှစ်နှစ် အတွင်းက ပြဿနာတက်ခဲ့ တဲ့ လူတွေကို စဉ်းစားကြည့်ပေးပါဦး။ ဦးသူရိန်ခင်ဗျာ"

"ခင်ဗျားတို့ သိချင်တာထက် ကျွန်တော်က အဆတစ်ထောင် သာက် ပိုသိချင်တာပေါ့ဗျ"

"မှန်ပါတယ်ခင်ဗျာ"

တစ်ခြားတစ်ယောက်က–

"အရင်က ဦးသူရိန် ပြောခဲ့တယ်နော်၊ အဲဒီ ရာဇဝတ်ကောင်ဟာ ခရုပ်ပုပု... တုတ်တုတ်ခိုင်ခိုင်နဲ့ အသက်တော့ မမှန်းတတ်ဘူး၊ အသံ က ခပ်သြသြနဲ့ဆို"

"ဟုတ်တယ် ဒီအတိုင်းပဲ ဒီထက်ပိုပြီး ကျွန်တော်ဘာမှ မသိခဲ့ ဘူး လေ။ ကျွန်တော် သံသယဖြစ်စရာ လူရှိရင် ဖွင့်ပြောမှာပေါ့ဗျာ။ ဒီလောက် ယုတ်မာရက်စက်တဲ့ကောင်မျိုးကို သံတိုင်ကြားမှာပဲ နေခိုင်း ရမှာပေါ့။ ကျွန်တော် ဘယ်လိုခံစားနေရမလဲဆိုတာကိုလည်း စာနာ ကြည့်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရဲတပ်ဖွဲ့ အနေနဲ့ကလည်း တရားခံကို မိချ[illegible] လွန်းလို့ပါ"

"ဒါပေမယ့် ဘာမှ အကြောင်းမထူးဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဦးသူရိန် အဲဒီကိစ္စကတော့ အကြောင်းမထ[illegible] ပါဘူး၊ ဒါပေမယ့် အကြောင်းထူးလေးတစ်ခု တိုင်ချက်ရောက်လာ[illegible] အဲဒီကိစ္စနဲ့များ ပတ်သက်နေမလားလို့ လာပြီး မေးမြန်းစုံစမ်းရတာ[illegible]

"ဘာကိစ္စလဲ"

"ဦးသူရိန်ရဲ့ ဝန်ထမ်းထဲမှာ 'စိုင်းညွှန့်အောင်' ဆိုတဲ့ လူင[illegible] တစ်ဦး ရှိတယ်မဟုတ်လား"

"ဟင်း...ဟင်း... ဝန်ထမ်းတွေက အများကြီး ကျုပ်ဘယ်[illegible] လုပ် မှတ်မိမှာလဲ"

"ဦးသူရိန် မေ့နေလို့ ဖြစ်ပါလိမ့်မယ်၊ ဦးသူရိန်နဲ့ အနီးက[illegible] နေတဲ့ ကောင်လေးလေ... ကွတ်ခိုင်မြို့နယ် နားမားရွာလေးက မိ[illegible] ကောင်လေးပါ"

"သူ...သူ ကျွန်တော့်နားမှာ မရှိတာ ကြာပါပြီ... ခု... ခု ဘာ[illegible] လို့လဲ"

"ဘာမှမဖြစ်ပါဘူး... သူ့ဦးလေးက တိုင်ချက်လာဖွင့်လို့ပါ[illegible]

"အင်"

"ဟုတ်တယ် ရန်ကုန်ရောက်တုန်း ဦးသူရိန်ရဲ့ကုမ္ပဏီ ဝင်[illegible] တော့ ပြင်ဦးလွင်ကို ဦးသူရိန်နဲ့အတူ သွားကြတယ်လို့ သိရတာ[illegible]



[illegible]ပြန်လာခဲ့ပြီး ဒီရောက်တော့လည်း ဦးသူရိန်ဆီမှာ မရှိလို့ လူပျောက် အနေနဲ့ တိုင်ချက်ဖွင့်ထားလို့ပါ"

"ဗျာ"

"အဲဒီကောင်လေးရဲ့ ပုံပန်းသဏ္ဌာန်ကလည်း ခပ်ပုပု၊ အသား [illegible]ဖြူ၊ ဗလကောင်းကောင်းလို့ သိရပါတယ်။ ဦးသူရိန်အနေနဲ့ရော အဲဒီ စိုင်းညွှန့်အောင်ဆိုတဲ့ ကောင်လေးကို သံသယ ဖြစ်နိုင်သလား... ဖြစ်နိုင်ခဲ့ရင် ဘယ်လိုကြောင့်ပါလဲ"

စတီးတုတ်ကောက်ကို ကိုင်ထားသော ဦးသူရိန်၏ လက်များ ဆတ်ဆတ်တုန်လာသဖြင့် တအားညှစ်ဆုပ်ကိုင်ထားလိုက်ရသည်။ နကာမျက်မှန်နက်ကြီး တပ်ထားပါလျက် မျက်နှာမပျက်အောင် ဦးသူရိန် ထိန်းလိုက်ရသည်။

"ဒီကောင်လေးက လူကောင်းလေးပါ၊ ကျွန်တော့်ကို လုပ်မယ် ထင်ပါဘူး။ အဲ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများပါလိမ့်"

"ဒီကောင် ငွေသိပ်လိုချင်တယ်၊ ဝန်ထမ်းဘဝကို ကျေနပ်နိုင်ပုံ မရဘူး၊ ဒါကြောင့် ငွေအများကြီးရနိုင်မယ့် မူးယစ်ဆေးကိုင်တဲ့ အဖွဲ့နဲ့ ပေါင်းသွားပြီထင်တယ်။ အဲဒီအလုပ်က တစ်ဘက်နိုင်ငံနဲ့ ဒီက နယ်စပ် ဒေသမှာ လှုပ်ရှားရတာ မဟုတ်လား"

"ဟုတ်ပါပြီ...ဒီကောင်လေးအပေါ်မှာ သံသယ ရှိ၊ မရှိပဲ သိချင် တာပါ... ဒီကောင်လေး ဘာပဲဖြစ်ဖြစ် တွေ့အောင်ရှာဖို့က ကျွန်တော်တို့ တာဝန်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟုတ်ပါပြီလေ ရှာကြပါ။ တွေ့အောင် ရှာကြစမ်း ပါဗျာ"

"ကောင်းပါပြီ ဦးသူရိန် ခုလိုလာပြီး နှောင့်ယှက်ရတာ ခွင့်လွှတ် ပါ ခင်ဗျာ၊ တာဝန်အရမို့ပါ"

"နှောင့်ယှက်တယ်လို့ မယူဆပါဘူး၊ ကျွန်တော့်ကို ကူညီနေ ကြတယ်လို့ နားလည်ပါတယ်... ကဲ ဘာများ သိချင်ကြသေးလဲ"

"မလိုတော့ပါဘူး... ပျောက်ဆုံးနေတဲ့ စိုင်းညွန့်အောင်အဝေ မှာ ဦးသူရိန် သံသယ ရှိမရှိ သိချင်ရုံပါပဲ"

"မရှိပါဘူး... လုံးဝ မရှိပါဘူး"

"ဒါဆိုလည်း ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

"ကောင်းပါပြီ"

လာသူများ တိုက်ပေါ်မှ ဆင်းသွားပြီး ကားတံခါးပိတ်သံ ကားမောင်း၍ ထွက်သွားသံများကို နားအာရုံဖြင့် မှန်းဆပြီး အားလုံး ရှင်းသွားပြီဟု သိလိုက်ရပြီးသည်နှင့်...

အင်း...ငါလည်း ဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူးထင်တယ် ငါ့မျက်စိကုမရတော့ဘူးဆိုလို့ စိတ်ဓာတ်တွေကျ၊ အလုပ်တွေပစ်ထား ခဲ့ပြီး ဒီမှာ အေးအေးဆေးဆေး လာနေတာ။

ဒါပေမယ့် မအေးဆေးလိုက်တာ...

ခုကို ရဲတွေ လာမေးနေပြီ...

ဒီမြို့ဟာ စိုင်းညွန့်အောင်ကို ငါ မီးရှို့သတ်လိုက်သလို ငါ့ဘဝ တစ်ခုလုံး မှောင်မိုက် သေဆုံးသွားအောင် ခံလိုက်ရတဲ့ ဒီမြို့၊ ဒီမြေ ဒီအိမ်မှာ...



ငါမနေချင်တော့ပါဘူး

ရန်ကုန်ကိုပဲ အမြန်ဆုံး ပြန်မှဖြစ်တော့မယ်...

ဦးသူရိန် ဤသို့ ဆုံးဖြတ်ပြီးသည်နှင့် စိတ်ထဲမှ...

"ရှာကြ၊ ရှာကြလေ တွေ့အောင် ရှာကြစမ်းပါ... စိုင်းညွန့် အောင် ဆိုတဲ့ ကောင်လေးက မီးနှစ်ခါလောင်သွားပြီးသားမို့ အသားတွေ ရှိတော့ဘူး၊ အရိုးကလည်း ဟိုး ရှစ်မိုင်က ကုန်းဘောင် သုသာန်မှာ တစ်ခြားမီးသင်္ဂြိုဟ်ထားတဲ့ အရိုးတွေနဲ့ ရောပြီး မြေမြှုပ်လိုက်ပြီပေါ့... စိုင်းညွန့်အောင်ဆိုတဲ့ ကောင်လေးကို ရှာဖွေဖို့ မပြောနဲ့ သူ့ရဲ့ သက်သေ အရိုးလေးတစ်ချောင်းတောင် ဘယ်သောအခါမှ ရှာတွေ့မှာ မဟုတ်ဘူးဆိုတဲ့အကြောင်းကို...

ကျုပ်... သူရိန်... ဆိုတဲ့လူကလွဲလို့ တစ်လောကလုံး ဘယ်သူ မှ မသိနိုင်ကြဘူး... ဘာဖြစ်လို့လဲဆိုတော့...

✱

ဦးသူရိန်မှာ သူ့တပည့် ကိုညိုကြီးနှင့်အတူ ကျောက်စွာ၏ ခေါင်းကို အသေရိုက်ခဲ့ပြီး ညဘက်ကြီးမှာ လေ့တစ်စင်းပေါ် အလောင်း ကိုတင်၍ သူတို့နှစ်ယောက် ဒီရေကျချိန်ကို တမင်ရွေးပြီး လှော်ခတ် ကြသည်။

ချောင်းသာ အပမ်းဖြေကမ်းခြေနှင့် အတော်လေး ဝေးဝေး အရောက်မှာ။

www.burmeseclassic.com



"ရပြီဆရာ ဒီကောင်ကို ကန်ချကြစို့"

"ဒီနေရာလောက်နဲ့ ဖြစ်ပါ့မလား... ပြီးတော့ သေတာရော သေချာရဲ့လားကွာ"

"ဩော်... ဆရာကလည်း ညဦးထဲက ဒီကောင် စန့်နေတာ ကိုင်ကြည့်ပါလား"

"ငါ...ငါ... မကိုင်ရဲဘူး"

"ဒါဆို ဆရာ အသာနေ"

အသာနေဆိုသော်လည်း လှိုင်းကြောင့် လှေက လူးနေသဖြင့် ကျော်စွာ၏ အေးစက်နေသော ခြေထောက်ကို ဝိုင်းကူမပြီး ပင်လယ်ထဲသို့ ပစ်ချလိုက်ရသည်။

"သွားပြီ...ရေက ကျနေတာ၊ ရေစီးနဲ့အတူမျောပြီး ပင်လယ်နက်ထဲ ရောက်သွားမှာ...ငါးတွေတော့ ဒီည ဒင်နာ အပျံစားပဲ— ဟဲ...ဟဲ... ကျော်စွာကို ဝိုင်းတွတ်ကြမှာ"

ညီကြီးက အောင်ပွဲခံသလို တက်တက်ကြွကြွ ရှိနေခြင်းမှာ ဦးသူရိန် တိုက်ထားသော အရက်ပြင်းများ၏ အရှိန်ကြောင့်လည်း ဖြစ်ပေသည်။ ငွေတွေ နင့်ခနဲ ရရုံမက...

"ရိုက်သတ်တာကမင်းနော် ညီကြီး ဒီအမှုပေါ်ရင် ငါက ထောင်လောက်ကျမှာ မင်းက ကြိုးစင်တက်ရမှာ" ဟု ဦးသူရိန်၏ ခြောက်လှန့်မှုကြောင့်လည်း ညီကြီး နှုတ်ပိတ်နေမှာ သေချာသည်။ စိုးရိမ်စရာ မရှိပါ...

ချောင်းသာကနေ ရန်ကုန်ကို ဒိုင်လျှိုပြန်ပြီး ပြင်ဦးလွင်ပြန်ရောက်လာဟန်နှင့် အားလုံး နေသားတကျ ဖြစ်နေသော်လည်း—



"ဆရာ... ကျော်စွာ... ငွေတော့ပို့သွားတယ် ဒါပေမယ့် ရန်ကုန်ကို ပြန်ရောက်မလာဘူး"

"ကိုကျော်စွာရှိလားတဲ့ ဖုန်းလာတယ်"

"ကိုကျော်စွာ အပ်ထားတဲ့ ကုမ္ပဏီရဲ့ ပန်းဖလက်တွေ လာမရွေးသေးလို့တဲ့"

"ကျော်စွာ ဘယ်ပျောက်နေတာလဲဆရာ"

စသော စုံစမ်းသံများ စိပ်လာသည်။

ကျော်စွာ သေဆုံးကြောင်း သူ သက်သေပြနိုင်မှ ဖြစ်တော့မည်။

"ကျော်စွာက သူ့ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ခွင့်ယူထားတာတော့ ပြင်ဦးလွင် တက်ခိုင်းလိုက်ပြီ၊ ဟိုက ကန်ထရိုက်ကိစ္စတွေ သူ့ကိုပဲ ခိုင်းလိုက်တယ်၊ ကျွန်တော်လည်း နိုင်ငံခြား ညှိကိစ္စပြီးတာနဲ့ ပြင်ဦးလွင်တက်မှာ"

သူ့ဒါရိုက်တာ ကိုအောင်သူရကိုပြောပြီး အားလုံးကို သိစေသည်။

အကြံကြီး၍ ရှေ့ကို ကြိုမြင်တတ်လွန်းသော လူနပ်ကြီး ဦးသူရိန်မှာ ကျော်စွာ၏ မှတ်ပုံတင်၊ ကျော်စွာ၏ လက်စွပ်နှင့် လက်ပတ်နာရီတို့ကို သူနှင့်မကွာ ထားရှိပြီး ပြင်ဦးလွင်သို့ တက်ခဲ့သည်။

သူနှင့်အတူ ပါလာသူက စိုင်းညွန့်အောင်။

မြောက်ပိုင်းရှမ်းပြည်နယ်မှ မိမရှိ ဘမရှိ ရန်ကုန်မှာ အသိမရှိသော ကောင်လေးတစ်ယောက်ကို သူတမင် ရွေး၍ ခေါ်ခဲ့သည်။

သည်ကောင်လေးအကြောင်းကို စုံစမ်း စပ်စုမည့်သူ မရှိ၊ ရှိခဲ့လျှင်လည်း မြောက်ပိုင်းရှမ်းပြည်က သူ့ရွာသူ ပြန်သွားသည်ပေါ့လေ...

www.burmeseclassic.com

www.burmeseclassic.com



စစ်တုရင်ကစားပွဲမှာ ဘုရင်မကြီး မကျဆုံးဖို့ 'နယ်ရုပ်'ကလေးတွေ ချကျွေးရသည် မဟုတ်လား။

ပြင်ဦးလွင်၏ ဆောင်းဦးကာလ ညတစ်ညမှာ ဦးသူရိန်အတွက် ညီကြီးလို လူသတ်ရဲသော လက်မရွံ့သားပင်မလို၊ သူ့တစ်ကိုယ်တော် လှုပ်ရှားမှုဖြင့် ကိစ္စက အောင်မြင်စွာ ပြီးမြောက်သွားခဲ့သည်။

"ဟာ...ဆရာ ညဘက်ကြီး"

"အေး... ခုပဲ ဖုန်းလာလို့ကွာ ပြင်ဦးလွင်ကနေ ဆယ်မိုင်လောက် သွားရတဲ့ကွေ့မှာ ငွေလာယူပါတဲ့၊ ကားက မန္တလေး ဒီညဆင်းမှာမို့တဲ့၊ မင်းသိပါတယ် စိုင်းခွန်တို့ တို့ဆီက သစ်တွေဝယ်ထားတာလေ"

"ဟုတ်ကဲ့...ဆရာ"

နှိမ့်ချရိုကျိုးသော ဝန်ထမ်းလေးအဖြစ်နှင့် မမြင်နိုင်၊ သားသမီးချင်း မစာနာ... သူ၏ အောင်မြင်ရေးကသာ အဓိက...

"အင်း...ကားတစ်စင်းတော့ အဆုံးခံရမှာပေါ့လေ"

လူ့အသက်ထက် သူ့ 'အ'နံပါတ် နောက်ယက်ဇဲန်ကားကိုပင် နှမြောနေမိသေးသလိုလို...

"အေး ရှေ့ကွေ့ကျရင် ချောင်ပင်ကြီးနားက နတ်စင်ကျော်ကျော်မှာရပ်"

သူ ကြိုတင်ကြံရွယ်ထားသော နေရာအရောက်တွင် ကားရပ်နိုင်ပြီးသည်နှင့် အသင့်သယ်ဆောင်လာသော လေးဂါလံဝင် ဓာတ်ဆီပုံးကြီးကို စိုင်းညွှန့်အောင်၏ ခေါင်းမှ လောင်းချလိုက်ပြီး သူ ကားထဲမှ



ခွက်လိုက်သည်။ ကောင်လေးမျက်စိထဲ ဓာတ်ဆီတွေ ဝင်သွားပြီး ဆွေးရှူးသွေးတန်း ရုန်းကန်နေချိန်မှာ သူ တောင်စောင်းထိပ်သို့ ကားကို တွန်းလာပြီး မီးခြစ်ခြစ်၍ ကားထဲ ပစ်ထည့်ချိန်နှင့် ကားကို တွန်းချချိန်က တစ်ဆက်တည်းပါပင်...

ထိုနေရာက တောင်ကုန်းထိပ် ချောင်ပင်ကြီးနှင့် မျက်နှာချင်းဆိုင် ကုန်းထိပ်...

အောက်ခြေ ကားလမ်းဆီမှ အဝေးပြေး ကုန်တင်ယာဉ်ကြီး အဓိအဓိ တက်လာသည့် ကားမီးရောင်ပျပျကို မြင်ရချိန်မှာ သူ လမ်းတစ်ဘက်သို့ ကူးခဲ့သည်။ နတ်စင်နောက် တောထဲမှာ နေ့လယ် လူရှင်းချိန် ကတည်းက ဝှက်၍ထားခဲ့သော မော်တော်ဆိုင်ကယ်ကို ဆွဲထုတ်၍ မျက်နှာပါ ကာထားသည့် ဦးထုပ်ကို ဆောင်းကာ ပြင်ဦးလွင်သို့ ဆယ်မိုင်ခန့်ခရီးကို ကျင်လည်စွာစီးပြီး သူ၏ သစ္စာဦးဂေဟာသို့ တစ်နာရီအတွင်းမှာပင် ပြန်လည်ရောက်ရှိလာနိုင်ခဲ့ပါပြီ...

ထိုညက ဦးညြဘာကို ခွင့်ပေးထားသည်။

သစ္စာဦးဂေဟာတွင် သူတစ်ယောက်တည်း

အရက်ကို ဖိမ်ခံ၍ သောက်နေလိုက်သေးသည်။

ကျော်စွာကို သတ်ရတုန်းကလောက်ပင် သူ မတုန်လှုပ်တော့ပါ။

သူ့အစီအစဉ်များ အားလုံးကွက်တိ...

အရာခပ်သိမ်း အံဝင်ခွင်ကျ...

www.burmeseclassic.com

www.burmeseclassic.com



ကားချောက်ထဲကျပြီး ခေါင်ဆီပုံးပါ ပါ၍ တစ်စင်းလုံးနီးပါး မီးလောင်သည်။

ကားထဲမှ မှတ်ပုံတင်နှင့် လက်စွပ်များ ပြန်ရသဖြင့် သေဆုံး သူမှာ ဦးသူရိန်၏ တပည့်ရင်း ရန်ကုန်သား ကျော်စွာဖြစ်ကြောင်း အားလုံးက လက်ခံခဲ့ကြပြီး...

သူ့မိသားစုနှင့် သူချစ်သူပါ ပြင်ဦးလွင်သို့တက်လာပြီး စိုင်းညွှန့် အောင်၏ အလောင်းကို ကျော်စွာအဖြစ်နှင့် သင်္ဂြိုဟ်နိုင်ခဲ့ပြီ...

ကားတစ်စင်းဆုံး၊ တပည့်တစ်ယောက်ဆုံးသော သူဌေးကြီး ဦးသူရိန်အတွက် ဝမ်းနည်းကြောင်း စကားများပင် ပြောကြားအားပေး ကြ၍ အားလုံး အဆင်ကိုပြေလို့...

သို့သော်...

သူ စတေးလိုက်သော သားကောင်လေးက ငြိမ်သက်စွာ လဲ စင်း ပေးသွားသော်လည်း...

"သေပြီ"ဟု သေချာခဲ့သော ကျော်စွာက ပြန်ပေါ်လာကာ သူ့ ကြုံးဝါးကျိန်ဆိုသွားသလိုပင်...

ဦးသူရိန်၏ဘဝဆုံးခဲ့ပြီ...

ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်သွားအောင် သေဆုံးခဲ့ပြီ...

သူ့အဖြစ်က အဖြစ်မှန်ကို ဖော်ထုတ်မပြရဲ၊ မပြဝံ့၊ ပြလို့မရ

ရန်ကုန်မှာလည်း အလုပ်တွေက ကမောက်ကမနှင့် စိတ် က ကျရှုံးမဟုတ် မြုပ်သွားသဖြင့် သူ ပြင်ဦးလွင်သို့ သူ့ခေါင်းကို ခေါ် တက်လာနေချိန်မှာ...



"စိုင်းညွှန့်အောင် ပျောက်နေသတဲ့"

"လူပျောက်မှုနဲ့ တိုင်ထားသတဲ့"

ဒါက ကိစ္စမရှိ... အလောင်းကိုပင် ပြန်ဖော်ကြည့်လို့မရအောင် လောင်မြိုက်ပြီးဆုံးသွားခဲ့ပြီ၊ အခု ဦးသူရိန် ရင်ထဲမှာ မီးတောက်နေ သက...

"ကျော်စွာ...ကျော်စွာ"

"အားလုံးက မင်းသေဆုံးသွားပြီလို့ လက်ခံထားကြပေမယ့်... င်းမသေသေးဘူးဆိုတာ ငါ့အပြင် ဘယ်သူ သိသေးသလဲ...ဟင် ကျော်စွာ"

မင်းကိုလေ... ဟိုကောင်လေးလို အရှင်လတ်လတ် ငါကိုယ်တိုင် သတ်ချင်တယ်... မင်းက ဒီလိုသေသင့်တဲ့ကောင်"

"ငါမကျေနပ်ဘူး... မင်းကို ငါ အခဲမကျေဘူး"

"အေး ငါမင်းကို ဘာမှပြန်မလုပ်နိုင်ဘူးဆိုတာ ငါသိပါတယ် ကျော်စွာ၊ ငါက ကျဆုံးသွားပြီလေ"

"ဒါကြောင့် မင်းလိုပဲ... ငါလည်း ကျိန်စာတိုက်မယ်"

"ငါ့ကို မသတ်ဘူး... ငါ့ဘဝကိုသတ်မယ်လို့ မင်းသစ္စာဆိုပြီး ကို ကျိန်စာတိုက်ခဲ့တယ် မဟုတ်လား"

လူလူချင်း သိပ်မုန်းလို့ ကျိန်စာတိုက်ရင် ရသလား။

အသားလွတ်ကြီးတော့ ရမယ်မထင်ဘူးနော်။

တစ်ယောက်ကတစ်ယောက်ကို ဒုက္ခပေးပြီး ခံရသူက ကျိန်စာ မှ ရမယ်ထင်ပါရဲ့ကွာ မင်းလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို... ငါ့ဘဝကိုသတ်ပြီး ငါ့မျက်စိနှစ်လုံးကို ထိုးဖောက်သွားတဲ့ မင်းလည်း... ငါ့လို စိတ်ဒုက္ခ၊ လူဒုက္ခ ခံစားရပါစေ၊ အဆေးဆိုးနဲ့ သေပါစေ...

မင်းကိုထိမှာပါ... ထိပါစေ... ငါက မင်းပေးတဲ့ဒုက္ခကို ခံစားရသူလေ... ကျဆုံးသူလေ...

"ကျဆုံးသူ၏ကျိန်စာ"ဆိုတာ ထိတတ်တယ်ဆိုရင် မင်းငါ့ထက် ဒုက္ခရောက်ပါစေ၊ အသက်ဆုံးပါစေ၊ ဒုက္ခရောက်ပြီးမှ အသက်ဆုံးပါစေ"

စတီးတုတ်ကြီးကို ကြမ်းပြင်ပေါ် တခေါက်ခေါက် ထောက်ရင်း ပါးစပ်က ပွစိပွစိနှင့် ကျိန်စာတိုက်နေ၏။ ဦးသူရိန် ဆိုသည့်အတိုင်း နေမင်းကြီးကဲ့သို့ ပူပြင်း၍ ဒေါသဖြင့် လောင်မြိုက်နေသော လူသားကြီး တစ်ယောက်မှာ...

✱ ✱ ✱

ပန်းနုသွေး၏ ဒုတိယစာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

နေမင်းသူရိန် ကုမ္ပဏီမှ မန်နေဂျာ ဦးမြတ်သူသည် တည်ကြည်
ဖြောင့်မတ်သူဖြစ်၏...။ ဦးသူရိန် ကောက်ကျစ်မှုများကို သူမသိ

လူဆိုးကြောင့် ဦးသူရိန် မျက်စိကွယ်သွားကြောင်း ကြားရ
သူ့မှာ စိတ်မကောင်းဖြစ်လိုက်ရတာ။

တာဝန်ကျေရုံမက သစ္စာပါရှိလှသော သူတို့၏ဝန်ထ
**မောင်ကျော်စွာတစ်ယောက် ပြင်ဦးလွင်အလွန်မှာ ကားမှောက်**
**သေဆုံးသွားပြီ**ဆိုသော သတင်းကြောင့်လည်း သူ့မှာ သနားလို
ရတာ...

**ကျော်စွာအတွက်** တစ်လပြည့် ဆွမ်းသွပ်သည့်နေ့က ဦးမြတ်
**ကျော်စွာတို့**အိမ်သို့ ရောက်ခဲ့သည်။

မျက်ရည်စက်လက်နှင့် ကျော်စွာ၏မိခင် ဒေါ်ခင်သက်
နှစ်သိမ့်ရင်း–



"ကျန်တဲ့ ကျော်စွာရဲ့ညီလေးက အလုပ်ရှိလား"

"ဟုတ်ကဲ့... ဒီသားလေးတွေက ရှာကျွေးနေကြတာပါ အလုပ်
ကြပါတယ်၊ ဘာဖြစ်လို့ မေးတာလဲဟင်"

"ဪ... အလုပ်မရှိရင် ကျွန်တော်တို့ ကုမ္ပဏီမှာ အလုပ်
နိုင်ပါတယ် ကူညီချင်လို့ပါ"

"ကျေးဇူးတင်ပါတယ်... ခုတော့ သားလေးကလည်း အလုပ်
ပါပဲ"

ဒေါ်ခင်သက်က ငြင်းဆိုလိုက်ပြီးမှ တစ်ခု သတိရကာ...

"ဪ မလေး...အဲ ချွေးမလောင်းလေးတော့ ရှိတယ်။ ကျော်စွာနဲ့
ကျက်ထပ်ခါနီးမှ ခုလိုဖြစ်သွားတော့ သူ့ခမျာ သနားစရာပါဆရာရယ်
နိုင်ရင်တော့ အဲဒီသမီးလေး အလုပ်သွင်းပေးလို့များ ရမလားရှင်၊
က အဝေးသင်ဒုတိယနှစ်ပါ..."

"အင်း... ဖြစ်နိုင်ပါတယ်... ရုံးမှာလည်း လူလိုနေလို့ အင်တာ
တောင် ထိုင်ပြီး လူရွေးဖို့ စီစဉ်နေတာပါ မအားသေးလို့"

"ဒါဖြင့်လည်း ခိုင်းကြည့်ပါလား ဆရာရယ်"

"ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့အန်တီ၊ မြတ်သူလို့ပဲ
ပါ၊ အဲဒီမိန်းကလေးက ဘယ်မှာနေလို့လဲ"

"ကျွန်မတို့နဲ့ တစ်ရပ်ကွက်တည်းပါ ညက ဒီမှာအိပ်ပြီး
ဆွမ်းကပ်ပြီးမှ သူ့အိမ်ခဏပြန်သွားတာပါ၊ ခေါ်ခိုင်းလိုက်ရ
ား ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အချိန်သိပ်မရဘူး... ဒီလိုလုပ်ပါ... ဒီက ကျော်စွာ ညီလေး ဝဏ္ဏနော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"အဲဒီမိန်းကလေးကို တို့ကုမ္ပဏီ ခေါ်ခဲ့လေ။ တနင်္လာနေ့ နေ့လယ်လောက်ပေါ့"

"ဟုတ်ကဲ့ဆရာ ခေါ်ခဲ့ပါ့မယ် သူလည်း အလုပ်လုပ်ချင်မှာပါ"

"သူ့နာမည် ပြောပါဦး"

"ပန်းနုသွေး ပါတဲ့ဆရာ"

"သြော်...အေး ကျော်စွာက သူ့ရည်းစားအကြောင်း ပြောပြဖူးတဲ့ ဒီနာမည်လေး မှတ်မိနေတယ်"

"အစ်ကိုနဲ့ ပန်းနုသွေးက သိပ်ချစ်ကြတဲ့ စုံတွဲပါဆရာ"

"ကဲပေါ့ကွာ... ဘ၀ဆိုတာ ဒီလိုပါပဲ... မင်းတို့မိသားစုက လည်း လိုအပ်တာရှိရင် ပြောပါ၊ ဆရာကူညီနိုင်တာ ဆိုရင် ကူညီ ပါ့မယ်၊ ကဲ သွားပြီ... အားလုံးပဲ သွားပြီနော်"

ဒေါ်ခင်သက်အပြင် ထိုင်နေသူအားလုံးကိုပါ ယဉ်ကျေးစွာ နှုတ်ဆက်ပြီး ဦးမြတ်သူ ပြန်လာခဲ့သည်။

ချိန်းဆိုထားသည့်အတိုင်း မောင်ဝဏ္ဏနှင့် ပန်းနုသွေးတို့ ဦးမြတ်သူထံ ရောက်ရှိလာသည့်နေ့မှာပင် အလုပ်ခန့်ဖို့အတွက် ပြော ဆိုကြရာမှာ...



"အစ်ကိုလုပ်သွားတဲ့ နေရာမို့ လုပ်ချင်စိတ်လည်း ရှိသလို အစ်ကိုရှိခဲ့ဖူးတဲ့နေရာဆိုပြီးတော့လည်း ပိုပြီး ဝမ်းနည်းကြေကွဲလွန်းလို့ ဒီမှာ အလုပ်လုပ်ရမှာကိုလည်း ကြောက်ရွံ့တုန်လှုပ်နေသလိုပါပဲရှင်"

ဝဲလာသော မျက်ရည်မကျဖြစ်အောင် အားတင်း၍ ထိန်းရင်း အသံလေး တုန်တုန်ခိုက်ခိုက်ဖြင့် ပြောနေရှာသော ပန်းနုသွေးကို ကြည့်ပြီး ဦးမြတ်သူမှာ သမီးလေးတစ်ယောက်ကဲ့သို့ သနားကြင်နာစိတ် ဖြင့်ဝင်မိသည်။ ပန်းနုသွေး၏ ခံစားချက်ကိုလည်း နားလည် လိုက်ပါ၏။

မောင်ဝဏ္ဏနှင့် သူကိုယ်တိုင် ဖျောင်းဖျနစ်သိမ့်မှုကြောင့် ကုမ္ပဏီမှာ ပန်းနုသွေး အလုပ်လုပ်ဖြစ်သည်။ အလုပ်လည်း ကြိုးစားရှာသည်။

ချစ်သူသေဆုံးသည်ကို ခင်ပွန်းသည် သေဆုံး၍ ကျန်ရစ်သူ ဇနီးမလေးတစ်ယောက်ကဲ့သို့ ခံယူထားပုံမျိုးဖြင့် အခြယ်အသကင်းစွာ အလုပ်ပေါ်မှာ တစူးတနစ် အာရုံစိုက်ပြီး လုပ်ရှာသည်။ အရည်အချင်း လည်း မဆိုးလှ၊ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူလည်း ဖြစ်သည့် အပြင် ကွန်ပျူတာပါ ကျွမ်းကျင်သဖြင့် ဒါရိုက်တာ ကိုယ်တိုင် သဘော ကျပြီး ရာထူးတစ်ဆင့်မြှင့်ကာ လခပါ ယခုလမှစ၍ တိုးပေးမည့် ဝင်းသူရိန်ကုမ္ပဏီကြီး၏ ဝန်ထမ်းမလေး 'ပန်းနုသွေး'...

"ဆရာ ခေါ်တယ်ဆိုလို့"

"သြော်...အေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာခိုင်းမလို့လဲဆရာ"

"ခိုင်းစရာမရှိဘူး ပြောစရာရှိလို့"

"ပြောပါဆရာ"

"ထိုင် ပန်းနုသွေး"

မန်နေဂျာ ဦးမြတ်သူ၏ စားပွဲရှေ့မှ ကုလားထိုင်၏ ရှေ့ပိုင်း တွင် ခါးကို မတ်မတ်ထား၍ ထိုင်ကာ ပြောကြားမည့်စကားကို နား နေသည်။

"အခု ကုမ္ပဏီရဲ့(MD)ဖြစ်တဲ့ ဦးသူရိန်က သူ့အလုပ် သူပြန်လုပ်တော့မယ်တဲ့"

"သူက ပြင်ဦးလွင်မှာ သွားနေတာဆို။ မျက်စိရော ကောင်းသွား ပြီလားဆရာ"

"မကောင်းသေးပါဘူး"

"ဟင်...ဒါဖြင့် ဘယ်လို..."

"သူ့သား နေမင်းသူရိန်နဲ့ အတူရုံးထိုင်မယ်၊ သူက နား ဦးနှောက်နဲ့ အလုပ်လုပ်မယ်၊ သူ့သားက မျက်စိနဲ့ အလုပ်လုပ်မှာ"

"ဘယ်လိုပါလိမ့်"ဟု ပထမမှာ ပန်းနုသွေး သဘောမပေါက် သေး၊ နောက်မှ... သားဖြစ်သူက စာရွက်စာတမ်းကြည့်၊ အဘိုးကြီး နားထောင်၊ ဆုံးဖြတ်ချက်ချမည်ဟု နားလည်လာသည်။

"အဲဒီတော့ သူတို့သားအဖအတွက် စာရွက်စာတမ်းတွေ ယူဖို့ ငွေကြေးကိစ္စတွေ စာရင်းတွေ၊ ဆရာ့ဆီကနေ သူတို့သားအဖ



တင်ပြဖို့တွေအတွက် ပန်းနုသွေး တာဝန်ယူရလိမ့်မယ်... ငွေရေး ကြေးရေးက အစပေါ့"

"ဆရာခိုင်းတာကို သစ္စာရှိရှိ လုပ်ပါ့မယ်"

"မောင်ကျော်စွာလိုပဲ စိတ်ချရပြီလို့ ပန်းနုသွေးကို ဆရာ ယုံကြည်လာလို့ပါ"

"ရှင်"

"အစက အဲဒီအလုပ်မျိုးတွေ ငွေကြေးကိစ္စတွေကို မောင်ကျော် စွာက လုပ်နေကျလေ၊ ဦးသူရိန် အားကိုးခဲ့တဲ့ ဝန်ထမ်း တစ်ယောက် ပေါ့"

"အစ်ကိုကိုယ်စား လုပ်ပေးရမှာပေါ့နော်"

"မောင်ကျော်စွာလောက်တော့ တာဝန်ကြီးကြီး ယူစရာ မလို သေးပါဘူး၊ ဒါပေမယ့် အတွင်းသိတွေမို့ ငွေရေးကြေးရေးကအစ ပန်းနုသွေး လုပ်ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ"

"ဦးသူရိန်တို့သားအဖ ရောက်လာရင် ဒီဖိုင်တွဲကို ပြရမယ်၊ ပြီးရင် သူတို့သားအဖ ဘယ်လိုဆုံးဖြတ်မယ်၊ ဘာတွေပြောမယ်ဆိုတာ ရေးမှတ်လာပြီး ဆရာ့ဆီ ပြန်တင်ပြရမယ်နော်"

"ကောင်းပါပြီဆရာ"

"အခု သူတို့သားအဖ အိမ်ကထွက်လာပြီလို့ ဖုန်းလာတယ် ကြောင့် ပန်းနုသွေး... ဒီမှာနေချင်လည်းနေ ကိုယ့်နေရာပြန်ပြီး စောင့်ချင်လည်းစောင့်"

www.burmeseclassic.com

www.burmeseclassic.com



"နေရာကပဲ သွားစောင့်နေပါ့မယ်ဆရာ"

ပန်းနုသွေးမှာ မန်နေဂျာအခန်းမှ ထွက်လာပြီး သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။ သူတို့ဝန်ထမ်းများအခန်းက ကျယ်ဝန်း၏ ဝန်ထမ်း ဆယ့်ခြောက်ယောက် ထိုင်စရာရှိသော်လည်း လက်ရှိဝန်ထမ်းက ဆယ်ယောက်တည်းသာရှိ၏...။

ဝန်ထမ်းပဲလာလာ၊ ဧည့်သည်ပဲလာလာ ပန်းနုသွေးတို့ အခန်းကို ဖြတ်ပြီးမှ ဝင်ကြရသဖြင့်... သူဌေးကြီး ဦးသူရိန် လာလျှင်လည်း သူတို့အခန်းမှ ဆီး၍ မြင်နိုင်ပါ၏။

"ဟဲ့... လာကြပြီတော့"

ရုံးခန်းရှေ့တည့်တည့်မှာ မာစီဒီး အနက်ရောင် ကားသစ်ကြီး ဆိုက်ရပ်လိုက်ချိန်မှာ...

"ချာတိတ်လည်း ပါလာမှာတဲ့ သူပဲ ဦးဆောင်မှာ ဆိုလားပဲ"

"ဘယ်က ချာတိတ်ရမှာလဲ ဟိုမှာကြည့်ပါဦး အရပ်ကြီးက မိုးထိုးတော့မယ်"

"ခုမှ ထွားလာတာပါဟယ်... ဟိုးအရင် သူ့အဖေနဲ့ လိုက်လာ တုန်းက ဆော့လိုက်တာမှ မျောက်တစ်ကောင်ပါလာတဲ့အတိုင်းပဲ"

"ဟဲ့... ကြားသွားပါဦးမယ်"

ကားထဲမှ စတီးတုတ်ကောက်ကို အားပြုပြီး ထွက်လာသည့် ကုမ္ပဏီသူဌေးကြီးကို ဒရိုင်ဘာနှင့် သူ့သားကတွဲ၍ ဖြည်းဖြည်းချင်း တက်လာကြသည်။

"နေမင်းသူရိန် ကုမ္ပဏီဆိုပြီး သူ့သား ငယ်ငယ်တည်းက မှည့် ထားတာ ခုတော့ ဒီနာမည်ပိုင်ရှင်က တကယ့်သူဌေးဘွဲ့ခံရတော့မှာ ပေါ့နော်"

ဝန်ထမ်းမိန်းကလေးတို့ သဘာဝအတိုင်း တီးတိုးပြောကြား နေချိန်မှာ ပန်းနုသွေးက သူဌေးကြီး ဦးသူရိန်ဆိုသည်ကို တအံ့တဩ ကြည့်နေမိသည်။ အနောက်တိုင်း ဝတ်စုံနှင့် ရေးဘဲန်နေကာမျက်မှန်နှင့် အသက်ငါးဆယ်ရွယ် ခန့်ခန့်ညားညား ပုံစံကိုကြည့်ပြီး...

"ဒါ အစ်ကိုကျော်စွာရဲ့ အလုပ်ရှင် ကျေးဇူးရှင်ပဲ... သူတို့ ခိုင်းသမျှ ငါ အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်"

ဆိုသော ကြည်ညိုစိတ်နှင့်ပင် ဦးသူရိန်ကို ကြည့်လိုက်မိပါ သေးသည်။

သူတို့အခန်းတွင်းရောက်ပြီး ဆယ်မိနစ်လောက်စောင့်ပြီးမှ ဖိုင်တွဲကို ပိုက်ကာ ပန်းနုသွေး Managing Director ဆိုသော M.D ၏ အခန်းထဲသို့ ဝင်ရောက်ခဲ့သည်။

"ထိုင်ပါ"

"ရပါတယ်ရှင့် မန်နေဂျာ ဦးမြတ်သူက ဒီဖိုင်တွဲ ပို့ခိုင်းလိုက် လို့ပါ"

"နေမင်းသူရိန်နှင့် ပန်းနုသွေးတို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်ဖြစ်ကြသည်။ သူဌေး မလုပ်တတ်သေးသော နေမင်းသူရိန်က ဝန်ထမ်းဝတ်စုံနှင့် မိန်းကလေးကို ထိုင်ခိုင်းသော်လည်း ပန်းနုသွေး ဆိုင်းရဲပါ။

"မြတ်သူ ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကာစတန်မာ (Customer) တစ်ယောက် ရောက်နေလို့ပါတဲ့"

"သွားခေါ်စမ်း၊ ငါ့ကို ခုချက်ချင်း လာတွေ့ပါလို့ သွားပြော လိုက်"

"ဖေဖေ"

"သား အသာနေစမ်း၊ ဒီမလောက်လေးမလောက်စား ဝန်ထမ်းလေးကို အရင်လွှတ်ရသလား... သူကိုယ်တိုင် ငါ့ကိုလာပြီး ခရီးဦးကြို မပြုသင့်ဘူးလား"

"မနေ့ညနေက ဖေဖေ့ဆီလာပြီး ဆွေးနွေးပြီးကြပြီ မဟုတ်လား"

"သား နားမလည်ပါဘူးကွာ ဟိုဝန်ထမ်းမလေးရော"

"အန်ကယ်လ် ဦးမြတ်သူကို သွားခေါ်နေပါပြီ"

လူသားတို့၏ မွေးရာပါ ပင်ကိုယ်စရိုက်စိတ်သည် သူ့နှလုံးသားမှာ အမြစ်တွယ်နေတတ်ပါ၏...။

တော်ရုံနောင်တနှင့် မပြောင်းလဲနိုင်...

စိတ်ထား ဆိုးညစ်သူတို့၏ စရိုက်က ပျော့ပြောင်းသိမ်မွေ့သွားလျှင်လည်း ခဏတာပါပဲ၊ ဗီဇဆိုးသည့်စိတ်က ပြင်းထန်စွာ ပြန်ပေါ်လာတတ်မြဲပါ။

ယခုလည်း...

မျက်ကန်းဘဝနှင့် သည်နေ့မှ အလုပ်စဆင်းချိန်မှာ ဒေါသနှင့် စသည်၊ မာနဖြင့် ဖွင့်သည်။ သူ့ကို မရှိသေရကောင်းလားဟူသော မာနဖြင့် ပြောသည်။

"ဆရာခေါ်တယ်ဆို"



ဦးမြတ်သူက အပေါက်မှ ခပ်သုတ်သုတ် ဝင်လာရင်း ပြော၏။ သူ့နောက်မှာ ခပ်ရှိန်ရှိန်လေး လိုက်လာသူက ပန်းနုသွေး။

"အေး ဟုတ်တယ်၊ မင်းက ငါရောက်နေတာတောင်..."

"သစ္စာဦးကွန်ဒိုက ရောင်းမထွက်နိုင်တဲ့ တိုက်ခန်းကို ဝယ်မယ့်လူ နယ်ကရောက်နေလို့ စရံပေးဖို့ စာချုပ်ဖို့ကိစ္စ လုပ်နေလို့ပါ"

"ဒါ ငါ့ကုမ္ပဏီ၊ အဲဒီ ကွန်မီနီယံတိုက်ခန်းကလည်း ငါဆောက်ထားတဲ့ ငါပိုင်ပဲ၊ ငါ့ကို ကျော်မလုပ်နဲ့ မြတ်သူ"

"ကောင်းပြီဆရာ ကဲ ပန်းနုသွေး ညည်းသည်ကို သွားပြောစမ်း... အန်ကယ်လ်က ဘာပါဝါမှ မရှိပါဘူး ပိုင်ရှင်နဲ့ တိုက်ရိုက်ပြောဖို့လာပါလို့ သွားခေါ်ခဲ့..."

"ဟုတ်ကဲ့...ဆရာ"

ပန်းနုသွေးရော ဦးမြတ်သူပါ ထွက်သွားကြသည်။

"ဖေဖေကလည်း အလကားနေရင်း ဒေါကြီးပဲ"

"ဘာ အလကားနေရင်းလဲ၊ ဒါ အလကားနေတာလား...ဟင် ဒါ ငါအုပ်ချုပ်နေတဲ့ ကုမ္ပဏီကွ"

'ကျွတ်' ဆိုပြီး ဂျယ်လီနှင့် ထောင်ထားသော ဆံပင်ထဲကို လက်ချောင်းတွေ ဆောင့်သွင်းဆွဲချလိုက်ပြီး နေမင်းသူရိန် စိတ်တွေ အားအားညစ်သွားခဲ့ပြီ...

မျက်စိပျက် မျက်နှာပျက်နှင့် ဝင်လာသော ပန်းနုသွေးနောက်မှ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားနှစ်ယောက်တို့ မျက်နှာခပ်တည်တည်နှင့် ပါလာကြ၏...။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ခန်းဝယ်မယ့်သူတွေ ရောက်လာပြီ... ဆ...ဆရာ"

မန်နေဂျာကို ဆရာခေါ်ထား၍ ဦးသူရိန်ကို ဆရာဟု ခေါ်တာဖြစ်ပါ့မလားဟူသော စိုးရိမ်ထိတ်လန့်စိတ်ဖြင့် ပန်းနုသွေးအသံလေးတွေ တုန်နေသည်။

"ကဲ ဆိုကြပါဦး ဘယ်အထပ်ကို ဘယ်လောက်နဲ့ ဝယ်မှာလဲ"

"ဟင် အဲဒါတွေက ပြောပြီးဆိုပြီးလို့ ဒီနေ့ စရံလာချတာ၊ အခန်းအချောသပ်ပြီး အပ်တဲ့နေ့မှာ ငွေချေမှာလေ"

"အဲဒါ ကျုပ်နဲ့ပြော ကျုပ်ကပိုင်ရှင်ပဲ"

"စာရွက်စာတမ်းထဲမှာပါပြီးသားလေ၊ သတင်းစာထဲမှာ ခင်ဗျားတို့ပဲ ကြော်ငြာလို့ လာဝယ်တာ... ဟိုစာရေးမလေးဆီမှာ စာရွက်တွေ ယူကြည့်ပေါ့"

ပန်းနုသွေးက စားပွဲပေါ် စာဖိုင်တွဲချလိုက်ချိန်မှာ... ဦးသူရိန်က လက်နှင့် ဟိုဖိသည်ဖိ စမ်းပြီးမှ ဖိုင်တွဲကိုယူကာ–

"ရော့...သား ဖတ်စမ်း"

သည်တော့မှ ဝယ်သူများက 'မျက်ကန်းကြီး'ဆိုသည်ကို သိကြသည်။ ခါးမှ G.S.M. ဖုန်းချိတ်ထားသော အမျိုးသားကြီးက...

"မန်နေဂျာ ဦးမြတ်သူနဲ့ မပြီးဘူး၊ ခင်ဗျားနဲ့အခုမှ ပြန်စရမှာဆိုရင် ကျွန်တော်တို့ အချိန်ဒီလောက်မပေးနိုင်ဘူး"

"ကျုပ်ကလည်း ကျုပ်ပစ္စည်းကို လက်လွှတ်စပယ် မရောင်းနိုင်ဘူး"

"ဒါဖြင့်ပြီးရော... ပြန်ရုံပဲ"



"အို...ကို...ကလည်း အဲဒီအခန်းလေးကို မိ ကြိုက်လို့..."

"တော်– မိ... ရောင်းမထွက်တဲ့ ကွန်ဒိုအခန်းတွေ တန်းစီနေတာ ဒီလိုမျက်စိမမြင်တဲ့လူနဲ့ ဘယ်လိုအလုပ်ဆက်လုပ်မှာလဲ အချိန်ကုန်တယ်... လာသွားကြမယ်"

သုံးယောက်လုံး ဒေါသနှင့် ထွက်သွားကြသည်။

"တောက်"

ဦးသူရိန်က တောက်ခေါက်၍ စားပွဲကို လက်သီးနှင့်ထုလိုက်သည် မျက်နှာတစ်ခုလုံးလည်း ဒေါသအပူရှိန်ကြောင့် နီမြန်းနေ၏...။

ပန်းနုသွေးသည်...

"စားပွဲပေါ်မှ ဖိုင်ကို ပြန်ယူရမလား"

"ရပ်စောင့်နေရမလား"

"ပြန်လှည့်ထွက်သွားရမှာလား"

ဘာလုပ်လို့ လုပ်ရမှန်းမသိပါဘဲ တုန်တုန်ရီရီဖြစ်နေချိန်မှာ နေမင်းသူရိန်နှင့် အကြည့်ချင်း ဆုံ၏...။

အားနာဟန်ဖြင့် ကြည့်နေသော နေမင်းသူရိန်ကို အားကိုးတကြီး ကြည့်မိသည်။ သူမ၏ လက်ရှိအခက်အခဲကို ဖြေရှင်း အမိန့်ပေးမည့်သူအဖြစ် မျှော်လင့်နေချိန်မှာ–

နေမင်းသူရိန်ကလည်း...

"ဒီစာရေးမလေးတော့ အခက်တွေ့နေရှာပြီ ဘာလုပ်ပေးရမလဲ"

ဆိုသော ဖြေရှင်းပေးမည့် အကြည့်မျိုးနှင့် ကြည့်ပေးရမည့်အစား

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက ချောလှချည်လား"

ဆိုသော အကြည့်ဖြင့်သာ ကြည့်နေသည်။ မျက်နှာမှာ ဘာမှ လိမ်းမထားသည်ကပင် သူ့ပင်ကိုယ်အလှကို ထင်းခနဲမြင်ခွင့်ရနေ၏။ လုပ်ငန်းဝတ်စုံစိမ်းဝါရောင်ဖျော့ဖျော့လေးနှင့် လိုက်ဖက်စွာ အသားရောင်က ဝင်းဖန့်ဖန့်လေး...။ နဖူးပြေပြေပေါ်မှာ မျက်ခုံးပုံကျကျလေးက ပေါ်ပေါ်ထင်ထင်... မျက်နှာသွယ်သွယ်လေးနှင့် လိုက်ဖက်စွာ နှာတံက စင်းနေ၏။

နှုတ်ခမ်းလေးတင်းစေ့ထားပြီး နက်မှောင်ကော့ညွတ်နေသော မျက်တောင်အောက်မှ မျက်ဝန်းလေးမှာ စိုးရွံ့တုန်လှုပ်နေသည့် ဟန်ပန်လေးက သနားစရာကောင်းလိုက်တာ... အရပ်က အရှည်ကြီး မဟုတ်ဘဲ အနေတော်လောက်မှာ ကိုယ်ခန္ဓာတစ်ခုလုံး သွယ်လျကျော့ရှင်းနေပေသည်။

ပခုံးထောက်ရုံ ဆံပင်လေးက သဘာဝအတိုင်း နက်မှောင်စွာ ရှင်းစန့်နေသည်...။ နေမင်းသူရိန်က ပန်းနုသွေး၏အလှကို ရှုကြည့်နေဆဲမှာ...

"သား..."

"ဟုတ်ကဲ့...ဖေဖေ"

"ခုဏလူတွေ လိုက်ခေါ်စမ်း"

"ဟာဗျာ"

"နေဦး... နေဦး ဝန်ထမ်းကောင်မလေး ရှိသေးလား"

"ရှိတယ်... ရပ်နေတယ်"



"ကောင်မလေးသွားစမ်း... ပြေးခေါ်စမ်း"

"ဟုတ်"

ပန်းနုသွေး အခန်းထဲမှ ပြေးထွက်ပြီး... သူတို့ရုံးခန်းကို ဖြတ်... သုကားကျယ်ကြီးကိုးထစ်ကို ဆင်းနေဆဲမှာပင်...

စောစောက သုံးယောက်နှင့် ကားမောင်းသူတို့ စီးလာသော ပါစလွန်းကား အဖြူလေးက ဘီးစလိမ့်သည်။

ပန်းနုသွေးက ပြေးဆင်းရင်း လက်ပြသည်ကို အမျိုးသားကြီး မျက်နှာတင်းတင်းနှင့် လှည့်ကြည့်ပြီး ဘာမှမပြော၍ ကားက ရပ်ဘဲ ဆက်ထွက်သွားလေပြီ။

ပန်းနုသွေးမှာ မောဟိုက်ပမ်းလျှစွာ ပြန်တက်လာပြီး သူဌေးအဖအခန်းထဲ မဝင်ရဲ... ညွှန်သည်တွေကို မမီလိုက်ပါဟု မပြော၍...

"မန်နေဂျာ"

ဟု ဆိုင်းဘုတ်တပ်ထားသော ဦးမြတ်သူ၏ အခန်းထဲ ဝင်လာသည်။ အဖြစ်အပျက်အစအဆုံးပြောပြပြီး

"သမီးမဝင်ရဲလို့ပါဆရာ...ဘယ်လိုလုပ်ရမလဲဟင်"

"ဆရာပါ လိုက်ခဲ့ပါမယ်... ဦးသူရိန်လည်း မမှားပါဘူးကွယ်... ရှေ့ရှင်က ဘာပဲဖြစ်ဖြစ် သူဦးစီးပြီးလုပ်ခဲ့တာကိုး၊ ခုလိုဖြစ်သွားတော့ မှားသွားပြီထင်လို့ အခန်းဝယ်မယ့်သူကို ပြန်လိုက်ခေါ်ခိုင်းတာ ဖြစ်မှာပါ"

"ဟုတ်ပါလိမ့်မယ်ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ... သူက ဆရာတို့ရဲ့ အလုပ်ရှင်ပဲ၊ သူခုထိ ကျဆုံးနေချိန်မှာ တို့ဘက်က နားလည်ပေးရမှာပေါ့ကွာ"

"သမီးတို့ရဲ့ ကျေးဇူးရှင်လည်း ဖြစ်ပါတယ်၊ သမီးက ဦးသူရိန်ကို သိပါတယ်"

"သိတယ်လား... ဘယ်တုန်းကလဲ"

"အစ်ကိုကျော်စွာ ဆုံးတုန်းက ပြင်ဦးလွင်ကို သမီးတို့ လိုက်သွားကြရတယ်လေ"

"ဪ... ဟုတ်သားပဲ"

"အဲဒီတုန်းက တအားဂရုစိုက်တာပဲ ငွေတွေလည်း အများကြီး ကူညီခဲ့လို့ ကျေးဇူးရှိပါတယ်ဆရာ"

"အေးပေါ့"

"ဦးသူရိန် ကုမ္ပဏီပြန်လာထိုင်မယ်ဆိုကတည်းက အခွင့်သင့်ရင် ကျေးဇူးတင်ကြောင်း ပြောမယ်လို့ စိတ်ကူးထားတာပါ"

"အေးလေ ကောင်းပါတယ်။ ဒါပေမယ့် ခုလောလောဆယ်တော့ ဘာမှ မပြောသေးတာ ကောင်းမယ်ထင်တယ်"

"သမီးလည်း ကြောက်တယ်...ဘာမှ မပြောရဲတော့ဘူး"

သည်သို့ဖြင့် ဝန်ထမ်းသစ်ကလေး ပန်းနုသွေးမှာ ကိုကျော်စွာနှင့် ပတ်သက်သူဟု ဦးသူရိန် သိခွင့်မရခဲ့ပါ။

ဦးမြတ်သူနှင့် ပန်းနုသွေးတို့ အခန်းထဲဝင်လာချိန်မှာ သူတို့သားအဖနှစ်ယောက်လုံး တက်ကြွခြင်းကင်းစွာ... ခပ်လျှော့ရဲရဲ ထိုင်နေကြသည်။



"ဘယ်သူလဲ"

တံခါးဘုလှည့်သံလေး ဖြည်းဖြည်းကို နားစွင့်ရင်း ဦးသူရိန်မေးလာ၍–

"ကျွန်တော် မြတ်သူပါဆရာ"

"ဟိုကောင်မလေးရော ဟိုလူတွေကို မမိလိုက်ဘူးတဲ့လား"

"မမိလိုက်ပါတယ်ဆရာ ခေါင်းဆောင်အမျိုးသားက ပြန်ခေါ်လို့ရတော့ပါဘူး"

ပန်းနုသွေး လက်ပြသည်ကို မြင်ပါလျက် ပြန်လှည့်သွားသည်ကို ရည်ညွှန်းပြီး ဦးမြတ်သူ၏ စကားက မှသားမဟုတ်ဘဲ သူ့ကိုဘာကွယ်ပေး၏...။

"ကိုမြတ်သူ"

"ဟုတ်ကဲ့ဆရာ"

"အရင်စိတ်နဲ့ အရင်မာန်နဲ့ ပြောမိ လုပ်မိတယ်ဗျာ"

အားလုံး ငြိမ်နေကြသည်။

"လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲက တစ်ခြားအစိတ်အပိုင်းဆုံးရှုံးခဲ့ရင် ရှင်သန်လို့ရတယ်။ ဥပမာ ခြေဖြတ်ရရင် ဝှီးလ်ချဲ (Wheel Chair)နဲ့ လှုပ်ရှားလို့ရတယ်၊ မျက်စိဆုံးရှုံးတာကျတော့ အရာခပ်သိမ်းဆုံးရှုံးတာ၊ ဘဝတစ်ခုလုံး ဆုံးရှုံးတာပါလား"

"ဆရာရယ်"

ရေးဘဲန်မျက်မှန်နက်အောက်က မျက်ရည်တွေ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး၏စိတ်ထဲမှာ 'ကျေးဇူးရှင်ကြီး'ဟူသော စာတမ်း ကပ်ထားပြီးသားမို့ သူ့ရင်ထဲ ထိခိုက်စွာ မျက်ရည်ပင် ဝဲချင်လာသည်။

"စိတ်ဓာတ်မကျပါနဲ့ဆရာ နောက်နေ့တွေကျရင် ကျွန်တော် ဆရာ့အခန်းထဲမှာပဲ လာအလုပ်လုပ်ပါ့မယ်၊ ဖြစ်မလားဆရာ"

"ကောင်းတယ် အန်ကယ်လ်... ကျွန်တော်က ရုံးချိန်တစ်ခုလုံး မနေနိုင်တာနဲ့ အတော်ပဲ"

"မင်းမှာ တစ်ခြားဘာကိစ္စ ရှိလို့ မနေနိုင်ရမှာလဲ"

ဦးသူရိန်က သားကို ပြောနေစဉ် နေမင်းသူရိန်က ဇက်ပုပ် လက်ခါပြနှင့် ဘာကိုမှ ခံစားချက်မရှိသည့် ရုပ်မျိုးနှင့်...

"ကောင်းပါတယ်... ကိုမြတ်သူ ကျေးဇူးပါပဲ။ ကုမ္ပဏီက နဂိုကမှ ယိုင်ချင်နေရတဲ့အထဲ ကျွန်တော်ဘာမှ မလုပ်နိုင်ရင် ပြိုကျသွားလိမ့်မယ်"

"စီးပွားရေးတွေအားလုံးလိုလို ယိုင်နေကြပါတယ်"

"ယိုင်လို့မဖြစ်ဘူး ကိုမြတ်သူ ဒါရိုက်တာအဖွဲ့နဲ့ အမြန်ဆုံး အစည်းဝေးထိုင်ကြရအောင်"

"ဟုတ်ကဲ့ဆရာ"

"ပိတ်သင့်တဲ့လုပ်ငန်းတွေ ပိတ်ပစ်ရမယ်။ ဥပမာ ငါးမွေးကန် အရှုံးပြနေတာမျိုး"

"ဟုတ်ပါတယ်... ပိတ်လိုက်သင့်ပါတယ်"

ဦးမြတ်သူက ဘာသာရေးသမားမို့ အကုသိုလ်အလုပ်ကို နဂိုတည်းက မကြိုက်ခဲ့။



"အဲဒီလို ပိတ်သင့်တာပိတ်ပြီး ဝန်ထမ်းတွေလည်း လျှော့ချ ရမှာပဲ"

ဦးမြတ်သူ မကန့်ကွက်သလို မထောက်ခံမိပါ။ ကုန်ဈေးနှုန်း များ မြင့်မားနေချိန်မှာ အလုပ်ပါပြုတ်ကြရမည်ဆိုလျှင်...

"ဒီနေမင်းသူရိန် ကုမ္ပဏီကိုတော့ ပြန်ခိုင်အောင် လုပ်ရမှာပဲ"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲဆိုတော့ ဒီကုမ္ပဏီကို ဆရာစတည်ထောင် သာတာ အနှစ်နှစ်ဆယ်ရှိပြီ... ဒီသားတစ်သက်မေ့ သူမွေးပြီးကတည်း က သူ့နာမည်နဲ့ သူ့အတွက် ရည်ရွယ်ပြီး တည်ထောင်ခဲ့တာပါ"

"ကျွန်တော်တို့ သိပါတယ်"

"အဲဒီတော့ ဒီနေ့ကိစ္စမျိုး မဖြစ်အောင် ကျွန်တော်လည်း ဆင်ခြင် ယေ ကိုမြတ်သူတို့ကလည်း ကူညီကြပါ"

"ကျွန်တော့်အပိုင်းကတော့ စိတ်ချပါ"

"ဆရာပြောချင်တာ ဒါပါပဲ"

"ကျွန်တော်တို့ နေရာကို ပြန်ကြပါ့မယ်၊ ခိုင်းစရာရှိရင် ဘဲလ်နှိပ် ပြီး ခေါ်လိုက်ပါဆရာ"

"ကောင်းပြီ"

ဦးမြတ်သူက ရှေ့မှ ပန်းနုသွေးက နောက်မှ အခန်းထဲက ထွက် လာချိန်မှာ နေမင်းသူရိန်ပါ လိုက်ထွက်လာကာ တံခါးပြန်ပိတ်လိုက် ပြီးမှ–

"ဒီက ဝန်ထမ်းနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင့်"

"နာမည်ဘယ်လိုခေါ်လဲ"

"ပန်းနုသွေး...ပါ"

"ဟာ... နာမည်ကပါ လှတာပဲ"

ရိုကျိုးနှိမ့်ချနေသော မျက်နှာလေးမှာ ချက်ချင်း တင်းမာသွ
သည်။ နေမင်းသူရိန်၏ ပြုံးဖြဲဖြဲ မျက်နှာကြောင့်ပါ။

ပန်းနုသွေးက ဘာမှ ပြန်မပြောတော့ဘဲ သူ့ကိုလည်း အ
အသေပေးနေစရာမလိုပါ ဟူသော ရိုကျိုးမှုများကို ရုပ်သိမ်း၍ ခပ်သု
သုတ် ကျောခိုင်းထွက်သွားတော့သည်။

နေမင်းသူရိန်မှာ အခြယ်အသ၊ ပုံစံမျိုးစုံနှင့် ကောင်မလေ
များစွာထဲမှ ဘာခြယ်သမှုမှ မပါဘဲ သိပ်လှပြီး မျက်နှာလေးကို
သနားစရာဟု ခံယူကာ... ရင်ထဲမှာပင် လှိုက်ခနဲ ဖြစ်သွားလို
သေးသည်။

ဟတ်(Heart)ထိတယ်ဆိုတာ ဒါများလား...ဟူ၍ တွေး
ပန်းနုသွေးက သူ့အတွက် ခမ်းနားသွားခဲ့သော နိဒါန်းနေ့လေး
နေမင်းသူရိန် ခံယူလိုက်မိသည်။

✱ ✱ ✱

# ပြတ်သားခြင်း၏အမှား

www.burmeseclassic.com

www.burmeseclassic.com

"မေမြတ်နိုးခင်က ဒီလောက် တွေ့ခွင့်တောင်းနေတာ ဧ
လိုက်သင့်တယ် ချယ်"

"လုံးဝမှလုံးဝပဲ၊ တွေ့ဖို့မလိုဘူး၊ တွေ့စရာ ဘာအကြောင်း
မရှိဘူး၊ ဒေါ်လေးရယ် တော်ပါတော့ ဒီအကြောင်း"

"ရဲရင့်နီက အဲဒီ စေ့စပ်တဲ့နေ့မှာပဲ ဒေါ်လေးဆီ ဆက်သေ
တယ်၊ နောက်နေ့ သူပြန်သွားတာပဲ၊ အကြောင်းတစ်ခုခုတော့ ရှိလိ
မယ် ထင်တယ်"

"ဘာပဲဖြစ်ဖြစ် ဒေါ်လေးရယ် နီဟာ မြတ်နိုးခင်ရဲ့ ခင်ပွန်း
လောင်းဆိုတာ ချယ်တို့ အသိုင်းအဝိုင်းသာမက မြန်မာတစ်နိုင်ငံလုံး
ကြေညာထားလိုက်ပြီပဲ။ ချယ့်ချစ်သူကို အဲဒီ မိန်းမက သိမ်းပိုက်
ပိုင်ဆိုင်သွားခဲ့ပြီလေ...အဲဒါကို သူက အောင်ပွဲခံပြချင်လို့ ချယ့်
တွေ့ချင်တာကလွဲပြီး တစ်ခြားဘာအကြောင်း ရှိမှာလဲ"

"မဟုတ်သေးဘူးချယ်... အဲဒီမိန်းကလေးမှာ ဒီထက်နက်နဲ
အကြောင်းအရာ ရှိလိမ့်မယ်"



"သူ့ဆီက ချယ်ဘာမှ မသိချင်ဘူး။ ရဲရင့်နီဆိုတဲ့၊ ချယ့်ကို
ချစ်လှပါချည်ရဲ့ဆိုတဲ့ကောင်က ချယ့်ကို ဘာကြောင့် ပစ်သွားရတယ်
ဆိုတာ တစ်ခွန်းပဲ ချယ်သိချင်တယ်... ပြီးတော့... သူ့ကို ပါးတစ်ချက်
ရိုက်ပစ်ချင်တယ်"

"ချယ်ကလဲကွယ်"

"တကယ်ဒေါ်လေး ချယ်သိပ်ခံစားရတယ်၊ အရမ်းနာကျည်း
တယ်"

"ဟုတ်ပါတယ်"

"ကိုယ့်တူမလေး ဒီလိုခံစားနေရတာ သိရဲ့နဲ့ ဒီမေမြတ်နိုးခင်
ဆိုတဲ့ မိန်းမကို သွားတွေ့ခိုင်းနေသေးတယ်"

"သွားတွေ့ရမှာ မဟုတ်ပါဘူး၊ သူလာခဲ့မှာပါတဲ့၊ ဒါမှမဟုတ်
သည်း ချယ်ကြိုက်တဲ့နေရာမှာ ချိန်းပါတဲ့"

"ဒီအကြောင်းတွေကို ငနီကိုယ်တိုင်ကလွဲပြီး ဘယ်သူပြောတာမှ
ချယ်မကြားချင်ဘူး"

အချစ်ဦးဖြစ်ရုံမက ငယ်သူငယ်ချင်းများလည်း ဖြစ်ကြ၍ 'ငနီ'
ဟု ပြောဖြစ်သွားသည်။

"အကြောင်းတစ်ခုခုတော့ ရှိကိုရှိမှာပါ"

"အဲဒီအကြောင်းဆိုတာက သူတို့ဘက်ကလေ။ ချယ့်ဘက်က
ဘာတိမ်းစောင်းမှုမှ မရှိဘူး။ တသမတ်တည်းသော အမှန်တရားပဲ
ရှိတယ်"

"ချယ်ဖြောင့်မတ်တာ ချယ်ပြတ်သားတာ အားလုံးသိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရဲရင့်နီတို့ဘက်က အသံကိုလည်း နားထောင်သင့်သေးတယ်"

"နားထောင်မယ်လေ၊ နီကိုယ်တိုင်ပြောတဲ့ စကားသံကို နားထောင်မယ်... နီ့ကို သိမ်းပိုက်ခွင့်ရသွားတဲ့ မိန်းမတစ်ယောက်ရဲ့ စကားလုံးတွေကို ချယ်က ဘယ်လိုနှလုံးသားမျိုးနဲ့ နားထောင်ရမှာလဲ ဒေါ်လေးရယ်"

ချယ့်မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ ပြည့်ရာမှ လျှံကျလာ၍...

"ကဲပါကွယ်... ထားလိုက်ပါတော့... နေ့ခင်းက ချယ်နဲ့ တိုက်ရိုက်မပြောရဲလို့ ဒေါ်လေးကို တောင်းတောင်းပန်ပန် ပြောတာ ချယ့်ကို ပြောပေးပါ့မယ်လို့ ကတိပေးလိုက်မိလို့ပါ"

"ဘယ်သူ့ကို ကတိပေးတာလဲ"

"မေမြတ်နိုးခင်ကိုပဲပေါ့"

"တော်ပါတော့"

"ဟုတ်တယ်... တော်ပြီ နောင်ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး ချယ့်ကို ဒေါ်လေးဘာမှ မပြောတော့ပါဘူးကွယ်၊ ကဲလာ နေ့လယ်စာ စားကြရအောင်"

လက်ကို ဆွဲ၍ ခေါ်လာသော ဒေါ်လေးကို အားနာ၍သာ လိုက်လာရသည် ဘာမှ စားချင်စိတ်မရှိ...

ထမင်းစားခန်းထဲမှ ခန့်ညားလှသော ရှစ်ယောက်စာ စားပွဲကြီးမှာ တူအရီးနှစ်ယောက်တည်း ထိုင်ဖြစ်ကြသည်။



နက်စ်ကော်ဖီတစ်အိုး... နွားနို့စစ်စစ်တို့ကိုသာ ရောကြသည်။ သကြားထည့်မသောက်၊ ဒိုးနပ်မုန့်များနှင့် သပျစ်သီးအလုံးကြီးများက စားပွဲပေါ်မှာ အဆင်သင့်။

တူအရီးနှစ်ယောက် စကားမပြောဖြစ်လောက်အောင် ခံစားမှုက ပိတ်ဆို့နေ၏။

ချယ်က ကော်ဖီနက်စ်ကို ကုန်အောင်မော့သောက်လိုက်ပြီး ထိုင်ရာမှထ၍ ဒေါ်နန်းချယ်ရီ၏ လက်မောင်းကို ချစ်မြတ်နိုးခြင်း အထိမ်းအမှတ်နှင့် ဆုပ်ကိုင်လျက်...

"ချယ် သွားနားလိုက်ဦးမယ်နော် ဒေါ်လေး"

ကျောခိုင်းထွက်လာသူရော ကျန်ရစ်သူပါ အမျိုးသမီးနှစ်ယောက်လုံး၏ရင်မှာ ပမ်းလျှစွာ။

ချယ်သည် သူ့နှလုံးသားကို ငြိမ်သက်ရန် ကြိုးစားနေရဆဲမှာ မေမြတ်နိုးခင်က တွေ့ချင်သည်... ဆိုသော သတင်းကြောင့် ခံပြင်းခြင်းက ပြန်လည်လှုပ်ရှားလာသည်။ ချယ်သည် တိုက်မကြီး၏ အနားမှာ... Out House ခေါ် သီးခြားတိုက်အိမ်ငယ်လှလှလေး၏ အပေါ်ထပ်တွင် ကောင်မလေးတစ်ယောက်နှင့် သီးခြားနေထိုင်သည်။ အောက်ထပ်တွင် ကားသုံးစင်းဆန့်သော ဂိုထောင်ရှိသည်။

ဤမြေကြီးကလည်း ပြင်ဦးလွင်မှ သစ္စာဦးဂေဟာကဲ့သို့ပင် ချယ်နှင့် ဒေါ်နန်းချယ်ရီတို့ နှစ်ဦးပိုင်ဆိုင်ကြ၏။

တိုက်သစ်ခန့်ခန့်လှလှကြီးကို ဦးသူရိန် ပြင်ဆောက်ထားသဖြင့် ချယ်က အတူမနေချင်၍ တိုက်ငယ်လေးပေါ်တွင် သီးခြား နေထိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ပိုင်နက်ကလေးအတွင်းမှာ သီခြားလိုင်းဖုန်း၊ ဟဲန်ဖုန်းကက်ဆက်၊ ဒက်ခ်၊ လေအေးပေးစက်၊ စလောင်း၊ ဒီဗွီဒီ၊ ရေပူရေအေးရေချိုးကန်မှအစ မိုက်ကရိုဝေ့အာဗဲန်(Microwave Oven)လျှပ်စစ်မီးဖိုရေခဲသေတ္တာမှအစ ဓိမ်ခံပစ္စည်းအားလုံး ပြည့်ပြည့်စုံစုံနှင့်ပါ... ဘိုးဘွားမိဘများ၏ အမွေအပြင် သူကိုယ်တိုင် ရှာဖွေ၍ရသော Tour Guide လုပ်ငန်းမှ ဒေါ်လာငွေများနှင့် ဘဝ၏ တင့်တယ်ခြင်းများဖြင့် နေနိုင်သော်လည်း ယခုအချိန်မှာ–

အရာခပ်သိမ်း ဆုံးရှုံးသွားသလို ဘဝသည် အဓိပ္ပာယ်မဲ့ခဲ့ပြီဟု ချယ် ခံယူလိုက်မိသည်။

✱ ✱ ✱

ရဲရင့်နီ၏ ဆုံးဖြတ်ချက်

www.burmeseclassic.com

www.burmeseclassic.com

"မမြတ်နိုးနဲ့ ပြောချင်လို့ပါ"

"မမ ဆေးရုံတက်နေပါတယ်"

"အခြေအနေ ဆိုးလို့လား"

"မသိဘူးရှင့်"

"အခုပြောတာ ဘယ်သူလဲ"

"ဒီအိမ်က ငှားထားတဲ့သူပါ။ ဘယ်သူဆက်တယ်လို့ ပြော လိုက်ရမလဲရှင့်"

"အခု နိုင်ငံခြားက ဆက်နေတာ၊ အိမ်သားထဲက ဘယ်သူရှိလဲ တစ်ယောက်ယောက် ခေါ်ပေးပါ"

"အားလုံး ဆေးရုံသွားကြတယ်"

"စိုးရိမ်ရသလား"

"ကျွန်မ မသိဘူးရှင့်"

"ဒုက္ခပါပဲကွာ"



"အစ်ကို ဆေးရုံကို ဆက်လိုက်ပါလား"

"ဆေးရုံဖုန်းပြော ဘယ်ဆေးရုံလဲ"

"နှလုံးလှအထူးကုဆေးခန်းပါ။ ဆေးခန်းဖုန်းတော့ ကျွန်မ မသိဘူး"

"မင်းပဲ ဆေးရုံဆက်ဆို"

"ဆေးရုံကို ယူသွားကြတဲ့ လက်ကိုင်ဖုန်းကို ဆက်လို့ပြောတာ ပါ"

"ဟာကွာ... ဟုတ်သားပဲ၊ ကဲ ပြော အဲဒီနံပါတ်"

"သုည ကိုး...ငါးရာ...

"အေးအေး...ကျေးဇူးပဲ၊ ရပြီ"

"ဖုန်းဆက်လို့ မရခဲ့ရင် ဘယ်သူဆက်တယ်လို့ ပြောလိုက်ရပါ့ မလဲရှင့်"

"ရဲရင့်နိုလို့ ပြောလိုက်ပါ"

✸

"မမြတ်နိုး... နေမကောင်းတာ သက်သာရဲ့လား"

"ဒီလိုပါပဲလေ"

"ချယ်နဲ့တွေ့ပြီးပြီလား၊ ကျွန်တော့်စာရော ပေးပြီးပြီမဟုတ်လား၊ အားတော့ နာပါရဲ့ဗျာ... ဒါပေမယ့် ကျွန်တော် သိပ်သိချင်နေလို့ပါ"

"စိတ်မကောင်းပါဘူးရှင် တကယ့်ကိုပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဘာဖြစ်တာလဲ... ဘာဖြစ်လို့လဲ"

"ချယ်က လုံးဝ အတွေ့မခံဘူး"

"ဖြစ်တဲ့နည်းနဲ့ ကြိုးစားရမှာပေါ့ဗျ၊ မမြတ်နိုးမှာ တာဝန်ရှိတယ်လေ"

ကျွန်မ နားလည်ပါတယ် ကိုရဲရင့်နီရယ်... သူ့ကို ဖုန်းဆက်တိုင်း ချချပစ်တယ်၊ ခြံရှေ့ရောက်တော့လည်း အတွေ့မခံဘူး။ ခြံတံခါးဖွင့်မပေးဘူး၊ ကျွန်မလည်း လမ်းထပ်ပြီး မထွက်နိုင်တော့ဘူးလေ– ဒါပေမယ့် ကြိုးစားပြီး သူ့အဒေါ် ဒေါ်နန်းချယ်ရီကို သွားတောင်းပန်ပါတယ်"

"အဲဒီအချိန်မှာ သူမရှိဘူးလား"

"ချယ်မရှိတဲ့အချိန်မှ လာပါလို့ သူ့အဒေါ်က ပြောလို့ပါ"

"သိပ်တော့ မဟုတ်တော့ဘူး မမြတ်နိုး"

"သူ့အဒေါ်ကိုယ်တိုင်က တွေ့လို့မဖြစ်ဘူးလို့ ပြောလို့ပါ– မချယ်က တွေ့ဖို့ လုံးဝ ပြောလို့မရဘူးတဲ့၊ သိပ်နာကျည်းနေတယ်တဲ့"

"နာကျည်းမှာပေါ့၊ ခင်ဗျား တွေ့ခွင့်ရအောင်မှ မကြိုးစားဘဲ ကျွန်တော်တို့ရဲ့စာကို သူ့လက်ထဲရောက်အောင်မှ မပေးနိုင်ဘဲကိုး"

"ကိုရဲရင့်နီ"

"ပြော"

"ကျွန်မ အကြိမ်ကြိမ် ကြိုးစားပါတယ်...။ သူက ခါးသီးစွာ ငြင်းဆန်နေတော့၊ ကျွန်မဘာမှ လှုပ်ရှားခွင့်မရဘူးလေ... ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"



"ပြီးတော့ ကိုရဲရင့်နီပဲ မှာခဲ့တယ်လေ၊ မချယ်ကို တွေ့ဖြစ်အောင်တွေ့ပါ၊ ရှင်းပြပါ ပြီးမှ မမြတ်နိုးကိုယ်တိုင် ချယ့်လက်ထဲကို 'သူ့စာနဲ့ကျွန်တော့်ရဲ့စာ' ထည့်ပါဆို"

"အင်းလေ"

"ခုဟာက... ပထမဆင့်အနေနဲ့ တွေ့ခွင့်မှမရဘဲ... ကျွန်မက ဘယ်လိုလုပ်ပြီး ဒီစာတွေ ပေးခွင့်ရှိမှာလဲ"

"ကျွန်တော် မကျေနပ်ဘူးဗျာ"

"မကျေနပ်လည်း တစ်ခြားနည်းလုပ်စရာ ကျွန်မမှာ ဘာအခွင့်အရေးမှ မရှိဘူး၊ ပြီးတော့ မချယ်က ပြောတယ်တဲ့ သူ့အဒေါ်က ပြောတာပဲ"

"ဘာတဲ့လဲ...ဟင်"

"နိုကိုယ်တိုင်ကလွဲပြီး ဘယ်သူဖြေရှင်းတာမှ သူလက်မခံဘူးတဲ့"

"ကောင်းပြီ ဒါဆို ကျွန်တော် မြန်မာပြည် ပြန်လာခဲ့မယ်"

"အို... ဖြစ်မှ ဖြစ်ရလေ... သင်္ဘောတက်သွားတာ နှစ်လတောင်မပြည့်သေးဘူးထင်တယ်နော်"

"ဒီမှာ မမြတ်နိုး"

"ဟုတ်ကဲ့"

"ကျွန်တော့်ဘဝအတွက် ချယ့်ထက်အရေးကြီးတာ ဘာမှမရှိဘူး။ ချယ့်ထက် တန်ဖိုးကြီးတဲ့ပစ္စည်း ဒီလောကမှာ ကျွန်တော့်အတွက် ဘာမှမရှိဘူး၊ ချယ့်ကို ဘာနဲ့မှ မလဲနိုင်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့်နီရယ်"

"ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းအတွက် ကျွန်တော် လုပ်သင့်တာ လုပ်ပေးပြီးပြီ၊ ဒီထက်ပိုပြီး ကျွန်တော်ဘာမှ လုပ်မပေးနိုင်တော့ဘူး"

"မြတ်နိုးဘဝကလည်း ဘယ်သူမှ လုပ်ပေးလို့မရအောင် လမ်းဆုံးခဲ့ပါပြီရှင်"

"ဒီတိုင်းဆို ကျွန်တော် အားလုံးကို စွန့်လွှတ်ပြီး ပြန်လာမှ ဖြစ်တော့မယ် မမြတ်နိုး"

"ကျွန်မ ဘာမှ မပြောတတ်တော့ပါဘူးရှင်"

"သိပ်ချစ်တတ်တဲ့ မိန်းမတွေဟာ သိပ်နာကျည်းတတ်တယ် ချယ်ဟာ သိပ်တန်ဖိုးကြီးတဲ့ မိန်းမ၊ ကျွန်တော့်အတွက် ဘာနဲ့မှ အစားထိုးလို့မရတဲ့ အမြတ်ဆုံးသောချစ်သူ

ဒါကြောင့် ချယ့်ကို အဆုံးရှုံးမခံနိုင်ဘူး... ချယ်မပါဘဲ ကျွန်တော့်ဘဝ ရပ်တည်လို့မဖြစ်ဘူး"

အဖြစ်မှန်တွေကို ချယ်သိဖို့အတွက် ကျွန်တော် အားလုံးကို အဆုံးရှုံးခံပြီး မြန်မာပြည်ကို အမြန်ဆုံး ပြန်လာတော့မယ် မမြတ်နိုးရေ—

✱ ✱ ✱

# ကိုမင်းညို၏ တောင်းဆိုမှု

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ပြောခဲ့တဲ့စကားတွေအတွက် စိတ်မဆိုးဖို့တော့ လေးလေးနက်နက် တောင်းပန်ပါတယ်ချယ်ရယ်"

"ကျွန်မ စိတ်မဆိုးပါဘူး 'ချစ်တယ်'လို့ပြောတာဟာ မုန်းတယ်လို့ ပြောတာလောက် စိတ်ဆိုးစရာ မကောင်းဘူးလို့ ထင်ပါတယ် ကိုမင်းညို"

"ချယ်ရယ်"



"ကျွန်မနဲ့ ကိုမင်းညိုတို့ဟာ အနှောင်အဖွဲ့မရှိကြတဲ့ လွတ်လပ်သူတွေပဲလေ၊ ကိုယ်ပိုင်ဆန္ဒကို တင်ပြတာ မရိုင်းပါဘူး၊ ကိုမင်းညိုဘက်က တောင်းဆိုနိုင်ခွင့်ရှိသလို ကျွန်မဘက်ကလည်း ငြင်းပယ်နိုင်ခွင့် ရှိပါတယ်"

"ဒါဆို ချယ်က ငြင်းပယ်မှာလားဗျာ"

"ငြင်းပယ်တာတို့၊ လက်ခံတာတို့ အသာထားပါဦး 'အချစ်' ဆိုတဲ့ အရာကြီးကို ကျွန်မ အယုံအကြည်မရှိတော့လို့ပါ ကိုမင်းညို"

"သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ကြည့်ပြီး ကျန်တဲ့လူတွေဆိုပါ ရောနှောအထင်မသေးပါနဲ့လားဗျာ"

"ကျွန်မပြောတဲ့ စကားထဲမှာ အထင်သေးတာ၊ အထင်ကြီးတာ တစ်ခွန်းမှ မပါပါဘူးရှင်။ အချစ်ဆိုတာကို မယုံကြည်တော့တာပါ"

"လက်မခံချင်ရင်သာရမယ် မယုံကြည်လို့တော့ မရပါဘူး ချယ်ရယ်... အသက်ရှင်နေတဲ့လူသားတိုင်းရဲ့ ရင်ထဲက နှလုံးသားတိုင်းမှာ အချစ်ဆိုတာ ပုံစံအမျိုးမျိုးနဲ့ ရှိနေတတ်ကြပါတယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ"

"ဟုတ်ကို ဟုတ်ပါတယ်... လူသားတစ်ယောက် မွေးဖွားလာရင် သူ့မိခင်က ချစ်တယ် ကလေးလေးကလည်း မိခင်ရင်ခွင်ထဲက နေပြီး မိခင်ကို ချစ်တဲ့စိတ်နဲ့ စတင်လူဖြစ်လာပါတယ်၊ ပြီးတော့ ညီအစ်ကိုမောင်နှမ သူငယ်ချင်းတွေရပြီး ချစ်ကြခင်ကြပါတယ်။

ချယ် ခေါင်းညိတ်ပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကျွန်တော်တို့အရွယ် အင်း... ပြောသာပြောရတာ အရွယ်တောင် လွန်နေပါပြီ။ ကျွန်တော့်မိခင်ကြီးနဲ့ ညီတွေ မောင်နှမတွေအတွက် စီးပွားရေးဘက်ကို ဦးစားပေးပြီး အလုပ်တွေ ကျုံးလုပ်ခဲ့မိတာနဲ့ ကျွန်တော် နှလုံးသားထဲမှာ အချစ်ရှိနေနိုင်တယ်ဆိုတာ ကျွန်တော်တစ်ခါမှ သတိမရခဲ့မိဘူး"

ချယ်က တည်ငြိမ်စွာပင် ကိုမင်းညိုကို ကြည့်နေမိသည်။

"လရောင်ချယ်ကို အလုပ်နဲ့ပတ်သက်ပြီး တွေ့ဆုံရင်းနှီးရာက လေးစားအထင်ကြီးမိတယ်။ အဲဒီကနေ မြတ်မြတ်နိုးနိုး တန်ဖိုးထားရာကနေပြီး ကျွန်တော့်ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ချစ်တတ်လာပါတယ်... ခု အရွယ်ကျမှ... အချစ်ဆိုတဲ့ ခံစားမှုကို စတင်တွေ့ရှိရပါတယ်။ အဲဒါ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကပါ"

"ဟင်"

"အဲဒီအချိန်မှာ ချယ်ဟာ ကိုရဲရင့်နီဆိုတဲ့လူရဲ့ ချစ်သူဖြစ်တယ်ဆိုတာ ချယ်တို့ကုမ္ပဏီမှာလုပ်နေတဲ့ ညောင်ဦးသား သူငယ်ချင်း **"သန်းဇော်"**ကတစ်ဆင့် သိလိုက်ရတော့ ကျွန်တော် တော်တော်ကြေကွဲခဲ့ဖူးပါတယ်... ချစ်သူရှိတဲ့မိန်းကလေးကို ဒီလိုပြောခွင့်မရှိဘူးဆိုတဲ့ 'စည်း'ကိုလည်း ကျွန်တော်စောင့်ခဲ့ပါတယ်"

"ခုတော့... ချစ်သူက စွန့်ပစ်သွားပြီဆိုပြီး..."

"ဟာ... ချယ်... မဟုတ်ဘူး... မဟုတ်ပါဘူး... လွတ်လပ်တဲ့ သူတွေအနေနဲ့ တောင်းဆိုခွင့်ရှိတယ်ဆို ချယ်ခံယူသလို ခံယူမိလို့ပါ..."



"ဟုတ်ပါပြီ... ချယ်တို့ဟာ ရင်ခုန်စိတ်ကူးယဉ်ရမယ့် ဆယ်ကျော်သက်အရွယ်တွေက ကျော်လွန်ခဲ့ကြပါပြီလေ"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး... နှလုံးခုန်နေသမျှ ဘယ်အရွယ်ပဲဖြစ်ဖြစ် အချစ်ရှိနေတယ်လို့ ယုံကြည်ပါတယ်။ ဆယ်ကျော်သက်ရင်ထဲမှာလည်း ဒီအချစ်ပဲ နှစ်ဆယ်ကျော်ရွယ်မှာလည်း ဒီလို အချစ်မျိုးပဲပေါ့"

ချယ်က သိပ်သည်းစွာ ပြုံးလိုက်ပြီး

"ချယ်လည်း တစ်ချိန်က ဒီထက်မက ထင်ခဲ့ဖူးပါတယ်။ ချယ့်ဘက်ကလည်း အသက်ထက်ဆုံး၊ သူ့ဘက်ကလည်း ဒီအတိုင်းပဲလို့ ယုံကြည်ခဲ့မိတယ်၊ ဒါပေမယ့် ကိုမင်းညိုရယ် လူသားတွေရဲ့ ရင်ထဲမှာ အချစ်ဆိုဘာ တစ်ယောက်တည်းအတွက် ထာဝရ တည်ရှိနေတာမျိုး မဟုတ်ပါလား...ဆိုတာ သိခွင့်ရလိုက်ပါပြီ။ အထူးသဖြင့် ယောကျ်ားတွေ ဘက်ကပေါ့နော်"

"ဒီအချိန်မှာ ချယ်နဲ့ ပြိုင်မငြင်းသင့်လို့ ကျွန်တော် လျှော့ပေးလိုက်ပါမယ်။ ဒါပေမယ့် ချယ်ယူဆနေသလို ယောကျ်ားတိုင်း မဟုတ်ပါဘူးဆိုတာလောက်တော့ လက်ခံပေးပါ... ပြီးတော့ ကျွန်တော်ဟာ လရောင်ချယ်ဆိုတဲ့ မိန်းမမြတ်ကိုလေးစားတန်ဖိုးထားပြီး နက်ရှိုင်းစွာ ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ပါဆိုတာကိုတော့ အသိအမှတ်ပြုပေးပါဗျာ"

"ကောင်းပါပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ချယ်"

"အင်း"

"လရောင်ချယ်ဆိုတာ အေးချမ်းစွာ ဝင်းပတောက်ရှန်းနေတဲ့ ကိုယ်ပိုင်အလင်းရောင်နဲ့ ထက်မြက်တဲ့ မိန်းမပါ...။ သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက်နဲ့ ကိုယ့်ရဲ့အောင်မြင်မှုတွေကို ရုပ်သိမ်း မပစ်လိုက်ပါနဲ့လားချယ်ရယ်၊ ချယ်အလုပ်တွေ ပြန်လုပ်ပါ။ နိုင်ငံခြား ဧည့်သည်တွေကိုလည်း ကိုယ့်မြန်မာပြည်ရဲ့ အလှတွေ ပြန်လမ်းညွှန် ရင်း ကျွန်တော်တို့ရဲ့ ပုဂံကိုလည်း ပြန်လာခဲ့ပါဦး ချယ်ရယ်"

"ကျေးဇူးတင်ပါတယ် ကိုမင်းညို၊ ကိုမင်းညို ရန်ကုန်လာတာ အလုပ်ကိစ္စနဲ့လား"

"ဘာအလုပ်မှ မရှိပါဘူး၊ ချယ့်ဆီလာတာပါ"

"ဟင်"

"နံပါတ်တစ်က ချယ် စိတ်ဓာတ်တွေ ချမပစ်ပါနဲ့ အလုပ် ပြန်လုပ်ပါလို့ ပြောဖို့ရယ်၊ နံပါတ်နှစ်က ချယ့်ကို ချစ်တဲ့အကြောင်း ဖွင့်ပြောဖို့ရယ်... ချယ်လက်ခံမယ်ဆိုရင်..."

"နေပါဦး နံပါတ်နှစ်ဆိုတာကြီးက အရင်ပြောဖြစ်နေပါလား"

"အဟား... ဟုတ်ပါရဲ့ဗျာ... အဲဒီဆန္ဒက သိပ်ပြင်းထန်လို့ အရင်ပြောလိုက်မိတာပါ"

"ထားပါတော့လေ... အခုတော့ ဘာမှ လုပ်ချင်စိတ်မရှိသေးဘူး စိတ်ဓာတ်ကျနေတာတော့ အမှန်ပါပဲကိုမင်းညို... ဒါပေမယ့် ကျွန်



ကိုယ်ကျွန်မ ပြန်ပြီး တည်ဆောက်မှာပါ... မကြာခင်မှာပဲ ပြန်လည် တည့်မတ်သွားနိုင်လိမ့်မယ် ထင်ပါတယ်"

"ကောင်းလိုက်တာချယ်ရယ်... မင်းညိုဆိုတဲ့ တောသား တစ်ယောက်ရဲ့ ဆန္ဒကိုလည်း ထည့်ပြီး စဉ်းစားပေးပါဦးနော်"

လရောင်ချယ်က ကိုမင်းညိုကို တည့်တည့်ပြန်ကြည့်လိုက်ပြီး 'မိတ်မပျက်လိုပါ' ဆိုသော သာမန်မိတ်ဆွေစိတ်ထားမျိုးနှင့်ပင် ရင်ခုန်ခြင်းကင်းစွာဖြင့်–

"ပုဂံမြို့သားဟာ တောသားမဟုတ်ပါဘူးရှင်၊ ပြီးတော့ ကိုမင်း ညိုဟာ တည်ကြည်ဖြောင့်မတ်တဲ့ လုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်ပါ တယ်။ ငွေကြေးလည်း ချမ်းသာပါတယ်... သမီးရှင်တွေ မျက်စိ ကျနိုင် တဲ့ လူစားမျိုးပါ"

"ဟာဗျာ"

"ကျွန်မအနေနဲ့ကတော့ အဲဒီပြည့်စုံမှုတွေကို ဒုတိယထားပြီး ကိုယ့်ချစ်သူနဲ့သာ လက်ထပ်ချင်တဲ့ ဆန္ဒက ပထမပါ... ခုတော့ ကျွန်မ ရင်ထဲမှာ အရင်က ရှင်သန်သီးပွင့်ခဲ့တဲ့ အချစ်သစ်ပင်ဟာ အမြစ်ကပါ ခြောက်နွမ်းသေဆုံးသွားခဲ့ပါပြီ။ ကျွန်မကို ခွင့်လွှတ်ပါ ကိုမင်းညို... နောက်ထပ် အချစ်သစ်ပင် ရှင်သန်လာစရာလည်း အကြောင်းမရှိတော့ ပါဘူး။ ကျွန်မကိုယ်တိုင်ကလည်း အဲဒီသစ်ပင်မျိုး ထပ်ပြီးမဖြစ်ထွန်း အောင် နေသွားတော့မှာပါ"

လရောင်ချယ်သည် နို့ကိုချစ်ခဲ့ရသော အချစ်မျိုး ကိုမင်းညို အပေါ်တွင် မြူတစ်မှုန်စာမျှ မသက်ရောက်ခဲ့ပါသော်လည်း ချယ်

www.burmeseclassic.com

www.burmeseclassic.com



စောစောက ပြောခဲ့သလိုပင် လုံးဝစိတ်မဆိုးပါ...အချစ်ကို မယုံကြည် တစ်ယောက် ဖြစ်သွားသည့်အတွက်လည်း နှလုံးသားက အချစ်နှင့် ပတ်သက်ပြီး ခံစားမှုမဲ့နေပါပြီ။

သည့်အတွက် ကိုမင်းညိုအပေါ်မှာ အရင်လိုသာ ခင်မင် လေးစားမြဲပါ...

ကိုမင်းညိုဘက်ကဖြင့် တိကျပြတ်သားသော ချယ်၏ ငြင်းဆို သည် ပြန်လည်ပြောင်းလဲလာနိုင်စရာ အကြောင်းမရှိနိုင်တော့ ဟူသော အသိကြောင့် ရင်ထဲက တစ်စုံတစ်ခု ထွက်ကျသွားသ လှပ်ဟာပွင့်ကွဲသွားသည်။

မရသေးမီကပင် ကိုယ်ပိုင်ဆိုင်သော အဖိုးတန်ရတနာ ဆုံးရှုံးသွားသလို နှမြောစိတ်နှင့် ကြေကွဲနေမိသည်။

လရောင်ချယ်ဆိုသည့် သူ၏ မြတ်နိုးလှစွာသော မိန်းမသ သည် သူ့ဘဝနှင့် မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်ဆီသို့ လွင့် သွားခဲ့ပြီ။

သူ့အနေဖြင့် ဘယ်လိုနည်းနှင့်မှ လက်လှမ်းမမီနိုင်သော နေ သို့ ရောက်ရှိသွားလေပြီဟူသော အသိကြောင့် ရင်ထဲမှာ နင့်သီး နာကျင်လှသည်။

ဘာစကားမှ မပြောသော်လည်း ရင်ထဲမှ ကြေကွဲရိပ် ကိုမင်းညို၏ မျက်နှာပြင်မှာ ထင်ထင်ရှားရှား...

လရောင်ချယ်က အားနာသလို ခံစားစိတ်နှင့် စကားလမ်း ရ၏။



“ဘယ်တော့ပြန်မှာလဲဟင်... ရန်ကုန်မှာ ကြာဦးမှာလား”

“မနေ့ကမှ ရောက်တာဆိုတော့ ပြန်ဖို့ရက်တောင် မသတ်မှတ်ရသေးပါဘူး”

“ဘယ်မှာတည်းလဲ”

“ချယ်တို့ ကုမ္ပဏီမှာလုပ်တဲ့ သန်းဇော်ဆိုတာ ညောင်ဦးကပါ ကျွန်တော့်သူငယ်ချင်းပဲ၊ သူနေတဲ့ ဒဂုံမြို့သစ် မြောက်ပိုင်းမှာ တည်းပါတယ်၊ သန်းဇော်ကို ချယ်သိလား”

“ကုမ္ပဏီကလူတွေကို ချယ် မသိပါဘူး၊ ဦးလေး ဦးသူရိန်ဆီလာကြတဲ့ သူ့တပည့် တစ်ယောက်နှစ်ယောက်လောက်ပဲ သိပါတယ်... သူတို့က အလုပ်ကိစ္စနဲ့ ဒီအိမ်လာတတ်ကြတယ်လေ... ကိုသန်းဇော်ဆိုတာကိုတော့ မသိပါဘူး”

“ဒီကောင်က ကုမ္ပဏီကိစ္စနဲ့ ချောင်းသာ ငွေသွားဖို့ရမယ် ပြောပါတယ်... ငွေဆောင်လည်း လိုက်ပြမယ်ပြောတယ်... လိုက်သွားရကောင်းမလားလို့”

“ချောင်းသာရောက်ဖူးလား”

“အညာသားပဲဗျာ ပင်လယ်ဆိုတာကို ဘယ်မြင်ဖူးပါ့မလဲ”

“ဒါဆို ကြုံတုန်း လိုက်သွားသင့်ပါတယ်... ကိုမင်းညိုတို့ရဲ့ မြို့ကို ဦးတိုက်ပြီးမှ စီးဆင်းလာတဲ့ ဧရာဝတီကြီးရဲ့ လမ်းဆုံး၊ မြစ်တို့ ရဲ့ နိဂုံးနေရာဟာ ပင်လယ်ပြင်ပါပဲ”

“ပင်လယ်သွားရာလမ်းကိုပဲ ‘ရွှေမန်းသူ’ ကားနဲ့ လိုက်ဆင်းရ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလား၊ 'ရဲသူအောင်'နဲ့ပဲ အညာပြန်တက်ရ ကောင်းမလား စဉ်းစားလိုက်ပါဦးမယ်"

လရောင်ချယ်က (Tissue)ဗူးလေးဆီသို့ ရွှေ့လိုက်ရင်းက-

"အအေးသောက်ပါ... ကိတ်နဲ့ အသီးတွေလည်း စားပါဦး ကိုမင်းညို"

သူက လိမ္မော်ရည် တစ်ဖန်ခွက်ကို မော့သောက်သည်။ ဘာကို မှ ယူမစား။

ကိုမင်းညို မျက်နှာပျက်နေသည့်အတွက် ချယ်တကယ့်ကို စိတ်မကောင်းမိပါ။ ငွေတစ်သိန်း နှစ်သိန်း စသည့် ပေးနိုင်သော အရာ ဝတ္ထုပစ္စည်းမျိုးသာဆိုလျှင် ချက်ချင်း ထုတ်ပေးလိုက်ချင်ပါသည်။ ယခု သူတောင်းခံသောအရာက ချယ့်နှလုံးသားထဲက ခွဲထုတ်ပေး ရနိုင်သည့်အရာမျိုး ဖြစ်ရုံမက ချယ့်နှလုံးသားထဲမှာလည်း ကိုမင်းညို လိုချင်သော ပစ္စည်းက ခြောက်ခန်းသေဆုံးနေနှင့်ပြီးသား ဖြစ်နေပါပြီ။

"ဘာပဲဖြစ်ဖြစ် အဲဒီ ကိုသန်းဇော်ဆိုတဲ့လူနဲ့ ကြုံတုန်း လိုက်သွား စေချင်တယ်... ပင်လယ်ဆိုတာ လူသားတွေကို ဖမ်းစားနိုင်တဲ့ အ ပညာတစ်မျိုးလို့ ပြောရင်လည်း ရနိုင်သလို နက်ရှိုင်းကျယ်ဝန်းတာ အမျှ ပင်လယ်ရဲ့ လျှို့ဝှက်ချက်တွေကလည်း အများကြီးပါပဲ"

"ကျွန်တော် စာထဲမှာတော့ ဖတ်ဖူးပါတယ်"

"အဲဒီ ကိုသန်းဇော်က ဘယ်နှရက်လောက် နေမှာတဲ့လဲ"

"သူ့ကိစ္စကတော့ သူတို့ကုမ္ပဏီက ငွေသွားပို့ရုံပါပဲ... ဒါ



ယ့် မန်နေဂျာ ဦးမြတ်သူကိုပြောပြီး ရှည့်သည်ပါလို့ နှစ်ည သုံးည လောက် အိပ်ချင်တယ်ဆိုလည်း ရမယ်တဲ့"

"ဒါဆိုလည်း ကောင်းသားပဲ"

"ဒီက ချယ်တို့ ဦးလေးတောင် အလုပ်ပြန်လုပ်နေပြီဆို"

"အင်း... နေ့တိုင်းသွားတာ တွေ့ပါတယ်"

"သန်းဇော်ကိုတော့ သူ့ကုမ္ပဏီက အတော်လေး ယုံကြည်ကြပုံ ပါတယ်။ ငွေကိစ္စဆိုရင် သူ့ကိုပဲ ခိုင်းတယ်တဲ့... အရင် ကိုကျော်စွာ နေရာလို့ ပြောတယ်"

"ကိုကျော်စွာ"

"ဟုတ်ပါတယ်...ပြင်ဦးလွင်မှာ ကားချောက်ထဲကျပြီး မီးလောင် သေဆုံးသွားတဲ့ လူတဲ့... ချယ်နဲ့သိလား"

"အင်း... သိပါတယ်... သူက ဦးလေးရဲ့ လူယုံဆိုတော့ ဒီအိမ် ကို မကြာခဏ ရောက်တတ်လို့ ဆုံဖူးပါတယ်"

ကိုကျော်စွာအကြောင်းက သည်မျှနှင့် ပြီးဆုံးသွားသည်။

ကိုမင်းညိုသည် သူ၏ မအောင်မြင်သော တောင်းဆိုမှုကြောင့် သိမ်ငယ်စွာပင် ပြန်ရန် နှုတ်ဆက်၏။

လရောင်ချယ်သည် ကိုမင်းညိုကို လေးစားခင်မင်စိတ် မပျက် ယ်နိုင်စွာဖြင့် ခြံဝအထိ လိုက်ပို့ပြီး သိမ်မွေ့စွာ နှုတ်ဆက်စကား ဆိုပါ၏။

အေးငြိမ်းတိတ်ဆိတ်စွာ ကျယ်ဝန်းလှသော ခြံကြီးအတွင်းမှာ ကိုမင်းညို၏ ကိစ္စတစ်ခု ပြီးဆုံးသွားသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



နီ ခေါ် ရဲရင့်နီနှင့် မေမြတ်နိုးခင်တို့၏ ပြဿနာ...

ငွေဆောင်တွင်ရှိနေဆဲ ကိုကျော်စွာ၏ ဒုတိယဘဝ...

စသည်တို့နှင့် ထပ်မံပတ်သက်ဆုံစည်းရပေဦးမည်ဟုလရောင်ချယ် ကိုယ်တိုင် မတွေးထင်ခဲ့မိပါ...

✸ ✸ ✸

အချစ်နှင့် နေမင်းသူရိန်

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်စွာ၏ညီလေး ကိုဝဏ္ဏနှင့် သူ့ချစ်သူ မသန္တာ။ ပြီးတော့ ပန်းနုသွေးတို့မှာ သီးခြားအလုပ်လုပ်ကြရာနေရာများမှနေ၍ ညနေတိုင်း သုံးယောက် ဆုံစည်းကာ ပန်းဆိုးတန်း ဟိန္ဒူဘုရားကျောင်းအနီးမှ ဒိုင်နာ ၁၀၅ ကားစီး၍ တာမွေနေအိမ်သို့ ပြန်နေကျ။ ယခုလည်း သုံးယောက်သား ကားမှတ်တိုင်မှာ ကားစောင့်နေကြဆဲ Cygnus ကားကြီးတစ်စင်း ကားဂိတ်ကျော်ကျော်မှာ ထိုးရပ်ပြီး ဆင်းလာသူက

နေမင်းသူရိန်...

"ဟိုမှာ လာနေတာ နင်တို့ကုမ္ပဏီက သူဌေးသားလေး မဟုတ်လား ပန်းနုသွေး"

"ဟုတ်တယ်... အစ်ကိုဝဏ္ဏ၊ အသာနေ မသိချင်ယောင်ဆောင်နေနော်"

ပန်းနုသွေးက လူအုပ်နောက်နားသို့ ရွှေ့ရပ်လိုက်ပြီး ကားမျှော်သလိုလိုနှင့် နေမင်းသူရိန်လျှောက်လာနေသည်၏ ဆန့်ကျင်ဘက်အရပ်သို့ မျက်နှာမူထားလိုက်သည်။



"ပန်းနုသွေးတို့ အစ်ကိုဝဏ္ဏတို့ကိုတွေ့လို့ ကျွန်တော် ဆင်းလာခဲ့တာ"

"ဟုတ်လား"

နေမင်းက ပန်းနုသွေးနှင့် ကိုဝဏ္ဏတို့ကို 'ဘယ်လိုလဲ'ဆိုသော အကြည့်ဖြင့် တစ်လှည့်စီကြည့်၏...။ သူတို့ ကုမ္ပဏီသို့လည်း ပန်းနုသွေးကို ခဏခဏ လာကြိုနေ၍ နေမင်းက သံသယဖြစ်နေပုံရသဖြင့်...

"ဒါ... ကိုယ့်အမျိုးသမီးပဲ မသန္တာတဲ့... သူက လှကမ္ဘာဂျာနယ်တိုက်မှာ ကွန်ပျူတာရိုက်တယ်လေ၊ ရုံးချင်းမတူကြပေမယ့် အိမ်ချင်းနီးနေကြတော့ ညနေဆို သုံးယောက်ပြန်နေကျပဲ"

"ဟုတ်လား"

သံသယ မြူနှင်းကင်းသွား၍...နေမင်း၏ လင်းလက်တောက်ပသော မျက်ဝန်းကို မြင်ရသည်။

"လာပါ... ကားပေါ်တက်ကြပါ... ကျွန်တော်လိုက်ပို့ပေးမယ်။ လာပါ ပန်းနုသွေး"

"ဟင့်အင်း... မလိုက်ချင်ဘူး"

ပန်းနုသွေး ငြင်းပုံက တင်းမာနေ၍ ကိုဝဏ္ဏက အားနာစွာဖြင့်—

"နေပါစေညီလေးရာ အစ်ကိုတို့က ဒီလိုပဲ သွားနေကျပါ"

"ဟာ... မရဘူးဗျာ... ဒီနေ့ ချိန်းထားတဲ့သူငယ်ချင်းနဲ့ လွဲသွားလို့ တစ်ယောက်တည်း ငေါင်ပြီး ဘယ်သွားရကောင်းမလဲ စဉ်းစားနေတုန်း အစ်ကိုတို့နဲ့တွေ့တာ လာ... လာပါ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



နေမင်း... ကိုဝဏ္ဏလက်ကို ဆွဲ၍ ခြေစလှမ်းနေပြီမို့ကို ဝဏ္ဏ
နောက်ပြန်လှည့်ကာ...

"ကဲ... သန္တာနဲ့ ပန်းနုတို့ လိုက်ခဲ့ကြတော့"

ကားဂိတ်မှ ကားစောင့်နေကြသော ခရီးသည်များအားလုံး၏
မျက်ဝန်းက သူတို့လေးယောက်အပေါ်မှာ စုပြုံဆုံစည်းလျက်–

ပန်းနုသွေးက ထွက်ပြေးချင်စိတ်ပင် ပေါက်သော်လည်း မ
သန္တာကပါ သူ့လက်ကိုလာတွဲပြီး ခေါ်သဖြင့် ကျွန်မြေမပျက် လိုက်
ရသည်။

ကားက ကြီးကြီး လုံးလုံး မြင့်မြင့်မို့ ပန်းနုသွေး မနည်း တက်
ရသည်။ ဤကားမှာ သိန်းနှစ်ထောင်၊ သုံးထောင် တန်မှန်းလည်း
မသိခဲ့ပါ။ ကားထဲမှာ အေးစိမ့်ပြီး ရနံ့လေးကပါ မွှေးမြနေ၏
ကားကက်ဆက်ထဲမှ ဂီတသံက တိုးတိုးလေးလွင့်ဝဲနေဆဲ...

ပန်းနုသွေး နောက်လှည့်ကြည့်မိသည်။

ဆိုက်လာသော ၁၀၅ ဒိုင်နာကားကြီးပေါ်မှာ ထိုင်ဖို့မပြောနှ
မတ်တတ်ရပ်ပြီး စီးလာရသော ခရီးသည်များကအပြည့်၊ ကားဂိတ်
လူတစ်ပြုံကြီးကလည်း တိုးကြိတ်၍ အတင်း လုဝင်နေကြသည်
ယောကျ်ားမိန်းမ၊ ကလေးသူငယ်၊ အပိုျရွယ်တို့က ပါလာသမျှသော
ယောကျ်ားတို့နှင့် ရင်ချင်းအပ်၊ ကျောချင်းကပ်၊ ဘေးချင်းပူးနေ
သည်က ပန်းနုသွေးတို့လို လိုင်းကားစီးနေရသော အပျိုရွယ် ခရီးသည
လေးများ၏ ဒုက္ခက နေ့စဉ်...



ခြောက် သည်မြေနှင့် သည်ကားလမ်း တစ်နေရာတည်းပေါ်မှာ
ားစီးသူများ၏ ဘဝချင်းက ခြားနားလှချီလား...

"ညီလေး အစ်ကိုတို့က တာမွေဘက် သွားကြမှာလေ"

ကားဦးတည်ရာ လမ်းကြောင်းကလွဲနေ၍ ကိုဝဏ္ဏ ပြောကြည့်
ရာ...

"မပန်းနုသွေး ဘယ်မှာနေတယ်ဆိုတာ ကျွန်တော်သိပါတယ်၊
ခုလို ဆုံခွင့်ရတုန်း တစ်ခုခုလေး စားကြရအောင်ပါ"

"ဟာ မဖြစ်ဘူး၊ နုသွေး အိမ်ပြန်နောက်ကျလို့ မဖြစ်ဘူး"

"ဘာလို့မဖြစ်တာလဲ"

ကားမောင်းရင်း နောက်ကြည့်မှန်မှတစ်ဆင့် ပန်းနုသွေးကို
ှမ်းကြည့်ရင်း ပြောလိုက်၍–

"အမေစိတ်ပူနေမှာပေါ့... ပြီးတော့... ဘာမှကို မစားချင်တာ"

"အစ်ကိုရော... ကြည့်ပြောပါဦး ခဏလေးပါ သိပ်မကြာစေရ
ပါဘူး"

"ဟုတ်သားပဲ နုသွေးကလည်း"

"ဟာ...မဖြစ်ပါဘူး...အစ်ကိုဝဏ္ဏတို့ပဲ သွားကြပါ နုသွေး
နားမှာ ဆင်းနေခဲ့မယ်... ကားရပ်ပေးပါ"

"မပန်းနုသွေးက တစ်မျိုးပဲနော်၊ ကျွန်တော်ဒါမျိုး တစ်ခါမှ
ကြုံဖူးသေးဘူး"

"ညီလေးရာ အစ်ကိုတို့က ဆင်းရဲသားမာနလို့ပဲ ပြောပါရစေ

www.burmeseclassic.com

www.burmeseclassic.com



ကျွေးတာတော့ မစားပါရစေနဲ့... ဒီကားကြီး စီးလာရတာတော င်အားနာလှပြီ”

“ဟုတ်ပါတယ်... ပန်းနုသွေးက ငိုတော့မလို ဖြစ်နေပြီ အိမ်ပြန်ကြပါစို့ရှင်”

“ခဏလေး ခဏလေး အစ်မ ရောက်တော့မှာပါ အအေးလေးဖြစ်ဖြစ် သောက်ကြရအောင်ပါ အစ်ကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ”

ကိုဝဏ္ဏ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပြီ။

နောက်လှည့်ကြည့်တော့လည်း ပန်းနုသွေး၏ မျက်နှာလေးကပန်းရောင်သန်းရုံမက နီမြန်းနေလေပြီ။

သူ့ငွေးပေါက်စလေး နေမင်းသူရိန်ကလည်း အလျှော့ပေးမည့်ပုံစံမဟုတ်။

ကိုဝဏ္ဏမှာ အစ်ကိုကျော်စွာ အလုပ်လုပ်စဉ်... ကျေးဇူးတရားနှင့် သေဆုံးစဉ်က ဂရုစိုက် ကူညီခဲ့သော ကျေးဇူးရှင်ကြီး ဦးသူရိန်၏သားလေးအဖြစ်နှင့် လေးစားရမည့်အပြင် နေမင်းသူရိန်ဆိုတာ ညီမလေး ပန်းနုသွေးရဲ့ အလုပ်ရှင်လေ...

“ကဲပါ...ညီလေးရာ နီးနီးနားနားဆိုင်ကိုပဲ သွားပါ”

နောက်ထပ် ဆယ်မိနစ်လောက် မောင်းပြီးချိန်မှာ ကားကြီးပေါ်မှ ဆင်းကြရပြီး မှန်ညိုတံခါးနှစ်ချပ်ကို ကောင်မလေး နှစ်ယောက်က ဆွဲဖွင့်ဦးညွှတ်ကြိုဆိုသည့် တခမ်းတနား ဆိုင်ထဲသို့ ရောက်ခဲ့ကြသည်။



“ကဲ မီးနူး (Menu)ကို ကြည့်ပါ။ ညစာစားကြရအောင်ပါ။ အားမနာပါနဲ့ အစ်ကိုရာ သုံးယောက်လုံး ကျွေးခွင့်ရတာ ဝမ်းသာနေတာပါ...၊ မပန်းနုသွေး...ဖတ်ကြည့်ပြီး လိုတာမှာပါနော်”

မီနူးကတ် ထိုးပေး၍...

“ကျွန်မ မမှာတတ်ပါဘူးရှင့်၊ စားလည်း မစားဖူးပါဘူး”

နေမင်းတွေ့ဖူးသမျှ ကောင်မလေးတိုင်းမှာ ဒီလို ရိုးသားမှုမျိုးကို တစ်ခါမှ မကြုံဖူးခဲ့သေးပါ။ သူမ၏ အဖြေလေးက နေမင်း၏နှင်ကို နှင့်သွားစေသည်။

“အအေးလောက်ပဲ သောက်ကြတာပေါ့ကွာ... နုသွေးလေးအမေက နောက်ကျနေရင် စိုးရိမ်တတ်လို့ပါ...”

“ဟော...ဘာဂါ အဆင်သင့်ရမလား”

“ခဏလေးပဲ စောင့်ရမှာပါအစ်ကို”

“ဒါဖြင့် ဘာဂါပဲ လေးလုံးယူခဲ့ မြန်မြန်လာနော်... အအေးဘာသောက်ကြမလဲ”

“ပန်းနုသွေး ပြောလိုက်ပါလားကွယ်”

သန္တာကလည်း သည်နှစ်ယောက်ကြားမှာ အားနာနေဟန်ရှိသည်။

“မမသန္တာတို့ သောက်တာပဲ သောက်ပါ့မယ်”

မသန္တာက–

“လီမွော်ရည်ပုလင်းပဲပေးပါကွယ်”

“ဒီဆိုင်မှာ ပုလင်းနဲ့အအေး မရောင်းပါဘူးခင်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မရင်ဒါ၊ ကိုကာကိုလာ၊ စပရိုက်၊ ခြောက်ဗူးလောက်ယူ အစုံယူခဲ့ကွာ... သူတို့ကြိုက်တာသောက်ရအောင်၊ ဘာဂါလည်း အမြ လုပ်ခိုင်း၊ တို့အချိန်သိပ်မရဘူး"

"ဟုတ်ကဲ့ပါအစ်ကို"

နေမင်းသူရိန်က ဒီဆိုင်ကို ပိုင်ပုံရသည်။ လာနေကျမို့ စား ထိုးလေးတွေက သာမန်ထက်ပိုပြီး ရိုကျိုးနေကြပုံပါပဲ။ ချက်ချင်းလိုပ အအေးများ ရောက်လာ၏။

"အစ်မသန္တာတို့ ကြိုက်တာယူသောက်ကြပါနော်"

ပန်းနုသွေး၏ တည်ငြိမ်မှုကြောင့် တိုက်ရိုက်ပင် မပြောရဲ ကိုဝဏ္ဏကလည်း အားနာနေပုံဖြင့် နေမင်းသူရိန်ကို စကားတွေ ဖော ဆာဆာ ပြောနေ၏။ သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မှာ မသ နှင့် ပန်းနုသွေး။

မျက်လွှာလေးချပြီး အအေးပိုက်ကို ငုံသောက်နေသည့် မျက်န လေးကို ငေးကြည့်ဖြစ်၏။ စင်းကော့နေသော မျက်တောင်လေးများ ငြိမ်သက်နေသလို မြင်ရသည်။

သူနှင့်အတူ လိုက်လေ့ရှိကြသော ဖြူဖြူတို့ ဗစ်ကီတို့အုပ် ဆိုလျှင် ဆတ်ဆလူးကိုခါနေကြသည်။ သူတို့စကားသံ၊ သူတို့ရယ်သ နဲ့ သူတို့ရဲ့မာယာဖြင့် ဖွဲ့စည်းထားသော ဖြားယောင်းမှုများနှင့် ယိမ်းယို လှုပ်ခတ်နေသည့်ကြားမှာ သူကိုယ်တိုင်လည်း တဟားဟားနှင့် ပျော်မြူး ခဲ့ပါသည်။



နောက် သူတို့နှင့် လမ်းခွဲပြီးချိန်မှာ သူ့ရင်၌ ဘာဆိုဘာမှ မကျန် ခဲ့၊ ရင်ခုန်သံကလည်း ပုံမှန်။

"ခုမှ နေမင်း မင်းဘာဖြစ်နေတာလဲ"ဟု ကိုယ့်ကိုယ်ကို မေးလိုက်ချင်သည်။ အအေးဗူးလေး ဖွင့်ပေးချင်သော်လည်း စိတ်ကမရဲ၊ သူ့ကိုလည်း မျက်လုံးလေးနှင့်ပင် လှန်မကြည့်၍ 'စားပါနော်'ဟူ၍ပင် မပြောဝံ့။

အမြဲတက်ကြွလှုပ်ရှား စားသောက်သုံးဖြုန်းပျော်ရွှင်နေလေ့ ရှိသော နေမင်းသူရိန်မှာ သူတို့ကုမ္ပဏီမှ ဝန်ထမ်းမလေးရှေ့မှောက် ချကာမှ ဘာကြောင့်များ နှုတ်ဆွံ့အစွာ ငြိမ်သက်နေမိပါသလဲ...

နှုတ်က ဘာစကားလုံးမှ မထွက်ပါ၊ သူ့နှလုံးခုန်သံကသာ မြန်နေသည်။

ဘာ့အခြယ်အသမှ မပါရှိပါဘဲနှင့် မိန်းမတစ်ယောက်က ဒီလောက်လှလို့ရသလား...

မိတ်ကပ်နှင့် နှုတ်ခမ်းနီ... ဆံပင်ဖြောင့်၊ မျက်တောင်ကော့ထား ကြသူများထဲမှာ ပန်းနုသွေးမပါပါလား။

စားနှင့် ခက်ရင်းကို ကျင်ကျင်လည်လည် မကိုင်တတ်၍ စိတ် ပင်ပန်းစွာ ဘာဂါတစ်လုံးနှင့် လုံးလည်လိုက်နေသော ပန်းနုသွေး ဖြစ်ကို ရယ်မောပစ်ရမည့်အစား ဘာကြောင့်များ သနားစိတ်တွေ ရင်ထဲမှာ ဖြစ်ထွန်းနေမိပါလိမ့်...

"သနားစရာလေး"ဆိုသော စိတ်က "ချစ်စရာလေး"ဆိုသည့် အားမှုထက် မြင့်မားစွာ နှလုံးသားထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ရင်ထဲမှာ ပြည့်နေသည်လား လပ်ဟာနေသည်လား မသိ...
ကိုယ်တိုင်လည်း အစားအဟာရကို စားချင်စိတ်မရှိ၍ စပရိုက်ကိုသ...
သောက်နေရသည်။

"မမသန္တာတို့ တစ်မျိုးမျိုး မှာစားကြပါဦးလား"

သွယ်ဝိုက်၍ ပြောဖြစ်၏။

"တော်ပါပြီကွယ် ဒါတောင် မနည်းစားနေရတာ"

စားသောက်ဆိုင်မှပြန်ပြီး ပန်းနုသွေးတို့ ကိုဝဏ္ဏနှင့် မသန္တာ...
နေထိုင်ကြသော ရပ်ကွက်၏ လမ်းထိပ်အထိ နေမင်းကိုယ်တိုင် ကား...
မောင်းပို့ပေး၏။

ကိုဝဏ္ဏက–

"ညီလေးဖေဖေ မျက်စိကွယ်နေချိန်မှာ ညီလေးက ကုမ္ပ...
အလုပ်ကို ပိုပြီး ကြိုးစားပေါ့ကွာ"

"ဟုတ်ကဲ့"

"အစ်ကိုတို့ တတ်နိုင်တာမျိုးရှိရင်လည်း ပြောပါ ဝိုင်းကူပါ့မယ်..."

"ကျေးဇူးပါပဲ"

"ညီမလေး နုသွေးကတော့ လောကွတ်စကား မပြောတတ်ဘူ...
ဒါပေမယ့် တာဝန်ကျေအောင်တော့ လုပ်တတ်ပါတယ်၊ သူ့ကို တာဝ...
ပိုပေးလည်း သူနိုင်အောင် လုပ်မှာပါ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲအစ်ကိုရာ"

ပန်းနုသွေးနှင့် ဆက်ဆံရေးအတွက် အတားအဆီးများ ဖယ်...



နေသည့် ကြားစကားများ...

အမျိုးသမီးနှစ်ယောက်က ငြိမ်နေ၍ ကိုဝဏ္ဏကသာ–

"ဒါနဲ့ ဆရာဦးသူရိန်ရဲ့ မျက်လုံးကို နိုင်ငံခြားမှာ သွားမကုဘူး
လား"

"မျက်ကြည်လွှာ အစားထိုးမှ ရမှာတဲ့"

"ဟုတ်လား နိုင်ငံခြားမှာ ကုရမှာလား"

"မဟုတ်ဘူးအစ်ကို မျက်လုံးအစားထိုးတယ်ဆိုတာ အလှူရှင်
ရှိမှ ရတာလေ၊ အဲဒီ မျက်စိအလှူရှင် ကွယ်လွန်ပြီး နာရီပိုင်းအတွင်း
ထုတ်ယူပြီး ဖေဖေ့ရဲ့ ပျက်စီးသွားတဲ့ မျက်စိကို အစားထိုးရမှာဆိုတော့
နိုင်ငံခြားသွားလို့မဖြစ်ဘူးလေ၊ ဒီမှာပဲ စောင့်ရမှာတဲ့"

"အေးကွာ ဆရာ့ရဲ့ကံပေါ့... ဘယ်လိုလူယုတ်မာကများ
...လောက် ရက်ရက်စက်စက် လုပ်သွားတာပါလိမ့်"

"မသိပါဘူးဗျာ"

"မျက်စိအစား အမြန်ရပါစေကွာ၊ ဆရာဦးသူရိန်ဟာ အစ်ကို့
အစ်ကို ကိုကျော်စွာရဲ့ ကျေးဇူးရှင် မဟုတ်လား"

ဦးသူရိန်နှင့် ကိုကျော်စွာတို့၏ ရှုပ်ထွေးနက်ရှိုင်းလှသော
...ပြန်အလှန် ရက်စက်မှုများကို မသိကြသော သူတို့၏ ဝေဖန်မှုနှင့်
...သုံးသပ်ချက်များ။

ကိုကျော်စွာ ဆိုသည့်အမည် ပါလာ၍ ပန်းနုသွေးက မျက်ရည်...
...ချင်လာသည်။ သို့သော်လည်း ကားပေါ်မှ အဆင်းမှာဖြင့် မအောင်း...
...တ်လို့ ပြုံးပြရပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲနော် ကိုနေမင်း"

"ဟာ... ရ... ရပါတယ်ဗျာ"

လမ်းထဲဝင်သွားကြသူများကို သူခဏ စောင့်ကြည့်ပြီးမှ ကား ပြန်ကွေ့လာသည်။

"ပန်းနုသွေး"

ချစ်စရာ နာမည်လေးနှင့် သနားစရာ မျက်နှာလေးကို သူ မျက်လုံးထဲက မထွက်ခြင်းမဟုတ်၊ သူ့ရင်ထဲ၊ နှလုံးသားထဲက မထွက် ခြင်းဖြစ်သည်။

သည်လိုခံစားမှုမျိုး သူ့ဘဝတာအတွင်းမှာ ဒါပထမဆုံး အကြိမ်။

ဤသို့ အေးငြိမ်းသိမ်မွေ့လှသော နှလုံးသားထဲမှ ခံစားမှု 'အချစ်'ဟု ခေါ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါလျှင် သေချာပါပြီ ပန်း သွေးကို အချစ်ဦးအဖြစ်နှင့် သိပ်ချစ်သွားခဲ့မိပါပြီ။

"နေမင်းဆိုသော ကျွန်တော်သည်... ကျွန်တော်သိပ်ချစ်မိသွား သော ကောင်မလေးကို ပိုင်ဆိုင်ခွင့်ရသည်အထိ ချစ်ရပါလို၏"

❋

ထိုနေ့လွန်မြောက်ပြီး နောက်တစ်လလောက်အကြာမှာပင်...

"အင်း... သူ့ကံပေါ့လေ"



"တော်ကြပါတော့ အမေတို့ရယ် အမေတို့ အဲဒီလို ပြောနေတာ ကိုက အစ်ကိုကျော်စွာအပေါ်မှာ စိမ်းကားရက်စက်ရာ ရောက်နေပါပြီ"

"ဒီလိုလည်း မဟုတ်သေးဘူး သမီးလေးရယ်"

ဒေါ်ခင်သက်က ရှေ့တည့်တည့်သို့ ကြည့်ပြီး နှိုင်းနှိုင်းချင့်ချင့် လေသံမျိုးဖြင့်။

သားကြီးကျော်စွာ ဆုံးရှုံးခဲ့ရတာ အမေလည်း ခုချိန်ထိ ရင်ကွဲ ကုန်း ပါပဲ၊ အမေက အသက်ကြီးပြီ... အရွယ်ကုန်ပြီ... သမီးလေးက ခု ဘဝရဲ့ အညွန့်လေး တက်ကာစအရွယ်... ဒီအညွန့်လေး မကျိုး ပါစေနဲ့ဆိုတာ အမေ့ရဲ့စေတနာပါ... အမေ့ရဲ့ စကားကို နားထောင်ပါ တွယ်... နုသွေးရဲ့ မေမေနဲ့လည်း အမေတို့ ဆွေးနွေးပြီးကြပါပြီ"

"ဟုတ်တယ် နုသွေး... ငါတို့ စားသောက်ဆိုင်မှာ ဆုံပြီးတဲ့ နောက် နင့်အချစ်ကို တောင်းခံတာ နင်က ငြင်းတယ်လို့ ငါ့ကို နေမင်း က အကုန်ပြန်ပြောပြပြီးပြီ"

"အင်းလေ"

"အဲဒီနောက်မှာ နေမင်းဟာ တည်တည်ငြိမ်ငြိမ်နဲ့ ငါ့ကို ရင်ဖွင့် တယ်၊ သူ့စကားတွေ အမှန်လို့ ယူဆတယ်... နင့်ဆီ သူ့အစ်မ လရောင် ရယ်ကိုတောင် ခေါ်လာသေးတယ် မဟုတ်လား"

"အင်းလေ၊ အစ်ကိုဝဏ္ဏ အားလုံးသိရဲ့သားနဲ့"

"အားလုံးသိလို့ ငါက အမေ့ကို အကြောင်းစုံ ပြောပြပြီး လူကြီး တွေကပါ နေမင်းဟာ ယုံကြည်ထိုက်ပြီး နင့်ကို အပျော်သဘောမျိုး

www.burmeseclassic.com

www.burmeseclassic.com



တွဲချင်တဲ့ သူ့ရဲ့စရိုက်တွေ လုံးဝ ပျောက်သွားပြီဆိုတာ ယောကျ်ားချင်း ငါသိတာပေါ့ နုသွေး"

"အဲဒီတော့ နုသွေးက ဘာလုပ်ရမှာလဲ ပြောကြပါဦး"

"နေဦးသမီး အမေပြောမယ်"

ငိုတော့မလို ညိုနေသော မျက်နှာလေးနှင့် ပန်းနုသွေးအ ငြိမ်သက်နေ၏။

"နေမင်းသူရိန်ဆိုတဲ့ ကောင်လေးဘက်က ဒီလောက် ငွေ လမ်းလမ်း ဖြစ်နေပေမယ့် ချက်ချင်းလက်ငင်းကြီး ယူရမယ်လို့ ပြော တာ မဟုတ်ဘူးသမီး၊ နေမင်းတစ်ယောက်တည်းက ကြိုက်ရုံနဲ့လည်း မပေးစားနိုင်သေးဘူး၊ အမေတို့နဲ့ သူတို့က အဆင့်တန်းချင်း သိပ်ကွာ တယ်လေ၊ ဒါကြောင့် သူ့မိသားစုကပါ ကြည်ဖြူလက်ခံမယ်ဆိုရင် မငြင်းပါနဲ့ကွယ်"

"အမေရယ်"

"ကုမ္ပဏီကိုလာခဲ့တဲ့ သူ့အစ်မ လရောင်ချယ်က သမီးနဲ့ လာ တွေ့ပြီး သမီးရဲ့ မိဘတွေနဲ့ လာတွေ့ပါရစေဆို"

"ဟုတ်တယ် အဲဒီအစ်မက သိပ်လှပြီး သိပ်စိတ်ထားကောင်း တာပဲ"

"သမီးကိုလည်း သဘောကျလို့သာ သမီးအိမ် လာပါရစေ ပြောတာနေမှာပေါ့"



"မပြောတတ်ဘူး"

"မကျေနပ်ရင် သူ့မောင်လေးကို နောက်မဆက်ဆံနဲ့လို့ ပြောမှာ ပါ"

"မသိဘူး"

"ဒီမှာသမီး တကယ်လို့ သူတို့ဘက်က သူ့မိဘနဲ့ သူ့အမေ ပါ လက်ခံမယ်ဆိုရင် နေမင်းသူရိန်ကို မငြင်းပါနဲ့တော့ သမီး"

"အမေ"

"ဟင်"

"အစ်ကိုဝဏ္ဏ"

"ဘာလဲ ညီမလေး"

"အမေတို့ အစ်ကိုတို့ အစ်ကိုကျော်စွာကို ရက်စက်ကြတော့ လား"

"ဘာဆိုင်လဲဟ"

"သမီး အစ်ကိုကျော်စွာကို တစ်နေ့မှ မမေ့နိုင်သေးဘူးနော်"

"တို့လည်း ဒီလိုပါပဲ နုသွေးရယ်၊ ဒါပေမယ့် အမေပြောသလို ဘဝအညွန့်လေးကို ချိုးပစ်လိုက်တဲ့အထိတော့ မဖြစ်သင့်ဘူး၊ နင့်ကို လေးတစ်ယောက်အနေနဲ့ ပြောနေတာပါ နုသွေး၊ အစ်ကိုကျော်စွာ ည်းစားအဖြစ်နဲ့ ပြောနေတာမဟုတ်ဘူး"

"နုသွေး နားလည်ပါတယ်"

"နေမင်းက နင်ဟာ ရည်းစားရှိပြီးသားဆိုတာလည်း သူသိတယ် သို့ ငါက ဟုတ်တယ်၊ ဒါပေမယ့် ငါ့အစ်ကိုဟာ သစ္စာသမား၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် မခံတတ်တဲ့ စိတ်ထက်လွန်းသူ၊ နုသွေးကိုလည်း ကလေးဘဝတည်းက ညီမလေးတစ်ယောက်လို ချစ်ပြီးမှ ချစ်သူတွေ ဖြစ်သွားကြတာလို့ အကုန်ပြောပြလိုက်တယ်။ အစ်ကိုကျော်စွာရဲ့ စည်းစောင့်မှုကိုပါ ငါ အာမခံလိုက်တယ်"

"အစ်ကိုဝဏ္ဏတို့က ကိုနေမင်းကို သိပ်သဘောကျနေကြတယ်ပေါ့လေ"

နေမင်းကို ငါ့အတွက် ဘာလို့ သဘောကျရမှာလဲ နင့်အတွက် သဘောကျပေးတာ နင့်ဘဝလေး ကောင်းစားပါစေတော့ဆိုပြီး...

"တော်ပါတော့ အစ်ကိုရာ နုသွေး အမေ့ကို မေးစရာရှိတယ်"

"မေးသမီးမေး"

"အမေ"

"ဟင်"

"တကယ်လို့ အမေတို့ပြောတာ လက်ခံပြီး ကိုနေမင်းကို သမီးလက်ထပ်ခဲ့ရင် တမလွန်က အစ်ကိုက ကြည်ဖြူပါ့မလား... ဟိုဘက်က စောင့်ကြည့်နေပြီး သမီးတို့တစ်တွေကို မကျေမနပ် ဖြစ်နေမှာလေ နော်..."

"သမီးလေးနုသွေး"

"ရှင်"

"ဒါမျိုးတွေက တွေးဖို့တောင် မလိုဘူး၊ သမီးတို့ လူငယ်တွေ ကိုရီးယားဇာတ်လမ်းတွေ လွှမ်းမိုးနေလို့ ဒီလိုအတွေးမျိုး ဝင်နေသလားတော့ မသိတော့ပါဘူးကွယ်၊ သူတို့ယုံကြည်မှုက သေပြီးသားလူ



ကျန်ရစ်သူမိသားစုကို အမြဲကြည့်နေတယ်၊ ကျန်ရစ်သူ မိသားစုကလည်း လက်ထပ်မှာကအစ သူမြှုပ်ထားတဲ့နေရာကို သွားပြီး ပြောရတယ်၊ တိုင်တည်ရတယ်။ သေသူဘက်က ကျေနပ်တယ်၊ မကျေနပ်ဘူးဆိုတာတွေ ရှိတယ်လို့လည်း ခံယူထားကြတယ်။ တို့မြန်မာဗုဒ္ဓဘာသာက ဒီလို မယူဆရဘူးနော်"

ဒေါ်ခင်သက်သည် ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကို ယုံကြည်ပြီး အမြဲတရားထိုင်သည်။ ဥပုသ်နေ့တိုင်း ဝါတွင်းဝါပ ဥပုသ်စောင့်သူဖြစ်၏။

"လူတစ်ယောက် သေပြီးရင် သူ့ရဲ့ ကုသိုလ်၊ အကုသိုလ်အရ လမ်းခွဲ ၃၁ လမ်းကို သွားရတယ်... ဗြဟ္မာဘုံ ၂၀၊ နတ်ဘုံ ၆ ဘုံ၊ လူ့ပြည်နဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ် ၄ ဘုံ အဲဒါတွေပေါင်းပြီး ၃၁ ဘုံလို့ ခေါ်ကြတာ"

ပန်းနုသွေး ငေးနေဆဲ...

"အဲဒီဘုံတွေ ရောက်ပြီးရင် ဒီလူ့ဘဝကို ပြန်ကြည့်ဖို့ အလွန့်အလွန် ခဲယဉ်းပါတယ်။ နတ်စည်းစိမ်ကြောင့် မေ့နေတာ ရှိသလို အပါယ်ရောက်သွားရင်လည်း ပြန်မသိနိုင်တော့ဘူး၊ တစ်ခုပဲ ရှိတယ်၊ ပြိတ္တာဘဝမှာတော့ ကိုယ့်ဘဝကို ပြန်မြင်နိုင်တယ်၊ သာဓု ခေါ်နိုင်တယ်၊ ကျန်ရစ်သူအတွက်တော့ ဘာမှ လုပ်မပေးနိုင်တော့ပါဘူး"

ဘာသာရေးနှင့် ဝေးသေးသောအရွယ် ပန်းနုသွေးကား ဟာအဲ့တည်ည နားထောင်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"နိဗ္ဗာန်ဘုံက ၃၁ ဘုံထဲမှာ ဘာလို့ မပါတာလဲ"

"ဗုဒ္ဓဘာသာလို့ ခံယူထားပြီး အဲဒီလို မသိကြတာ သိပ်ခက်တာပဲကွယ်၊ နိဗ္ဗာန်ဆိုတာ ဘုံမရှိဘူး၊ ဘုံမဟုတ်ဘူး... ၃၁ ဘုံမှာ ကျင်လည်နေကြတဲ့ ဒုက္ခသံသရာကြီးက ထွက်မြောက်ပြီး ရုပ်ရော နာမ်ရော ပြတ်သွားတဲ့ တကယ့်ပြီးဆုံးအေးငြိမ်းခြင်းဟာ နိဗ္ဗာန်ပဲ။ ဒါကြောင့် အမေတို့တစ်တွေ ဘာကောင်းမှုပဲလုပ်လုပ် ဘဝပြတ်ဖို့ သံသရာဝဋ်ဆင်းရဲက လွတ်ဖို့ နိဗ္ဗာန်ဆုပဲ တောင်းသင့်ပါတယ်"

"ဟုတ်ကဲ့ပါအမေ"

"အမေတို့ ဗုဒ္ဓဘာသာစစ်စစ်ဆိုတာ လောကဥပဒေအတိုင်း ကိုယ်လုပ်ကိုယ်ခံပဲ... ကံဆိုတာလည်း မိမိရဲ့ ပြုမှု၊ မပြုမှုပဲ၊ သိပ်ပြီး သိပ္ပံနည်းကျတဲ့ တို့ရဲ့ ဗုဒ္ဓအယူအဆကို တစ်ခြားဘာသာအယူအဆတွေနဲ့ မရောနှောစမ်းပါနဲ့ကွယ်"

"အသိမှန်သွားရင် အမြင်မှန်သွားမှာပါလေ"

"ကဲ နသွေး... တကယ်လို့ သူတို့ဘက်က လာတွေ့ပါရစေဆိုရင် လာတွေ့လို့ နေမင်းသူရိန်ကို ငါပြောလိုက်တော့မယ်နော်"

"နသွေးဘာမှ မပြောတတ်တော့ပါဘူး"

"ဒါဖြင့် သမီးလေးရဲ့ မေမေနဲ့ တိုင်ပင်ပြီး အမေတို့ လူကြီးချင်း စကားပြောကြည့်မယ်လေ"

"ဘယ်တော့လဲအမေ"

"အဲဒါတော့ သား ဝဏ္ဏနဲ့ နေမင်း တိုင်ပင်ကြပါလိမ့်မယ်"



"ဒီလိုတော့ ရှိတယ်"

ဒေါ်ခင်သက်နှင့် ပန်းနုသွေးက ငြိမ်သက်စွာ စောင့်မျှော်နေကြ၏။

"သူတို့မှာလည်း သူတို့အပူနဲ့သူတို့ ရှုပ်နေကြတယ်၊ ကုမ္ပဏီကလည်း ဖရိုဖရဲဖြစ်ချင်နေတယ်။ အဲဒီကိစ္စတွေပြီးမှ နေမင်းကိစ္စ လုပ်ပေးမလားတော့ မသိဘူး"

"အင်းပေါ့ သားရယ် တို့မြန်မာမိန်းကလေးရှင်ဆိုတာ စောင့်ရယ့်သဘာဝရှိပါတယ်"

"ဒါပေမယ့် နေမင်း သိပ်လောနေရင်တော့လည်း တစ်မျိုးပေါ့၊ ... ချောင်ချယ်ဆိုတဲ့ သိပ်ထက်မြက်တဲ့ သူ့အစ်မပြီးရင်လည်း သူ့... ဒါလေး ဒေါ်နန်းချယ်ရီဆိုတာ ပြီးမယ့်သဘောရှိတယ်"

"ဦးသူရိန်ကရော"

"သူ့ဘဝက အမှောင်ဖုံးနေပြီပဲ... သူ့မိသားစုရဲ့ ဆန္ဒကို သူ ... လိုက်လျှောရမှာပေါ့"

"ဒါဆိုလည်း ပြီးတာပါပဲ"

ဆွေးနွေးပွဲက ဒီမှာတင် ပြီးဆုံးသွားခဲ့ပြီ။

ပန်းနုသွေးက အခန်းနံရံကို ခါတိုင်းလို လှမ်းကြည့်လိုက်ချိန်မှာ ...ကျော်စွာ၏ ဓာတ်ပုံက မရှိတော့ပါ။ ဓာတ်ပုံမြင်တိုင်း ကြေကွဲကြ... ...နှုန်းသည်ထက် ယခုအချိန်မှာ ပန်းနုသွေးကို မကြည့်စေလို၍ ...ဝဏ္ဏက ဖြုတ်သိမ်းထားခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးသည် ယနေ့ ဆွေးနွေးပွဲမှာ သဘောတူညီမှုဖြင့် နိဂုံးချုပ် ရုပ်သိမ်းလိုက်သည်ဟု ဆိုရပေမည်။

အကယ်၍သာ

ကိုကျော်စွာသည် မြန်မာ့ပင်လယ်ကမ်းခြေတစ်နေရာတွင် သက်ရှိထင်ရှား ရှိနေဆဲဟုသာ… ထိုသုံးယောက် ကြိုတင်သိခွင့်ရှိခဲ့ပါလျှင်…

✻ ✻ ✻

# ရဲရင့်နီ၏ အပြန်လမ်း

www.burmeseclassic.com

www.burmeseclassic.com

အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်မှအပြန် ထွက်လာပြီး ပြည်လမ်းမကြီးပေါ်အရောက်တွင် ရဲရင့်နီသည် မိုင်နှုန်းမြှင့်၍ မောင်းနေပါလျက် ကားက နှေးနေသည်ဟု ထင်မိသည်။

"ဟော့ကောင် အရမ်းကျော်မတက်နဲ့လေ မင်းဘာဖြစ်နေတာလဲ"

"ငါ ချယ့်ဆီရောက်ချင်လှပြီ"

"သေလိုက်ပါလား ခုမှ..."

သီဟသူက ကျိတ်၍လည်း ဆဲလိုက်သေးသည်။



"မင်းညက ဖုန်းဆက်မယ်ဆို ဆက်ဖြစ်လား မိချယ်က ဘာပြောလဲ"

"လုံးဝကို လာမပြောတာ... ဒေါ်လေးကပဲ ကြားကတောင်းပန်ရှာတာ"

"မိချယ်က ငယ်ငယ်တည်းက စိတ်ဓာတ်ပြင်းတာ မင်းလည်း အသိသားနဲ့များကွာ"

"ဟော့ကောင် ငါလုပ်တာ မှားသလား ပြောစမ်း 'ထက်ရှား' လည်း ငါတို့ရဲ့ ငယ်သူငယ်ချင်းပဲလေကွာ"

"မင်းလုပ်တာ မှားတယ်လို့ ပြောမရပေမယ့် မှန်တယ်လို့လည်း မပြောနိုင်ဘူး"

"ထက်ရှားအဖြစ်ကို မင်းလည်းသိရဲ့နဲ့ မင်းမို့ ပြောရက်တယ်ကွာ၊ အခု မမြတ်နိုးခင်တောင် ဆေးရုံရောက်နေပြီကွ"

"တော်ကွာ..."

ထက်ရှား၏ ကော်ရိုလာ ဗဲန်ကားနှင့် စင်ကာပူမှ ပြန်လာသော ရဲရင့်နီကို လာကြိုခဲ့ခြင်းဖြစ်၏...။ လေဆိပ်မှ ထွက်ကတည်းက ရဲရင့်နီက ကားကို သူကိုယ်တိုင်မောင်းချင်သည်ဆို၍ လွှတ်ပေးလိုက်ရခြင်း ဖြစ်သည်။

သီဟသူ၊ ထက်ရှားနှင့် ရဲရင့်နီတို့သည် ဒဂုံ အထက–၁ မှာကတည်းက အတူတွဲခဲ့ကြသော ငယ်သူငယ်ချင်းစစ်စစ်များပေါ့...။

www.burmeseclassic.com

www.burmeseclassic.com



လရောင်ချယ်မှာလည်း ရဲရင့်နီ၏ သူငယ်ချင်းမို့ ထက်ရှားနှင့် သီဟသူတို့ကလည်း သူငယ်ချင်းအဖြစ်နှင့် အားလုံး ရင်းရင်းနှီးနှီး ပြောမနာဆိုမနာ အတွင်းသိ၊ အစင်းသိ။

"ကဲ ရွှေတောင်ကြားက ချယ်တို့အိမ် ရောက်ခါနီးပြီ မင်းစိတ်ကို တည်ငြိမ်အောင် ကြိုးစားဦး ချယ်က မလွယ်ဘူးနော်... မင်းစေ့စပ်တဲ့ ကိစ္စကို အရမ်းခံစားနေရတာ"

"ဒါကြောင့် ငါပြန်လာတာပါဆို"

"ပြီးရောကွာ"

"ဟာ... မောင်နီပါလား ဘယ်တုန်းကရောက်လဲ"

"ခုပဲအဘ"

ရင်းနှီးပြီးသား ခြံစောင့်အဘ ဦးအေးမောင်က ပျူငှာစွာ ကြိုဆို သည်။

အိမ်ရှေ့ဧည့်ခန်းတွင် စာထိုင်ဖတ်နေသော ချယ့်ကို ရုတ်တရက် ကြီးပင် တွေ့ခွင့်ရလိုက်သဖြင့် ရဲရင့်နီ နှလုံးသားများ ဆတ်ဆတ်တုန်၍ သူ့ရင်တွင်းမှ ခုန်ထွက်သွားတော့မလားပင် ထင်မိသည်။

"ဟင်...နီ"

မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်သောကြောင့် ချယ်သည် လည်း အကြီးအကျယ် တုန်လှုပ်လန့်ဖျတ်သွားပုံရသည်။

"ချယ်... ချယ်ရယ်"



အနားတိုးသွားပြီး ချယ့်လက်ကို လှမ်းကိုင်လိုက်တော့မှ ချယ် သည် သတိလစ်နေရာမှ ပြန်လည်နိုးကြားလာသူတစ်ယောက်လို လက်ကို ဆောင့်ရုန်းလိုက်ပြီး...

"နင်ငါ့ဆီကို ဘာမှ လာစရာ အကြောင်းမရှိတော့ဘူး ထွက် သွား... ခုထွက်သွားစမ်း"

"မီချယ် ခဏလေး... သူရှင်းပြတာလေးတော့ နားထောင်လိုက် ပါဦး သူငယ်ချင်းရာ"

"သေသူ နင်ပါ ဝင်မပါနဲ့ ဘာမှ ရှင်းပြစရာ မလိုတော့ဘူး... ရှင်းနေပြီ။ အားလုံးရှင်းနေပြီ မြန်မာတစ်ပြည်လုံးသိအောင် သူရှင်းပြ ထားပြီလေ"

"မဟုတ်သေးပါဘူးချယ်ရယ်"

"နင်ကိုယ်တိုင်လည်း သတင်းစာဖတ်ပြီးပြီ မဟုတ်လားဟင် သူ... ငါ့အရှက်ကိုခွဲပြီးပြီလေ... အို... ငါဘာမှ မပြောချင်ဘူး... ခု ငါ့အိမ်ပေါ်ကဆင်း... ဆင်းကြစမ်း"

"ဟဲ့...ဟဲ့...အို... ဘယ်လိုဖြစ်နေကြတာလဲကွယ်"

အော်ဟစ်သံများကြောင့် ဒေါ်နန်းချယ်ရီ... အပေါ်ထပ်မှ ပြေးဆင်းလာ၏။

"ဒေါ်လေး...ဒေါ်လေးရယ် ကယ်ပါဦးဗျာ"

လှေကားထိပ်သို့ ပြေးသွားရင်း ပြောလိုက်သော ရဲရင့်နီ၏

www.burmeseclassic.com

www.burmeseclassic.com



အသံက နှလုံးသားမှ တိုက်ရိုက်ပေါ်ထွက်လာသလို အက်ကွဲဆို့နင့်နေ၏။

"ချယ်… တူမကြီး"

"ကျေးဇူးပြုပြီး ဒေါ်လေး ဝင်မပါပါနဲ့… ချယ်ဘယ်လော… ခံစားခဲ့ရတယ်ဆိုတာ ဒေါ်လေးအသိ..ပြီး…ပြီးတော့"

"အေး…ပါကွယ်"

"ပြီးတော့…ပြီးတော့… နလံမထူနိုင်အောင် ချယ် ကျဆုံးခဲ့တယ်။ အရှက်ကွဲခဲ့ရတယ်… အဲဒါနဲ့များ…"

"ဒေါ်လေးနားလည်ပါတယ်ကွယ်… နီနီဘာကြောင့် ဒီ… ဖြစ်သွားရတယ်ဆိုတာ ဒေါ်လေးအားလုံး သိပြီးသွားပြီ ဒါကြော… သူရှင်းပြတာလေးတော့ နားထောင်လိုက်ပါဦးချယ်ရယ်… ကဲ… ထိုင်ကြပါဦး"

"ဒေါ်လေး"

နာကျည်းခြင်းနှင့် ကြေကွဲခြင်းတို့ ဆတူခံစားနေရရှာသော ချယ်၏ နာကျင်မှုများက မကြည့်ရက်စရာကောင်းလောက်အော… ပါပင်။

ရဲရင့်နီသည်လည်း သူ့ထက် နှစ်ဆမျှမက ခံစားနေရရှာသူ… အချစ်ဆုံး… အချစ်ဦး… ချစ်သူနှစ်ယောက်လုံး၏ မျက်ဝန်း… မျက်ရည်တွေဝေလျက်…

"ဒေါ်လေး"



"ချယ်… ပြောလေ"

ချယ်သူ့ကိုလည်း မမြင်ချင်ဘူး… သူပြောတာတွေလည်း ကြားချင်တော့ဘူး။ ကျေးဇူးပြုပြီး ချယ့်ကို နားလည်ပေးပါ"

"ချယ်ရယ်"

"သူတို့ကို ပြန်ခိုင်းပေးပါ… ဒါမှမဟုတ် ချယ့်ကို ဒီနေရာက နေပြီး ထွက်သွားခွင့်ပေးပါ"

မာန်တင်းထားသော ချယ်၏အသံက အက်ကွဲနေ၏။

"ငါပြောတာ နားထောင်စမ်းပါဦး… ပြီးတော့ နင်ကြိုက်သလို ဆုံးဖြတ်ပါ ငါနာခံမယ်ချယ်"

"ရှင်းစရာမလိုအောင် ရှင်းနေတဲ့ကိစ္စပဲ… နင်အိမ်မှားပြီး ဝင်လာတာ ငနီရဲ့ နင်သွားရမှာက နင့်ဇနီးလောင်း မေမြတ်နိုးခင်ဆီကိုလေ"

သီဟသူ ရဲရင့်နီနှင့် ဒေါ်နန်းချယ်ရီတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးတော့ ရဲရင့်နီက 'ပြတ်သားမှ ဖြစ်တော့မည်' ဆိုသော ပုံစံဖြင့်–

"ဟုတ်တယ်… ငါခုပဲ မမြတ်နိုးဆီ သွားမလို့ နင်ပါလိုက်ခဲ့"

"ကြည့်စမ်း ငနီ နင်မရိုင်းနဲ့နော်… ငါပါးရိုက်မိလိမ့်မယ်"

"ရိုက်စမ်း…ရိုက်ပါ…ရိုက်လေချယ်"

ရဲရင့်နီက ရဲဝင့်စွာ ချယ့်နား ကပ်သွားသော်လည်း တကယ်တော့ ချယ်က လက်ဖြင့်ပင် မရွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နှစ်ယောက်လုံး၏ ခံစားမှုများက ပေါက်ကွဲ တော့မတတ် ဖြစ်နေကြ၍...

"ကဲ...ကဲ... ခဏလေး ဒေါ်လေး ပြောပါရစေကွယ်"

ဘယ်သူမှ မထိုင်ကြသေး အားလုံး မတ်တတ်ရပ်လျက်–

"မမြတ်နိုးခင် ဒီခြံကို လာတယ်၊ ဖုန်းလည်း အကြိမ်ကြိမ် ဆက်တယ်၊ ချယ်က လုံးဝ လက်မခံခဲ့ဘူးလေ၊ အဲဒီတုန်းက ချယ် ဘာပြောခဲ့လဲ"

ချယ်က ဘာမှ ပြန်မဖြေ–

"ဘယ်သူရှင်းပြတာမှ လက်မခံနိုင်ဘူး ငနီကိုယ်တိုင် ရှင်းပြ တာပဲ သိချင်တယ်ဆို... ခု နီနီကိုယ်တိုင် ရောက်လာပြီလေ... ဒီကိစ္စ ကြီးကို ဒေါ်လေးရော သီဟသူရော သိကြပြီးသားပါ... ချယ်က လုံး လက်မခံလို့ မပြောရတာ... ခု နီနီကိုယ်တိုင် ပြန်ရောက်လာပြီ သူရှင်းပြတာလေးတော့ နားထောင်လိုက်ပါဦးကွယ်"

ချယ်က ငြိမ်သက်တွေဝေနေဆဲပင်...

"ဒေါ်လေး"

"နီ...ပြောလေ...သား"

"ဒီတိုင်းပြောတာထက် မမြတ်နိုးရှေ့မှာ အားလုံး ပြောချင်တယ် ဒေါ်လေးပါ ခဏလိုက်ခဲ့ပါနော်"

"ငနီ"

ချယ်က ကြုံးအော်လိုက်ပြီး–



"ငါတို့တူအရီးက နင့်မယားလောင်းရှေ့ကိုလိုက်ပြီး ဒူးထောက် ရမှာလားဟင် နင်တို့က အောင်ပွဲခံကြမှာမို့လား"

"တူမကြီးရယ်"

"မဖြစ်တော့ပါဘူး...ဒေါ်လေးရယ် ကျွန်တော် ကန်တော့ပြီး တောင်းပန်ပါတယ်ဗျာ၊ ဒေါ်လေးလိုက်ခဲ့ပါ...အမြန်ဆုံးရှင်းမှ ဖြစ်တော့ မယ်"

"ဟုတ်တယ်... ချယ်သိပ်ခံစားနေရပြီ"

"ဟော့ကောင် သူ... ကားပေါ်တက်၊ စက်နှိုးထား... အဘကို ခြံတံခါးဖွင့်ခိုင်းထား"

ပိုင်စိုးပိုင်နင်းပြောပြီးသည်နှင့် ရဲရင့်နီသည် ချယ့်လက်ကို ကြမ်းတမ်းစွာဆွဲ၍ တိုက်ပေါ်မှ ဆင်း၏...။

"ဟင်... ငနီ... မလုပ်နဲ့ မလိုက်ဘူး... လွှတ်...လွှတ်စမ်း"

အော်ရင်းဟစ်ရင်း ပါလာသော ချယ့်ကို အသင့်ဖွင့်ထားသော ကားနောက်ခန်းထဲသို့ တွန်းထိုးထည့်ပိတ်လိုက်သည်။

အိမ်နေရင်း ဘလောက်စ်အင်္ကျီပွပွကြီးနှင့်ပင် ဒေါ်နန်းချယ်ရီက တိုက်ပေါ်မှ ပြေးဆင်းလာပြီး လရောင်ချယ်၏ဘေးမှာ ဝင်ထိုင်ရ သည်...။

ရဲရင့်နီက ဘာမှမပြောဘဲ နောက်ပြန်၍ တောင်းပန်မျက်လုံး များနှင့် ချယ့်ကိုကြည့်၏။ သီဟသူက... ကားစမောင်းပြီး...

ဒေါ်နန်းချယ်ရီက... ချယ်၏ အေးစက်နေသော လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို အုပ်ကိုင်၍–

"စိတ်လျှော့လိုက်ပါချယ်ရယ်… ခုလေး… ဒေါ်လေးတို့ သွားနေတာ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံဆီကိုပါ…။ သိပ်မကြာတော့တဲ့ အချိန်မှာ လူ့လောကကြီးကနေပြီး အပြီးထွက်ခွာသွားရတော့မယ့် သူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကို သွားကြည့်ကြမှာပါ… သူ့ရဲ့ နောက်ဆုံးစကားကို သွားပြီး နားထောင်ပေးကြရမှာပါကွယ်…"

❋

အထူးကုဆရာဝန်ကြီးငါးဦး ရှယ်ယာဝင်၍ တည်ထောင်ထားသော ပုဂ္ဂလိကဆေးရုံကြီးမှာ ဆေးရုံတက်ချင်စရာ ကောင်းလောက်အောင် ဆွဲဆောင်မှုကအပြည့်၊ ပန်းအစိုလတ်လတ်တွေက ထောင့်ချိုးတိုင်းမှာ လှပစွာ၊ အခန်းများကလည်း ရှင်းပြန့်သပ်ရပ်လှပကျယ်ဝန်းရုံမက ဝန်ဆောင်မှုကလည်း အပြည့်၊ နောက်ဆုံး ဆေးရုံဝန်ထမ်းနှင့် နာ့စ်မလေးများကအစ ပြုံးရွှင်ယဉ်ကျေးစွာ…

မြန်မာပြည်မှာ ဆေးရုံရောက်လျှင် ဆရာမတွေ၏ ဆူပူဟိန်းဟောက်မှုကို လူနာနှင့် လူနာရှင်တို့ ခံကြရသည်ဆိုခြင်းမှာ… ဒဏ္ဍာရီထဲမှာလားလို့ မေးယူရမည့်နေရာမျိုး။

ဟိုတယ်ကြီးတစ်ခုထဲကို ဝင်လာရသလို တံခါးဖွင့်ကြိုဆိုသူလေးတွေကအစ ဦးညွှတ်လို့…



သူတို့လေးယောက် ဓာတ်လှေကားထဲဝင်ပြီး 10 ဆိုသော နံပါတ်ကို သီဟသူက နှိပ်၏…။ ဆယ်ထပ်က အမြင့်ဆုံး၊

ဓာတ်လှေကား လုံလုံထဲမှာ သူတို့လေးယောက်တည်း၊ တူအရီးနှစ်ယောက် ဖရိုဖရဲ လိုက်လာခဲ့ရသည့်အပြင် တွေ့ရမည့်သူက 'မေမြတ်နိုးခင်'ဆို၍ လရောင်ချယ်၏ မျက်နှာမှာ နာကျည်းခံပြင်းမှု များစွာ ဆပါင်းဖွဲ့ ခံစားနေရ၍ သီဟသူက…

"မိချယ်… စိတ်လျှော့ထားပါဟာ… တို့တွေ့ရမယ့်သူက စိတ်ဓာတ်ရော ကိုယ်ခန္ဓာ ပြိုလဲနေတဲ့ မိန်းမတစ်ယောက်ပါ"

"ဘာလဲ… ဘာတွေလဲ… သီဟနော်… ငါလည်း"

"သိပါတယ်… အခု မိနစ်ပိုင်းအတွင်း နင်သိချင်တဲ့အဖြေ သိရတော့မှာပါ"

"နင်ရော ဒေါ်လေးပါ… ပါလို့ ငါလိုက်လာတာနော်… ငနဲ့မျက်နှာကို လုံးဝ မကြည့်နိုင်ဘူးသီဟ…"

"အေးပါ ငါသိပါတယ်… ကဲ… ရောက်ပြီ… နင်စိတ်ငြိမ်ငြိမ်ထားစမ်းပါ သူငယ်ချင်းရာ ငါတောင်းပန်ပါတယ်…ကဲလာ…ဒေါ်လေး ထွက်ပါ"

ဓာတ်လှေကားထဲမှ ထွက်ခဲ့ကြ၏။ လမ်းနှစ်ကွေ့ချိုးပြီး 108 ဟု နံပါတ်ရေးထားသော အခန်းတံခါး၏ဘုလေးတစ်ခုကို နှိပ်လိုက်သည့်အခါမှာ…

တံခါး ဟရုံလေး ပွင့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အထဲမှာ ဘယ်သူရှိသေးလဲ ဆရာမ"

"ဒေါ်ကြီးပဲရှိတယ်"

"ကောင်းပြီ... ကျွန်တော်တို့ အထဲရောက်ရင် ဆရာမရော ဒေါ်ကြီးရော အပြင်ခဏထွက်ပေးကြပါ"

"ကောင်းပါပြီ"

သီဟသူက... ဤအခန်းသို့ လာနေကျဖြစ်ပုံရသည်။

လရောင်ချယ်၏လက်ကို ရဲရင့်နီက ခပ်တင်းတင်း ဆုပ်ကိုင်ဆွဲဝင်သွားသည်...။

ကျယ်ဝန်းသန့်ရှင်းသော အခန်း၏ ခုတင်ထက်မှာ နွမ်းလျှစွာ လှဲနေသော မိန်းမတစ်ယောက်...

"ဒါ မမြတ်နိုးကို အတွေ့မခံတဲ့ လရောင်ချယ်ပဲ...၊ ကျွန်တော် သိပ်ချစ်ရတဲ့ ကျွန်တော့်ရဲ့ တစ်ယောက်တည်းသော ချစ်သူပါ..."

"ဟုတ်ပါပြီ... ဟုတ်ပါပြီ"

သူမ အိပ်ရာပေါ်မှ ရွေ့ရုံလေးကြွပြီး ဖြည်းဖြည်းချင်းထသည်။

"ဟင်... သူ့မှာ ကိုယ်ဝန်ကြီးနဲ့ပါလား... နီ"

"ဟုတ်တယ်လေ"

"ဒါ...ဒါ...ဆို...နင်..."

"မဟုတ်ဘူး... ကျွန်မ...ကျွန်မ ပြောပါရစေ မချယ်ရယ်"

အမျိုးသမီး၏အသံက တိုးလျတုန်ခိုက်နေ၏။



"ဘာတွေလဲ... ဘာတွေဖြစ်နေကြတာလဲ... နီ နင်ငါ့စိတ်ကို သိတယ်နော်"

"သိတာပေါ့၊ သိလွန်းလို့ တမင်ဒီကို ခေါ်လာတာပေါ့"

"နီ... အဲဒါ နင်တို့ချင်းရှင်းကြလေ... ငါက နင်တို့ရှေ့မှာရပ်ပြီး သက်သေခံမယ့်လူကိုကြည့်၊ စီရင်ချက်ချမယ့်ကိစ္စကို နားထောင်ရမယ့် တရားခံလား... ငါပြန်မယ်"

"နေ...နေပါဦး... မိချယ်ရာ"

သီဟသူက ရှေ့မှကာ၍ ရပ်လိုက်သည်...

"တို့ချင်းက ရှင်းစရာမလိုဘူး... အားလုံး ရှင်းပြီးသား... ချယ့်ကို ရှင်းပြဖို့သာခေါ်လာတာ..."

"ချယ်ရယ်... နီတောင်းပန်ပါတယ်... မမြတ်နိုးဟာ ယုံ့ယုံ့လေး ရှိပါတော့တယ်၊ သူ့ကို ငဲ့ညှာပေးပါ"

"ဒေါ်နန်းချယ်ရီနဲ့ ကိုသီဟပါ အပြင်ထွက်ပေးကြပါရှင်"

မမြတ်နိုးခင်၏ စကားအတိုင်း ဒေါ်လေးတို့ အမြန်ထွက်ပြီး တံခါးပိတ်လိုက်ကြသည်။

"ကျွန်မ...ကျွန်မ... ပထမဆုံးပြောချင်တာက ဒီကိုယ်ဝန်ဟာ... ကိုရဲရင့်နီနဲ့ ရတာမဟုတ်ပါဘူးရှင်"

"ဟင်"

"ပြီးတော့... စေ့စပ်ခြင်းသတင်း ပါလာချိန်က ကိုရဲရင့်နီ နိုင်ငံခြား ပြန်သွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချယ် ဘာပြောရမှန်းမသိအောင် ရှုပ်ထွေးနေ၏။

"ချယ်ရယ် နင်သိတဲ့အတိုင်း ငါထွက်သွားတာ ရှစ်လရှိပြီလေ– ဒီနေ့ပဲ အခုပဲ လေယာဉ်ပေါ်က ဆင်းဆင်းချင်း နင့်ဆီရောက်လာခဲ့တာပါ"

မေမြတ်နိုးခင်က တုန်တုန်ခိုက်ခိုက်နှင့် ထပြီး သူ့အိတ်ထဲမှ စာအိတ်ရှည်တစ်အိတ်ကို ထုတ်ယူ၍–

"မလရောင်ချယ်နဲ့တွေ့ဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် အတွေ့မခံလို့ မပေးဖြစ်လိုက်ရတဲ့ ကိုထက်ရှားရဲ့စာကို အရင်ဆုံး ဖတ်ကြည့်ပါ၊ ပြီးမှ ကိုရဲရင့်နိုရဲ့စာကို ဖတ်ပါနော်"

"ထက်ရှား"

"ဟုတ်ပါတယ် မချယ်တို့ရဲ့သူငယ်ချင်းလေ... မချယ်ကိုယ်တိုင်နဲ့တွေ့မှ ပေးပါလို့ အထပ်ထပ်မှာကြားထားတဲ့စာပါ"

ချယ်က လက်ခံယူနေဆဲ... ရဲရင့်နိုက...

"လာ... ဒီမှာထိုင်ပါချယ်... အဲဒီစာကို အသေအချာဖတ်ကြည့်ပါ... ပြီးရင် နိုနဲ့ မမြတ်နိုးတို့က အကြောင်းစုံ ပြောပြပါ့မယ်– ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်ပါလိမ့်မယ်"

ထိုအချိန်တွင် မေမြတ်နိုးခင်က...

"အဆိုးဝါးဆုံး အမြစ်ပျက်တွေနဲ့ ဇာတ်သိမ်းမလှတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါပဲ မလရောင်ချယ်ရယ်..."

✸ ✸ ✸

## ထက်ရှား၏ ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com

"ထက်ရှား"သည် ခပ်ငယ်ငယ်ကပင် ပျာပျာလောင်လောင် ပွေပွေလီလီ ဆော့တတ်သော ကလေးတစ်ဦးဖြစ်သည်၊ ဘာမဆို ဇွဲစမ်းချင်စိတ်နှင့် မဖြစ်မနေ လုပ်တတ်သော လူငယ်လေးဖြစ်၏။

ရဲရင့်နီနှင့် သီဟသူတို့၏ မိဘများလို မချမ်းသာသော မိသားစုဝင်ဖြစ်သော်လည်း ထက်ရှားနှင့်သူတို့ သိပ်တွဲကြပြီး...

"အချစ်ဆုံး သူငယ်ချင်းသုံးယောက်"

အဖြစ်နှင့် ငယ်စဉ်ကစ၍ သူ၏ နောက်ဆုံးအချိန်အထိ တစ်ခါမှ အဆက်သွယ်ပြတ်သွားသည်မရှိကြ။

စာရေးပျင်းကြသူများမို့ ရောက်လေရာ နိုင်ငံကနေ ပိုက်ဆံ အကုန်ခံပြီး တယ်လီဖုန်းဆက်ကြသော သူငယ်ချင်းသုံးယောက်ဖြစ်၏။

သီဟသူက မိဘအလုပ်ကိုပင် ဆက်လုပ်ပြီး အိမ်ထောင် ကျသာစောကျ၍ သူ့ကလေးပင် မူကြိုပို့ရတော့မည်။

ရဲရင့်နီက နိုင်ငံခြားသင်္ဘောမှ အင်ဂျင်နီယာ

ထက်ရှားက... အလုပ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်လေ့မရှိ... သို့သော် အစွမ်းအစရှိသဖြင့် မလေးရှား ထွက်သွားပြီး အလုပ်လုပ်သည်။ ပင်ပန်း ပြီး ငွေရနည်းသည်ဟု မကျေမနပ်ဖြစ်ကာ ဘန်ကောက်သို့ ပြန်လာ ခဲ့သည်။ ဘန်ကောက်မှနေ၍ အခြေနေကို နှစ်လခွဲမျှ ကြာအောင် စောင့်ဆိုင်းပြီးမှ ဂျပန်နိုင်ငံသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်၏။

ဂျပန်မှာ သုံးနှစ်ကျော်လောက်သာ အလုပ်လုပ်သည်။

တော်ရုံလူ ဂျပန်မှ ပြန်လာလေ့မရှိကြ၊ ပင်ပန်းခံရတာနှင့်အမျှ ဝင်ငွေက ထိုက်ထိုက်တန်တန် ရရှိသည့် တိုင်းပြည်လေ။

တချို့ Over Stay (နေထိုင်ခွင့်ရက်လွန်မှု)ကြောင့် အဖမ်းခံရပြီး ကိုယ့်တိုင်းပြည်ရှိရာ ပြန်ပို့ခံရသူများထဲမှာလည်း ထက်ရှား မပါခဲ့။

သူ့သဘောနှင့်သူ ပြန်လာပြီးချိန်မှာ စူပါဆလွန်းကားတစ်စီးနှင့် တိုက်ခန်းကျယ်တစ်ခု ယုဇနဥယျာဉ်မြို့တော်မှာတစ်ခန်းသာ အဖတ် တင်သည်။ မြန်မာပြည်တွင် အလုပ်အကိုင် မယ်မယ်ရရမရှိသေး...

ထက်ရှား ပြန်ရောက်လာချိန်မှာ သီဟသူက မိဘလက်ငုတ် ဖြစ်သော ကားပစ္စည်းဆိုင်ကြီး ဖွင့်ထားပြီး အလုပ်က မအား။

ရဲရင့်နီက သင်္ဘောအင်ဂျင်နီယာမို့ သင်္ဘောတစ်စင်း စာချုပ် ပြည့်ပြီးချိန် နောက်ထပ်မတက်ရသေးမီအချိန်မှာသာ မြန်မာပြည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်သည်။ ဤအခါမျိုးတွင်ဖြင့် သုံးယောက်သား ဆုံဖြစ်အောင် ဆုံကြသည်။ ငယ်ကျိုးငယ်နာတွေဖော်ပြီး တဟားဟားရယ်ကြရင်း နှုတ်ပိုးစိုပြေသော ငယ်ဘဝလေးကို တမ်းတသော စကားဝိုင်းလေးများ ဖန်တီး ဖြစ်ခဲ့ကြသည်။

ထက်ရှားက ဆတ်ဆတ်ထိမခံ။ ရန်ခဏခဏ ဖြစ်တတ်သော် လည်း ဤသူငယ်ချင်းနှစ်ယောက်အပေါ်တွင်ဖြင့် သူကချည်း အနစ်နာ ခံလေ့ရှိ၏။

သီဟသူ့ကိစ္စများကို ထက်ရှား ကူညီမေးခဲ့ရခြင်းများက အနည်းအကျဉ်းသာ ရှိသည်။ ဥပမာ သီဟသူ့ဖခင် ဆေးရုံတက်ရ စဉ်က မိန်းမရစမို့ သီဟသူကိုယ်စား နေ့ရောညပါ ဆေးရုံမှာ စောင့်ပေး ပြီး အဘိုးကြီး သူ့လက်ပေါ်မှာ သေဆုံးသည်အထိ ဖြစ်၏။

သည်လိုမျိုး အလားတူ ကူညီခဲ့ရမှုများက သီဟသူ့အတွက် အကြိမ်ကြိမ်...

ရဲရင့်နီအတွက်ကျတော့ ငယ်စဉ်က ရန်ဖြစ်လျှင် သူ့ရှေ့က ဝင်ရိုက်ပေးသည်လောက်က ထက်ရှား လုပ်နေကျ၊ 'အသက်ပေး၍ ကူညီသည်' ဆိုသည်အထိ ထက်ရှား ဆောင်ရွက်ပေးခဲ့ဖူးသည်။

တစ်ခါက... ရဲရင့်နီ၏ကိစ္စဖြင့် သူငယ်ချင်းနှစ်ယောက် ပြည်မှ ပြန်အလာ တိုက်ကြီးနှင့် မော်ဘီအကြားတွင် ကားတိုက်မှုဖြစ်သည်။

ရဲရင့်နီက ပင်ပန်းပြီး ပြန်လာသည့်အပြင် ကားမောင်းလည်း ကြမ်းလေ့ရှိ၍ ဈေးသည်အဘွားကြီးတစ်ဦးကို တည့်တည့်ဝင်တိုက် မိလိုက်သဖြင့်... ဆေးရုံပို့ရန် ကားပေါ်တင်နေဆဲ လူအုပ်ကြီးက ဝိုင်းအုံလာ၍ ရဲရင့်နီ သွေးလန့်နေပြီ... တုန်လှုပ်ချောက်ချားနေပြီ...

ထက်ရှားက ကားထဲမှ ဓားရှည်ကို ဆွဲထုတ်ပြီး...

"တစ်ယောက်မှ အနားမကပ်ကြနဲ့ အဘွားကြီးကို ဆေးရုံအမြန် ဆုံး ပို့ပြီး အသက်ကယ်ရမယ်"

"မင်းတို့ထဲက တစ်ယောက်လိုက်ခဲ့"

"ရဲစခန်းမှာ ဖြေရှင်းမယ်"

"ကျုပ်အားလုံး တာဝန်ယူတယ်... အဘွားကြီးကို ကားပေါ် တင်ကြ"

ထစ်ခနဲဆို ရိုက်ချင်နှက်ချင်စိတ်ဖြင့် ကားဝိုင်းရှင် လူတန်းစားကို ကြည့်မရသော ဆင်းရဲသား မာနရှင်များ ရဲကုန်ကြသည်။

ရဲရင့်နီကို ဖယ်ခိုင်းပြီး အဘွားကြီးနှင့် ရွာသားနှစ်ယောက်ကို ကားပေါ်တင်ပြီးချိန်မှာ...

"ကား ငါမောင်းမယ်၊ ငါအားလုံးရှင်းမယ် မင်းအသာနေ"

တိုက်ကြီးဆေးရုံသို့အပြန် ပြန်လှည့်၍တင်၏...။

ကားတိုက်ပြီးကတည်းက အဘွားကြီး အသက်မရှိတော့ ကြောင်း ထက်ရှားသိ၏...။

ဆေးရုံရောက်၊ ယာဉ်ထိန်းရဲခေါ်၊ ရဲတပ်ဖွဲ့ဝင်တွေ၏ ရှေ့ မှောက်မှာ...

www.burmeseclassic.com

www.burmeseclassic.com



"ကားကို ကျွန်တော်မောင်းလာရင်း အတင်းလမ်းဖြတ်ကူး တိုက်မိတာ...ထားတော့... သူတို့ဘက်က ကျေအေးမယ်ဆိုရင် ဘ လောက်ဖြစ်ဖြစ် လျော်မယ်...၊ မကျေအေးဘူးဆိုလည်း ရတယ် တစ်ပြားမှမပေးဘူး ကျုပ်ထောင်ကျခံမယ်..."

"လူတစ်ယောက်လုံးသေတာ ကျေအေးလို့ရမလားကွ... ရောက်မှရှင်း၊ သူ့ကိုချုပ်လိုက် ကားလိုင်စင်ပါသိမ်း"

ထက်ရှားဆိုသည်က သည်လိုကောင်မျိုး...

"မင်းထောင်ကျလို့ မဖြစ်ပါဘူးကွာ၊ ငါကဘာဖြစ်လဲ ထောင် နေရလှ လေးငါးနှစ်ပေါ့"

ရဲရင့်နီမှာ အစ်ကိုအရင်းတစ်ယောက်သာ ရှိ၏...။ သားလေးနှစ်ယောက်ကို သဲသဲလှုပ်မျှချစ်ကြသော မိဘနှစ်ပါး ရင်အပူကိုလည်း ငြိမ်းပေးစေခဲ့သည့် သူငယ်ချင်းကောင်း ထက်ရှား

ထက်ရှားက မိခင်မရှိ၊ ဖခင်က နောက်အိမ်ထောင်နှင့် မောင် သားချင်းကလည်းများ၍ ထက်ရှားကို သူ့မိသားစုဝင်များက စိတ်ဝင်စားမှုမရှိလှ။

ရဲရင့်နီကဖြင့် မိဘများကလည်း ချမ်းသာ၊ သူငယ်ချ ထက်ရှား၏ ကျေးဇူးကလည်း ကြီးမားလှသဖြင့် ငွေတွေ သွန်း ပစ်လိုက်သည်။

သေဆုံးသူဘက်ကလည်း မမျှော်လင့်ခဲ့ဖူးသော ငွေကြေး ရရှိခဲ့သဖြင့် ဈေးသည်အဘွားကြီး၏ သမီးသားမက်နှင့် သ



နှစ်ယောက်က ငွေများကိုနာနှင့် မိခင်ကြီး၏အသက်ကို လဲလှယ် ကျေအေးပေးလိုက်ကြသည်။ (ထိုစဉ်က နှစ်ဘက်ကျေအေးလျှင် အမှု ပိတ်ပေးသောအချိန်)

သို့သော် ထက်ရှား... အချုပ်ထဲမှာ တစ်လကျော်လောက် နေလိုက်ရရှာသည်...။

ဤသို့သော ဘဝနှင့်ရင်းပြီး အနစ်နာခံပေးခဲ့ဖူးသော ငယ် သူငယ်ချင်း ထက်ရှား...

✱

ယခု ထက်ရှားကိုယ်တိုင် ကြေကွဲသောရင်ဖြင့် အသက်နှင့် ရင်းကာ အကူညီတောင်းခံလာသည့်အခါတွင် ရဲရင့်နီ ဘယ်လို နည်းနှင့်မှ အကြောင်းပြ၍ ငြင်းဆိုခြင်း မပြုရက်နိုင်ခဲ့ပါ။

သည်သို့ဖြင့်...

'မမြတ်နိုးခင်'ဆိုသော အဆင့်မြင့် ပညာတတ် အထက်တန်း ကျလှစွာ ချမ်းသာသော မိန်းမသားတစ်ဦးနှင့် ပတ်သက်ဖို့ ဖြစ်လာခဲ့ရ တော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com

ထက်ရှားဂူပန်မှ ပြန်လာကာစ ကားသစ်တစ်စင်းနှင့် မြော
ကြွမြောက်ကြွ အချိန်က ဖြစ်သည်။

အနောက်ပိုင်းမှ Western Park စားသောက်ဆိုင်မှ မင်္ဂလာည
စားပွဲသို့ ထက်ရှား ညနေ ၆ နာရီခွဲပြီးမှ ရောက်လာသည်။ ၆ နာရီ
စ၍ ဘိတ်သည်မို့ လူတွေ ပြည့်နေလေပြီ...

ထက်ရှားက အသားညိုသော်လည်း အရုပ်မြင့်မြင့်နှင့် စတ
ကျကျ ဝတ်တတ်စားတတ်သူဖြစ်၏။ ထိုနေ့က အင်္ကျီလက်ရှည်အ
ဘောင်းဘီရှည်အနက်နှင့်။

ရှူးဖိနပ်စီးထားသော ခြေလှမ်းများဖြင့် ခပ်မတ်မတ် လျှော
လာခဲ့သည်။ ဝိုင်းတိုင်းတွင် လူအပြည့်၊ သူဟိုသည် ကြည့်နေဆဲ



ကြိုဆိုရေးမှ လူတစ်ယောက်က ဦးဆောင်ခေါ်သွားပြီး တစ်နေရာသာ လွတ်နေသော ဆယ့်နှစ်ယောက်စားပွဲမှာ နေရာချပေး၏။

မမြတ်နိုးခင်နှင့် တရုတ်ကြီးတစ်ယောက်၏ ကြားခုံမှာ...

Western Park က အစားအသောက် ကောင်းသော်လည်း Sedona နှင့် Traders ဟိုတယ်ကြီးများမှ ညစာစားပွဲ Dinner လို ဟင်းလျာတိုင်းကို ဝန်ထမ်းတစ်ယောက်က ၁၂ ပွဲလုံး ထည့်ပေးဧည့်ခံသော စနစ်မဟုတ်။

တစ်ပွဲပြီးတစ်ပွဲ ချလာတိုင်း ကိုယ့်ပန်းကန်ထဲ ကိုယ်ထည့်ရသည်...။ သို့မဟုတ် တစ်စုံတစ်ယောက်က ကူညီထည့်ပေးရ၏။

သည်မှာတွင် ထက်ရှားနှင့် မမြတ်နိုးခင်တို့ ဇာတ်လမ်းစတော့သည်။

မကောင်းတတ်၍ သူ့ဘေးမှ တရုတ်ကြီးကို အရင်ထည့်ပေးပြီး မမြတ်နိုးခင်အတွက် အကောင်းဆုံးလေးတွေ ရွေးထည့်ပေးပြီးတော့မှ သူ့အတွက် ထည့်ကာ ဆုံလည်စားပွဲကို ရွှေ့လှည့်ပေးလိုက်၏...။

"Thank You နော်"

"ရပါတယ် အအေးထပ်ယူဦးမလား"

"တော်ပါပြီ"

"ဝိုင်နည်းနည်း ထည့်လိုက်မယ်နော်"

တရုတ်ကပြားများ မင်္ဂလာဆောင်မို့ မတ်တတ်ရပ်ပြီး အရက် ခွက် မြှောက်ကာ ချီးမြှင့်ပြီးချိန်မှာ မမြတ်နိုးခင်က ဝိုင်တစ်ခွက် သောက်

www.burmeseclassic.com

www.burmeseclassic.com



၏...။ သူကဖြင့် ဖန်ခွက်တစ်ဝက်လုံး မော့လိုက်၏။ အထက်တန်း လွှာတို့ အသိုင်းဝိုင်းမှာ... အကောင်းစားအရက် သင့်ရုံသောက်ခြင်းမှ ပွဲဝင်ဆန့်သူပင် ဖြစ်လိုက်သေးသည်။

"ကျွန်တော့်နာမည် ထက်ရှားပါ၊ ဘာအလုပ်အကိုင်မှ မရှိသေး တဲ့ လူတစ်ယောက်မို့ Visiting Card ပေးစရာ မရှိဘူးနော်...အဟဲ"

စားပွဲပေါ်မှာ သူ့ကားသော့နှင့် ကားကို အဝေးထိန်း ခလုတ်ဖြင့် လှမ်းပိတ်နိုင်သော Remote နှင့် Hand Phone ကိုကြည့်ပြီး မေမြတ်နိုး ခင်က ပြုံးလျက်။

"လျှို့နေတာ ဖြစ်မှာပါ"

"တကယ်ပြောတာပါ၊ ဘာလုပ်ရမလဲ စဉ်းစားတုန်းပါ... ဂျပန် မှာ ပန်းကန်ဆေးပြီး ပြန်လာတာ နှစ်လပဲရှိသေးတယ်..."

"အဟား...ဟား... ဘယ်လောက်ကြာခဲ့လဲ"

"သုံးနှစ်ကျော်"

"ဒါဆို ပန်းကန်ဆေးရုံ မဟုတ်တော့ပါဘူး"

"ဟိုမှာတော့ ကြုံရာအလုပ် လုပ်ခဲ့ပါတယ်။ ခိုင်းကောင်းလို့ သူဌေးတိုင်းက ကြိုက်ပေမယ့်... ကျွန်တော်က နေရာ ခဏခဏ ပြောင်းလုပ်တယ်... ဒါနဲ့ နာမည်ပြောလို့ရမလား"

"မေမြတ်နိုးခင်က သူ့ရဲ့ ပွဲတက်ရွှေရောင်အိတ်ကလေးအတွင်း မှ လိပ်စာနှင့် ဖုန်းနံပါတ်ပါရှိသော Visiting Card ပန်းရောင်လေး ထုတ်ပေး၏...။



"ကုမ္ပဏီဖွင့်ထားတာပဲ"

"ဒက်ဒီတို့နဲ့ တွဲလုပ်ရတာပါ အထင်မကြီးပါနဲ့"

"မကြီးလို့ရမလားဗျာ"

ထက်ရှားက တောက်ပသော မျက်လုံးများနှင့် လှမ်းကြည့်ရင်း–

"ကုမ္ပဏီမှာ သန့်ရှင်းရေးသမားလိုရင် ဒါမှမဟုတ် မေမြတ်နိုး ခင် နေတဲ့ခြံမှာ မာလီလိုရင်ဖြစ်ဖြစ် အလုပ်ခန့်ပါလားဗျာ"

"ကိုထက်ရှားက တော်တော် နောက်တတ်တာပဲ"

"နောက်တတ်သလို ခင်လည်း ခင်တတ်ပါတယ်။ ခွင့်ပြုရင် ဖုန်းဆက်ပါရစေ"

"ဒီဖုန်းနံပါတ်တွေ... ကျွန်တော့် ဟန်းဖုန်းထဲ သွင်းလိုက်မယ် နော်"

ပြောတတ်၊ ဆိုတတ်၊ လည်ပတ်၊ လှည့်ပတ်တတ်သော ထက်ရှားနှင့် မေမြတ်နိုးခင်တို့ တစ်နာရီကျော်ကျော် အတွင်းမှာပင် မိတ်ဆွေများ ဖြစ်သွားခဲ့ကြသည်။

ပြန်ထွက်တော့လည်းတူတူ...

မေမြတ်နိုးခင်၏ ကားနားအထိ သူလိုက်ပို့၏...။ လီမိတက် ကားဖြူလေးနှင့် မလှမ်းမကမ်းမှာ သူ၏ ဖင်ကောက် ဗဲန်ကလည်း အသင့်... ကားစထွက်ပြီး တစ်ယောက်ကားတစ်ယောက်ကြည့်ကာ လက်ပြကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမြတ်နိုးခင်မှာ အစ်ကိုနှစ်ယောက်နှင့် ညီမလေးတစ်ယောက် ရှိသည်။ အစ်ကိုငယ်က ဩစတေးလျနိုင်ငံမှာ အစ်ကိုကြီးက သူတို့၏ အိတ်စ်ပို့(Export)ကုမ္ပဏီမှာ... ဒါရိုက်တာ၊ မေမြတ်နိုးခင်ကလည်း ဒါရိုက်တာအဖွဲ့ဝင်အဖြစ် နေ့တိုင်း ရုံးတက်ရ၏။ သူ့အောက် ညီမလေး တစ်ယောက်က ဆရာဝန်... အင်္ဂလန်သွားပြီး စာမေးပွဲများ ဖြေဆို အောင်မြင်သဖြင့် ဆရာဝန်အဖြစ် အသိအမှတ်ပြုကာ M.R.C.P ဆိုသော သမားတော်ဘွဲ့ရရန် ကျောင်းတက်နေဆဲ။

မိခင်ရော ဖခင်ပါ ချမ်းသာပြည့်စုံ အဆင့်တန်းမြင့်စွာဖြင့် ကမ္ဘာအေးစေတီလမ်းမှာ နေထိုင်ကြသော မိသားစု...

မေမြတ်နိုးခင်မှာ ဘွဲ့တွေယူ၊ အလုပ်တွေအောင်မြင်အောင် ကြိုးစား ချမ်းသာသည်ထက် ချမ်းသာအောင် စွမ်းဆောင်နေရ၍...

ချစ်စကားဆိုသူ... လက်ထပ်ချင်သူ၊ မိဘမှတစ်ဆင့် တောင်း ရမ်းသူများ ရှိသော်လည်း အသက်အစိတ် ကျော်လာသည့် တိုင်အောင် စဉ်းစားရကောင်းမှန်း မသိသေး၊ သူ့ဘဝမှာ တစ်ခါမှ ရင်မခုန်ခဲ့ဘူး သေးပါ။

ထက်ရှားနှင့်ဆုံစည်းပြီး သုံးလမပြည့်ခင်မှာပင် ချစ်သူနှစ်ဦး အဖြစ် ဘဝကူးသွားကြတော့သည်။

ထက်ရှားက ရည်းစားများသူ၊ မိန်းကလေးမိတ်ဆွေပေါသူ၊ နိုင်ငံခြားမှာ အတူနေမိန်းကလေးမိတ်ဆွေတို့ ရှိခဲ့ဖူးသူမို့... မေမြတ်နိုး ခင်ကို သူတကယ် ချစ်မိခဲ့သော်လည်း ရင်ခုန်စိတ်လှုပ်ရှားခြင်း မရှိလှ–



အပျိုကြီးပေါက်စ မေမြတ်နိုးခင်ကဖြင့် ပထမဆုံးချစ်သူမို့ သဲသဲလှုပ်မျှ ချစ်ရှာသည်။ နေ့စဉ်တွေ့ချင်သည်။ ဖုန်းအခါခါ ဆက်ဖြစ် ကြ၏။

ဤအကြောင်း မိဘများ သိသွားသောအခါ အစ်ကိုကြီးက စုံစမ်းပြီး "ထက်ရှားနှင့် လုံးဝ သဘောမတူနိုင်ပါ"ဟူသောအဖြေ ထွက်လာခဲ့သည်။

တူနိုင်စရာလည်း အကြောင်းမရှိ...။ ထက်ရှားက အဝေးသင် တက်သော်လည်း ဘွဲ့ပင်မရ... မောင်နှမကများ... ဖခင်က ဒုတိယဇနီး နှင့် နေသည်။ ဖခင်ကိုယ်တိုင် လိမ်လည်မှုဖြင့် ထောင်ကျဖူးသူ... ထက်ရှားက လိမ်လည်မှု၊ ကောက်ကျစ်မှု မရှိသော်လည်း လူရိုက်မှု၊ ကားတိုက်မှု၊ ကားအာမခံကိစ္စတစ်ခု စသည်များနှင့် ပတ်သက်ပြီး အချုပ်ထဲ၊ ထောင်ထဲ ဝင်ဖူးသည်။ ရဲရင့်နီ ကိုယ်စား အချုပ်ခန်းတွင်း ဝင်ပေးခဲ့ရကြောင်းကိုဖြင့် ဘယ်သူမှမသိကြ...

နိုင်ငံခြားထွက်သွားပြီး ဖြစ်သလိုနေ ကြုံသလိုစားပြီး ရရာ အလုပ် လုပ်နေရာမှ ဘန်ကောက်မြို့တွင် နိုင်ငံကူးလက်မှတ် ကပ်ခွာ အဖွဲ့ဖြင့်ပေါင်းပြီး ဂျပန်နိုင်ငံ ဝင်သွားခဲ့သည်။

သုံးနှစ်ကြာမျှ ဂျပန်တွင် နေထိုင်ပြီး ဖမ်းမမိပါဘဲနှင့် သူ့ သဘောဖြင့်သူ ပြန်လာခဲ့သည်။ ထိုင်းနိုင်ငံတွင် တစ်လလောက် ကြာအောင် နေထိုင်ပြီးမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်မှာလည်း ကားပိုင်၊ အခန်းပိုင်လေး ရှိသည်မှလွဲ၍ ဘာအလုပ်အကိုင်မှ မယ်မယ်ရရမရှိ...

မင်္ဂလာဆောင်လျှင်ပင် ဘွဲ့ကမရ... အလုပ်အကိုင်က ပြစရာမရှိသော လူလည်တစ်ယောက်နှင့် အထက်တန်းလွှာ မိဘတို့က ဘယ်လိုလုပ်ပြီး သဘောတူနိုင်စရာရှိပါ့မလဲ...

"သမီးရဲ့ အိမ်ထောင်ရေးကို သမီးဘာသာ ရွေးချယ်ပါရစေ။

တာမြစ်ပိတ်ပင်ရမယ့် အရွယ်မျိုး မဟုတ်တော့ပါဘူး။

သမီး ကိုထက်ရှားကို သိပ်ချစ်တယ်။

ကိုယ့်ဘဝကို ကိုယ့်ဘာသာ တည်ဆောက်ပါရစေ။

ဖြစ်လာမယ့် ကောင်းခြင်း၊ ဆိုးခြင်းတွေကို သမီးဘာသာ ခံယူပါ့မယ်"

ဟူသော ကြေညာချက်များဖြင့် မိသားစုအပေါ် ပြတ်ပြတ်သားသား ကြေညာပြီး...ဆယ်ကျော်သက်မလေးလို မိုက်မိုက်မဲမဲပင် ထက်ရှားနှင့် တွဲနေသော မေမြတ်နိုးခင်...

သူတို့နားခိုနေကျနေရာက... ယုဇနဥယျာဉ်မြို့တော်၏ တိုက်တန်းများထဲက အပေါ်ဆုံးလေးထပ်တိုက်ခန်းလေးတွင်ဖြစ်၏။

ထက်ရှား ဂျပန်က ပြန်လာပြီးမှ ဈေးသက်သက်သာသာနှင့် ဝယ်ထားခြင်းပါ။

ထိုအခန်းလေးထဲမှာ ဧည့်ခန်း၊ မီးဖိုခန်းနှင့် အိပ်ခန်းထဲတွင် နေထိုင်စားသောက် အိပ်စက်ရန် ပစ္စည်းပစ္စယက အပြည့်အစုံ...



ကုမ္ပဏီမှ လစ်လို့ရတိုင်း ဤအခန်းလေးသို့ မေမြတ်နိုးခင် ရောက်လာနေကျ...

"မြတ်နိုးတို့ လက်ထပ်ကြစို့လေ မောင်"

"အဲဒီစကားကို မောင်ကပြောရမှာပါ... ဒါပေမယ့် မြတ်နိုးရဲ့ တိုက်ကြီးပေါ်က ဆင်းလာပြီး ဒီအခန်းလေးမှာ နေရမယ်ဆိုတာတော့ မဟုတ်သေးဘူးကွယ်..."

"ဒီအခြေအနေထိ ချစ်လာကြပြီးမှ မောင်က ငြင်းချင်တာလား"

"မြတ်နိုးရယ်"

ထက်ရှားက မြတ်နိုးကို တမြတ်တနိုး ပွေ့ဖက်ရင်း...

"မောင်လေ မြတ်နိုးကို သိပ်ချစ်တယ်... တကယ့်ကို ရင်ထဲနှင့်နေအောင် ချစ်ပါတယ်... အဲဒီ အချစ်စစ်၊ အချစ်မှန်တွေကြောင့် မောင့်ရဲ့ချစ်သူကို ဒုက္ခမပေးရက်သလိုပဲ...ဒါကြောင့် မောင်ထပ်ကြိုးစားပါရစေ"

"မောင်ဘာပြောချင်တာလဲ ပြောပါဦး"

"ဘန်ကောက်မှာ မောင့်သူငယ်ချင်းတစ်ယောက်ရှိတယ်...ဟိုမှာ အခြေစိုက်ပြီး ဒီရန်ကုန်မှာ ရုံးခန်းဖွင့်မယ်။ Tour ကုမ္ပဏီပေါ့..."

"လုပ်နိုင်ရင်တော့ ကောင်းတာပေါ့"

"အဲဒီကုမ္ပဏီ အောင်မြင်လာရင် မြတ်နိုးလည်း ဦးစီးလို့ရပြီပေါ့"

"အင်းလေ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အားတက်နေသလောက် ချစ်သူက မယုံမရဲဖြစ်နေကြောင်း ထက်ရှား သိခွင့်ရလိုက်၍...

"မောင့်ရဲ့ တကယ့်စေတနာပါ...မောင် သစ္စာဆိုရဲတယ်၊ ကိုနိုင်ရဲ ပါတယ်ကွယ်၊ မြတ်နိုးကို တင့်တင့်တယ်တယ် လက်ထပ်ချင်လွန်း လို့ပါ"

"ဘယ်တော့သွားမှာလဲ ဘယ်လောက်ကြာမှာလဲ"

"လက်ထဲမှာ Pass Port ရှိပြီးသားမို့ Vissa ယူပြီး ထွက်လိုက် မယ်လေ... ဟိုမှာ ကြာလှရင်... နှစ်လလောက်ပါပဲ"

"နှစ်လတောင်"

"အင်း... နိုင်ငံခြားသည့်ရဖို့ Tour ကုမ္ပဏီ စတည်ထောင်ဖို့ ဆိုရင်တော့ သုံးလေးငါးလတော့ နေရမှာပေါ့... အလုပ်ဖြစ်ရင်လည်း ဟိုနဲ့ဒီနဲ့ ကူးနေရမှာပါ"

ထက်ရှားသည် မေမြတ်နိုးခင်အတွက် ထိုက်တန်သောသူ၊ သူ၏ အသိုင်းအဝိုင်းအလယ်မှာ ချပြရဲသောသူအဖြစ် ကြိုးစားပြီးမှ မေမြတ်နိုးခင်ကို လက်ထပ်ချင်သော ဆန္ဒသည် သူ့ရင်ထဲမှ တကယ့်ကို နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းခဲ့သော စိတ်ရင်းစေတနာအမှန်ပါ။

သည်သို့ဖြင့်...

ထက်ရှားသည် ဘန်ကောက်မြို့သို့ ထွက်သွားခဲ့သည်။

တစ်နိုင်ငံဆီမို့သာ သွားခွင့်လာခွင့် လုပ်နေရသည်။ တကယ် တော့ ရန်ကုန်နှင့် မန္တလေးလောက်ပင် ခရီးကမဝေး... လေယာဉ်



မောင်းနှင်ချိန်က မန္တလေးနှင့်ရန်ကုန် ၁ နာရီ ၁၅ မိနစ် သို့မဟုတ် မိနစ် ၂၀ မျှ ကြာသော်လည်း–

ရန်ကုန်မင်္ဂလာဒုံလေဆိပ်နှင့် ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ် က လေယာဉ်စီးရချိန် မိနစ် ၅၀ မျှသာ...

ထက်ရှား ထွက်ခွာခါနီးက တစ်ဦးပေါ်တစ်ဦး ချစ်ခြင်း များစွာ... စေတနာလွန်ကဲစွာ... မြတ်နိုးခြင်းကြီးစွာဖြင့် ပွေ့ဖက် နှုတ်ဆက်ကြရင်း မျက်ရည်စက်လက်နှင့် ခွဲခွာခဲ့ကြရသည်။

ထိုအချိန်တွင် မေမြတ်နိုးခင်၌ ကိုယ်ဝန်ကျန်ရစ်ခဲ့ကြောင်း အာယက်ရှင် မေမြတ်နိုးခင်ရော ထက်ရှားပါ လုံးဝမသိရှိခဲ့ကြ သေးပါ...။

❋

ဘန်ကောက်ရောက်တော့လည်း ထက်ရှားထင်ထားသလောက် လုပ်ငန်းက မလွယ်ကူ၊ သူငယ်ချင်းက ကူညီပူးပေါင်းမည်... သူလည်း အရည်အချင်းရှိသည်... သို့သော် ငွေက သိန်းရာနှင့် ထောင်နှင့်ချီ၍ လိုအပ်နေသဖြင့်...

ထက်ရှား စိတ်ဓာတ်ကျစပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ဖျားသေးသည်...။ ခြေခုံပေါ်မှ အနာကလည်း မကျက်သဖြင့် ထက်ရှား သံသယဖြစ်လာသည်။ မိခင်က ဆီးချို ရောဂါနှင့် ကွယ်လွန်ခဲ့သည်။ ထိုရောဂါက... မျိုးရိုးလိုက်တတ်သဖြင့် သူ့မှာတော့ ဆီးချိုစပြီ၊ အစားအသောက် ဆင်ခြင်မှဖြစ်မည်... ဘယ် အဆင့်အထိ ဆီးချိုတက်နေပြီလဲဟု သိချင်လာသဖြင့် ဆီးချို စစ် သည်။

အဖြေထွက်လာပြီ ဆီးချိုရောဂါ မရှိပါတဲ့...

သို့သော်...

သူ့ကို သွေးစစ်ခိုင်းသည်...ရောဂါတစ်ခုအတွက် သံသယရှိလို့ ဆိုပဲ...

"ရပါတယ် စစ်ဆိုလည်း စစ်ရမှာပေါ့"

သူ ခပ်ပေါ့ပေါ့တွေးပြီး ဆေးစစ်ခဲ့သည် အဖြေသွားယူသည့် နေ့က...

ထက်ရှား၏ကမ္ဘာပြိုပြီ။

ဘဝတစ်ခုလုံး ပြန်ဆက်မရအောင် အပိုင်းပိုင်းအစစ ကြွေမွ ပြန့်ကျဲလွင့်စင်ကုန်သည်။

စိတ်ဓာတ်တွေ ပြိုကွဲရုံမက ချုံးချုံးကျကာ စုန်းစုန်းမြုပ်ခဲ့ပြီ။

သူ့မှာ...သူ့မှာ... HIV ပိုး ရှိနေပြီတဲ့။

ကိုယ်ခံအား ကျဆင်းမှုက ကြီးမားနေ၍... သူ... မကြာခင်– မကြာခင်မှာ...



ထိုမကြာခင်အချိန်အထိ သူမစောင့်နိုင်။

သူ့ဘဝ လုံးဝ ပြိုကျပြီး အိပ်ရာထဲလဲသည်အထိ မစောင့်ချင် တော့ပါ...။

သူ့ကိုယ်သူ စွမ်းဆောင်နိုင်သေးချိန်မှာ လောကကြီးထဲက အသက်သာဆုံးနည်းကို ရွေးချယ်ပြီး သူထွက်ခွာသွားပါတော့မည်။

ဆုံးဖြတ်ချက်နှင့်အတူ သူနေထိုင်ရာ ဘင်ဂလိုယ် ရပ်ကွက်လေး သို့ ပြန်လာချိန်မှာ–

တယ်လီဖုန်းလာသည်... မေမြတ်နိုးခင်ဆီက...

"မောင်ရေ အမြန်ပြန်လာတော့ ဒီနေ့ပဲ ဆီးစစ်ပြီးပြီ"

"မြတ်နိုးမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

ထက်ရှား၏ကမ္ဘာသည် ပြိုပျက်ရုံမက မီးပါ ဟုန်းဟုန်း တောက်လောင်ခဲ့ချေပြီတကား...

❋

ဒီအတိုင်းဆိုရင် ငါချက်ချင်း သေလို့မဖြစ်သေးဘူး။

အချစ်ဆုံး မြတ်နိုးလေးအတွက် တစ်ခုခု စီစဉ်ပေးခဲ့ရဦးမှာပေါ့။

သူဘာလုပ်ရမလဲ။

ဘာလုပ်ရမလဲလို့ စဉ်းစားနေမိချိန်မှာ အားကိုးရာတစ်ခု သွားမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အချစ်ဆုံးသူငယ်ချင်း ရဲရင့်နီ...

✱

ကံကောင်းတယ်ပဲပြောရမလား ကံဆိုးတယ်ပဲ ပြောရမလား မသိ။

ဖြစ်ချင်တော့ သင်္ဘောက ကုန်တင်ရန် စင်ကာပူနိုင်ငံ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထား၍ ရဲရင့်နီ တစ်ပတ်ခန့် အားလပ်နေချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်...

"ငါမသေခင် လာတွေ့လှည့်ပါ"

"အကူအညီတောင်းစရာရှိလို့ပါ"

ဆိုသော ထက်ရှား၏ ကြေကွဲသံကြီးနှင့် ပြောလာ၍ ရဲရင့်နီ စိတ်ပူပန်စွာ ရောက်ရှိလာရသည်။

နိုင်ငံချင်းကလည်းနီး... နိုင်ငံခြားသင်္ဘော၏ အကြီးတန်းအင်ဂျင်နီယာလည်း ဖြစ်နေ၍ ရဲရင့်နီက စင်ကာပူမှ ထိုင်းနိုင်ငံသို့ အလွယ်တကူ လာနိုင်ခဲ့သည်။

ထက်ရှားနှင့် တွေ့ဆုံချိန်မှာ ရှိုက်ကြီးတငင် ငိုကြွေးရင်း ရဲရင့်နီကို အားကိုးရာတစ်ခုလို ဖက်ပိုက်ထား၍...

"ဟာ...ဟေ့ကောင် ဘာဖြစ်လို့လဲ၊ သိပ်စိတ်ဓာတ်ပြင်းတဲ့



ခင်းလိုကောင်က ဒီလောက် ငိုကြွေးရသလားကွာ၊ ဘာဖြစ်လို့လဲ... ဘာဖြစ်လို့လဲဟင်"

ထက်ရှား၏ ကိုယ်ခန္ဓာသည် ဆွဲယူပစ်လိုက်သလို ပိန်ချုံးပြီး စိတ်ဓာတ်ပါ အဆုံးစွန်အထိ ကျဆင်းနေရှာသည်။

ထက်ရှားက ရှိုက်သံတွေကို မြိုချ... ငိုကြွေးခြင်းကို ရပ်ထားပြီးမှ...

သူ့ရောဂါအကြောင်းနှင့် မေမြတ်နိုးခင်၏ ပြဿနာကို ပြောပြရှာသည်။

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်"

"မင်းသိတဲ့အတိုင်း ငါ့ဘဝက ငယ်ငယ်လေးတည်းက ဆင်းရဲခဲ့တယ်၊ ကံဆိုးခဲ့တယ်... ခုတော့ အခြေတကျ နေရမယ့်အရွယ်မှာ ငါ သိပ်ချစ်ရတဲ့သူနဲ့အတူ...အတူနေတော့မယ်၊ ငါကြိုးစားတော့မယ် ဆိုကာမှကွာ..."

"မငိုပါနဲ့ကွာ...ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲ စဉ်းစားကြတာပေါ့၊ မင်းဒီရောက်မှ ဒီရောဂါရတာလား"

"ဖြစ်တာ တစ်နှစ်ခွဲလောက်ရှိပြီလို့ ခန့်မှန်းကြတယ်... မြတ်နိုးနဲ့ တွေ့ခင်က ကိစ္စတွေပါ၊ ငါကလည်း ကံမိတယ်လေ"

"အင်း"

"ငါဘယ်လိုလုပ်ရမလဲ၊ ခုချိန်မှာ ငါ့ဘဝ၊ ငါ့အသက်ထက် အရေးကြီးနေတာက မြတ်နိုးခင်ရဲ့ ကိုယ်ဝန်ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့… ငါလည်း ဘာအကြံပေးရမှန်းကို မသိတော့ ပါဘူး။ မင်းအကြံရခဲ့ရင်သာ ငါ့ကိုပြောလေ… ငါကူညီပါ့မယ် သူငယ် ချင်း"

နှစ်ယောက်လုံး ဘာစကားမှ မဆက်နိုင်တော့ဘဲ ငြိမ်တွေ ထိုင်လျက်၊ ငိုင်လျက်…

ထက်ရှား မျက်ဝန်းမှာလည်း မျက်ရည်တွေက ပြည့်အိုင် လျက်…

ထိုနေ့ ညဦးပိုင်းကျမှ ထက်ရှားက သူ၏ စိတ်ကူးစီမံချက် တင်ပြပြောဆိုလာသည်။

"တို့အချစ်ဆုံး သူငယ်ချင်းသုံးယောက်တည်းက သီဟာ သူ အကူအညီတောင်းလို့ မဖြစ်တာက သူ့မှာ မိန်းမနဲ့ ကလေးနဲ့မို့ပါ… မင်းကသာ ကူညီနိုင်မယ့်ကိစ္စပါ သူငယ်ချင်း"

"ထက်ရှား"

"ပြောပါသူငယ်ချင်း"

"မင်းအတွက်ဆို ငါ့ရဲ့ ငွေကြေးတွေသာမက ငါ့ရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေတောင် ငါဖြတ်တောက်ပေးရဲပါတယ်။ ဒါ ငါ့သစ္စာ စကားပါ၊ ဒါပေမယ့် မင်းအခုတောင်းတဲ့ အကူညီကတော့ လွယ်… မလားကွာ… လရောင်ချယ်ဆိုတဲ့ ငါ့ချစ်သူ မိချယ်ရဲ့ စိတ်ဓာတ်… မင်းလည်းအသိ"

"သိလို့ မိချယ်ဆီ ငါ စာအရှည်ကြီး ရေးထားပါတယ်… တို့များ… ငယ်သူငယ်ချင်းတွေပါကွာ… သူလည်း ခွင့်လွှတ်လိမ့်မယ် ထင်ပါ တယ်"



"မင်းရဲ့မြတ်နိုးရော ဒီကိစ္စတွေ သိပြီလား"

"မင်းတို့နဲ့ ပြေလည်ပြီးမှ သူ့ကို ဖွင့်ပြောရတော့မှာပေါ့"

"မင်းမှာ ဒီရောဂါပိုး ရှိနေပြီလို့ သူသိလား"

"ဘယ်သိပါ့မလဲ၊ ငါကိုယ်တိုင်တောင် ခုမှသိတာ၊ ဒါပေမယ့် ငါမသေဆုံးခင် အမြန်ဆုံး ပြောပြရမှာပေါ့… မင်းမလာခင်တည်းက ငါစိတ်ကူးစီစဉ်ထားတဲ့အကြောင်းတွေပါ ရှင်းပြရမယ်… ငါ့အတွက် မြတ်နိုးလေး ခံစားရမှာကို ငါ ရင်ကွဲတာ၊ ငါ အဲဒီမိန်းမကို သိပ်ချစ် တယ် သိပ်မြတ်နိုးတယ်…"

"မငိုပါနဲ့ကွာ ဖြစ်လာမှတော့ ရင်ဆိုင်ရတော့မှာပေါ့"

သူ့ကို နှစ်သိမ့်စကား ဆိုရသော်လည်း ရဲရင့်နီ၏ ရင်ထဲမှာ တင်းကျပ်ဆို့နစ်နေ၏…။

"ဒီလိုလုပ်ကွာ ငါ ချယ့်ဆီကို အရင်ဖုန်းဆက်ပြီး အကျိုး အကြောင်း ပြောပြလိုက်မယ်…သူ့အဖြေကို နားထောင်ခွင့်ပေးပါ ထက်ရှား"

"အေးလေ၊ မင်းပြောပြပြီးရင် ငါပါဆက်ပြီး တောင်းပန်မယ်"

ရဲရင့်နီ မြန်မာပြည်သို့ ချက်ချင်း ဖုန်းကောက်ဆက်လိုက်သည်။

"ဆိုးလိုက်တဲ့ကံ"

"ချယ်…ပြင်သစ်တိုးရစ်စ်အဖွဲ့နဲ့ ရှမ်းပြည်နယ်ဘက်သွားတာယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖတ်လောက်၊ ဆယ်ရက်လောက် ကြာမယ်တဲ့၊ သူဖုန်းဆက်လာရင် နီနီဆက်တယ်လို့ ဒေါ်လေး ပြောပေးမယ်နော်"

"ကိစ္စမရှိပါဘူး ငါ ချယ့်ဆီကို စာရှည်ကြီးတစ်စောင်ရေးပြီး တောင်းပန်ထားပါတယ်၊ ငယ်သူငယ်ချင်း မိချယ်က ခွင့်လွှတ်မှာပါကွာ...

ရဲရင့်နီ သက်ပြင်းချသည်။

ထိုညမှာပင် မေမြတ်နိုးခင်နှင့် တစ်နာရီနီးပါးကြာအောင် ထက်ရှား ဖုန်းနှင့်စကားပြောသည်။

တစ်ဘက်က မေမြတ်နိုးခင်သည် သည်းသည်းသန်သန် ငိုနေကြောင်း အားမှာနေသည့် ရဲရင့်နီ သိနေရသည်။ ထက်ရှားက ဖျောင်းဖျရင်း...

"မောင်တို့နှစ်ယောက်ရဲ့ ရင်သွေးလေး လောကထဲကို ရောက်လာအောင် ရှင်သန်အောင် မွေးဖွားပေးပါ မြတ်နိုးရယ် မောင်တောင်းပန်ပါတယ်"

"မဟုတ်သေးပါဘူး... မြတ်နိုး မြတ်နိုးမှာ ကူးစက်ဦးတော့ မြတ်နိုးရင်ထဲက မောင့်ရဲ့သားလေးမှာ ကူးစက်ဖို့ သုံးဆယ်ရာခိုင်နှုန်းသာ ရှိပါတယ်... မျှော်လင့်ချက်က ခုနစ်ဆယ်ရာခိုင်နှုန်းပါကွယ်"

"မောင်ပြောသလို... ငနီနဲ့ရတဲ့ ကိုယ်ဝန်အဖြစ်နဲ့ မြတ်နိုးရဲ့ မိဘအသိုင်းအဝိုင်းကို ကြေညာပြီး ရဲရင့်နီနဲ့ စေ့စပ်လိုက်ကြပါ"

"မောင့်သားလေးဟာ...မောင့်အချစ်ဆုံးသူငယ်ချင်း ရဲရင့်နီရဲ့ အဖွားအဖေအဖြစ်နဲ့ လောကကြီးထဲကို ဝင်လာပါစေ"



"နီ...ရန်ကုန်ကို နှစ်ရက်သုံးရက်အတွင်း ရောက်လာပါလိမ့်မယ်"

မြတ်နိုးဘက်က လူကြီးမိဘတွေကို အသိပေး ဘိတ်ကြားပြီး စေ့စပ်ပွဲလုပ်ဖြစ်အောင် လုပ်ပါနော်"

"မငိုပါနဲ့ မြတ်နိုးရယ် မောင့်သားလေးကိုသာ လောကကြီးထဲ ရောက်လာအောင် မြတ်နိုး ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး မွေးဖွားပေးပါနော်"

ငနီနဲ့ စာတစ်စောင်ပေးလိုက်မယ်၊ အဲဒီစာက သိပ်အရေးကြီးတယ် လရောင်ချယ်လက်ထဲကိုရောက်အောင် မြတ်နိုးကိုယ်တိုင် နှစ်ယောက်ချင်းတွေ့ပြီး ပေးပေးပါ"

✱

ငယ်စဉ်ကတည်းက ဘဝကို ရိုးစင်းဖြောင့်တန်းစွာ မဖြတ်သန်းဘဲ ကွေ့ကွေ့ဝိုက်ဝိုက် ရှုပ်ရှုပ်ထွေးထွေး လုပ်တတ်သော သူငယ်ချင်း ထက်ရှား...။

သည်လိုအကျင့်စရိုက်မျိုးရှိသော်လည်း သူတစ်ပါးကို ဒုက္ခမပေးတတ်။

သူတစ်ပါး၏ ဒုက္ခကိုသာ သူက ခံယူပြီး နည်းမျိုးစုံနှင့် သည့်ပတ်ကွေ့ဝိုက်ကာ လွတ်မြောက်လာတတ်သော ထက်ရှား။

ယခု ထက်ရှားတောင်းသည့် အကူအညီက ရဲရင့်နီ၏ ပစ္စည်းဥစ္စာမဟုတ်... ရဲရင့်နီ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းမဟုတ်...ရဲရင့်နီ၏ တစ်သက်လုံး သားကို လောင်းကြေးထပ်ရမည့် စိန်ခေါ်မှုကြီး။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ခွင့်လွှတ်လျှင်သာ အောင်နိုင်မည်။

ချယ်မကျေနပ်လက်မခံလျှင် သူ့နှလုံးသား ပေးလျှော်ဆုံးရှုံးရမည့် လောင်းကြေးမျိုး…

သူငယ်ချင်းကို မငြင်းပါသော်လည်း သူခေါင်းမညိတ်ရဲသေး—

"ငနီ… ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းရယ်… ငါ့ကိုကူညီပါ… ငါ ရှိခိုးတောင်းပန်ပါ့မယ်"

"မြတ်နိုးရဲ့သိက္ခာကို ဆယ်ပေးပါ"

"ငါ့ရင်သွေးလေး လောကထဲကို ခေါင်းမော့ပြီး ဝင်လာနိုင်အောင် အဖေအဖြစ် အမည်ခံပေးပါ…နော်"

"နော်… သူငယ်ချင်း… အဲဒါ ငါ့ရဲ့ နောက်ဆုံးဆန္ဒပါ"

"ငါမသေခင် ငါ့ရဲ့ နောက်ဆုံးဆန္ဒပါကွာ"

ထိုနေ့ည ညဆယ့်နှစ်နာရီကျော်မှ ရဲရင့်နီ အိပ်ပျော်သွားသည်။ နိုးလာတော့ အခန်းထဲမှာ ထက်ရှားမရှိ…

သူလည်း စိတ်မကြည်မလင်နှင့်မို့ အခန်းအပြင်ပင် မထွက်ဖြစ်၊ ဖုန်းလည်း ဘယ်သူ့ကိုမှမဆက်…တွေဝေစိတ်ဖြင့်…

ထက်ရှားတောင်းသော နှလုံးသားနှင့်ရင်းရမည့် အကူညီကို ပေးဖို့ မပေးဖို့ သူမဆုံးဖြတ်နိုင်သေး…

ချယ်၏ ခွင့်ပြုမိန့်နှင့် သဘောတူညီမှုကို သူရယူပြီးမှသာ ကူညီသင့်သည်ဟု တွေးနေဆဲမှာ…

အခန်းတွင်းမှ တယ်လီဖုန်း မြည်လာသည်။



သူကောက်ကိုင်လိုက်ချိန်မှာ… ထိုင်းဘာသာစကားနှင့် ပြောကြားနေ၍…

"I Don't Understand, Please Say in English"

ထိုအသံကြောင့် တယ်လီဖုန်းဆက်သူက အင်္ဂလိပ်လို ပြောတတ်သူတစ်ယောက်ယောက်ကို သွားခေါ်လာပုံရသည်။

ထိုင်းလူမျိုးများက အင်္ဂလိပ်စကား မတတ်သူများသည်။ ထိုင်းနိုင်ငံမှာ 'ကျွန်နိုင်ငံ မဖြစ်ခဲ့၊ နယ်ချဲ့တို့ မအုပ်စိုးခဲ့သဖြင့် အင်္ဂလိပ်စာ သင်ကြားစရာမလိုအပ်ခဲ့ပေ၊ တိုးရစ်စ်တို့အတွက် ခက်ခဲနေ၍ ယခုမှစ၍ အင်္ဂလိပ်ဘာသာကို လေ့လာသင်ကြားနေကြပါပြီ။

ထိုသို့ ပြောအပြီးတွင် ထိုင်းသံဝဲဝဲနှင့် သိပ်မပီသသော အင်္ဂလိပ်စကားဖြင့်–

"ထိုင်းရဲတပ်ဖွဲ့ကပါ ထက်ရှားဆိုသူ ဒီမှာနေသလား သူ့အိတ်ထဲက လိပ်စာနဲ့ ဖုန်းနံပါတ်တွေ့လို့။ Robinson Super Market ကြီးရှေ့က မလက်ဖောင်းပေါ်မှာ လဲကျသေဆုံးနေလို့ အခု သူ့အလောင်း Bangrak ရပ်ကွက်အနီးက ဆေးရုံကြီးမှာ ရောက်နေတယ်၊ တာဝန်ရှိသူလာခဲ့ပါ…"

✵

ထက်ရှား ငှားနေသည်က ဘန်ကောက်မြို့၏ အဆင့်မြင့်ရပ်ကွက်မျိုးမှာမဟုတ်၊ မြန်မာငွေ တစ်လ တစ်သိန်းကျော်လောက်သာ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘင်ဂရပ်(Bangrak)ရှိ [illegible] ၏ သုံးထပ်မြောက်မှာ ဖြစ်သည်။ [illegible]

ထက်ရှား၏ [illegible]

[illegible]

ကလေး [illegible] အချစ်ဆုံး [illegible]

[illegible]

[illegible]

သွားရှာသော ထက်ရှား...

"မင်း [illegible] ဆိုတာ ငါသိပါတယ်"

[illegible]

ငါ့ကို [illegible]

"သူငယ်ချင်း... ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း [illegible]

မင်းရဲ့ဆန္ဒတွေကို လိုက်လျောမယ်လို့ ငါခေါင်းမညိတ်လိုက်မိဘူး"

✱

ခုတော့... ခုတော့ကွာ...

"မင်းစိတ်ချပါ..."



မင်းမသေဆုံးမီ မင်းရဲ့ နောက်ဆုံး [illegible] ကူညီမယ်။ မင်းဆန္ဒအတိုင်း ဖြစ်ရစေမယ်"

"မင်းရဲ့သားလေး [illegible] ဝင်ရောက်လာစေရပါ့မယ်... [illegible] ပါတယ် သူငယ်ချင်းရယ်"

ထက်ရှား၏ သက်မဲ့မျက်နှာပေါ်သို့ [illegible] ရင်း မျက်ရည်တွေ ပေါက်ပေါက်ကျနေသော [illegible] အတွက်...

နောက်ဆုံးပေးအပ်လိုက်သော... ကတိသစ္စာ...

✱

ရဲရင့်နီအတွက် အားလပ်ရက်က ငါးရက်တိတိ [illegible] တော့သည်။ ငါးရက်မြောက်သော [illegible] စင်ကာပူဆိပ်ကမ်းမှ ထွက်ခွာမည့် [illegible] ရဲရင့်နီ [illegible] သူ့စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည် [illegible]

မြန်မာပြည်သို့ [illegible]

ထက်ရှား သေဆုံးသည့် အထောက်အထား [illegible] သည့် ဓာတ်ပုံ၊ သူ့ပိုင်ဆိုင်ခဲ့သည့် [illegible] ရဲရင့်နီ [illegible] သွားရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလူ့ရွာမှ အနေးနှင့်အမြန် ထွက်ခွာပေးရတော့မည့်အတူတူ– ဆုံးဖြတ်ရဲစွာ စောစောထွက်ခွာပေးသွားသော ထက်ရှားကြောင့် ရဲရင့်နီ ဆောင်ရွက်ရမည့်ကိစ္စများ အမြန်ဆုံး ဆောင်ရွက်ရတော့မည်…။

ရဲရင့်နီ ဘန်ကောက်မှ နောက်ဆုံးထွက်သည့်လေယာဉ်ဖြင့် လိုက်ပါလာခဲ့ရာ ည ၁၀ နာရီတွင် မြန်မာ့မြေသို့ ပြန်လည်ချေချနိုင်ခဲ့ပြီ။

သူ့ပထမဆုံး လုပ်ရမည့်အလုပ်က ချစ်သူချယ်ကို တွေ့ဆုံရမည်။ ထက်ရှား၏ အကြောင်းစုံရေးထားသောစာကို ပြရမည်။

ဒုတိယ… ထိုစာကို မေမြတ်နိုးခင်ကို ပြပြီး အဖြစ်မှန်ကို ပြောပြရမည်။

နောက်ဆုံးအလုပ်က သူငယ်ချင်း၏ ဆန္ဒအတိုင်း မေမြတ်နိုးခင် ၏ မိဘများကို…

"ထက်ရှားတစ်ယောက် ရုတ်တရက် နှလုံးရောဂါဖြင့် ကွယ်လွန်သွားရှာပြီ"

"မေမြတ်နိုးခင်မှာ ကိုယ်ဝန်ကျန်ခဲ့သည့်အတွက် သူငယ်ချင်းကိုယ်စား သူတာဝန်ယူပါမည်…"

ယခု စေ့စပ်သွားမည်။

သူ မြန်မာပြည်သို့ နောက်တစ်ခေါက် ပြန်လာချိန်မှာ လက်ထပ်ဖို့ စီစဉ်ပါမည်။

ဆိုသော တောင်းဆိုမှုများကို မေမြတ်နိုးခင်၏ မိဘများအား အသိပေး 'နားဖောက်'ရမည်။



ထက်ရှား အသက်ရှင်လျက်ဆိုလျှင် ဘာရောဂါကြီးပဲရနေရနေ မေမြတ်နိုးခင်က တွေ့ချင်ပေလိမ့်မည်…ရဲရင့်နီ၏ ကမ်းလှမ်းမှုကို လက်ခံနိုင်လိမ့်မည်မထင်–

ယခုဖြင့်…

ထက်ရှား၏ ဆုံးဖြတ်ရဲခြင်းနှင့် အချိန်ကိုက် ကွယ်လွန်သွားခြင်းကြောင့် ရဲရင့်နီ၏ ဆောင်ရွက်ကူညီမှု အောင်မြင်နိုင်ပါလိမ့်မည်။

သို့သော်…

ပထမဆုံး သူဆောင်ရွက်လိုသည့် ကိစ္စက မအောင်မြင်ခဲ့ပါ။

လရောင်ချယ် ပြန်ရောက်မလာသေးပါ။

ဧည့်သည်များနှင့် အင်းလေးမှာ ညအိပ်မည့်သတင်းသာ ရပြီး တိုက်ရိုက်ဆက်သွယ်ခွင့်မရခဲ့။

ထိုညမှာပင် မေမြတ်နိုးခင်နှင့် တယ်လီဖုန်းအဆက်အသွယ်ရပြီး နောက်နေ့မနက်စောစောမှာပင် တွေ့ဆုံခွင့်ရခဲ့သည်။

သူ့ဘဝတွင် သည်မျှလောက် ရှုပ်ထွေးခက်ခဲသည့် ပြဿနာကြီးမျိုးတွင် ပါဝင်ရလိမ့်မည်ဟု ရဲရင့်နီ တစ်ခါမှ မတွေးမိခဲ့။

သူကိုယ်တိုင်လည်း နာကျင်ဆို့နစ်စွာဖြင့် ချစ်သူငယ်ချင်း၏ အဖြစ်မှန်ကို ပြောပြရသည်။ မေမြတ်နိုးခင်ကိုယ်တိုင် ဖတ်ကြည့်ပြီးမှ သည်စာကို ချယ့်အား ပေးအပ်ဖို့ သူပြောပြနေဆဲမှာပင်…

"ဟင်အင်း… မဖြစ်ရဘူး… ဒီလိုမဖြစ်ရဘူး"

"မောင်မသေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့နှစ်ယောက် သိပ်ချစ်ကြတာပါရှင်"

"ကျွန်မ လက်မခံဘူး"

"မောင်မသေပါဘူး... မောင်မသေရဘူး"

ပြောရင်း ပြောရင်းက အသံတွေ တိမ်ဝင်သွားပြီး ရဲရင့်နီ၏ ရှေ့မှောက်မှာပင် ပုံလျက်သား လဲကျမေ့မြောသွားရှာ၍...

"ဟာ ဒုက္ခပဲ... လာကြပါဦး... ထွက်ခဲ့ကြပါဦးခင်ဗျာ"

သူ့အော်သံကြောင့် အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးမား ကျယ်ဝန်းလှသော ကမ္ဘာအေးစေတီလမ်းရှိ အိမ်ကြီးထဲမှ ပြေးထွက်လာကြတော့သည်။

မိသားစုဆရာဝန်ကို အမြန်ခေါ်ပြုစု... ကုသစမ်းသပ်စစ်ဆေးပြီးချိန်မှာ...

"မမြတ်နိုးခင်၌ ကိုယ်ဝန် သုံးလ ရှိနေပြီ"

ဆိုသော အဖြေ ထွက်လာသဖြင့် မိသားစုများ ယောက်ယက်ခတ်ကုန်ကြချိန်မှာ...

"ကွယ်လွန်သူ ကျွန်တော့်သူငယ်ချင်းကိုယ်စား ကျွန်တော် တာဝန်ယူပါရစေ"

ဆိုသော ရဲရင့်နီ၏ 'လူညီးကြီးထမ်း' ဓာတ်လမ်းကို အမှန်တကယ် ယုံကြည်ကာ အလွယ်တကူပင် လက်ခံလိုက်ကြပါသည်။

ရဲရင့်နီဘက်က သိပ်တောင် တောင်းပန်နေစရာမလို သူ့ကို "ကယ်တင်ရှင်၊ ကျေးဇူးရှင်"အဖြစ်နှင့် လက်ခံလိုက်ချိန်မှာ။



ရဲရင့်နီသည် အဆင့်မြင့် အထက်တန်းလွှာမှ သားတစ်ယောက်ဖြစ်ရုံမက သူကိုယ်တိုင်က နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာကြီး ဖြစ်၍ နောက်တစ်နေ့မှာပင် ရဲရင့်နီ၏ မိခင်အပါအဝင် နှစ်ဖက်လူကြီးရှစ်ယောက်ဖြင့်–

စေ့စပ်မင်္ဂလာပွဲကို မမြတ်နိုးခင်၏ အိမ်မှာပင် အကျဉ်းဆုံး၊ အကျဉ်းရုံးပြီး ကျင်းပလိုက်ကြရသည်။

နာရီဝက်မျှလောက်သာ ကြာသော အခမ်းနားအပြီးမှာ ရဲရင့်နီက မမြတ်နိုးခင်၏ အိပ်ခန်းထဲသို့ဝင်၍ နှုတ်ဆက်လိုက်ပါ၏။

"ကျေးဇူးတင်ပါတယ် ကိုရဲရင့်နီရယ်"

"မလိုပါဘူးဗျာ"

"ကျွန်မရင်ထဲမှာ မောင့်ရဲ့ကိုယ်ပွားလေးသာ ရှိမနေဘူးဆိုရင် ကျွန်မလည်း အသက်ဆက်ရှင်နိုင်တော့မှာ မဟုတ်ပါဘူး"

"ထက်ရှားကလေ... သူ့သားလေး...အဲ သူ့ရင်သွေးလေးကို ဂုဏ်သိက္ခာရှိရှိနဲ့ လူ့လောကအလယ်မှာ တင့်တယ်စေချင်တယ်တဲ့ဗျာ၊ ဒါကြောင့် ဒီအစီအစဉ်ကို သူချခဲ့တာပါ"

"စိတ်ချပါ မောင့်ဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ်"

မမြတ်နိုးခင်မှာ သူ့အချစ်ဦးကို ဆုံးရှုံးလိုက်ရခြင်းအတွက် နလုံးကြေကွဲမတတ် ခံစားနေရချိန်မို့ သူတစ်ခြား ဘာကိုမှ စဉ်းစားမိဟန် မတူပါ...

www.burmeseclassic.com

www.burmeseclassic.com



သူမကိုရော HIV ပိုး ကူးစက်ကျန်ရစ်လေမလားဟု သူလုံးဝ တွေးမိပုံမရ…။ ရဲရင့်နီ၏ လက်ကို လှမ်းကိုင်ကာ…

"စိတ်ချနော်… ကျွန်မ လရောင်ချယ်ကို ကိုယ်တိုင် သွားတွေ့ပြီး ဒီစေ့စပ်မှုဟာ "အတု" ပါဆိုတာ ပြောပြပေးပါ့မယ်ရှင်"

ထိုနေ့က…

မေမြတ်နိုးခင်နှင့် မိဘများကို နှုတ်ဆက်နှစ်သိမ့်ပြီးနောက်

ဒေါ်နန်းချယ်ရီကို အဖြစ်မှန်၏ အပေါ်ယံလောက်ကိုသာ တယ်လီဖုန်းဖြင့် ပြောပြပြီး ချစ်လှစွာသော ချယ့်ကို ဆုံစည်းခွင့် မရတော့ဘဲ ထိုနေ့ညနေ လေယာဉ်ဖြင့်ပင်…

မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ရပါတော့သည်။

✸ ✸ ✸

မေမြတ်နိုးခင်၏အရှုံး

သို့မဟုတ်

အပြစ်မဲ့သူအတွက် သေဒဏ်

www.burmeseclassic.com

www.burmeseclassic.com

လရောင်ချယ်ကိုယ်တိုင်လည်း မျက်ရည်တွေဝေလျက် မမြတ်နိုးခင်၏ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့်ကိုင်ကာ...

“ချယ်တော့ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ပါဘူး”

“ချယ်က တောင်းပန်စရာမလိုပါဘူးလေ...အပြစ်ရှိသူက—ကျွန်မပါ”

“အို... ဒီလိုလည်း မဟုတ်ပါဘူး”

“ကျွန်မတို့ဘက်က သိပ်မှားသွားတာက သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်မိတာပါပဲ”

“ဒီအတွက်တော့ ချယ့်မှာလည်း ရင်ကွဲရုံမက အရှက်ပါ ရခဲ့တယ်”

“ကျွန်မ လုံးဝမသိခဲ့တာ ကျိန်ပြောရဲပါတယ်... မောင့်ကို လွမ်းဆွတ်တဲ့စိတ်နဲ့ အိပ်ရာထဲက မထနိုင်သေးချိန်မှာ အဲဒီကြော်ငြာကြီး ပါလာတာပါ”

လရောင်ချယ်က... သူ့ပခုံးလေးကိုဖက်ပြီး ခုတင်ပေါ်မှာ အတူတူ ထိုင်စေပြီးမှ—

“ခုလို အကြောင်းစုံ သိရတော့ ချယ်လည်း တွေးမိလိုက်ပါပြီ မမြတ်နိုးရဲ့ မိဘတွေအနေနဲ့ ဒီလိုကြော်ငြာမှလည်း သမီးနဲ့ မွေးဖွားလာမယ့် မြေးလေးရဲ့ ဂုဏ်သိက္ခာကို ထိန်းထားနိုင်မှာပေါ့လေ”



“လရောင်ချယ်”

“ဟုတ်ကဲ့ ပြောပါ မမြတ်နိုး”

“လရောင်ချယ်ကို အရှက်ရစေ၊ နာကျင်စေခဲ့တဲ့အတွက် ကျွန်မ အနစ်နာခံ ပြန်လုပ်ပေးပါရစေ...”

“မလိုတော့ဘူး ထင်ပါတယ်။ ဒါပေမယ့် မမြတ်နိုးက ဘာဖြစ်ချင်လို့ပါလဲ”

“ကျွန်မ ပြန်ကြော်ငြာပေးပါရစေ”

“[illegible]”

“စေ့စပ်ကြောင်းလမ်းခြင်းကို ယောကျ်ားလေးဘက်က ဖျက်သိမ်းကြောင်း ဒါမှမဟုတ်...တစ်ဖက်သတ် ကြော်ငြာခြင်းဖြစ်လို့ ပြန်ရုပ်သိမ်းပါတယ် စသည်ဖြင့် လရောင်ချယ် ကျေနပ်တဲ့အထိ လရောင်ချယ်ရဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်ပေးပါရစေလားရှင်”

“ချယ်က ကျေနပ်ပြီးသွားပြီလေ”

“ဒါပေမယ့် ပတ်ဝန်းကျင်က ရှိသေးတယ်မဟုတ်လား”

“ပတ်ဝန်းကျင်”

“ဟုတ်ပါတယ် လရောင်ချယ် အရှက်ရခဲ့တယ်ဆို”

“မှန်ပါတယ်... ဒါပေမယ့် အဲဒါဟာ နီနဲ့ချယ်တို့ ချစ်နေခဲ့ကြတယ်ဆိုတဲ့ အသိုင်းအဝိုင်းကျဉ်းကျဉ်းလေးအတွက်ပါ မမြတ်နိုး ပြောသလို ထပ်ကြော်ငြာလိုက်ရင် မြန်မာတစ်ပြည်လုံး သိကုန်ကြမှာပေါ့... တကယ်တော့ ပတ်ဝန်းကျင်ဆိုတာကို ဂရုစိုက်သင့်[illegible] ဂရုစိုက်လိုက်ရင် ကိုယ့်အတွက် နစ်နာမှုတွေ ပေးတတ်တဲ့ အမျိုးတွေ ဖြစ်တတ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရယ်"

"နီ့ကို သိပ်နာကျည်းသွားလို့ မမြတ်နိုးခင်ကို အတွေ့မခံဘဲ ဘာမှ အပြောမခံခဲ့တာတွေဟာ ချယ့်ရဲ့အမှားပါ… ချစ်သူကို စွန့်လွှတ်လိုက်ရတဲ့ မိန်းမသားတိုင်းဟာ အမှန်အမှားကို ဆင်ခြင်ဖို့ အသိတရားတွေ ပျောက်ဆုံးနေတတ်ပါတယ်… ချယ်အပါအဝင်ပေါ့ ဒါကြောင့် နီနဲ့ မမြတ်နိုးကို ချယ်က ပြန်တောင်းပန်ပါတယ်"

"အိုကွယ်"

"ပတ်ဝန်းကျင်ဆိုတာတွေကို မေ့ထားလိုက်ကြရအောင်ပါ– ချယ်ရယ်၊ နီရယ်၊ မမြတ်နိုးရယ် သုံးယောက် နားလည်မှု ရသွားကြပြီပဲ… အားလုံး ပြေလည်ကြပြီလို့သာ သတ်မှတ်လိုက်ရအောင်ပါနော်…"

"ချယ်… မိချယ်… နီရဲ့ချယ်ရယ်… နင့်ကို ငါတအား လေးစားပြီး တအားချစ်ရတာ သိရဲ့လား"

"ဟဲ့…နီ… အို ဖယ်စမ်းပါ"

အရေးထဲ တအားဖက်လာသော ရဲရင့်နီ၏လက်ကို တွန်းဖယ်လိုက်ရသည်။

ကြည်လင်ဝင်းလက်နေသော အချစ်ဆုံး၏ မျက်နှာကို အပြုံးဖြင့် ကြည့်လိုက်ပြီးမှ ချယ်က မေမြတ်နိုးခင်ဘက်လှည့်ကာ…

"ချယ်တို့သုံးယောက် ပြေလည်ကြပြီလေ… မမြတ်နိုးသာ ကျန်းမာရေးဂရုစိုက်နော်… မွေးလာမယ့် ကလေးဟာလည်း နီရဲ့ ကလေးအဖြစ်နဲ့ပဲ…"

"ချယ်… တော်ပါတော့ ချယ်ရယ်… ကျွန်မ တောင်း… တောင်းပန်ပါတယ်"



"ဟင်… မမြတ်နိုး"

"မငိုနဲ့လေဗျာ… အားလုံး ပြေလည်သွားပြီပဲ"

"ကျွန်မ မသေဆုံးခင် ခုလို ဆုံခွင့်ရတဲ့အတွက်တော့ ဝမ်းသာပါတယ်… ဒါ… ဒါပေမယ့်…"

"အို"

သိမ့်သိမ့်ခါ ငိုရှိုက်နေရှာသော မေမြတ်နိုးကို ချယ်က ဖက်ထားဆဲမှာ…

"ကျွန်မ လောကကြီးမှာ လေးငါးလလောက် ဆက်နေခွင့်ရပြီး ဗိုက်ထဲက ကလေးကို အောင်အောင်မြင်မြင် မွေးခဲ့ချင်တယ်၊ ပြီးတော့… ပြီးတော့…

"မမြတ်နိုးရယ်"

"ကျွန်မတို့ရဲ့ ရင်သွေးလေးမှာ ဒီရောဂါတွေ ပါမလာဘဲ လောကထဲ ရောက်လာစေချင်တာ ကျွန်မရဲ့ အကြီးမားဆုံးဆန္ဒပါ… သကာနီး မိန်းမတစ်ယောက်ရဲ့ တောင်းဆိုမှုပါ… ကျဆုံးသူ တစ်ယောက်ရဲ့ နောက်ဆုံးတောင့်တမှုပါရှင်"

"အို… မမြတ်နိုး… မမြတ်နိုးရယ်"

အားတင်းအံကြိတ်၍ ရင်ပွင့်ကွဲထွက်လာသော စကားများ ပြောကြား၍ ခုတင်ပေါ်သို့ လဲကျသွားပြီး မောဟိုက်နွမ်းလျစွာ ဆက်လက် ငိုရှိုက်နေရှာသည်။

"နီ… သူ့မှာ… သူ့မှာပါ…"

ချယ် နားနားကပ်၍ ရဲရင့်နီက…

"ထက်ရှားဆီက ဒီရောဂါ ကူးစက်ခံလိုက်ရပြီ"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးလိုက်တာနော်"

"မမြတ်နိုးနဲ့ မတွေ့ခင်တည်းက ထက်ရှားမှာ ဖြစ်နေတာ သူကိုယ်တိုင်လည်း မသိဘူးလေ"

လရောင်ချယ်က တံခါးဆီ ပြေးသွားဆွဲဖွင့်ကာ...

"ဒေါ်လေးနဲ့သီဟတို့ လာကြပါဦး၊ မမြတ်နိုး ငိုနေပုံက ရင်ထဲ မတာတ်ပါပဲ... ချယ်တောင် မကြည့်ရက်တော့ဘူး"

အိပ်ရာခင်းများကို လက်နှင့် တအားဆုပ်ပြီး မချိမဆံ့ ခံစား ငိုကြွေးနေရှာသော မေမြတ်နိုးခင်၏ အဖြစ်က ဘာမှ ကူညီလို့မနိုင် တော့သည့် အခြေနေပါလား။

ထက်ရှားသည် မေမြတ်နိုးခင်ကို ရင်နှင့်တနင့် ချစ်ရှာ ပါသည်...။ မေမြတ်နိုးခင်၏ အချစ်ကို ရရှိပြီးမှ သူဘာတစ်ခုမှ မကျေ လွန်တော့ဘဲ... ဘဝရဲ့ တိုးတက်မှုအတွက် ကြိုးစားတော့မည်ဟု ဆုံးဖြတ်ဆောင်ရွက်နေချိန်မှာမှ ဖြစ်ရလေခြင်းကွယ်...

သည် HIV ရောဂါဆိုးကြီးမှာ လူသားတို့၏ ကမ္ဘာအတွင်းသို့ အရှိန်အဟုန်ပြင်းစွာ အတင်းတိုးဝင်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာ အစိုးရများနှင့် အစိုးရမဟုတ်သော ကူညီမှုလူ့အဖွဲ့အစည်း (NGO) များက နည်းပေါင်းစုံနှင့် အသိပေး သတိပေးနေပါလျက်...

ခဏတာ ရမ္မက်ဆန္ဒလေးအတွက် အကာအကွယ်မယူဘဲ ကျူးလွန်ခဲ့သော ထက်ရှားကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် အကျိုးဆက်များက ဆိုးဝါးရက်စက်လှပါချေ၏။

ခုခံအားကျဆင်းစေသော ရောဂါပိုး ဝင်ရောက်နေပြီဖြစ်သော မိခင်၏ သွေးအိမ်တွင်းမှ သန္ဓေသားသည် ရောဂါပါလာဖို့ ၃၀ ရာနှုန်း၊



နှုန်း၊ အကောင်းလေးမွေးဖို့ ၇၀ ရာခိုင်နှုန်း ရှိနေသေး၍ ကလေး အတွက် မျှော်လင့်နိုင်ပါသော်လည်း ကလေးမွေးပြီး ၁၈ လအတွင်းမှာ မိခင်နှင့် ဆက်စပ်နေမှုကြောင့် ဤကလေးမှာ ရောဂါရှိမရှိ သေသေ ချာချာ မသိရှိနိုင်သေးပါ... ၇၀ ရာခိုင်နှုန်းသော မျှော်လင့်ချက်ဖြင့် ကလေးလေး ရောဂါကင်းစွာ မွေးဖွားလာနိုင်ပါစေဟု သူ ဆုတောင်းရ ပါတော့မည်။

ဤကလေး မွေးဖွားပြီးချိန်အထိ မမြတ်နိုး သေခြင်းတရားကို အောင်နိုင်... ကျော်ဖြတ်နိုင်ပါ့မလား...

သူချစ်သူနှင့် ရင်သွေးတို့၏ ဂုဏ်သိက္ခာအတွက် သူ့အသက် ကို ကြိုတင်စတေးသွားရှာသော ထက်ရှား။

'မိခင်'ဆိုသော စိတ်ဖြင့် သူ့ရင်သွေးလေးကို အကောင်းပကတိ မွေးဖွားခဲ့ပြီးမှ လူ့လောကထဲက ထွက်ခွာသွားချင်ရှာသော မေမြတ် နိုးခင်...

လာခြင်းကောင်းစွာ လူ့လောကထဲသို့ ဝင်ခွင့်ရစေဦးတော့ 'မိမဲ့ ဘမဲ့' ဘဝဖြင့် ကြီးပြင်းလာရရှာမည့်... ထက်ရှားတို့၏ ရင်သွေး ကလေး...

အို ဘယ်လိုတွေးတွေး ကောင်းကွက်တစ်ချက်မှ မရှိသည့် အဖြစ်ဆိုးကြီးပါလားကွယ်...

ထက်ရှားနဲ့ မေမြတ်နိုးခင်တို့လို အဖြစ်ဆိုးမျိုးတွေ လူသား တို့၏ ဝန်းကျင်မှာ ဘယ်လောက်တောင် များနေပြီလဲ။

ဘယ်လောက်အထိ ရက်စက် ဆိုးဝါးခဲ့ပြီလဲ။

ဘယ်လောက်အထိ ဆိုးဝါးနေဦးမှာလဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်...
ဒီလိုစာတ်လမ်းတွေ စတင်သယ်ဆောင် တင်သွင်းလာတဲ့
ယောက်ျားတွေ သစ္စာရှိကြပါ...
သစ္စာမရှိနိုင်ခဲ့ရင်လည်း အကာအကွယ်ယူကြပါ...
အပြစ်မဲ့ မိန်းမသားနဲ့ ရင်သွေးလေးတွေကို မရက်စက်ကြပါနဲ့
ပြီးတော့...
ကမ္ဘာ့သူဌေးကြီးများက ထောက်ပံ့ပေးကြပါ
ဆေးဘက်ဆိုင်ရာ ပညာရှင်တွေ အမြန်ဆုံး တီထွင်နိုင်ကြပါစေ... ကုသနိုင်ကြပါစေ...။
ကာကွယ်ဆေးတွေ ဖြန့်ဝေနိုင်အောင်
အမြန်ဆုံး စမ်းသပ် ဖော်ထုတ် ဖြန့်ဝေပေးကြပါ...
လူသားတို့ရဲ့ ကမ္ဘာထဲမှာ အောင်ပွဲခံနေဆဲ ဒီ HIV ရောဂါဆိုးကြီးကို အစောဆုံး၊ အမြန်ဆုံး၊ အပြင်းထန်ဆုံးသော ခွန်အားများနဲ့ တိုက်ထုတ်ပေးကြပါ၊ မောင်းထုတ်ပေးကြပါ။
တစ်ခြားသော 'ကပ်ရောဂါ'တွေလို ပြန်လည် ဦးမထောင်နိုင်ဘဲ ပျက်သုဉ်းပျောက်ကွယ်သွားအောင် **"ကယ်တော်မူကြ"**ပါ...ဟု
မေမြတ်နိုးခင်ထံမှ အပြန်တွင်... လရောင်ချယ်သည်
လူသားတိုင်း ကြားနိုင်သော အသံပိုင်ရှင်မကြီးအဖြစ် ဖန်ဆင်းပြီးလျှင်
တစ်ကမ္ဘာလုံး ကြားသာအောင် ဟစ်အော်တောင်းဆိုခွင့်များ ရချင်စမ်းပါဘိကွယ်။

✱ ✱ ✱

ဆုံစည်းကြခြင်းဆည်းဆာ

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသောညနေ အင်းယားမြိုင်လမ်း ခြံကြီးအတွင်းမှာ ဆုံစည်းကြစဉ်။

"မသွားပါနဲ့ချယ်ရယ်... မသွားလို့ မဖြစ်ဘူးလားဟင်"

"မသွားရင်တော့ ဖြစ်တာပေါ့...၊ မသွားရင် တရားစွဲလို့မှ မရ တာ၊ ဒါပေမယ့် တို့ကုမ္ပဏီမှာက ပြင်သစ်လို ရေရေလည်လည် ပြောနိုင် တာက ချယ်တစ်ယောက်ပဲရှိတယ်လေ နီရဲ့"

"နီတောင် သဘော်ပေါ်ကနေ(Resign)လုပ်ပြီး အခွင့်အရေးတွေ စွန့်လွှတ်ခဲ့တယ်။ ကိုယ့်လေယာဉ်စရိတ်နဲ့ကိုယ် ပြန်လာတာ... ချယ် လည်း အလုပ်တွေ လုပ်မနေတော့နဲ့ကွာ... အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ကြရအောင်..."

"ဟိုတ်"

"ဘာလဲ"

"မေမြတ်နိုးခင် မွေးဖွားပြီးတဲ့အထိ တို့ဒီတိုင်းပဲ နေကြမယ်လို့ သူ့ကို ကတိပေးထားတယ်လေ နီရယ်"



"မလွယ်လိုက်တာ"

"လွယ်ပါတယ် လပိုင်းလေးပဲလိုတော့တာများ"

သူတို့နှစ်ယောက်ရှိရာ ဧည့်ခန်းသို့ ရဲရင့်နီ၏မိခင် ဒေါ်သဇင် မြင့် ထွက်လာကာ–

"ကဲ... သားနဲ့သမီးတို့ လွယ်တာတွေ မလွယ်တာတွေ ထား လိုက်တော့၊ လာကြ စားကြစို့နော်..."

အိမ်ရှေ့တွင် TV ကြည့်သည့် အခန်း၊ ဧည့်ခန်းငယ်နှင့် ဧည့်ခန်းကျယ်ကြီးပါ နှစ်ခန်းရှိသည်။

ချယ်တို့စုံတွဲက TV ခန်းမှာ...

TV ခန်းသာ ပြောပါသည်၊ TV ရော၊ စလောင်းရော၊ DVD ရော၊ Movie 5 ရော၊ ကွန်ပျူတာရော၊ e-mail နှင့် Internet ပါထားသည့် အခန်းဖြစ်၏။

ချယ်တို့ ချစ်သူနှစ်ယောက် ထွက်လာချိန်တွင်

ဧည့်ခန်းကျယ်ကြီးထဲမှာ နီ၏ဖခင် ဦးထွန်းအောင်နီ ဧည့်ခံနေ သည်က ဒေါ်လေး ဒေါ်နန်းချယ်ရီနှင့် မောင်လေး နေမင်းသူရိန်တို့ ဖြစ်ကြသည်။

ခမ်းနားခန့်ထည် သန့်ရှင်းကျယ်ဝန်းသော ထမင်းစားခန်းမကြီး ထဲမှာ ဟင်းပွဲဟင်းလျာများက အပြည့်...

နီ့မိဘများက ချယ်တို့ကို သက်သက် ထမင်းဖိတ်ကျွေးခြင်းမှာ သည်း

ပြီးတာတွေ ပြီးပါစေတော့...

အားလုံး ခွင့်လွှတ်ပေးကြပါ...

www.burmeseclassic.com

www.burmeseclassic.com



နီနှင့်ချယ်ကို ဟိုးငယ်စဉ်ကအတိုင်း သူငယ်ချင်းနှစ်ယောက် အဖြစ်နှင့်လည်းကောင်း၊

အရွယ်ရောက်လာချိန်မှာ ချစ်သူနှစ်ဦးအဖြစ်ဖြင့် လည်းကောင်း။

အရင်အတိုင်း ပြန်လည်လက်ခံပေးကြပါ။

ဟူသော တောင်းဆိုမှုများအတွက် ဖြစ်ပါကြောင်း... နီတို့ မိသားစုသုံးယောက်နှင့် ချယ်တို့ တူအရီးသုံးယောက်လုံးက... သိကြပါ သော်လည်း–

ဤစကားမျိုး လုံးဝမပါဝင်

ဟိုးယခင်က ခင်မင်မှုမျိုးအတိုင်းပင် ပြောဆိုဆက်ဆံကာ ထမင်းဘိတ်၍ ကျွေးခြင်းသာ ဖြစ်ပါ၏။

အထက်တန်းစား၊ ပညာတတ်များ၊ နားလည်မှုရှိကြသူများ မလိုအပ်သော စကားများ မပြောဆိုဖြစ်အောင် ထိန်းချုပ်နိုင်သူများ ဖြစ်ကြ၍ ရဲရင့်နီနှင့် မေမြတ်နိုးခင်တို့၏ ကိစ္စကို တစ်ခွန်းမှ မပါစေရ အောင် ချန်လှပ်ထားကြခြင်း ဖြစ်ပါ၏...။

ခြောက်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိကြချိန်မှာ... ဦးထွန်းအောင်နီက...

"ဦးသူရိန်ကိုပါ ခေါ်ခဲ့ဖို့ ဘိတ်ထားတာပါ ဒေါ်နန်းချယ်ရီ"

"သူက... ဘယ်မှကို မသွားချင်လို့ပါတဲ့"

"တစ်ခြားလူမှ မဟုတ်ဘဲဗျာ၊ ငယ်ပေါင်းတွေပဲလေ..."

နီနှင့်ချယ်တို့က ငယ်သူငယ်ချင်းများ ဖြစ်ကြ၍ မိခင်နှင့် အုပ်ထိန်းသူများကပါ ဟိုးနှစ်ပေါင်းများစွာကတည်းက သိကျွမ်းရင်းနှီး ခဲ့ကြသည်ကို ဖော်ကျူးလိုက်ခြင်း ဖြစ်ပါ၏။



ဦးထွန်းအောင်နီ ဒေါ်သဇင်မြင့်နှင့် ရဲရင့်နီတို့ကတစ်ဘက်...

ဒေါ်နန်းချယ်ရီ၊ လရောင်ချယ်နှင့် နေမင်းသူရိန်တို့က တစ်ဘက်...

ညနေစာ ထမင်းဝိုင်းမှာ မြိုင်ဆိုင်လှပါပေသည်။

"သားလေးနေမင်း ထည့်စားနော်"

"စိတ်ချ အန်တီသဇင်"

"ချယ်ရော ဒေါ်နန်းချယ်ရီပါ ဟင်းတွေစုံအောင် ထည့်စားကြပါ နော်... သဇင်ကိုယ်တိုင် ဝင်ပြီး ချက်ထားတာ"

"စားပါမယ် အန်တီသဇင်ရဲ့လက်ရာက စားနေကျပဲလေ။ ပုစွန် တင်ပူရာကြော်လေး ထည့်ပေးမယ်နော် ဒေါ်လေး"

သည်အိမ်နှင့် အရင်းနှီးဆုံး လရောင်ချယ်က... သူ့အား နှစ်ဘက်မှ မောင်လေးနှင့် ဒေါ်လေးတို့ကို ဟင်းတွေ ခပ်ထည့်ပြီး သူ ကိုယ်တိုင် ဧည့်ခံနေလေသည်။

ကျန်းမာရေးအသိဖြင့် အဝမလွန်အောင် ထိန်းနေကြသူများ ဖြစ်၍ ဟင်းလျာတွေက... ဆီနည်းနည်း အငံပေါ့ပေါ့... အသားငါးများ များ... ဟင်းရွက်စိမ်း စုံစုံတို့ ပါဝင်၏...။

ဦးထွန်းအောင်နီက...

"အားလုံး ဝအောင်စားကြနော် သားကလွဲပြီး.."

"ဘာလဲ ဖေကြီးရ"

"မင်းက စားစရာမလိုဘဲ ဝနေတာ ဖေကြီးသိတာပေါ့ကွာ"

"မိချယ် နှင့်ကြောင့် ငါအပြောခံရတာ သိလား... ငါ့ဆိုတဲ့ ကောင်ကလည်း နှင့်ကို မြင်နေရရင် ဘာအာဟာရမှ မလိုတော့ ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား…"

ဦးထွန်းအောင်နီက သူ့သားကို စ,သည့် ပျက်လုံးကို သားရဲရှင့်နီက ထပ်ပို့ပေးနေသဖြင့် တဟားဟား ရယ်နေကြသည်ကို ဒေါ်သဇင်မြင့်က မိန်းမသားပီပီ အားနာဟန်ဖြင့်…

"အဲဒါသာကြည့် ဒီသားအဖက သူငယ်ချင်းပေါင်း ပေါင်းနေကြတာလေ၊ ဒေါ်နန်းချယ်ရီရဲ့"

"သားရဲ့ ဖေကြီးကတော့ သူငယ်ချင်းပေါင်းကို ပေါင်းလို့မရဘူး စီးပွားရေးပဲ အတင်းလုပ်ခိုင်းနေတာ"

"ဩော်… ဒါတော့ သူက ကျန်းမာရေး ချွတ်ယွင်းသွားပြီကိုသားလေးရဲ့"

နေမင်းသူရိန်ကို ဒေါ်သဇင်မြင့်က နှစ်သိမ့်နေချိန်မှာ ဦးထွန်းအောင်နီက…

"အေးဗျာ မျက်လုံးမှ ထိုးဖောက်ရတယ်လို့ တော်တော်ရက်စက်တာပဲ… ခုထိလည်း တရားခံ မမိသေးဘူးနော်"

"ဒါပေမယ့် ဖေကြီးကတော့ သိပုံရတယ်ဗျ"

"ဟင်"

"ဒီကောင် ငါ့ဘဝပျက်သလို ပျက်ပါစေဆိုပြီး နေ့တိုင်း ကျိန်ဆဲနေတာ"

"ဟဲ့…သား"

"တကယ်မေရဲ့… သူ့ကို ဘယ်သူလုပ်တယ်ဆိုတာ သိနေပုံပဲ။ မပြောချင်လို့သာ မပြောတာနေမှာ"



"မောင်လေးကလည်းကွယ်… တရားခံသိရင် ဦးလေးက ဘယ်နေပါ့မလဲ ကဲ… စားစား"

ပြောသင့်တဲ့စကားလား… မပြောသင့်သေးတဲ့ စကားလားဟူ၍ မပိုင်းခြားတတ်သေးသည့် နေမင်းသူရိန်ကို ချယ်က ထိန်းလိုက်ရသည်။

ဒေါ်သဇင်တို့ကလည်း အလိုက်သိ ပါးနပ်စွာပင် ဦးသူရိန်၏ အကြောင်းကို သည်နေရာမှာ ရပ်တဲ့လိုက်ကြသည်။ ဆက်ဆံရေးကောင်းသော ဦးထွန်းအောင်နီက–

"မောင်နေမင်း သားမှာ အခုလက်ရှိ ရည်းစားဘယ်နှယောက်ရှိလဲ ပြောစမ်းပါဦးကွ"

ဦးထွန်းအောင်နီက စကားလွှဲ၍ အပျော်သဘော စလိုက်သော်လည်း နေမင်းသူရိန်က…

"တွဲတာတော့ အများကြီးပဲ ရည်းစားစစ်စစ်ရယ်လို့ တကယ်ရှိသေးပါဘူးအန်ကယ်ရာ… ခုမှ သားတကယ်ချစ်တဲ့ မိန်းကလေးကိုတွေ့ထားပြီ"

"ဟော… ဟုတ်လား… ပြောပါဦးကွ"

"သားတို့ကုမ္ပဏီက ဝန်ထမ်းမလေးပါ… မမချယ်ရော မေနဲ့ပါတွေ့ပြီးကြပြီ"

"ဘယ်နဲ့တဲ့လေ"

"ကျွန်မကတော့ သားချစ်ရင် ပြီးတာပါပဲလေ… မိန်းကလေးကလည်း ရိုးသားပြီး မိန်းမပီသပုံရပါတယ်။ ချယ်ကလည်း သူကြည့်တာ လိမ္မာပါတယ်၊ သဘောတူနိုင်ပါတယ်လို့ ပြောပါတယ်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



အဖေက ဘာပြောဦးမယ် မသိသေးပါဘူး။ ပြီးတော့ သားက ငယ်ပါသေးတယ် ခုမှ နှစ်ဆယ်ပြည့်တာပါ"

"ဟုတ်တယ် အရွယ်ရလာလေ အသိဉာဏ်ကြီးမြင့်လာလေပဲ သားရဲ့၊ ထပ်ပြီး စောင့်ကြည့်စဉ်းစားဦးပေါ့ကွာ"

"အချိန်ဘယ်လောက်ယူပြီး စဉ်းစားစဉ်းစား သေချာတယ် ဒီအဖြေပဲ ထွက်မှာပဲအန်ကယ်၊ ကျွန်တော် ပန်းနုသွေးကို သိပ်ချစ်သွားပြီ... သူ့ကိုပဲ လက်ထပ်မယ်"

"အားလုံး အဆင်ပြေပါစေကွာ"

ထို့နောက်မှာ ထမင်းစားဝိုင်းကို လက်စသပ်လိုက်ကြသည်။

ဟင်းလျာမျိုးစုံ၏ လေးပုံတစ်ပုံလောက်သာ စားဖြစ်ကြသော်လည်း အားလုံး ပြည့်စုံလုံလောက်ပါ၏။

ဤသို့ စားနိုင်သည်ထက် ပိုလျှံစွာ ရှိနေတတ်သော သူဌေးအိမ်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ်ကြီးများတွင် ဖြစ်လေ့ရှိကြသော်လည်း...

ဟင်းလျာမပြောနှင့် ထမင်းကိုပင် မိသားစုများ ဝဝလင်လင် မစားနိုင်ဘဲ ဆာလောင်မွတ်သိပ်စွာ အိပ်ရာဝင်ကြရသော လူတန်းစားများ များစွာ ရှိနေပါသည်။

ထမင်းဝိုင်းမှ ခက်ရင်း၊ ဇွန်းများ ချထားပြီးချိန်မှာ ဧည့်ခန်းမှ သီးနှံမျိုးစုံနှင့် မြန်မာ့ရိုးရာမပျက် ယိုဇနလက်ဖက်နှင့် အကြော်စုံ ရေနွေးကြမ်းတို့လည်း ပါရှိ၏။ရဲရင့်နီက...

"ဒေါ်လေး ထိုင်ဦးနော်... ညီလေး ကြိုက်တာယူစားကွာ အစ်ကို နီတို့ ခြံထဲသွားလိုက်ဦးမယ်... လာ မိချယ်"



"နီကလည်းဟယ်"

"လာပါ တို့ငယ်ငယ်ကစီးတဲ့ ဒါန်းကို ပြန်ဆေးသုတ်ထားတယ် သွားစီးရအောင် လာပါ... လာဆို"

ပေရပ်နေသော ချယ့်လက်ကို အတင်းဆွဲခေါ်လာချိန်မှာ လူကြီးသုံးယောက်လုံးက ပြုံးပြုံးကြီး ကျေနပ်နေကြသည်။

"သွားကြ... သွားကြ"

ဆိုသော အဓိပ္ပာယ်ဖြင့် နေမင်းသူရိန်က လက်ခုံလေး ခါခါပြနေ၏...။

ခြံထောင့် မြက်ခင်းပြင်ပေါ်မှာ အစိမ်းရောင်သုတ်ထားသော ရှေးဟောင်းသစ်သားဒါန်းလေးက ချယ်တို့၏ ငယ်ဘဝ၊ ငယ်သံယောဇဉ်၏ အမှတ်အသားတစ်ခုအဖြစ် တည်ရှိနေဆဲ...။

"တကယ်ပါချယ်ရယ် ချယ့်ကိုသာ ဆုံးရှုံးရရင် နီဘယ်လိုမှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

"ကိုရဲရင့်နီ"

"ဘာလဲဟာ"

"နင်ရုပ်ရှင်မင်းသားဖြစ်တဲ့အခါ ရိုက်ကွင်းမှာ အဲဒီစကားမျိုးပြော၊ ကြားလား၊ အပြင်မှာတော့ မိန်းမတစ်ယောက်ကို မရလို့ သေတဲ့ယောကျာ်းမသာ မရှိသေးဘူး"

"မိချယ်ရာ ချစ်သူချင်း ပြေပြေလည်လည်ပြန်တွေ့ချိန်မှာ နင့်စကားတွေက ကဗျာမဆန်လိုက်တာ"

"အဲဒါကိုက နင်ခေတ်နောက်ကျနေတာနီ"

"လုပ်ပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာဆန်တယ်ဆိုတာ အရင်တုန်းက ကာရံလေးတွေနဲ့ အနုအနွဲ့တွေ ဖွဲ့သီကြတော့ ခံစားလို့ကောင်းတယ်၊ ချစ်တတ်သူတွေရဲ့ ရင်ထဲကို ထိုးစိုက်ခွဲဝင် စူးနစ်စေတယ်"

"အင်း"

"ခုခေတ် ကဗျာတွေက... ကာရန်မပါဘဲ လူမှုဒုက္ခအကြောင်းတွေပဲ အများအားဖြင့် ဖတ်ရတာ ဆန်းသစ်မှု အနုပညာတစ်မျိုး ဖြစ်ပေမယ့် ရင်ထဲ စွဲမကျန်ရစ်ဘူးလေ၊ ကာရန်ကလည်း မပါတော့ ဆရာဇော်ဂျီရဲ့ ဗေဒါလမ်းလို၊ ဆရာကြီး မင်းသုဝဏ်ရဲ့ လယ်တောကအပြန်လို ပါးစပ်ထဲစွဲပြီး အလွတ်ရနေဖို့ မလွယ်ဘူးပေါ့... တစ်ထိုင်တည်း ဖတ်ပြီး တစ်ခဏတာပဲ ခံစားလို့ရတာ"

"ဒါတွေငါမသိဘူး ငါသိတာတော့ တစ်ခုပဲရှိတယ်"

"ဘာလဲ"

"နင့်ကိုချစ်တယ်"

"ကြည့်စမ်း"

ချယ့်ကိုဖက်ပြီး ဒါန်းပေါ် ခပ်ကြမ်းကြမ်း ဆွဲချထိုင်စေကာ တအားလွှဲနေ၍ ချယ့်မှာ မရုန်းသာမဆင်းသာဘဲ နီ့ပခုံးမှာ ခေါင်းမှီချလိုက်ရတော့သည်...။

ဒီခြံကြီးထဲမှာ ထက်ရှား၊ သီဟသူ၊ မျိုးနိုင်၊ မောဘယ်လ် မင်းမောင်နှင့် လရောင်ချယ်တို့အုပ်စု နီ့မွေးနေ့တိုင်း ပျော်ကြ၊ ပြေးကြ စားကြ သောက်ကြရသည့် ငယ်ဘဝလေးက လွမ်းမောတမ်းတဖွယ်ရာ။

ခုတော့ သူငယ်ချင်းတွေအားလုံး အကွဲကွဲအပြားပြား...



"ချယ်ရယ် နက်ဖန် နိုင်ငံခြားသားတွေ လိုက်ပို့ရမယ့် အစီအစဉ် ဖျက်လို့မရဘူးလားဟင်... အရင်တုန်းကလို တို့နှစ်ယောက် ကားတစ်စင်းနဲ့ ဦးတည်ရာမဲ့ လျှောက်မောင်းရအောင်လေ"

"ငါက ဝန်ထမ်းသက်သက်ဆိုရင်တော့ ခွင့်ယူလို့ရတာပေါ့။ ဒေါ်လာမရရုံပေါ့နီရယ်၊ ခုဟာက...ကိုယ့်ရှယ်ယာတွေ အများကြီးနဲ့ တည်ထောင်ထားတဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုတော့ ချယ်မပါဘဲ မဖြစ်လို့ပါ။ ပြင်သစ်ကလာမယ့်သူချည်း ဆယ့်နှစ်ယောက်တောင်မို့ပါ။ ချိတ်ထားတာ မနှစ်ကတည်းက ပြင်သစ်စာ ဒီပလိုမာ ရကာစ ကောင်မလေးတစ်ယောက်လည်း ပါမှာပါ...သူက မကျွမ်းသေးဘူး၊ ကြောက်လည်း ကြောက်နေရှာလို့ ငါက လိုက်ပေးရမှာ ကားရော၊ တည်းဖို့ရော အားလုံး စီစဉ်ထားပြီးလို့ပါ"

"ချယ်နဲ့ ပြဿနာတွေရှင်းဖို့၊ တောင်းပန်ဖို့၊ အတူနေခွင့်ရဖို့ အလုပ်ထွက်ပြီး ပြန်လာခဲ့တဲ့ငါ့ကို မညှာဘဲ သူ့ပြင်သစ်တွေကိုပဲ ဦးစားပေးတော့မယ်ပေါ့လေ"

"ငါရှင်းပြပြီးပြီနော်"

"နင့်ရဲ့ ပြတ်သားမှုတွေကို ငါသိပါတယ်ချယ်...နားလည်ပေးမှုအတွက်လည်း တကယ်ပဲ ကျေးဇူးတင်ပါတယ်... ငါနင်နဲ့ ခုလိုလေး နေခွင့်ရချင်လွန်းလို့ပါ"

"ရမှာပါ...ဟိုမှာလည်း မကြာပါဘူး သုံးလေးရက်ပါပဲ..."

"ငါ့အတွက်တော့ အကြာကြီးလိုပဲကွယ်..."

"နင်ရော တကယ်ပဲ ပြန်မထွက်တော့ဘူးလား"

"မထွက်ပါဘူးဆိုမှ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ရန်ကုန်မှာ ရှိနေမှာပဲ ငါပြန်လာတော့ တွေ့မယ်လေနော်–

"ရှိမယ်... ရှိမှာမှ ငါ့ရဲ့ တကယ့် ကလေးသုံးယောက်လောက် မွေးပြီးမှ ငါစီးပွားပြန်ရှာမယ်"

"ဒါ စိတ်မကြည်တဲ့ ခွေးနီရဲ့ မျက်နှာကြီးပေါ့လေ"

ချယ်၏ လက်ဝါးထဲသို့ ရဲရင့်နီ၏မေးစေ့ထည့်ကာ ဆွဲလှည့်ပြီး အပြုံးနှင့် ပြောလိုက်တော့လည်း ချယ့်ကို ချစ်မြတ်နိုးစွာ... ခွင့်လွှတ်ကြင်နာစွာသော အမှတ်အသားအဖြစ်နှင့် ချယ်၏ နဖူးလေးကို ငြင်သာစွာ နမ်းရှိုက်သည်။

ချယ်ကိုယ်တိုင်လည်း အထင်မှားစွာ နာကျည်းခဲ့မိသော အချစ်ဆုံး ချစ်သူကို ခုလို အတူနေချင်သောဆန္ဒ မခွဲရက်နိုင်သော စိတ်များဖြင့်...

"ဒီလိုလုပ်ပါလား နီပါလိုက်ခဲ့လေ"

"တိုးရစ်ခ်ကားကြီးနဲ့ ငါပါလိုက်လို့ရလို့လား"

"အဲဒီလိုတော့ လိုက်လို့မရဘူးပေါ့... နီလည်း အားနေတာပဲ– ကိုယ့်ကားကိုယ်မောင်းပြီး လိုက်ခဲ့လေ... ဟိုရောက်တော့ ညသည်တွေ နားချိန်၊ စားချိန်မှာ တို့အတူနေခွင့်ရမှာပေါ့..."

"ဟာ ဗဲရီးဂွဒ် နယူးစ်ပဲကွာ... တကယ်ခေါ်နော်ချယ်... ငါ လဲန်ခရူဇာ ယူခဲ့မယ်၊ ခရီးက ဘယ်အထိသွားရမှာလဲဟင်...အို ဘယ်ဖြစ်ဖြစ် ငါအရမ်းပျော်သွားပြီကွာ"

"ချောင်းသာတင်ပါ...ချောင်းသာမှာ နှစ်ည ငွေဆောင်မှာ တစ်ည..."



"ကောင်းလိုက်တာ နင်တို့ကား ထွက်မယ့်အချိန်နဲ့ ထွက်မယ့်နေရာပြော ငါနောက်က ထပ်ချပ်မကွာ လိုက်ခဲ့မယ်"

"အို...ခေ"

သည်သို့ဖြင့်...

ချောင်းသာနှင့် ငွေဆောင်တစ်ဝိုက်မှာ ရောက်နှင့်နေကြသော ကိုကျော်စွာ...

ကိုကျော်စွာသူငယ်ချင်း ညောင်ဦးသား ကိုသန်းဇော်နှင့် ပုဂံသား ကိုမင်းညို...တို့

ရှိနေရာ ပင်လယ်ကမ်းခြေဒေသသို့... လရောင်ချယ်နှင့် ရဲရင့်နီတို့ ချစ်သူနှစ်ဦးပါ ရောက်ရှိဆုံစည်းကြပါတော့မည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုက နေမင်းသူရိန်ကုမ္ပဏီက ကိုသန်းဇော် ဆိုတာလား"

"ဟုတ်ပါတယ်"

"အစ်ကိုညွန့်ဝေက တွေ့ချင်လို့တဲ့ ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

"ကိုညွန့်ဝေ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုညွန့်ဝေဆိုတာ ဘယ်သူလဲ"

"အစ်ကိုနဲ့သိတယ်လို့ ပြောပါတယ်... ကျွန်တော်တို့ အလုပ်သမားရိပ်သာကို သွားရအောင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"ငါ့ကိုသိလို့ ခေါ်ခိုင်းတာနေမှာပေါ့"ဟု ခပ်ပေါ့ပေါ့တွေးကာ လိုက်လာဖြစ်သည်။

"ညီလေး တံခါးပိတ်ခဲ့ကွာ ကျေးဇူးပဲ"

အလုပ်သမားတန်းလျားၡ ခပ်မှောင်မှောင် အခန်းထဲမှာ လဲလျောင်းနေသော လူတစ်ယောက်...

ကြုံလှီညှိုးခြောက်စွာ မောဟိုက်နေရာမှ အိပ်ရာထဲက ဖြည်းဖြည်းချင်းထသည်...။



"လူမမာတစ်ယောက်ပါလား"

ဟူသော အသိဖြင့် စောင့်ကြည့်နေဆဲမှာ–

"ကျွန်တော့်ကိုကြည့်ပါဦးဗျာ"

အင်အားနည်းလှသော အသံနှင့် ပြောလာ၍။

"ဘယ်သူများပါလိမ့် ကျွန်တော့်ကို သိလို့လား"

"ကိုသန်းဇော်လို ရင်းနှီးသူကတောင် ကျွန်တော့်ကို မမှတ်မိတော့ဘူးနော်..."

"ဟင်... ခင်ဗျား... ခင်ဗျား"

"ဟုတ်ပါတယ်... ကိုသန်းဇော်ရယ်... ကျွန်တော်... ကျွန်တော် ကျော်စွာပါ"

"ဟာ...ဟာ... ခင်ဗျားသေ...သေပြီလေ"

"သေတာက စိုင်းညွန့်အောင်လေးပါ"

"ဟုတ်လို့လားဗျာ"

"ကျွန်တော့်ကို ကျော်စွာလို့ လက်ခံရင် ကားမီးလောင်ချောက်ထဲကျပြီး သေသွားတဲ့သူဟာ စိုင်းညွန့်အောင်လို့ လက်ခံပေးပါ"

"ဘာ...ဘာတွေဖြစ်ကုန်ကြတာလဲဗျာ"

"ကျွန်တော် အမှန်တရားတွေ ဖွင့်ပြောချင်လို့ပါ ကိုသန်းဇော်ရယ်"

"ခင်ဗျား မောနေသလိုပဲ နေကောင်းရဲ့လား"

"နေမကောင်းဘူး"

"ဘာဖြစ်တာလဲ ဖျားတာလား"

"နေမကောင်းတဲ့ကိစ္စ ထားလိုက်ပါတော့...ကိုသန်းဇော်နဲ့ ညှိ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ယောက် ဒီငွေဆောင်က ကျွန်တော်တို့ဟိုတယ်မှာ မနေ့က ရောက်နေတာတွေ့လို့ ညကပဲ ကျွန်တော် ဆုံးဖြတ်ပြီး ခင်ဗျားတို့ အနားယူနေချိန်မှာ ခေါ်ခိုင်းလိုက်တာပါ"

"ကျွန်တော့်ကို တွေ့ချင်တဲ့သူက... ကိုညွန့်ဝေ...ဆို"

"ကျော်စွာဆိုတဲ့လူက သေပြီလို့ အားလုံးက သတ်မှတ်လိုက်ကြပြီလေ။ ဒါကြောင့် ကျွန်တော့်သူငယ်ချင်းရဲ့ညီလေး မှတ်ပုံတင်နဲ့ ရှင်သန်ပြီး ဒီဟိုတယ်မှာ သန့်ရှင်းရေးသမား လုပ်နေရတာပါ..."

"ဘာတွေဖြစ်ကုန်တာလဲ ကျွန်တော်နားလည်အောင် ရှင်းပြပါဦး ကိုကျော်စွာ"

"ရှင်းမှာ... ရှင်းရုံမဟုတ်ပါဘူး... လူသားမဆန်စွာ ရက်စက်ကြမ်းကြုတ်ခဲ့ကြတဲ့ လူနှစ်ယောက်အကြောင်းကိုလည်း တစ်ခါတည်း ဝန်ခံပြီး အဖြစ်မှန်ကို ပြောပြချင်လို့ပါ"

"လုပ်စမ်းပါဦးဗျာ... ဘာတွေဖြစ်ခဲ့ကြတာလဲ"

"ကျွန်တော် မောနေလို့ ဖြည်းဖြည်းချင်း ပြောပါရစေ... ဓာတ်လမ်းစတာက ကျွန်တော့်ရဲ့ မဟုတ်မခံစိတ်၊ မတရားတာကို မကြိုက်တဲ့စိတ်ကြောင့် ကိုယ်နဲ့လည်း ဘာမှမဆိုင်တဲ့ကိစ္စမှာ ဝင်ပါမိရာက စပြီး ဘဝပျက်ခဲ့ကြရတာပါ

အဖြစ်က ဒီလိုပါ ကိုသန်းဇော်..."

*



"ဟာ...ဟာ... တကယ့် ဓာတ်လမ်းကြီးပါလား... ဦးသူရိန်ဆိုတာ ကြောက်စရာကောင်းလှချည်လား"

ကိုသန်းဇော်က တအံ့တသြ။

ကိုကျော်စွာက နှုံးခွေနွမ်းလျလျက် ဖြည်းဖြည်းချင်းနှင့် ခပ်ကြာကြာ ခေါင်းခါပြီးမှ...

"ကျွန်တော် သိပ်နောင်တရသွားခဲ့ပါပြီ"

"ဒါဆို ခင်ဗျား ဘာလုပ်မှာလဲ"

"ကျွန်တော် ဦးသူရိန်ကို ပြန်ပြီး ပေးဆပ်တော့မယ်"

"ပေးဆပ်မယ်... ဘာကိုပေးဆပ်မှာလဲ"

"သူ့ကို ကျွန်တော့်မျက်လုံးတွေ ပြန်ပေးမလို့"

"ဟာ... မျက်စိရဲ့ မျက်ကြည်လွှာကို ပေးချင်တိုင်း ပေးလို့မှ မရတာ"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်သိပါတယ်”

“ဦးသူရိန်ဟာ ခင်ဖျားကို သတ်ခဲ့တဲ့လူလေ... ပြီးတော့ မျက်စိဆိုတာ သေမှ လှူလို့ရတာ”

“ကျွန်တော့်ဘဝက ပြီးဆုံးတော့မှာ”

“ဟာ... မဟုတ်သေးပါဘူးဗျာ... ခင်ဖျား သိပ်စိတ်ဓာတ်ကျနေခဲ့တာတွေရပြီး ကိုယ့်ကိုကိုယ် သတ်သေတော့မလို့လား”

“မဟုတ်ပါဘူး”

“ဒါဆို ဘယ်လိုလုပ် မျက်စိကို လှူလို့ရမှာလဲ သေပြီး ၂၄နာရီအတွင်း မျက်ကြည်လွှာကို ထုတ်ယူနိုင်မှ ရတာလေ ဒါက မျက်စိဆေးပညာစာအုပ်မှာပါတာ ဒီမှာတော့ အလှူရှင်ဆုံးပြီးတာနဲ့ ဆရာဝန်ဆရာမတွေက အမြန်ဆုံး ထုတ်ယူပြီး မျက်ကြည်လွှာကို အစားထိုးကြပါတယ်”

“သိပါတယ်”

“မျက်ကြည်လွှာ အစားထိုးဖို့က ရန်ကုန်မှာမှ ဖြစ်မှာလေ”

“ကျွန်တော် အဲဒါတွေအားလုံးသိလို့... အကူညီတောင်းချင်လို့ပါ... ကျွန်တော့်ကို ကိုသန်းဇော် ကူညီပါ”

“ကျွန်တော်က ဘာလုပ်ပေးရမှာလဲ”

“ကျွန်တော့်ကို ရန်ကုန်ခေါ်သွားပေးပါ... ကိုညွန့်ဝေအဖြစ်နဲ့ပေါ့”

“ပြီးတော့ ဦးသူရိန်နဲ့ တွေ့မှာလား”

“မတွေ့ပါဘူး”

“ခင်ဖျားမိသားစုနဲ့ရော”



“ကျွန်တော်တာမှ မသိချင်တော့ဘူး။ ဘယ်သူနဲ့မှလည်း မတွေ့တော့ဘူး”

ကိုကျော်စွာ၏ မျက်ဝန်းမှ ပြည့်အိုင်နေသော မျက်ရည်များ စီးကျလာသည်။

ကိုသန်းဇော်လည်း သည်ဇာတ်ကြောင်းကို အသက်အောင့်၍ များ နားထောင်မိလေသလား မသိ... ရင်ထဲမှာ တင်းကျပ်ဆို့နင့်နေ၏။

စကားတွေအများကြီး ပြောရသဖြင့် မောဟိုက်နွမ်းဖျော့နေသော ကိုကျော်စွာက လက်ညှိုးလေးညွှန်ကာ...

“ဟိုစင်ပေါ်က ခေတ်မှန်နဲ့ ဆေးစာအုပ်လေး ယူပေးပါ”

ကိုသန်းဇော် ထယူပေး၍ ကိုကျော်စွာက လူနာမှတ်တမ်းစာအုပ်ကလေးကို ဖွင့်ပြရင်း...

“ဆရာဝန်ချင်းရေးထားတဲ့စာ”

သူကသာ ဆက်လက်၍

“ပုသိမ်တိုင်းဆေးရုံကြီးကနေ ရန်ကုန်ဆေးရုံကြီးတက်ဖို့ ရေးထားတာတဲ့”

“ဟုတ်လား ကိုကျော်စွာ ဘာရောဂါဖြစ်လို့လဲ”

“ကင်ဆာ”

“ဟင်”

“ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါဆိုလို့ ဆရာဝန်က ပြောပြတာ... အဆုပ်မှာ ကင်ဆာဆဲလ်တွေပျံ့နေပြီ... ခံလှ သုံးလပဲ... ခုတောင် တစ်လကျော်နေပြီ တအားမောတယ်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကိုကျော်စွာ"

"ကျွန်တော် စကားများများမပြောနိုင်တော့ဘူး ကျွန်တော့်ကို ကူညီပါနော်"

"ကောင်းပါပြီ ဘာလုပ်ပေးရမလဲ"

"ရန်ကုန်ခေါ်သွားပါ"

"အင်း"

"ဆေးရုံတင်ပေးပါ"

"ကောင်းပါပြီ"

"ပြီးတော့ ကျွန်တော်သေရင် ကျွန်တော့်မျက်စိ ဖောက်ယူပါ"

"အင်း"

"ဦးသူရိန်ကို အစားထိုးကုသပေး… ပေးနိုင်အောင် စီစဉ်ပေးပါဗျာ… သေကာနီး လူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကိုဖြည့်ပေးပါ"

ကိုကျော်စွာ၏ မျက်ရည်များက မမြင်ရက်စရာ။

ကိုသန်းဇော်က အလုပ်တူလုပ်ဖော်ကိုင်ဘက် မိတ်ဆွေရင်း ကိုကျော်စွာ၏ အဖြစ်ကို ရင်နင့်ရင်နာစွာကြည့်၍–

"ကောင်းပါပြီ ဒါပေမယ့် ရန်ကုန်ကိုအတူပြန်ရမယ့် ကျွန်တော့် သူငယ်ချင်းတစ်ယောက်တော့ သိမှဖြစ်လိမ့်မယ်"

"ရပါတယ်"

"သူ့ကို အကြောင်းစုံမဟုတ်တောင် ဦးသူရိန် မျက်စိအစားထိုး ကုသဖို့ကိစ္စလောက်တော့ တိုင်ပင်မှဖြစ်လိမ့်မယ် ကိုကျော်စွာ"



"ရပါတယ် ဘယ်သူပဲသိသိ ရပါတယ် ဦးသူရိန်ရယ် ကျွန်တော့် အမေနဲ့ ကျွန်တော့်ချစ်သူလေးတို့ မသိရင်ရပါပြီ"

"ဒါတော့ စိတ်ချပါ"

"ကျော်စွာ တစ်ခါသေပြီးပြီ၊ သူတို့ ပူဆွေးပြီးကြပြီ"

"ဟုတ်ပါတယ်"

"ကျော်စွာ နောက်တစ်ခါသေမှာကို သူတို့ မသိကြပါစေနဲ့ တော့လေ"

လုံးဝ ကျဆုံးနေပြီဖြစ်သော ကိုကျော်စွာ၏ နောက်ဆုံးဆန္ဒများကို ဖြည့်ဆည်းပေးချင်စိတ် ကိုသန်းဇော်၏ နှလုံးသားမှာ ဖြစ်ထွန်းလာသည်။

"ပြီးတော့ မသိစေချင်ဆုံးလူကတော့ ဦးသူရိန်ကိုယ်တိုင်ပဲ"

"ဘာဖြစ်လို့လဲဗျာ… သူ့ကို ရက်စက်ခဲ့ပေမယ့် ပြန်ပြီး ပေးဆပ်သွားတယ်ဆိုတာ သူသိရင် ပိုမကောင်းဘူးလားကိုကျော်စွာ"

"နေပါစေတော့ဗျာ"

ကိုကျော်စွာက ရီဝေမှုန်မှိုင်းသော အကြည့်များဖြင့် ပင်လယ်ပြာကြီးကို မျှော်ငေးရင်း–

"ဒေါသတွေ အာဃာတတွေနဲ့ ရုတ်တရက် ဆုံးဖြတ်ခဲ့ကြတဲ့ လူသားနှစ်ယောက်ရဲ့ အမှားတွေကို ပြန်ပြီး မဖွင့်လှစ်ချင်တော့ဘူး ရှိပါစေတော့လေ"

သူက ခဏနားပြီးမှ

"ကျွန်တော့်ရဲ့ မဟာအမှားအတွက် အခုကို ဝဋ်ပြန်ခံနေရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ကို ပြန်ပေးဆပ်မှာပါ… သူ့ရဲ့ လောဘတွေ၊ လူသတ်မှုတွေအတွက်ကတော့ သူ့အပိုင်းပေါ့လေ၊ ကျွန်တော့်လို ချက်ချင်း ဝဋ်လည်ချင်လည်မယ်…ဒါ…ဒါမှမဟုတ်…"

"ခင်ဗျား သိပ်မောနေပြီ ကိုကျော်စွာ စကားအများကြီးမပြောနိုင်ဘူးဆို"

"ပြောမှ ဖြစ်မှာမို့ပါ… မသေခင် ပြောခွင့်ရချင်လွန်းလို့ပါ"

"ကောင်းပါပြီ ဖြည်းဖြည်းပြောပါ"

"ဦးသူရိန်ကတော့ သူ့ပြစ်မှုတွေအတွက် ဒီဘဝမှာပဲ ပြန်ပြီး ပေးဆပ်ချင် ပေးဆပ်ရမယ် ဒါမှမဟုတ် သူ့ကုသိုလ်ကံအား ကောင်းနေသေးရင်လည်း သံသရာကျမှပဲ သူပြန်ခံရမှာပေါ့လေ… ကျွန်တော် ကျွန်တော်ကတော့…

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော့်ရဲ့ အပြင်းပြဆုံး ဆန္ဒကတော့…

"ပြောပါ ကိုကျော်စွာ…"

"ဦးသူရိန်ကို ဒီဘဝမှာပဲ ပြန်ပေးဆပ်သွားမယ်၊ ပြီးတော့"

"ဟုတ်ကဲ့ ပြောပါ"

"ကျော်စွာ နှစ်ခါသေတာကို ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်ချစ်သူမသိစေဖို့ တာဝန်ယူပေးပါ"

"ကောင်းပါပြီ ကျွန်တော် ကတိပေးပါတယ်"

"ကျေး…ကျေးဇူးပဲ"

"ကိုကျော်စွာ့ဆန္ဒတွေ ပြည့်စေဖို့ ကိုကျော်စွာ့ကို ရန်ကုန်ပြန်ခေါ်



နိုင်ဖို့ ကျွန်တော့်သူငယ်ချင်း မင်းညိုကို ဖွင့်ပြောပြီး တိုင်ပင်လိုက်တော့မယ်နော်"

"သင့်သလိုသာ စီစဉ်ပေးပါတော့ဗျာ… ကိုမင်းညိုက ဘယ်မှာလဲ"

"ပင်လယ်ဆည်းဆာကိုကြည့်ရင်း လမ်းလျှောက်ကျန်ရစ်ခဲ့တယ်"

"အင်း လူသားအားလုံးအတွက် ဆည်းဆာဆိုတာ သဘာဝရဲ့ အလှတရားပါ"

"ကျွန်တော့်အတွက်သာ ဘဝနေဝင်ချိန် ဆည်းဆာဟာ မလှပစွာနဲ့ ဇာတ်သိမ်းရတော့မှာပါ"

✸ ✸ ✸

www.burmeseclassic.com

www.burmeseclassic.com

ထိုညနေက...

ပြာလွင့်သော ကောင်းကင်ကြောင့် ပင်လယ်ပြင်ကြီးတစ်ခုလုံး မှိုင်းညို့ပြာမှောင်နေသည်...။ လေက မထန်လှသဖြင့် လှိုင်းခေါင်းဖြူဖွေးဖွေး အလိပ်များက ရှေ့ဆင့်နောက်ဆင့် ညီညာစွာ သဲသောင်ပြင်သို့ လာရောက်ဦးတိုက်ကြသည်။

"ဒီနေ့ ဆည်းဆာက ပိုလှတယ်နော်ချယ်"

"ဆည်းဆာတိုင်း လှတာပဲလေနီရဲ့"

'မဟုတ်သေးဘူး... နေဝင်ကာနီးမှာ နေလုံးကို မမြင်နိုင်အောင် တိမ်မှောင်မြူခိုးတွေ ပိတ်ဆီးထားတဲ့အခါ... ဆည်းဆာမရှိတဲ့ ညနေကို နီတို့ မကြာခဏ ကြုံရတယ်"

"ဟုတ်မှာပေါ့ နီတို့က ပင်လယ်ကြီးပေါ်က ပင်လယ်ဖျော်သဘောသားတွေလေ"



"အဲဒီတုန်းက မပျော်ပါဘူးဗျာ...မြင်ရတဲ့ ပင်လယ်ကလည်း ချောက်ချားစရာကြီး ဆည်းဆာကလည်း မလှမပနဲ့...ခုမှ"

နီပြောမှာ ကြိုသိပြီးသား... ပြောမနေနဲ့ မောမယ်... ချယ်အနားမှာ ရှိနေလို့ ပင်လယ်ကလည်းလှ ဆည်းဆာကလည်း ပိုတောက်ပ... ဒါပဲမဟုတ်လား"

"ကြည့်စမ်း"

"ဟုတ်တယ်ဟုတ်"

"သိပ်ဟုတ်"

"ဒါဆိုပြီးပြီ"

"မပြီးသေးဘူး တိုးတိုးပြောစရာရှိသေးတယ်"

"ဒီလောက် ရှင်းပြန့်နေတဲ့ သဲသောင်ပေါ်မှာ တိုးတိုးပြောစရာလိုလို့လား ဘယ်သူက ကြားမှာမို့လဲ"

"မရဘူး ပြောမှာပဲ"

"မရဘူး ပြေးမှာပဲ"

"ဟိတ်"

လရောင်ချယ်က ရေစိမ့်ဝင်နေသော သောင်ပြင်အိအိပေါ်မှာ ဖိနပ်မပါဘဲ ထွက်ပြေးသွား၍ ရဲရင့်နီ အားကုန်လိုက်သည်။

ကိုယ်ခန္ဓာ ကျစ်လစ်ရှည်သွယ်၍ ခြေတံတွေပါရှည်သော ချယ်က ငယ်ငယ်ကတည်းက အပြေးသန်သည်။

ခြေလှမ်းတစ်ရာလောက်အကွာအဝေးမှာ ချယ့်ကို မီသည်နှင့် တအားဖက်ထားရင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရယ်... ဒီကမ်းခြေကို လိုက်ခွင့်ပြုတဲ့အတွက် ပိုပြီး ချစ်ရပါတယ်ကွယ်၊ နီပျော်လိုက်တာ"

"ချယ်ကလည်း ချစ်လို့ ခေါ်တာပဲပေါ့နီရယ်"

"ဒီလို နားလည်ပေးတဲ့ ချစ်သူလေးကို ဘယ်လောက်အထိ ချစ်ရပါကြောင်း ဘယ်လိုစကားလုံးနဲ့မှ ပြောလို့ မလုံလောက်ပါဘူးကွယ်"

"ချယ်ကလည်း ဒီလိုပါပဲလေ... ကဲလွှတ်ကွာ လက်တွဲပြီး လမ်းလျှောက်ကြမယ်နော်"

ချယ့်စကားကြောင့် ပခုံးလေးကိုပင် မဖက်ရဲဘဲ လက်တွဲ ဟန်လွှဲ၍ လျှောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်မှသည် မြန်မာ့ရေပိုင်နက် ကော့သောင်းအထိ မြန်မာ့ပင်လယ်ကမ်းရိုးတန်းအားလုံးသည် အနောက်ဘက်သို့ မျက်နှာလှည့်ထား၍ နေဝင်ဆည်းဆာကို မြင်နိုင်ခွင့်ရှိကြပါ၏။

အပြာရောင်နောက်ခံဖြင့် နီဝါဝါ နေလုံးကြီးက ပြာမှောင်သော ပင်လယ်တွင်းသို့ တဖြည်းဖြည်း နိမ့်ဆင်း ငုပ်ဝင်သွားသည့် သဘာဝအလှတရားကို ခံစားနေကြသော ချစ်သူနှစ်ဦး၏ နောက်ခိုင်းအနေအထားကို

ငေး၍ကြည့်နေသော ကိုမင်းညို...

"ဩော်... ကိုယ့်ချစ်သူက သူ့ချစ်သူနဲ့ အတူတွဲပြီး ကြည်နူးပျော်ရွှင်နေတာ မြင်ရတဲ့အတွက် ကိုယ်ပါ ကြည်နူးပေးပါ့မယ် ချစ်သူရယ်"



"လရောင်ချယ်ဆိုတဲ့ ကိုယ်တမြတ်တနိုး ချစ်ရတဲ့ ချစ်သူလေး ခုလို သောကအပေါင်း ကင်းစင်စွာ ချမ်းမြေ့နေတာကိုပဲ ကိုယ်မြင်ချင်ပါတယ်လေ..."

"ညောင်ဦးမြို့ နတ်သမီးကမ်းပါးထိပ်မှာ ချယ်သတင်းစာကို လုံးခြေလွှင့်ပစ်ပြီး ကြေကွဲဝမ်းနည်းနေချိန်က ကိုယ်လည်း ရင်နာကြေကွဲခဲ့ရပါတယ်"

"ခု ကိုယ့်ချစ်သူ ကြည်နူးနေတာ တွေ့ရပြန်တော့လည်း ကိုယ်ပါ ဝမ်းသာပေးနိုင်အောင် ကြိုးစားပါတော့မယ် ချယ်ရေ..."

ကိုမင်းညိုသည် ဆည်းဆာ၏အလှနှင့် ပင်လယ်၏ သဘာဝများကိုပင် မခံစားနိုင်တော့ဘဲ ခေါင်းငုံ့၍ ခပ်နှေးနှေး လျှောက်လာနေချိန်မှာ...

"မင်းညိုရေ ပြန်လာခဲ့တော့ ငါပြောစရာရှိလို့"

သူငယ်ချင်းသန်းဇော်၏ အော်ခေါ်သံကြောင့် သူတို့တည်းခိုနေသော လေးခန်းတွဲဘန်ဂလိုလေးဆီသို့ ပြန်ခဲ့ရသည်။

ငွေဆောင်က အစစအရာရာ ဈေးကြီးသဖြင့် အတော်လေးဈေးသက်သာသော ဟိုတယ်ကို ရွေး၍ သည်တစ်ညသာ အိပ်ကြမည့် အခန်းလေးဆီသို့ ကိုမင်းညို ရောက်လာချိန်မှာ...

"မင်းကတော့ ပါးစပ်လုံပါတယ် ဒါပေမယ့် ဘယ်သူ့မှ မပြောပါနဲ့လို့ ငါကြိုတင် ပြောထားပါရစေ"

"ဘာအကြောင်းများမို့လဲကွ"

"သေပြီးသားသူက ပြန်ရှင်နေပြီး အပြန်အလှန် လက်စားချေ

www.burmeseclassic.com

www.burmeseclassic.com



ကြလို့ နှစ်ယောက်လုံး ဘာဝပျက်သူတွေဖြစ်ကြတဲ့ သိပ်ကို အံ့သြစရာကောင်းတဲ့ အကြောင်းတွေပဲကွာ... ဒီလိုကွ တို့ကုမ္ပဏီမှာ ကိုကျော်စွာဆိုတဲ့လူတစ်ယောက်ရှိတယ်......

..................................

..................................

..................................

✵

"သန်းဇော်... ဒီလောက် နက်ရှိုင်းခက်ခဲတဲ့ ဇာတ်လမ်းကြီးကို တို့နှစ်ယောက်တည်း ဖြေရှင်းနိုင်မယ် မထင်ဘူးနော်"

"ဘာလို့မဖြစ်ရမှာလဲ ကိုညွန့်ဝေအဖြစ်နဲ့ ရန်ကုန်ခေါ်သွားကြရုံပဲလေ"

"ခေါ်ရုံမဟုတ်ဘူး...ဆေးရုံတင်ပေးတဲ့အထိ ဖြစ်တယ်၊ ဒါပေမယ့်..."

"ပြောလေ ဘာဖြစ်လဲ"

"သူ့မျက်ကြည်လွှာကို ဦးသူရိန် တိုက်ရိုက်ရဖို့ ကင်ဆာဝေဒနာရှင် ကန်တော်ကြီးစောင်းက မျက်စိဆေးရုံနဲ့ တိုက်ရိုက် ဆက်သွယ်နိုင်ဖို့... ပြီးတော့ ကိုကျော်စွာ သေဆုံးမယ့် အချိန်မှာ...ခွဲစိတ်ထုတ်ယူ အစားထိုးပေးမယ့် မျက်စိအထူးကု ဆရာဝန်ကြီး အဆင်သင့် ရှိနေဖို့ ကိစ္စတွေက မင်းတစ်ယောက်တည်း ဘယ်လုပ်နိုင်မှာလဲ သန်းဇော်"



"အေး ဟုတ်တော့ဟုတ်တယ်... မင်းကရော မကူညီဘူးလား"

"အခု အပြန်မှာ ခေါ်သွားပြီး ဆေးရုံတင်တာလောက်ပဲ ကူညီနိုင်မယ်လေ၊ ငါက ပြန်ရမှာ... ဒီကိစ္စတွေ မင်းတစ်ယောက်တည်း တတ်နိုင်ပါ့မလား"

"အေးကွ... ဟုတ်တယ်"

ကိုမင်းညိုက စောစောဆီမှ မြင်ကွင်းကို ပြန်လည် အမှတ်ရလာပြီး...

"လရောင်ချယ်ရဲ့ အကူအညီ ယူသင့်တယ်ထင်တယ်... ဦးသူရိန်ဘက်က၊ သူစီစဉ်ပေးဖို့နဲ့ စောစောက ငါပြောတဲ့ ကိစ္စတွေ ကွက်တိဝင်ဖို့က လရောင်ချယ်တို့လို စီမံဖန်တီးနိုင်တဲ့သူမှ ဖြစ်မှာလေ၊ လရောင်ချယ်က သိပ်ထက်မြက်တော့ ဒီကိစ္စ သူ့ကို ဖွင့်တိုင်ပင်ရင် ကောင်းမယ်ထင်တယ်"

"ကိုကျော်စွာကို ငါကတိပေးထားတယ်၊ ဘယ်သူ့မှ မပြောပါဘူးလို့"

"ကိုကျော်စွာက သူ့အကြောင်း လုံးဝမသိစေချင်တာ၊ သူ့အမေ သူ့ညီနဲ့ သူ့ချစ်သူရယ်... ပြီးတော့ ဦးသူရိန်က အဓိက မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုလည်း သိပ်ပြတ်သားနားလည်ပေးတတ်တဲ့ လရောင်ချယ်ကို တို့ ဖွင့်ပြောကြရအောင်လေ... သူတို့ ယုဇနဟိုတယ်မှာ တည်းနေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ငါလည်းတွေ့တယ်... သူ့အတွဲ ကိုရဲရင့်နီ့ဝါ သိလည်း သိပစေပေါ့ကွာ"

"သူတို့လည်း နက်ဖြန် ပြန်ကြမှာထင်တယ်... ဒီညပဲ တို့ နှစ်ယောက်လုံးသွားပြီး ဖွင့်ပြောကြရအောင်"

"အေး... ကောင်းတယ် မင်းညို... လာကွာ ခုပဲ သွားတွေ့ပြီး ဖွင့်ပြောအကူအညီတောင်းကြရအောင်"

❋

"ဪ...ဒီလောကကြီးက လူသားတွေထဲမှာ ရိုးရိုးရှင်းရှင်း နေထိုင်ပြီး ကွယ်လွန်သွားကြသူတွေ ရှိသလို ခုလို ဆန်းပြားရှုပ်ထွေးအောင် နေထိုင်ကြတဲ့သူတွေလည်း အများကြီး ရှိနေတာပဲနော်...အဲဒီလို ဘဝကို အလှည့်အပြောင်း အကွေ့အကောက်တွေနဲ့ ဒေါသနဲ့ မာနနဲ့ အာဃာတတွေနဲ့ တစ်ဦးကို တစ်ယောက်က ဒုက္ခမျိုးစုံတွေ ပေးတတ်ကြတဲ့ လူသားတို့ရဲ့ ဇာတ်လမ်းစုံထဲမှာ...ဦးလေးသူရိန်နဲ့ ကိုကျော်စွာတို့ရဲ့ ဇာတ်လမ်းကတော့ အံ့မခန်းပါပဲ"

"ဟုတ်ပါတယ် လရောင်ချယ်... ဒီလိုမျိုးတွေ ဖြစ်လာရင် ခံရသူရော ပြုလုပ်သူမှာပါ နစ်နာဆုံးရှုံးမှုတွေနဲ့ ဒုက္ခတွေ ပင်လယ် ဝေတတ်ပါတယ်ဆိုတဲ့ 'စံ'မျိုးထားပြီး ရှောင်ရှားကြရင် လူသားအချင်းချင်း ရက်စက်မှုတွေ လျော့သင့်သလောက် လျော့သွားမှာပဲနော်"

"ဟုတ်ပါတယ် ကိုမင်းညို"



"ဒီကိစ္စကို ချယ်ဘယ်လိုများ ကူညီနိုင်မလဲလို့ပါ"

"ဟာ... ကူညီရမှာပေါ့ အစအဆုံးကို ကူညီရမှာပေါ့"

"ကျေးဇူးပါပဲဗျာ"

"အမှန်အတိုင်း ပြောရရင်တော့ ချယ်ကပိုပြီး သက်ဆိုင်နေပါတယ်၊ ကူညီရမှာပေါ့"

"ဒါဆို သူ့ကို ရန်ကုန်ခေါ်သွားဖို့ကအစ..."

"ဟုတ်ပါတယ်... ဒီကိစ္စကို... နီပါသီမှ ဖြစ်တော့မယ်... သူ့မှာ လဲန်ဒ်ခရူဇာကားကြီး ပါလာတယ်။ အဲဒါနဲ့ ကိုမင်းညိုတို့သုံးယောက်လုံး လိုက်သွားကြပါ။ ချယ်ကတော့ နိုင်ငံခြားသားတွေနဲ့ ပြန်ရမှာမို့ပါ"

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲဗျာ"

"ဦးလေးဦးသူရိန်ရဲ့ စရိုက်ကို ချယ်အစကတည်းက မကြိုက်လို့ ချယ့်မိဘတွေပိုင်တဲ့ ခြံထဲက သီးသန့်တိုက်ကလေးမှာ တမင်နေခဲ့တာ၊ ချယ့်ငွေတွေ ပါပေမယ့် သူတို့လုပ်ငန်းတွေကို ချယ်ဘာတစ်ခုမှ မပါဘဲ ကင်းရှင်းအောင် နေခဲ့ပါတယ်...ဒါပေမယ့် ခုကိစ္စကတော့ ချယ်ပါကူညီမှဖြစ်မယ်လေ"

"ဟုတ်ပါတယ်ချယ်"

"ကိုကျော်စွာ နောင်တတွေ သံဝေဂတွေရပြီး သူ့မျက်လုံးကို ပြန်ပေးဆပ်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ကိစ္စကို ချယ်တို့က ကူညီရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဦးသူရိန်ဟာ ချယ့်ဒေါ်လေးရဲ့ခင်ပွန်း ချယ့်မောင်လေးရဲ့ ဖခင်အဖြစ်နဲ့ သူ့ကိုလည်း အလင်းရောင် ပြန်ရစေချင်ပါတယ်"

"မှန်ပါတယ်ချယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို… ဒါပေမယ့် ကိုကျော်စွာကို သေစေချင်တာမျိုးတော့ မဟုတ်ဘူးနော်"

"ကျွန်တော်တို့ လိပ်ပြာသန့်သန့်နဲ့ ဆောင်ရွက်ကြရအောင်ပါလေ… ဒါကျွန်တော်တို့ရဲ့ ဆန္ဒမှမဟုတ်ဘဲ ကွယ်လွန်ကာနီး လူတစ်ယောက်ရဲ့ နောက်ဆုံးတောင်းဆိုမှုကို ကူညီကြရမှာမို့ ကုသိုလ်တောင် ရမယ်ထင်ပါတယ်"

"ကောင်းပြီလေ ဒီအကြောင်း နီသိသင့်သလောက် သိထားမှ ဖြစ်မှာမို့ သွားပြောလိုက်ဦးမယ်…ပြီးတော့ ကိုမင်းညိုနဲ့လည်း မိတ်ဆက်ပေးပါရစေ ဖြစ်မလား"

"သိပ်ဖြစ်တာပေါ့ဗျာ"

ကမ်းခြေကို ကျောပေးပြီး သူတို့တည်းခိုရာ အဆောင်သို့ လရောင်ချယ် ခပ်ဖြည်းဖြည်း ကျောခိုင်းလျှောက်သွားသည်။ ပင်လယ်ကမ်းခြေ၏ သဘာဝအရ လှိုင်းမဖုံးသော သောင်ပြင်မှ သဲမှုန်များကို နင်းရသည်မှာ မလွယ်ကူ ခြေခုံအထိ နစ်ဝင်သွားသော သဲပွင့်များထဲမှ ကိုယ့်ခြေကို ကိုယ်ပြန်ဆွဲထုတ်ရင်း နင်းလျှောက်ရ၍ အမြန်လျှောက်၍ မရ…

ကိုမင်းညိုမှာ လှိုင်းဖုံးသောင်ပြင်မှာ ရပ်ကျန်ရစ်ခဲ့သဖြင့် သူ့ခြေဖဝါးအောက်မှာ သဲသောင်ပြင်သည် သိပ်သည်းစွာ အေးစက်နူးညံ့နေပေသည်…။

သိပ်မကြာခင်မှာပင်…



ကိုမင်းညို၏ဘဝတွင် ပထမဆုံး လေးစားမြတ်နိုးစွာ ချစ်ခဲ့ဖူးသော သူ၏အချစ်ဦးမလေး လရောင်ချယ်သည် သူမ၏ ချစ်ဦးသူ ရဲရင့်နီ၏လက်ကို တွဲဆက်လျက် တည်းခိုဆောင်ထဲမှ ထွက်လာကြသည်။

ချစ်ခြင်းမေတ္တာ၏ တကယ့်အဓိပ္ပာယ်အစစ်က ပိုင်ဆိုင်လိုခြင်းလည်းမဟုတ်၊ ပေးဆပ်ခြင်းလည်းမဟုတ် ချစ်သူရဲ့မျက်ရည်ကို မမြင်ရဘဲ ကိုယ့်ချစ်သူ ပျော်ရွှင်ကြည်နူးနေတာကို ကိုယ်ပါ လိုက်ကြည်နူးပေးရတဲ့ သတ္တိပဲ။ ချယ်ဟာ သူ့အချစ်ဆုံး နီ ဆိုသူနဲ့ပဲ ထိုက်တန်ပါတယ်လေ ငါကျေနပ်ရမှာပေါ့၊ ချယ့်ရဲ့ တစ်ဘဝတာလုံး ပျော်ရွှင်ချမ်းမြေ့ ပြည့်စုံပါစေ အချစ်ရယ်…"

နောက်ဘက်ဆီမှ အသံများ ကြားလာရ၍ ဝေ့ချင်ဝဲချင်လာသော မျက်ရည်ကို ပြန်ထိန်းလိုက်ရသည်။ ကမ်းခြေတွင် နေ၏အရောင် ကွယ်ပျောက်ပြီး လက်ကျန်အလင်းလေးသာ ရှိတော့သည်။ မကြာမီမှာပင် ဝန်းကျင်တစ်ခုလုံး မှုန်ဝေရာမှ မှောင်မိုက်ပေတော့မည်…။

"ကိုမင်းညို"

"ဪ…ချယ်"

"ညောင်ဦးမြို့က နတ်သမီးကမ်းပါးမှာ ချယ့်ကို ငိုစေခဲ့တဲ့ နီ့ရဲ့ ချစ်သူလေ… ကိုရဲရင့်နီတဲ့"

"မိချယ်ရယ် နင်မိတ်ဆက်ပေးပုံကလည်း ငါက လူဆိုးကြီး ကျနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်းဘဝမှ ချစ်သူအဖြစ် ကူးပြောင်းလာကြသူများမို့ ပို၍ ချစ်စရာကောင်းလှသော စုံတွဲနှစ်ယောက်ပါလား...

"နီ...ဒါက ကိုမင်းညို... ငါပုဂံရောက်တိုင်း သိပ်ကူညီတဲ့ မိတ်ဆွေရင်းပဲ"

ရဲရင့်နီက လက်စကမ်းပေး၍ လက်ဆွဲနှုတ်ဆက်ကြသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုမင်းညို"

"ကျွန်တော်က လရောင်ချယ်နဲ့ ကိုရဲရင့်နီတို့ကို ခုလို အမြဲ ကိုယ်စီနဲ့ တွေ့ရတဲ့အတွက် တကယ့်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်ခင်ဗျာ"

ပြောတော့သာ ရဲရင့်နီသို့ ဦးတည်နေသော်လည်း...ကိုမင်းညို၏အကြည့်က ချယ်ဆီမှာသာ... မျက်ဝန်းချင်း ဆုံတွေ့ချိန်မှာ ချယ်ကလည်း နားလည်စွာ ခေါင်းညိတ်၍–

"ကျေးဇူးတင်ပါတယ် ကိုမင်းညိုရယ်"

အသက်အရွယ် အတွေ့အကြုံနှင့် ပညာတွေပါ ပြည့်စုံပြီးကြသော ထိုသုံးယောက် အစစအရာရာ ပြေလည်စွာ ဆွေးနွေးပြီးချိန်မှာ ရဲရင့်နီက...

"ကျွန်တော်တို့ဘက်ကတော့ လုပ်ပေးနိုင်ပါတယ်... အရေးကြီးတာက အချိန်ကိုက် အံဝင်ခွင်ကျ ဖြစ်ဖို့ပဲ"

ကိုကျော်စွာကတော့ သိပ်စိတ်ဓာတ်ပြင်းတဲ့သူပါ... သူ့ဘက်ကတော့ အချိန်မီလိမ့်မယ် ထင်ပါတယ် ကိုရဲရင့်နီ"



"ဦးလေးသူရိန် ကိစ္စကိုတော့ ချယ်လုပ်မယ်လေ... မျက်စိဆရာဝန် တော်တော်များများနဲ့ ချယ်သိပါတယ်... ဦးလေးဘက်က စိုးရိမ်စရာကိစ္စ ဘာမှမရှိဘူး"

"ဟုတ်တယ် ကိုကျော်စွာဘက်ကသာ အချိန်မီ ဆေးရုံရောက်ပြီး သူ့ရဲ့ တောင်းဆိုမှု ဆန္ဒအတိုင်း ပြည့်စုံသွားပါစေလို့ ဆုတောင်းရတော့မှာပဲ"

"ဖြစ်ပါလိမ့်မယ် ကိုမင်းညို... ခုတောင် ကျွန်တော့်ကားနဲ့ ကျွန်တော် တစ်ယောက်တည်း မောင်းပြန်ရမယ့်အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် သူလိုက်ပါခွင့် ရရှာတယ်"

"ကျွန်တော်တို့ပါ လဲန်ခရုဇာကြီးနဲ့ လိုက်ခွင့်ရမှာပါ"

"ကိုမင်းညိုက ကားလိုက်စီးရမှာသာမြင်တာ၊ လူမမာ ပြုစုသွားရမှာလည်း ထည့်တွက်သွားပါဦး"

"ဟုတ်ပါရဲ့ သုံးလအတွင်းလို့ ပြောထားတာ ခုပဲ တစ်လကျော်နေပြီဆိုတော့ ကိုကျော်စွာ့အခြေနေက စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲ ချယ်ရယ်"

"ပူမနေကြနဲ့တော့ နက်ဖန် ပုသိမ်ဆေးရုံကြီး ဝင်ပြလိုက်မယ်၊ ဒရစ်(ပ)ချိတ်တန်ချိတ်ပြီး... ရန်ကုန်ဆေးရုံကြီးအရောက် သွားပို့ပါ့မယ်... မီသွားမှာပါ"

"ကျေးဇူးပါပဲ ကိုရဲရင့်နီ ကဲကျွန်တော်တို့ ကိုကျော်စွာဆီ သွားကြည့်ကြရအောင် ဟိုမှာ သန်းဇော် စောင့်နေတယ်"

"ကိုကျော်စွာက ချယ်တို့ ပါလာတာ ကြိုက်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေ ဝိုင်းမကူညီရင် သူ့ဆန္ဒ ဘယ်လိုလုပ်ပြည့်မှာ့မလဲ၊ ကိုရဲရင့်နီရဲ့ အစီအစဉ်တွေကိုပါ ပြောပြရင် သူလက်ခံမှာပါ... ကျွန်တော်တို့အားလုံးက သူ့ရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးကြမယ့်သူတွေဆိုတာ ကိုကျော်စွာ နားလည်မှာပါ"

"ဟုတ်ပါတယ်... ကဲလာနီ... ချယ်တို့ လိုက်ကြည့်ကြရအောင်"

❋ ❋ ❋

ဤသို့ ချယ်တို့တစ်တွေ ငွေဆောင်ကမ်းခြေမှ ပြန်ရောက်လာပြီး တစ်လတိတိ ပြည့်သည့်နေ့မှာ နာရေးကိစ္စနှင့် ရင်ဆိုင်ကြရသည်။

ကိုကျော်စွာက ရန်ကုန်ပြည်သူ့ဆေးရုံကြီးပေါ်မှာ ယခုအချိန်ထိ အသက်ရှင်နေဆဲ...

ဝေဘာဂီဆေးရုံမှလွဲ၍ တစ်ခြားဆေးရုံက လက်မခံရသော်လည်း ငွေရဖို့သာ အဓိကထားသော ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံ၏ အပေါ်ဆုံးထပ် ကြေးအများဆုံးအခန်းမှာ တိတ်တိတ်ပုန်းတက်နေသော HIV ပိုးမှ စခဲ့သော AIDS ရောဂါရှင်...

"မမြတ်နိုးခင် ကွယ်လွန်ရှာပြီ"

သူ့ရောဂါကျွမ်းမှုကြောင့် ငါးလသာရှိသော ကိုယ်ဝန်ကျက်ကျရာမှ သူ့အသက်ပါ ဆုံးရှုံးသွားခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ထက်ရှား မျှော်လင့်တဲ့အတိုင်း ပျက်သွားတဲ့ကလေးက တကယ်ပဲ ယောကျ်ားလေးတဲ့ ချယ်ရယ် ရင်နာစရာကောင်းလိုက်တာ”

ရဲရင့်နီ မျက်ရည်တောင် ဝဲလာရှာသည်။

“နီ”

“ဟင်”

“နင် ထက်ရှားအတွက် တာဝန်ကျေပေးလိုက်ပါကွယ်”

“ဘာတာဝန်လဲ”

“မေမြတ်နိုးခင်ရဲ့ ဂုဏ်သိက္ခာအတွက် ကလေးလေးရဲ့ ဖခင်အဖြစ် လက်ညှိုးထိုးပြစရာအတွက်... နင်သွားနေပေးလိုက်ပါ၊ အထူးသဖြင့် အသုဘချတဲ့နေ့မှာ နင့်ကို အများမြင်တွေ့ပါစေ။ အထူးသဖြင့် မေမြတ်နိုးခင်ရဲ့ အသိုင်းအဝိုင်းရှေ့မှာ နေပြပေးလိုက်ပါ...”

“ချယ်ရယ် ဒီလိုဆိုရင် နင်ကရော”

“ဘာလဲ”

“နင့်ရဲ့ ဂုဏ်သိက္ခာအတွက်ရော ထည့်မတွက်တော့ဘူးလား”

“ဘာကိုလဲ”

“နင်ပြောသလိုဆိုရင် ငါက မမြတ်နိုးခင်ရဲ့ ခင်ပွန်းပေါ့၊ ကလေးလေးရဲ့ ဖခင်ပေါ့ ဟုတ်လား”

“အေးလေ”

“မကြာခင် နင်နဲ့ငါနဲ့ လက်ထပ်ကြတော့မှာလေ... နင့်ဘက်က သိပ်နစ်နာမထိခိုက်ဘူးလား ချယ်လေးရယ်... စဉ်းစားပါဦးကွယ်”



“စဉ်းစားဖို့မလိုဘူး၊ ငါ့ရဲ့ ဆုံးဖြတ်ပြီးသားကိစ္စမို့ နင့်ကို လှမ်းခိုင်းတာ”

“ချယ်”

“ဘာမှမပြောနဲ့ နီ၊ မေမြတ်နိုးခင်ကို နင်နဲ့ငါနဲ့ အတူတူ သွားတွေ့ခဲ့ကြတာပဲ၊ နင်နဲ့ဘာမှ မဆိုင်ဘူးဆိုတာ ငါသိနေပြီပဲကွယ်၊ တို့ကိုယ်တိုင် ရှင်းသန့်နေကြပြီလေ၊ အရေးကြီးတာ တို့နှစ်ယောက်ပါ... လောကမှာ ကာယကံရှင်နှစ်ယောက် နားလည်မှုရှိဖို့သာ အဓိကပါ... ပတ်ဝန်းကျင်ဆိုတာ ထည့်တွက်သင့်မှ တွက်ရတယ် နီရဲ့”

“ငါတောင် ဘာလုပ်ရမှန်း မသိတော့ပါဘူး”

“တို့ ထက်ရှားအပေါ် တာဝန်ကျေရမယ်လေ၊ သူ့စာရှည်ကြီးကို ငါသိမ်းထားဆဲပါ၊ ငါ့ကိုလည်း တအားတောင်းပန်ထားရှာတယ်၊ သူ့သားလေးရဲ့ ဂုဏ်သိက္ခာအတွက် နားလည်ပေးဖို့ကို”

“အေးပါ”

“ကဲ... ဒါတွေက တို့သိပြီးသား လက်ခံပြီးသားကိစ္စပါ... နင်သာ အသုဘရှင်၊ တာဝန်ရှိသူအဖြစ်နဲ့ နေပြပေးလိုက်ပါနော်နီ”

“တို့သူငယ်ချင်း ထက်ရှားအတွက် မေမြတ်နိုးခင်တို့ သားအမိအတွက် နားလည်ခွင့်လွှတ်ပေးနိုင်လွန်းတဲ့ တကယ့်မိန်းမမြတ်တစ်ယောက်ပါပဲကွယ်၊ ချယ်ဟာ သဘောကောင်းရုံမဟုတ်ဘူး၊ ဆက်ဖြက်ရုံမဟုတ်ဘူး စိတ်ထားပါ မြင့်မြတ်လွန်းတဲ့...”

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ငါ့အတွက် မဟာဟိမဝန္တာချိုးမွမ်းခန်းတွေရပ်ပြီး သွားတော့ နီရယ်၊ ဘာအပြစ်မှ မရှိရှာတဲ့ မေမြတ်နိုးခင်တို့ သားအမိအတွက် ငါသိပ်သနားမိပါတယ်... ငါလိုက်လို့ မဖြစ်တဲ့ ကိစ္စမို့ နင်သွားတော့နော်"

"အေးပါ... နင့်ဆန္ဒနဲ့ ထက်ရှားရဲ့ တောင်းဆိုမှုတွေအတွက် ငါလိုက်နာဖို့ သွားပါ့မယ်... ဩော်... နင်လည်း..."

"အေး ဟုတ်တယ်... ငါ့ကို ထပ်တွေ့ပါရစေလို့ ကိုသန်းဇော်ကတစ်ဆင့် ပြောလာလို့ ကိုကျော်စွာဆေးရုံကို သွားရဦးမယ်"

❋ ❋ ❋

ကိုကျော်စွာ
၏
ဆည်းဆာမလှတဲ့ညနေ

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ကိုကျော်စွာပါ" လို့ ပြောရင်တောင် ယုံကြည်လက်ခံနိုင်စရာ မရှိတော့တဲ့ ရုပ်ရည်နဲ့ သနားစရာကိုကျော်စွာ...

အရိုးပေါ် အရေတင်ရုံ ပိန်လှီညှိုးခြောက်နေရုံမက ဘာအစာမှ မဝင်တော့ပါ...

"ကျေးဇူး...မချယ်"

"ရတယ်ကိုကျော်စွာ... ကိုသန်းဇော် ဆေးရုံအတွက် တာဝန်ယူဖို့ ကုမ္ပဏီကတောင် အနားပေးထားတာပါ... ချယ့်ကို တွေ့ချင်တယ်လို့ ကိုသန်းဇော်က ပြောလို့ပါ"

သူခေါင်းညိတ်၏...။

"ဘာအတွက်လဲဟင်... ချယ့်ကို ဘာမှာ...အဲ...ဘာပြောချင်လို့လဲ"

"ပန်း... ပန်းကလေးအတွက်ပါ"



"ရှင်"

"ပန်း...နု...သွေး ကိုသိလား"

"သိတယ်...သိပါတယ်၊ ခု ချယ့်မောင်လေးကုမ္ပဏီမှာ လုပ်နေတယ်လေ၊ ပန်းနုသွေး အိမ်တောင် မောင်လေးခေါ်သွားလို့ ရောက်ပြီးပြီ"

"ဟုတ်လား"

ဝေသီမှုန်မှိုင်းနေသော ကိုကျော်စွာ၏ မျက်လုံးလေး လင်းပွင့်လာ၏။

"နေမင်း... နေမင်းနဲ့ နုသွေး..."

"ဟုတ်ပါတယ် သူတို့ ချစ်သူတွေ ဖြစ်သွားကြပါပြီ"

"အဲဒီ...အဲဒီအတွက် တွေ့ချင်တာ"

"ရှင်"

"နုသွေးကို နေခြည်လို လုပ်လိုက်မှာစိုးလို့"

လရောင်ခြယ် ဘာမှ နားမလည်သော်လည်း ဦးသူရိန်သည် တစ်ချိန်က နေခြည်ဆိုသော ကောင်မလေးတစ်ယောက်၏ဘဝကို ဝါးမြိုသောက်သုံးခဲ့ဖူးပုံရသည်ဟု ချယ်နားလည်လိုက်သည်။

ကိုကျော်စွာက... အားယူအားတင်းလျက်...

"ပန်းနုသွေးက ငယ်သေးတယ်...ဘာ...ဘာမှ နားမလည်သေးဘူး"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပ် စိတ်ပူလွန်းလို့..."

"အို"

"နုသွေးလေးရဲ့ဘဝကို မဖျက်ဆီးဖို့ မချယ်...မချယ်က တားပေး ပါဗျာ"

"သြော်...ဟုတ်ပြီ ချယ် နားလည်ပြီ၊ ကိုကျော်စွာ... ကိုကျော်စွာ ဘာမှ မပြောနဲ့တော့ သူတို့အကြောင်း ချယ်ကပဲ ပြောပြမယ်နော်"

ခေါင်းလေးညိတ်ပြရှာသည်...။

"မောင်လေးနေမင်းဟာ ဦးသူရိန်ရဲ့သား ဖြစ်သလို... သိပ်ပြီး သဘောထားဖြူစင်တဲ့ သစ္စာတရားကြီးမားတဲ့ ချယ့်ရဲ့ဒေါ်လေး ဒေါ်နန်းချယ်ရီရဲ့ သားလည်းဖြစ်ပါတယ် ကိုကျော်စွာ၊ ပြီးတော့ မောင်လေးနဲ့ချယ်ဟာ မောင်နှမတစ်ဝမ်းကွဲ ဖြစ်ပေမယ့် ဒီမောင်နှမ နှစ်ယောက်တည်းရှိလို့ အရင်းလိုပါပဲ... ပြီးတော့ ချယ့်စကားကိုလည်း သူနားထောင်ပါတယ်"

ကိုကျော်စွာက မျှော်လင့်စွာ နားထောင်နေ၍-

"ပန်းနုသွေးကို သူသိပ်ချစ်ကြောင်း ချယ့်ကိုစပြီးပြောတာပါ... ဒေါ်လေးကလည်း သားသဘောပဲ၊ ထုံးစံအတိုင်း ဦးလေးဦးသူရိန်က တားတာပေါ့...အဲဒီတော့ နေမင်းက ဘာပြောလဲသိလား"

"အင်"

"သဘောမတူလည်းရတယ် သူက ပန်းနုသွေးမရှိရင် သူ့ဘဝ မဖြစ်ဘူးတဲ့၊ ပန်းနုသွေးကို ဒီတိုက်ကြီးမှာ လက်မခံနိုင်ရင် နေမင်းက ပန်းနုသွေးရဲ့အိမ်မှာ သွားနေမယ် ဆိုပါလား"



"ဟုတ်လား"

"အဲဒီလိုကို အပြတ် ကြေညာတော့ ဦးသူရိန်လည်း သားကို မစွန့်လွှတ်နိုင်တော့ ခေါင်းညိတ်ခဲ့ပြီးပါပြီ"

ကိုကျော်စွာ၏ နှမ်းလျမျက်လုံးမှာ အပြုံးရိပ်လေးပင် ထင်လာ၏။

"မကြာခင်မှာပဲ ကြီးကျယ်ခမ်းနားစွာ လက်ထပ်ပေးတော့မှာပါ"

"ဝမ်း...ဝမ်းသာလိုက်တာ"

"ကိုကျော်စွာ ထပ်ပြီး ဝမ်းသာလိုက်ပါဦး...နေမင်းသူရိန်က ပန်းနုသွေးကို ချစ်လိုက်တာမှ အသည်းအသန်ကို ဖြစ်နေတာပါ။ ပစ်သွားမှာတော့ မပူနဲ့၊ ပန်းနုသွေးက ပစ်သွားရင်တောင် ဒီကောင် ရူးသွားမယ့်သဘောရှိတယ်"

"ဒီထိအောင်လား"

"ဟုတ်ပါတယ်... သူတို့နှစ်ယောက်ကို ကျွန်မကိုယ်တိုင် စောင့်ရှောက်မှာပါ...ပန်းနုသွေး ကံကောင်းပါတယ်"

"အင်း"

"ပထမတုန်းက ကိုကျော်စွာကိုပဲ တမ်းတနေတာတဲ့... အမေနဲ့ ညီက နားချမှရတယ်တဲ့"

"ဟုတ်မှာပါ"

"အမေ... ကျွန်တော့်အမေ"

"စိတ်ချ... ဦးလေးပေးခိုင်းတဲ့အနေနဲ့ ချယ်ငွေသွားပို့ပေးမလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းဇော်ဆီကတောင် လိပ်စာယူထားပါပြီ"

"အမေ့ကို... အမေ့ကိုတော့ ဒီအကြောင်း မပြောပါနဲ့... ဗျာ"

"ဟာ... ဘယ်ပြောပါ့မလဲ"

"ကျွန်တော်နှစ်ခါသေတာသိရင် အမေ...အမေ နှစ်ခါရင်ကွဲမှာ"

"ဟုတ်တာပေါ့... ခုတော့ တရားစခန်း ဝင်နေတယ်လို့ ကိုသန်းဇော်က ပြောပါတယ်... တရားဝင်တဲ့ရင်ဟာ အေးငြိမ်းမှာပါ"

"နသွေးအတွက်လည်း ကျွန်တော်...စိတ်..."

"အင်းပါ... ဘာမှမပူနဲ့နော်"

"ကျွန်တော်... စိတ်အေးသွားပါပြီဗျာ"

"ဟုတ်ကဲ့ပါ"

"ကျေးဇူး...ကျေးဇူးပါ"

"ရပါတယ် နေသာသလိုသာနေပါ"

"ကျွန်တော့်မျက်လုံး ထုတ်ယူဖို့ကိစ္စ..."

"ချယ်နဲ့နီတို့အားလုံး စီစဉ်ထားပါပြီ၊ ဒါတွေဘာမှ မတွေးနဲ့တော့နော် ဒီကကျဆက်ထဲမှာ ဘာအခွေလဲ"

"တရားခွေပါ"

"ကောင်းလိုက်တာရှင်"

"သံသရာလည်ရမှာ သိပ်ကြောက်သွားပါပြီ"

ချယ် သူ့ကို လေးစားစွာ ကြည့်လိုက်မိပါ၏။

"လူသားတို့ရဲ့ အမှားတွေကြောင့် လောကကြီး မလှမပ ဖြစ်ရတာပါ"



"ဟုတ်တာပေါ့ရှင်"

"ကဲ... မချယ် ပြန်ပါ... လာတဲ့အတွက် ကျေးဇူးအနန္တပါ..."

"ဟုတ်ကဲ့ပါ"

"နောက်ဆုံးနှုတ်ဆက်လိုက်ပါပြီ သွားတော့နော် မချယ်"

လက်အုပ်ကလေးပင်ချီ၍ ပြောလိုက်သဖြင့် ချယ် ရင်နင့်စွာ သူပြောသလို သူ့ကို နောက်ဆုံးအနေနှင့် နှုတ်ဆက်လိုက်ရသည်။ ကင်ဆာဝဒ် နံနံစော်စော်ထဲမှ လရောင်ချယ် ပြန်ထွက်လာခဲ့ပြီး တာဝန်ကျ ဆရာဝန်အခန်းကို ဝင်၍ ဆွေးနွေးခဲ့ရာမှာ...

ဒီည သန်းခေါင်ယံ... သို့မဟုတ် နက်ဖြန် မနက်စောစော လောက်မှာပဲ ကိုကျော်စွာ ဤလူ့ရွာက ထွက်ခွာသွားရရှာတော့မှာ ဖြစ်ကြောင်း လရောင်ချယ် ရင်နင့်ရင်နာစွာ ကြားသိခွင့်ရခဲ့ပါပြီ။

✱

www.burmeseclassic.com

www.burmeseclassic.com

လူသားတို့သည် အမျိုးမျိုးသော ပုံစံများဖြင့် လူ့လောက အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်...။

လူသားသန်းပေါင်း ခြောက်ထောင်ကျော်လုံး တစ်ယောက်နှင့် တစ်ယောက် လုံးဝ မတူကြပါ...။ အမြွှာများပင်လျှင် ခွဲခြား၍ ရနိုင်ပေသည်။

မျက်နှာအနေအထားနှင့် ကိုယ်ခန္ဓာပါ တစ်ယောက်နှင့် တစ်ယောက် လုံးဝမတူညီကြရုံမက...

စိတ်နေစိတ်ထားလည်း ဘယ်သူမှ ထပ်တူကျစွာ မတူညီနိုင်ကြပါ...။ တချို့က အနစ်နာခံကာ ပေးဆပ်ကြသည်။ တချို့က ကိုယ်ကျိုး အတွက်သာ ရယူကြသည်။ တချို့က သာမန် တချို့ကျတော့ ကောက်ကျစ်စဉ်းလဲစွာ။

ဒေါသတွေ၊ မာနတွေ၊ အာဃာတတွေ၊ သံသယတွေဖြင့် တစ်ဦးက တစ်ဦးအပေါ် အနိုင်ကျင့်ကြ၊ ဒုက္ခပေးကြ၊ ကလဲ့စားချေကြ



တချို့ကျပြန်တော့လည်း သိမ်မွေ့နူးညံ့စွာ အကြင်နာတွေ မျှဝေကြ၊ ကူညီမှုတွေ ပေးအပ်ကြဖြင့် ဘဝကို ဖြတ်သန်းနေထိုင်နေကြသော်လည်း...

ကိုယ့်ကံကြမ္မာ ကုန်ဆုံးသည့်နေ့မှာ လူသားအားလုံးသည် လူ့ကမ္ဘာ လူတို့ရွာက ထွက်ခွာပေးကြရမည့်သူချည်း ဖြစ်ပေသည်။

ရောက်လာကြစဉ်က ပုံစံအမျိုးမျိုးနှင့် ဖြစ်သလို ထွက်ခွာသွားရချိန်မှာလည်း အဖြစ်သနစ်မျိုးဖြင့် အဆုံးသတ်ကြရသည့်အထဲမှာ...

ဘဝအမှားမှ မပြုလုပ်ပါဘဲလျက် ဘာအပြစ်မှ မရှိပါဘဲလျက်
အရွယ်မတိုင်မီ ထွက်ခွာပေးလိုက်ရရှာသော မေမြတ်နိုးခင်...
အပြစ်မဲ့ ရင်သွေးသားလေးနှင့်။
ရမ္မက်ဆန္ဒလေး ခဏတာ ကျူးလွန်မိရုံဖြင့် သူ့ချစ်သူ
သူ့ရင်သွေးတို့သာမက...
သူကိုယ်တိုင် ကြေကွဲသော နှလုံးသားဖြင့် သူ့အသက်
သူ့ခန္ဓာနှင့် သူ့ဘဝကို စတေးပေးသွားရရှာသော ထက်ရှား...

သူ့ကို တိုက်ရိုက် ထိခိုက်တာ မဟုတ်ပါဘဲလျက် "ငါက
မဟုတ်ရင် မခံတတ်ဘူး" ဆိုသော အတ္တမာနများဖြင့်...
သူ့ထက် အင်အားကြီးမားသော ဦးသူရိန်ကို ဆုံးရှုံးမှုအပေါင်း
ဖြစ်ထွန်းစေခဲ့သော ကိုကျော်စွာ...၏ နောက်ဆုံးကာလမှာ...

www.burmeseclassic.com

www.burmeseclassic.com



နောင်တတရားတွေ ရခဲ့သော်လည်း သူ့ဘဝကို မလှပစွာ ပြီးဆုံးစေလိုက်ရသည်။ ချစ်သူအပေါင်းကို တွေ့ခွင့်မရဘဲ ပြင်းထန်သော ဝေဒနာကို အထီးကျန်စွာခံစားရင်း လောကထဲက ထွက်ခွာသွားရရှာသည်။

သူတို့ဘဝများအားလုံး နေဝင်ပြီးဆုံးမသွားမီ သူတို့နောက်ဆုံး ရှင်သန်ဖြတ်သန်းခဲ့ရသော ဆည်းဆာကာလများက အရုပ်ဆိုးအကြည်းတန်လှချေသည်။

သူတို့ရရှိသည်က လှပသော ဆည်းဆာ၏ လင်းရောင်ခြည် မဟုတ်...

ဆည်းဆာမလှတဲ့ညနေကို ဖြတ်သန်းပြီးကာမှ သူတို့ဘဝများ အားလုံး နေဝင်ပြီးဆုံး နိဂုံးချုပ်ခဲ့ကြရရှာသည်ဟု...

ကိုကျော်စွာထံမှ အပြန်တွင် ချယ်တစ်ယောက်တည်း ကားမောင်းရင်း တွေးလာခဲ့မိသည်။

လရောင်ချယ် ကိုယ်တိုင်လည်း သူကြုံတွေ့ခဲ့ရသည့် ယနေ့ညနေခင်းမှာ...

ဆည်းဆာမလှတဲ့ညနေအဖြစ် ခံယူလိုက်မိပါ၏။

✻ ✻ ✻

ဇာတ်လမ်းမှာနိဂုံး
သို့မဟုတ်
ကံကြမ္မာ၏မျက်နှာသာရသူများ

www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ ဦးသူရိန် ဆေးရုံမှ ပြန်ဆင်းရမည့်နေ့…

အခန်းဝမှာ အားလုံး စောင့်နေကြသည်။

ဒေါ်နန်းချယ်ရီ… လရောင်ချယ်နှင့် ရဲရင့်နီ၊ သူ့မန်နေဂျာ ဦးမြတ်သူနှင့် ကိုသန်းဇော် ပြီးတော့… နေမင်းသူရိန်နှင့် ပန်းနုသွေးတို့ စုံတွဲပါ မတ်တတ်ရပ်လျက်။

မိမိ၏ပညာကို ယုံကြည်ချက်အပြည့်ဖြင့် ရောက်လာသော နိုင်ငံခြားပြန် မျက်စိခွဲစိတ်ဆရာဝန်ကြီးက အားလုံးကို ပြုံး၍ နှုတ်ဆက်ကာ သီရေတာခန်းမထဲသို့ ဝင်သွားသည်။

ကိုသန်းဇော်တစ်ယောက်မှလွဲ၍ အားလုံး ပြုံးပြုံးရွှင်ရွှင် အတော်လေးကြာအောင် စောင့်မျှော်နေကြပြီးချိန်မှာ… ဆရာဝန်ကြီးက ထွက်လာ၍ လက်မထောင်ပြပြီးမှ သူ၏ ရုံးခန်းထဲသို့ ဝင်သွားတော့သည်။

ဦးသူရိန်သည်

ကျေးဇူးတင်လှပါကြောင်း အားလုံးကို နှုတ်ဆက်၊ သူ့တပည့်

BURMESE CLASSIC



တွေကို နာမည်ခေါ်၍ စကားပြောနိုင်ပြီးနောက်မှာ ကားတန်းကြီးဖြင့် ရွှေတောင်ကြားလမ်း ခြံကြီးရှိရာသို့ ပြန်ရောက်ခဲ့ကြပါပြီ…။

"အလင်းရောင်ရဖို့ဆိုတာ လူတစ်ယောက်အတွက် အရေးအကြီးဆုံး အချက်ပဲဆိုတာ မျက်စိကွယ်မှပဲ သိခွင့်ရတော့တယ်ကွယ်… မျက်စိပေးတဲ့ကျေးဇူးရှင် ကောင်းရာမွန်ရာ ရောက်ပါစေ"

သည်တော့ လရောင်ချယ်က–

"ဒီလိုကျေးဇူးတင်ရင် ကျန်ရစ်တဲ့ သူ့မိခင်ကြီးကို ဦးလေးအနေနဲ့ ဘာလုပ်ပေးနိုင်မလဲ"

"ဘာမှ လုပ်မပေးဘူးလေ… သူတို့ ကြိုက်တာ လုပ်ရအောင် ငွေနဲ့ပဲ ကန်တော့ပါ့မယ်"

"ဘယ်လောက် ကန်တော့မှာလဲ"

ချယ်ကလည်း သူ့ငွေထဲက ပေးမှာပါ… ဒါပေမယ့် ဦးသူရိန်ဘက်က ဘယ်လိုလာမလဲဆိုတာ သိချင်၍ပါ…

ဒီကျေးဇူးက တန်ဖိုးဖြတ်လို့ မရပါဘူး။ သူ့မိခင် ကျန်သေးတယ်ဆိုရင် နောင်လည်း ကူညီပါဦးမယ်၊ ခုလောလောဆယ်တော့ ဆယ်သိန်းပေးချင်တယ်ကွယ်"

"ဆယ်သိန်း"

"ဟုတ်ပါတယ်…ဒါလည်း ကျေးဇူးဆပ်တဲ့ အလှူပဲပေါ့၊ မျက်ကြည်လွှာ အစားထိုးခွဲစိတ်တော့မယ်ဆိုတော့ ဦးလေး အစီစဉ်လိုက်တယ်"

"ဖေကြီးက ဘယ်လို အစီအစဉ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှားထောင် သားလေးနေမင်း...အခုအချိန်ကစပြီး ကောင်းသောအမှုသာ ပြုပါတော့မယ်၊ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ပါ့မယ်... ဒီသစ္စာစကားမှန်ရင် ခွဲစိတ်အစားထိုးမှု အောင်မြင် ပါစေလို့ သစ္စာဆို အဓိဋ္ဌာန်ပြုခဲ့တယ်"

"ဒါဆို ရှင် မကောင်းတာတွေ ဘာမှမလုပ်တော့ဘူးပေါ့နော်"

တစ်သက်လုံး မကောင်းခဲ့သော၊ လှသောကောင်မလေးများနှင့် ပျော်ပါးတတ်သော ခင်ပွန်းသည်ကို နာကျည်းစိတ်ဖြင့် ဒေါ်နန်းချယ်ရီက ခပ်ငေါ့ငေါ့မေး၏...။

"ငါတကယ် ဆုံးဖြတ်လိုက်တာပါ"

လရောင်ချယ်က ဦးသူရိန်ကိုကြည့်ပြီး သူမျှော်မှန်းသလို သူ့ဘဝ ကောင်းမွန်ပါစေ... လောကရဲ့ တရားဥပဒေနဲ့ လူ့သတ်မှု အကုသိုလ်တွေ လောလောဆယ်ဆယ်မှာ ဆိုးကျိုးတွေ ရောက်မလာပါစေနဲ့ဦးဟု စိတ်ထဲမှ ဆုတောင်းပေးလိုက်ပါသည်။ သို့သော် ကိုယ်ပြုခဲ့သည့် အကုသိုလ်နှင့် ဝဋ်ဆိုသည်ကဖြင့် သံသရာ တစ်လျှောက်လုံး တစ်နေရာရာမှ ပြန်လည် ဒဏ်သင့်မှာဖြင့် မလွဲပါပေ...။

"ဖေကြီး... ဒီမှာ သားကောင်မလေး"

"ဩော်...အေး... အချောလေးပဲကွယ်"

ကိုကျော်စွာ၏ မျက်စိဖြင့် ကြည့်၍များလားဟု ချယ် တွေးဖြစ်၏...။

"ဖေကြီးသဘောတူညီချက် ရပြီးပြီနော် ဘယ်တော့ မင်္ဂလာဆောင်ရမှာလဲပြော"



"ဟား...ဟား...ငါ့သားလေး လောလှချည်လား မင်းအမေနဲ့ စီစဉ်ကြလေ..."

"သားလေးတို့က နေကြဦးလေ"

"မေကလည်းဗျာ... ဘာဖြစ်လို့လဲ"

"မင်းရဲ့ မမချယ်နဲ့ အစ်ကိုနီတို့ မင်္ဂလာပွဲက အရင်လုပ်ရဦးမှာ"

"ဟုတ်သားပဲ ကိုကလည်း"

"မရဘူး နသွေးနဲ့မှ ကိုက မခွဲနိုင်တော့တာ"

"ကဲပါဒေါ်လေးရယ်... ကလေးတွေကိစ္စ အရင်စီစဉ်ပါ"

ထိုစကားအဆုံးမှာ ရဲရင့်နီက...

"ဒေါ်လေးရေ ကျွန်တော်လည်း မစောင့်နိုင်တော့ဘူးဗျ"

"နီကလည်းဟယ်"

"ဟုတ်တယ် ဟုတ်တယ် အစ်ကိုနီ... နှစ်မင်္ဂလာ တစ်ခါတည်းလုပ်ကြရအောင်၊ ဖေဖေလည်း မျက်စိမြင်ပြီပဲ ဘာလိုသေးလဲ"

"ဟဲ့... နှစ်မင်္ဂလာ မလုပ်ကောင်းဘူးတဲ့"

ဒေါ်နန်းချယ်ရီ၏ စကားအဆုံးမှာ ဦးသူရိန်က အားရပါးရ ပြုံးလျက်–

"ဒီလိုလုပ်ကြရအောင်"

အားလုံး အာရုံစိုက်ပြီး နားထောင်နေကြဆဲမှာ...

"နှစ်မင်္ဂလာ မလုပ်ကောင်းရင် သုံးမင်္ဂလာလုပ်မယ်ကွာ၊ မနန်းနဲ့ ဖေကြီးနဲ့ ငွေရတုအကြိုမင်္ဂလာတစ်ပွဲ လုပ်မယ်၊ မကောင်းဘူးလား ဟား...ဟား...ဟား..."

www.burmeseclassic.com

www.burmeseclassic.com



"အိုး အိပ်ဇဲဃဲန့်...အကောင်းဆုံးပဲ...လာ နုသွေး... ခြံထဲသွား ကြမယ်"

နေမင်းသူရိန်က သူ့ချစ်သူ့ဇာကို လက်ဆွဲပြီး လွှတ်လပ်သော ခြံထဲသို့ ဆင်းသွားချိန်မှာ–

လရောင်ချယ်ကလည်း သူ့ချစ်သူလက်ကိုဆွဲကာ

"လာနီ ချယ်ရဲ့အိမ်လေးမှာပဲ သွားစကားပြောရအောင်"

ပြုံးပြုံးကြီး ကျန်ခဲ့သူက... ဦးသူရိန်နှင့် ဒေါ်နန်းချယ်ရီ...

ချယ်၏ တိုက်ကလေးက လှလှပပနှင့် ညှော့ခန်းကလည်း ပြည့်ပြည့်စုံစုံမို့... ရဲရင့်နီက ဆိုဖာပေါ်မှာထိုင်ပြီးသည်နှင့်–

"ရက်တွေ ဆွဲမထားပါနဲ့တော့ မိချယ်ရာ၊ တို့အမြန်ဆုံး လက်ထပ်ကြမယ်လေနော်"

"အေးပါဟယ်"

"နောက်ပြီး ငါပြောထားတဲ့အတိုင်းနော်"

"ဘာကိုလဲ"

"လက်ထပ်ပြီးရင်လည်း သဘောပေါ် ပြန်မတက်သေးဘူးနော် ကလေးသုံးယောက်ရပြီးမှ..."

"ကြည့်စမ်းနီနော်"

သူငယ်ချင်းလို ချစ်ခဲ့ရသော နှမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့ရသော အချစ်ဆုံး အချစ်ဦးအဖြစ်နှင့် အချစ်ကြီး ချစ်ခဲ့ရသော... လရောင်ချယ်ကို ရဲရင့်နီက ရွှန်းဝေသော မျက်ဝန်းများဖြင့် ကြည့်နေမိသည်။



ခပ်သိမ်းသော အခက်အခဲများကို ဖြတ်ကျော်ခဲ့ကြပြီးပြီမို့ သူတို့ရှေ့မှ ဘဝလမ်းသည် လရောင်ဆမ်း၍ ပန်းများပွင့်ဝေသော ကမ္ဘာလေးဆီသို့ ဦးတည်လျက်သာ...

✲

ပြီးပါပြီ။

✲

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၂၀-၁၂-၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


မျက်နှာဖုံးပန်းချီ ❖ ကျော်မင်းမောင်

ဝတ္ထုသရုပ်ဖော်ပန်းချီ ❖ မောင်မောင်သိုက်

မျက်နှာဖုံးနှင့်အတွင်း ပန်းချီ ခွင့်ပြုချက် ❖ ၅၀၀၂၀၉၀၂၀၇

စာမူခွင့်ပြုချက် ❖ ၅၀၀၁၆၇၀၂၀၇

ပုံနှိပ်ခြင်း ❖ ၂၀၀၇ ခုနှစ်၊ ဧပြီလ။
ပထမအကြိမ်

အုပ်ရေ ❖ ၁၀၀၀ အုပ်

တန်ဖိုး ❖ ၁၁၀၀ ကျပ်

ထုတ်ဝေသူ ❖ ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ်၁၁၁၊ ၃ထပ်၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ❖ ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
အမှတ်၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်။


www.burmeseclassic.com